
မောင်မျိုး စီစဉ်သည်

www.burmeseclassic.com



www.burmeseclassic.com

လူတစ်ယောက်၏ ဘဝတွင် မိမိဝိညာဉ်က မည်သူတစ်ဦး တစ်ယောက်မှ မကြားရအောင် ကျယ်လောင်စွာ မေးသော မေးခွန်းသုံးခု ရှိသည်။

ထိုမေးခွန်း (၃)ခုမှာ...

မိမိပတ်ဝန်းကျင် အခြေအနေက မေးသော မေးခွန်း။ မိမိ အသက်အရွယ် အခြေအနေက မေးသော မေးခွန်းနှင့် မိမိခံစားချက် အခြေအနေက မေးသော မေးခွန်းတို့ဖြစ်သည်။

ထိုမေးခွန်း(၃)ခု၏ အဖြေကို သင့်တော်အောင်ဖြေဆိုခြင်းသည် ဘဝကို ရင်ဆိုင်ခြင်းသာ ဖြစ်သည်ဟု ထင်သည်။

အသက်(၃၀)ကျော်လာပြီး အိမ်ထောင်မရှိသော လူမျိုးတွင် ထိုမေးခွန်း(၃)ခုသည် ထင်မှတ်မထားဘဲ ဆုံမှတ်တစ်ခုတွင် ရုတ်တရက် ပေါင်းဆုံကာ မေးခွန်းတစ်ခုတည်း ဖြစ်သွားသည့်အခါ ထိုမေးခွန်းသည် ဖြေဆိုရအလွန်ခက်ခဲသော ကြီးကျယ်ခမ်းနားသည့် မေးခွန်းတစ်ခုဖြစ်သွား တတ်ပါသည်။

ထိုမေးခွန်းတစ်ခုကို ကြုံတွေ့ရသည့်အခါ...

ချောက်ချားတုန်လှုပ်ဖွယ်ကောင်းသည်။ ဘယ်လိုပြန်ဖြေရှင်းရမှန်း မသိတော့ဘဲ တိတ်တဆိတ် နာကျင်ရတတ်သည်။

တချို့အမေးခံရသူများက ထိုအဖြေကို ကြုံသလိုဖြေမိ၍ ဒုက္ခ ရောက်သွားကြရသည်။

တချို့က အမေးကိုတစ်ခြား အဖြေကတစ်မျိုးဖြစ်ကာ အခြေ

BURMESE CLASSIC .com

www.burmeseclassic.com



အနေ ဆိုးသွားတတ်ကြသည်။

တချို့က ထိုအဖြေကို တခြားတစ်ယောက်ထံမှ ခိုးချမိသဖြင့် အဖြေမှားမှန်းမသိ၊ မှန်မှန်းမသိနှင့် ဇဝေဇဝါခံစားသွားရသည်။

ထိုအဖြေအတွက် မေးခွန်းမှာ "အိမ်ထောင်မပြုသေးဘူးလား" ဟူ၍ဖြစ်ပြီး ထိုမေးခွန်းကို အမေးခံရသူတိုင်း ပြုံးလေ့ရှိပါသည်။

သို့သော် ထိုအရာမှာ အပြုံးစစ်စစ်တော့မဟုတ်...။

အော်ရယ်၍လည်းမရ၊ ဟစ်၍ဟစ်၍ ငိုလည်း မရသဖြင့် ရယ်ခြင်းနှင့် ဟစ်ငိုခြင်းနှစ်ခုက ဖိညှပ်ထားသော နှုတ်ခမ်း၏ အတွန့်အကွေးတစ်ခုသာဖြစ်ပါသည်။

အခု အသက်(၃၃)နှစ်ရှိပြီဖြစ်သော ကျွန်တော်လည်း ထိုမေးခွန်းနှင့် ကြုံနေသည်။

ကျွန်တော် ပြုံးပါသည်။

ထိုအပြုံးကို မကြိုက်သဖြင့် ကျွန်တော် အခုလို ဖြေသည်။

ကျွန်တော့်အဖြေကို ပြည့်စုံစေရန် ကြွက်တစ်ကောင်နှင့် မိန်းကလေးတစ်ယောက်က ကူညီခဲ့ပါသည်။

✿✿✿



BURMESE CLASSIC .com

www.burmeseclassic.com

ကြွက်တစ်ကောင်သည် လူတစ်ယောက်ဘဝတွင် ဘာမှ အရေးမကြီးသော သတ္တဝါတစ်ကောင်သာဖြစ်သည်။

ကျားဆရာ ကြောင်၊ ကြောင်ဆရာ ကြွက်ဆိုသော်လည်း ကြွက်သည် ကျားမဟုတ်သည့်အတွက် လူတစ်ယောက်အတွက် ကြောက်စရာ သတ္တဝါတစ်ကောင်မဟုတ်။

Albut Camue (အဲဘတ်ကမြူး)ဆိုသည့် ပြင်သစ်စာရေးဆရာတစ်ယောက်ကတော့ plague ဆိုသည့် ဝတ္ထုထဲတွင် ကြွက်များဒုက္ခပေးသဖြင့် တစ်မြို့လုံး လူတွေ သောင်းချီဒုက္ခရောက်ရသော ပလိပ်ရောဂါ၏ ကြောက်မက်ဖွယ်ကောင်းပုံကို ရေးခဲ့ဖူး၏။

သို့သော် ပလိပ်ရောဂါကို သိပ္ပံပညာက အနိုင်ယူလိုက်နိုင်ပြီဖြစ်သည့်အတွက် ကြွက်ဆိုသည်မှာ…လူကို ဒုက္ခမပေးနိုင်တော့သော သတ္တဝါဖြစ်သွားသည်။

သို့သော်…

လူတစ်ယောက် နှလုံးသားထဲကို ကြွက်တစ်ကောင်ဝင်နေခဲ့သည်။ ထို့အတွက် ထိုလူသည် ရှုံးမတတ် ခံစားခဲ့ရ၏။

နောက်ဆုံးအကြိမ်ထိ ဒုက္ခပေးခဲ့သော ကြွက်တစ်ကောင်၊ လူတစ်ယောက်…အချစ်အကြောင်းကို…အသိပေးခြင်းသာဖြစ်ပါသည်။

တွေ့ရာကို ကိုက်တတ်သော ကြွက်တစ်ကောင်၊ နှလုံးသားထဲဝင်သွားသောအခါ…။

✿✿✿

BURMESE CLASSIC .com

www.burmeseclassic.com

(တစ်)

ကံသာသည် "ဝတ်ဆံများ"ကုမ္ပဏီတွင် ငွေစာရင်းတာဝန် ယူရသော စာရေးတစ်ယောက်ဖြစ်သည်။

သူ ရက္ခဗေဒဘာသာဖြင့် ကျောင်းပြီးထားသော်လည်း သူ့အသက်မွေးဝမ်းကျောင်းအလုပ်တွင် ရှစ်တန်းကျောင်းသားတစ်ယောက်ပင် တတ်သော ဂဏန်းများကို ပေါင်းခြင်း၊ နုတ်ခြင်း၊ မြှောက်ခြင်း၊ စားခြင်းသာဖြစ်သည်။ သူရခဲ့သော ဘွဲ့နှင့် သက်ဆိုင်တာဆို၍ ဝတ်ဆံများဟူသော Company နာမည်သာ ရှိ၏။

ကံသာသည် အသက် (၃၄)နှစ်။ အရပ်ခပ်ပြတ်ပြတ်နှင့် အေးအေးဆေးဆေးနေလိုသော မျက်ဝန်းများရှိသည်။ ထိုမျက်ဝန်းများနှင့် လိုက်ဖက်သော အမြဲတမ်း ပြုံးနေတတ်သည့် သူ့နှုတ်ခမ်းများသည် တစ်လတစ်ခါတော့ ခပ်တင်းတင်း ခပ်မာမာဖြစ်တတ်သည်။ ထိုနေ့သည် ဝတ်ဆံများ Company တွင် လခထုတ်သောနေ့ပင်ဖြစ်သည်။

ဒီနေ့ ကံသာ့နှုတ်ခမ်းများ ခပ်တင်းတင်းဖြစ်နေသည်။ သို့သော် ထိုနေ့သည် ဝတ်ဆံများ Company ၏ လခထုတ်ရက်တော့မဟုတ်။ အရင်က ခပ်အေးအေးနေတတ်သော ကံသာ့ပုံစံသည် ကုလားထိုင်ပေါ်တွင် ခပ်မတ်မတ် ခပ်တည်တည်ရှိနေသည်။ ရှေ့တွင် ရှိနေသော ရှုပ်ပွနေသည့် စာရွက်များထဲတွင် ငြိမ်နေကြသော ကိန်းဂဏန်းများသည် ကံသာ့စိတ်ထဲမှာ ဟိုဒီပြေးနေကြ၏။ အားလုံး စုပေါင်းသွားလိုက် တစ်ခုစီ

BURMESE CLASSIC .com

www.burmeseclassic.com



ပြန်ခွဲထွက်သွားလိုက်ဖြစ်နေ၏။ ကံသာ့လက်ထဲတွင် ခွေးတံဆိပ် (အမှန်တော့ ပရမစ်တံဆိပ်) ခဲတံသည် ဟိုဒီရွေ့ရှားနေသည်။ မျက်မှောင်နည်း ကုတ်ချထားသော သူ့မျက်နှာမှာ အနည်းငယ်တင်းမာနေပုံရသော်လည်း Company မှ ဝန်ထမ်းများက ဒီမျက်နှာကိုပင် အပြုံးနှင့် လှမ်း၍ကြည့်ကြည့်နေကြသည်။

နံနက်ခင်း(၁၁)နာရီ Company တစ်ခု၏ အသံများဖြစ်သော ကုလားထိုင်ခုံ ဆွဲယူလာသံ၊ ဘာဟု မသဲကွဲသော စကားသံသဲ့သဲ့များ၊ ရယ်သံ၊ တရှပ်ရှပ် လမ်းလျှောက်သွားသံ၊ ထမင်းချိုင့်ဖွင့်သံ၊ File လှန်သံ၊ Phone သံများက အရင်နေ့များလိုပင် ကြားနေရသော်လည်း ထိုအသံများထဲတွင် တစ်စုံတစ်ခုသော ပျော်ရွှင်မှုက ပါဝင်နေသည်ကို Company တစ်ခုလုံးက လူတွေ သိနေကြ၏။

ထိုနေ့သည် မတ်လ(၂၄)ရက်နေ့၊ ဝတ်ဆံများ Company စတင်တည်ထောင်သည့် သုံးနှစ်မြောက် နှစ်ပတ်လည်နေ့။ တစ်နှစ်လုံး အောင်မြင်ခဲ့သည့် Company ၏ အမြတ်ထဲမှ ၁၀%ကို လူငါးဆယ့်နှစ်ယောက်ဖြင့် စားထားသော ရလဒ်ကို သိချင်၍သာဖြစ်သည်။

သို့သော် ဦးတင်ကိုအောင် ဘာကိုမှ မတွေ့ရ။ ကံသာ ငုံ့ရေးနေသော စာရွက်ထဲမှာ ဟိုဟိုဒီဒီပေါင်းထား၊ မြှောက်ထားသော ဂဏန်းများကိုသာ တွေ့ရ၏။

"ဟော့ကောင် မင်းကိစ္စပြီးရင် လက်ဖက်ရည်ဆိုင်သွားမယ်၊ သဘူတောသလား"

ဦးတင်ကိုအောင့် စကားသံကြောင့် အစဉ်လိုက် ပေါင်းချလာသော ကံသာ့မှတ်ဉာဏ်ထဲမှ ကိန်းဂဏန်းများအားလုံး ပြိုကျသွား၏။ ကံသာ တော်တော်စိတ်ပျက်သွားသည်။

"ဟာဗျာ၊ အစ်ကိုကြီးကလည်း ကျွန်တော် ဒီမှာ ပေါင်းနေတဲ့ ဂဏန်းတွေ အားလုံးရှုပ်ကုန်ပြီ၊ လက်ဖက်ရည်ဆိုင် မထိုင်နိုင်သေးပါဘူးဗျာ၊ မပြီးသေးဘူး ဗျ"

"မင်းကလည်းကွာ၊ ပိုက်ဆံလေးငါးသိန်းကို ငါးဆယ့်နှစ်နဲ့



BURMESE CLASSIC .com

www.burmeseclassic.com


စားတာ ဘာများ ကြီးကျယ်နေရတာလဲ၊ ဘာခက်လို့လဲ''

''အစ်ကိုကြီးတို့က ရမယ့်ဟာပဲ သိတာကိုး၊ ကျွန်တော်က တစ်နှစ်လုံးစာရင်းတွေ ရှင်းရတာ။ အခန်းအနားမှာ လအလိုက် စာရင်းတွေ ဖတ်ပြရမှာဗျ''

''အေး ဘာပဲဖြစ်ဖြစ်ပေါ့ကွာ၊ မင်းသဘာမတောလို့တော့ မရဘူး ကံသာ၊ မင်းဆီကရမယ့် ဘောနက်(စ)နဲ့ ငါတို့က လက်ဖက်ရည် သောက်ကြမှာ''

ဦးမောင်ညိုက ဝင်ပြောရင်း ကံသာ့စားပွဲပေါ်ကို စာရွက်တချို့ တင်သည်။ ထိုလူကြီး(၃)ယောက်ကတော့ သူနှင့်အတူ တွဲနေသည့် Company တစ်ခုတည်း မိတ်ဆွေမို့ ကံသာ့ကို တခြားလူတွေထက် ပိုနိုင်ကြ၏။ ဦးဉာဏ်ပေါ်က သူ့ခုံမှ လှမ်းကြည့်နေသည်။

''ကျွန်တော် အခုတော့ လိုက်လို့မရသေးဘူး၊ စာရင်းတွေ ပြီးသွားရင် လာခဲ့မယ်။ ဆိုင်က စောင့်နေကြဗျာ၊ သဘာတောတယ်''

''သဘာတောရင် ပြီးတာပဲ၊ ငါတို့ရမယ့် အမြတ်ငွေထဲက တိုက်မှာကွ၊ ပါ့ကောင် ဉာဏ်ပေါ် တိုက်လိမ့်မယ်''

ဦးတင်ကိုအောင့်စကားကြောင့် ကံသာ ထပ်မံစိတ်ညစ်နေရသည်။ ဦးဉာဏ်ပေါ်ကို လှမ်းကြည့်တော့ သူ့ခုံမှ တိတ်တိတ်ပြုံးကာပြ၏။

''အဲဒါ မဖြစ်ဘူး အစ်ကိုကြီး၊ ကျွန်တော်က တစ်ယောက်စီကို စာအိတ်နဲ့ ထည့်ပေးရမှာ၊ အခုထုတ်သုံးလို့မရဘူး၊ လခထုတ်သလို ပေးမှာ မဟုတ်ဘူး''

''ရပါတယ်ကွာ၊ မောင်ရင်ကလည်း ကိုယ်တို့သုံးယောက် သောက်တဲ့ ပိုက်ဆံကို နုတ်ပြီး သူ့အိတ်ထဲ ထည့်ပေးလိုက်ပေါ့၊ သဘာ တောလား''

''ကဲဗျာ၊ မတောလည်း ရမှာမှမဟုတ်တာ၊ သဘာတောတယ်၊ တောတယ်၊ သွားနှင့်ကြ၊ လာခဲ့မယ်''

ဦးမောင်ညိုနှင့် ဦးတင်အောင်ကိုတို့ ဦးဉာဏ်ပေါ်ကို လှမ်း လက်မထောင်ပြကာ ထွက်သွားကြ၏။ ကံသာ စာရင်းတွေထဲ ပြန်မြုပ်ကျ



BURMESE CLASSIC .com

www.burmeseclassic.com


သွားပြန်သည်။ Company ကတော့ ထုံးစံအတိုင်း ဆူညံကာနေ၏။

နာရီဝက်ခန့် ကံသာ တကုတ်ကုတ် အလုပ်ရှုပ်ပြီးတော့ ဝန်ထမ်းတစ်ဦးစီ ရရှိမည့် ငွေစာရင်းက ထွက်လာသည်။ တစ်ဦးလျှင် အနည်းဆုံး ရှစ်ထောင်လောက်တော့ ရမည်ဖြစ်သည်။ နှစ်ဆယ့်လေးရက်နေ့မှရမည့် ငွေရှစ်ထောင်ကျော်သည် Company ဝန်ထမ်းတစ်ယောက်အတွက်တော့ မင်္ဂလာစုံတွဲထီပေါက်သလို ခံစားရမည်မှာ သေချာသည်။ Company တစ်ခုလုံးမှာရှိသည့် ဝန်ထမ်းတွေ အသည်းအသန် သိချင်နေကြသော ကိစ္စမှာလည်း တစ်ဦးလျှင် ဘယ်လောက်ရ မည်လဲဆိုသည့် ကိစ္စသာဖြစ်သည်။ သို့သော် ကိုယ့်သိက္ခာနှင့်ကိုယ် ဘယ်သူမှ လာမမေးကြသေး…။

ကံသာ စာရွက်တွေကို သိမ်းပြီး ဘဲဥကြော်နှင့် ငပိထောင်းပါသည့် ထမင်းဘူးကလေးကို ဖွင့်တော့ အပျိုကြီးတင်လေးမြင့်က ငါးဖယ်နှစ်တုံး လာကာထည့်ပေးရင်း စကားကို စသည်။

"အိမ်မှာ ညီမက ငါးဖယ်ကြော်တာလေ၊ ထည့်ပေးလိုက်တာ များနေလို့ မင်း မလည်း တစ်နေ့လုံး တကုတ်ကုတ်နဲ့ ကံသာ။ ထွက်ပြီးပြီလား၊ တစ်ယောက်ကို ဘယ်လောက်…"

"အဲဒါတော့ မသိသေးဘူး၊ ထမင်းစားပြီးမှ အသေအချာ ထပ်တွက်ရဦးမှာ"

ကံသာ မော့မကြည့်ဘဲ ပြောလိုက်သဖြင့် အပျိုကြီး ဒေါ်တင်လေးမြင့်က လက်မှလွှတ်ချပြီးစ ငါးဖယ်နှစ်တုံးကို နှမြောသလို ကြည့်ကာ အီလည်လည်နှင့် ပြန်သွား၏။ ကံသာ ထမင်းစားပြီးခါနီးလောက်မှ ဝန်ထမ်းတွေ အသံပိုကျယ်လာသဖြင့် မော့ကြည့်တော့ အထည်လပေးရောင်းသည့် မနော်ဟရီကို ပြုံးပြုံး ပြုံးပြုံးနှင့် တွေ့ရသည်။

မနော်၏ ခြင်းတောင်းထဲမှ အထည်တွေကို ဆွဲကာ ဖြန့်သူဖြန့်၊ ကပ်ကြည့်သူကြည့်နှင့် အားလုံးဆူညံကာ နေကြ၏။ လခထုတ်ခြင်း မဟုတ်သဖြင့် အပျို၊ လူပျိုတွေက အိမ်ကို ပြန်ပေးစရာမလိုသဖြင့် ပိတ်စတွေရောင်းရဦးမှာ ကျိန်းသေသည်။ တစ်ခုပဲရှိသည်။ မိန်းမရှိ၊ ယောက်ျားရှိသူတွေကတော့ ပိတ်စရောင်းသည့်နားမှာ သိပ်မတွေ့ရ၊



BURMESE CLASSIC .com

www.burmeseclassic.com


သန်းဌွေးမောင်တို့ ကိုဉာဏ်ပေါ်တို့လို မိန်းမကြောက်ရသူတွေဆိုလျှင် ကံသာ့ကိုလည်း လှည့်မကြည့်၊ ဘယ်လောက်ရမည်ဆိုတာလည်း စိတ်မဝင်စား။ ပျော့ရှင်အော်ဟစ်နေသူတွေကို 'ရူးနေသလား' ဆိုသည့် အကြည့်နှင့်ကြည့်ကာ ရှေ့မှ အလုပ်တွေကိုသာ ကျုံး၍ လုပ်နေလေ့ရှိသည်။ သူတို့တာဝန်က ကံသာစာအိတ်ထဲထည့်ပေးမည့်ငွေကို တက်ယူရန်သာ ဖြစ်၏။ ထိုငွေကို တစ်ပြားတစ်ချပ်မှ ထိရလိမ့်မည်မဟုတ်…။

ခဏကြာတော့ အထည်တွေကို အပြုံးနှင့်ဖြန့်ကာပြနေသော မနော်က ကံသာ့ခုံနား ကပ်လာသည်။ မနော်က Company မှ ဝန်ထမ်း မဟုတ်သော်လည်း အမြဲအထည်လာရောင်းနေကျမို့ Company တစ်ခုလုံးနဲ့ ရင်းနှီးနေပြီဖြစ်သည်။

"ကိုကံသာ အလုပ်တွေ အတော်များနေလား၊ ပိုးတွဲကလေး တွေပါတယ်၊ ကြည့်ဦးမလား"

"ဟင့်အင်း မနော်၊ မကြည့်တော့ဘူး"

"လူပျိုကြီးကလည်း ဘယ်သူ့အတွက် ငွေတွေစုနေရတာတုန်း၊ ဝတ်ဦး၊ စားဦးမှပေါ့၊ အဲဒါနဲ့ ဟို ကိုငြိမ်းအေးနဲ့ ကိုတင်မောင်သန်းလေ သူတို့နှစ်ယောက်က ယူထားတာ သိပ်များနေပြီ၊ အဲဒါ ရမယ့်ထဲက ဖြတ်ပြီး…"

မနော်စကားကြောင့် ကံသာ စာရွက်များကို ထပ်နေရာမှ မော့ကာ ကြည့်ရသည်။

"အကြွေးကိစ္စက ကျွန်တော်နဲ့ ဘာမှမဆိုင်ဘူး မနော်၊ အခု ဟာက လခထုတ်ပေးတာ မဟုတ်ဘူး၊ အခမ်းအနားနဲ့ပေးမှာ၊ စာအိတ်ထဲ ထည့်ပေးရမှာဆိုတော့ သူတို့ဆီကပဲ ယူပါ"

ကံသာ့လေသံနှင့် မျက်နှာမှုန်ကုတ်ကုတ်ကြောင့် မနော်က အပြုံးနှင့်ပင် စားပွဲပေါ် အသာတင်ပြသော အကြွေးစာရွက်ကို လူမမြင်ရအောင် ယူကာ ပြန်ထွက်သွားသည်။ ပြီးတော့မှ ကံသာ စာအိတ်တွေ ထုတ်ကာ ဝန်ထမ်းအမည်တွေကို အစဉ်လိုက်ရေးပြီး ငွေကို ထည့်ရသည်။

ဝန်ထမ်းနာမည်တွေရေးရင်း သူ တစ်ခါမှ မကြားဘူးသော


BURMESE CLASSIC .com

www.burmeseclassic.com


ဝန်ထမ်းနာမည်တစ်ခုကို တွေ့ရသည်။ 'ယွန်းဝသုန်'...။

ထိုနာမည်ကို ကံသာ တစ်ခါမှ မကြားဘူးခဲ့။ စဉ်းစားကြည့်နေချိန်မရ။ စာအိတ်တွေထဲ ငွေခပ်သွက်သွက်ထည့်ရသည်။ ကိုတင်ကိုအောင်တို့နှင့် ချိန်းထားသော နေရာသို့သွားဖို့ 'သဘူတော'ထားသည့်ကိစ္စကရှိသေးသည် မဟုတ်လား။

"ကောင်လေး ကံသာ လက်ဖက်ရည်ဆိုင် သွားတော့မလို့လား"

"ဟာ...ကိုဉာဏ်ပေါ်က အခုထိ မသွားရသေးဘူးလား၊ ကျွန်တော်က သွားပြီမှတ်တာ"

ကိုဉာဏ်ပေါ်က ထုံးစံအတိုင်း မျက်လုံးကို ပေကလတ် ပေကလတ်လုပ်ကာ ခပ်တိုးတိုးကပ်၍ ပြန်ပြောသည်။

"ငါ မင်းကို ပြောစရာရှိလို့ ကောင်လေး၊ ငါ မင်းတို့ကို လက်ဖက်ရည်တိုက်မယ်ကွာ၊ ငါရမယ့်အထဲက ငါးရာထုတ်ပေးထား၊ သဘူတောလား"

"ဟာ အဲဒါတော့ မရဘူး ကိုဉာဏ်၊ စာအိတ်ထဲ ထည့်ပေးမှာဗျ။ လူများတွေရသလောက် မရရင် ခင်ဗျားမိန်းမက ကောလိမ့်မယ်"

"ရတယ်ကွာ၊ အဲဒီကိစ္စ ငါ့ဘာသာငါ ကြည့်ရှင်းမယ်၊ မင်းသဘူတောရင် သွားနှင့် လာခဲ့မယ်"

မိန်းမကြောက်ရသူဖြစ်သဖြင့် ထုံးစံအတိုင်း တစ်ချက်တွေသွားပြီးကိုဉာဏ်ပေါ့်မျက်နှာသေးသေးကလေးထဲမှ ရီဝေဝေလေးပင်နေသော မျက်လုံးသေးသေးကလေးတွေကို ငေးကာ ကံသာ စိတ်မကောင်းဖြစ်သွားသည်။ သူ့မိန်းမကို စာအိတ်ပေးပြီးရင် ထိုအိတ်ထဲမှ တစ်ကျပ်မှ ပြန်သုံးရတော့မှာ မဟုတ်ဆိုတာ သေချာသည်။ ဒီနေ့ သူ့ကို 'သဘူတော'ဖို့ ဆန္ဒတွေလာထုတ်ပြသော လူတွေထဲမှာ ကိုဉာဏ်ပေါ်က သနားစရာ အကောင်းဆုံးဟု သူထင်သည်။

"ကဲဗျာ သဘူတောတယ်၊ လိုက်ခဲ့မယ်၊ ငါးရာပဲနော်"

✿✿✿


BURMESE CLASSIC .com

www.burmeseclassic.com



'သဘူတော'ဆိုသည့် စကားလုံးမှာ ဝတ်ဆံများ Company မှ ဝန်ထမ်းများသာ သိသော အနက်ရာယ်ရှိသည့် Code Name တစ်ခုသာ ဖြစ်သည်။

ထိုစကား Company မှ ဝန်ထမ်းများ ပါးစပ်ထဲရောက်လာပုံက ပြဿနာတစ်ခုနှင့် ဖြစ်၏။

မနှစ်က Company အစည်းအဝေးတစ်ခုတွင်ဖြစ်သည်။ M.D ဦးအောင်သိန်းက Company ဝန်ထမ်းများနှင့်ပတ်သက်၍ အချိန်ကို ပြန်ပြင်သည်။ ဝန်ထမ်းစည်းကမ်းကို တင်းကျပ်သည်။ ရုံးတက်ချိန်က (၁၀)နာရီမှ (၈း၃၀)သို့ ပြောင်းကာသွား၏။ ထပ်တိုးသော စည်းကမ်း တစ်ခုက ယောကျ်ားလေးဝန်ထမ်းများ တစ်ပါတ်တစ်ခါ တနင်္ဂနွေနေ့ Duty ဝင်ရမည်။

M.D ဦးအောင်သိန်းက အရပ်ပုပြတ်ပြတ်၊ မျက်မှန်ထူထူ၊ သူ့နှုတ်ခမ်းများက တစ်ခုခုကို ချက်ချင်းဖွင့်ပြောတော့မည့်ပုံစံ၊ အမြဲ ဒေါသဖြစ်နေသလိုမျိုး၊ အသက်လေးဆယ်ကျော်မှ အိမ်ထောင်ကျသဖြင့် လူပျိုသိုးဇိဇာ ဝင်နေပြီး အရာရာကို အပြစ်မြင်တတ်သူ၊ စေ့စပ်သေချာသူ၊ **အမြဲတစ်ခုခုကို** အလိုမကျဖြစ်နေသော M.D ၏မျက်နှာမှာ Company တစ်ခု၏ ဒုတိယအကြီးအကဲဆိုသော ဂုဏ်ပုဒ်သည်လည်းကောင်း၊ သူ့ကို Company တစ်ခုလုံးက ရှိသေရမည်ဟူသော ဆုံးဖြတ်ချက်ကသော်လည်းကောင်း၊ ဦးအောင်သိန်း၏မျက်နှာကို ထိုသို့ဖြစ်စေရန် ဖန်တီးထားဟန် တူ၏။

ဦးအောင်သိန်းက သူ့တင်ပြချက်များကို သုံးကြိမ်သုံးခါ သဘောတူသလားဟု ဝန်ထမ်းများကို မေးသည်။ Company ပိုင်ရှင် သူဌေး၏ရှေ့တွင် သူ့ဝန်ထမ်းများကို ဘယ်လိုအုပ်ချုပ်ထားကြောင်း၊ သူ့ဩဇာကို ဘယ်လောက်မီးသေကြောင်း သိသာစေရန် အရင်နေ့များထက် နှစ်ဆပို၍ မျက်နှာကြောတင်းကာ မေးခြင်းဖြစ်သည်။

ဒုတိယအကြိမ် သဘောတူသလားဆိုသည့် စကားအထိ ဝန်ထမ်းများထံမှ ဘာသံမှ ထွက်မလာ။ တတိယအကြိမ်ကျမှ ကိုတင်အောင်ကိုက



BURMESE CLASSIC .com

www.burmeseclassic.com



ထရပ်ကာ ရုံးတက်ရုံးဆင်းချိန်နှင့်ပတ်သက်၍ ကန့်ကွက်သည်။

ထင်မှတ်မထားသဖြင့် ပြဿနာက အတော်ကြီးမားသွား၏။

ကိုတင်ကိုအောင်ကလည်း အလျှော့မပေး၊ ဦးအောင်သိန်းကလည်း Company ပိုင်ရှင် သူဌေးရှေ့မှာမို့ သူ့အရှက်နှင့် သိက္ခာကို အထိမခံ။ နောက်ဆုံး ရန်ပွဲအသွင်အထိ သဘောမတူသည့်ကိစ္စက ရောက်လာသည့်အခါတွင် Company ပိုင်ရှင် ဦးမင်းခန့်က ထရပ်ကာ M.D ဆိုသည်မှာ Company ကို အုပ်ချုပ်သူဖြစ်ကြောင်း၊ M.D ၏ လိုအပ်၍ ပြုပြင်သောစည်းကမ်းကို Company ဝန်ထမ်းများက လိုက်နာရမည်ဖြစ်ကြောင်း ဆုံးဖြတ်ကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြရသည်။

နောက်နေ့တွင် M.D မှ ဝန်ထမ်းများကို သူ့အခန်းထဲ ခေါ်တွေ့ကာ သူ သဘောတူသလားဟု မေးလျှင် သဘောတူရမည်ဟု ဥပမာပေါင်းများစွာ အကိုးအကားပေါင်းများစွာဖြင့် ရှင်းပြပြီး သဘောတူသလားမေးလျှင် သဘောတူပါတယ်ဖြေရန် Company ဝန်ထမ်းများက သဘောတူလိုက်ရ၏။

ထိုနေ့မှစ၍ Company ဝန်ထမ်းများ နှုတ်ခမ်းဖျားတွင် ထိုစကားက ရောက်သွားသည်။ အချင်းချင်း တစ်ခုခုလုပ်မည်ဆိုလျှင် သဘောတူသလားဟု နောက်ကာမေးကြ၏။ ထိုအမေးခံရသော ကိစ္စမှာ ငြင်း၍မရသော ကိစ္စများဖြစ်သည်။

ဥပမာ လက်ဖက်ရည်ဆိုင်သွားထိုင်တာမျိုး၊ တနင်္ဂနွေညဂျူတီလဲတာမျိုး၊ မနော်ထံမှ အထည်အကြွေးယူတာမျိုးဖြစ်သည်။ ထိုသဘောတူသလားမှ သဘူတောသလားဟု ပြောင်းလဲသွားခဲ့သည်။ ထိုသို့ ပြောနေကြခြင်းမှာ Company ဝန်ထမ်းများကို အနည်းငယ် ဖိနှိပ်တတ်သော M.D ကို လက်စားချေသည့်သဘောနှင့် နောက်ပြောင်ခြင်းဟု အားလုံးက တရားဝင်သိထားသဖြင့် အားလုံး "သဘောတူ၊ သဘူတော" ဟု ပြောနေကြခြင်းဖြစ်သည်။

ထိုအကြောင်းအရာကို M.D အား မျက်နှာလုပ်ချင်သော ရုံးစောင့်ကြွက်နီက ပြန်တိုင်သဖြင့် M.D သိသွားသည့်အခါ ဒေါသက



BURMESE CLASSIC .com

www.burmeseclassic.com



ပြောဖွယ်ရာမရှိတော့။ အပတ်စဉ် ဒါပါကိုပင် မစောင့်နိုင်တော့ဘဲ ပျော်နေအော်နေ ဆူညံနေကြသော ရုံးခန်းအတွင်းဝင်လာကာ ထို'သဘူတော' ဆိုသည့် ကိစ္စကို ဝန်ထမ်းများအား မေးတော့သည်။

"ကဲ…အဲဒီ သဘူတော သဘူတောနဲ့ ကျွန်တော့်ကို နောက်နေတာ ဘယ်သူလဲ"

Company တစ်ခုလုံး ဘယ်သူမှ ပြန်မပြောကြ၊ အားလုံးတစ်ဦးကို လေးငါးခွန်းတော့ ပြောပြီးနေကြပြီဖြစ်သောကြောင့် ဘယ်သူ့ကို ဘယ်သူမှ လက်ညှိုးထိုး၍ မရ။

"ဒီစကားလုံးဟာ ကျွန်တော် ခင်ဗျားတို့အပေါ်ထားတဲ့ စေတနာနဲ့ ကျွန်တော့်သိက္ခာကို စော်ကားနေတဲ့ စကားဆိုတာ သေချာတယ်။ ဒီတော့ နောက်တစ်ခါ ဘယ်သူမှ အဲဒီစကားလုံးကို မသုံးပါနဲ့၊ သုံးရင် ကျွန်တော် ပြင်းပြင်းထန်ထန် အရေးယူရလိမ့်မယ်"

M.D ဦးအောင်သိန်းက ဒေါသနှင့် တင်းကျပ်စွာ စည်းကမ်းထုတ်ပြီးသည့်နေ့မှစ၍ ထို'သဘူတောပါသလား'ဆိုသော စကားလုံးမှာ အသံတိုးတိုးဖြင့် လုံးဝ တရားဝင်သွားသော ဝတ်ဆံများ Company ၏ Code Name တစ်ခုသာ ဖြစ်ခဲ့ရခြင်းသာဖြစ်သည်။

ဒီနေ့တော့ 'သဘူတောသလား'ဟု အသံခပ်တိုးတိုးကို အမေးခံရဆုံးပုဂ္ဂိုလ်မှာ ကံသာ သာဖြစ်သည်။ ထိုအသံကို ကြားတိုင်း ကံသာလည်း မငြင်းနိုင်အောင်ကို ဖြစ်နေသည်။ ကိုညာဏ်ပေါ်ကို ငါးရာမဟုတ်တစ်ထောင်ပေးလိုက်သည်။ ကိုတင်ကိုအောင်ကို ရှစ်ရာနှင့် ကိုမောင်ညို့ကို တစ်ထောင်။

ကံသာတို့ လက်ဖက်ရည်သောက်အပြီးမှာ ဒီနေ့ အစည်းအဝေးအတွက် ရောက်လာသော Company ပိုင်ရှင် ဦးမင်းခန့်၏ MarkII ကားစိမ်းပြာရောင်ကလေး Company ရှေ့ ထိုးရောက်လာ၏။

"ကံသာ Company ပိုင်ရှင်တော့ ရောက်လာပြီ။ မင်းကိစ္စတွေ ပြီးပြီလား၊ အခမ်းအနားမှူးက မင်းပဲဆို"

"ဟုတ်တယ် ဆရာညို၊ နာမည်ရေးထားတဲ့ စာအိတ်တွေ



BURMESE CLASSIC .com

www.burmeseclassic.com



စိပြီး ထပ်ရုံပဲရှိတော့တာပါ၊ အားလုံး OKပဲ''

✿✿✿

အစည်းအဝေးစမည့် အပေါ်ထပ်အခန်းကျယ်ကြီးထဲသို့ လူတွေ တစ်သုတ်ပြီးတစ်သုတ် ဝင်ဝင်လာကြသည်။ မိန်းကလေးများက လက်ချင်း ချိတ်လျက်၊ ယောက်ျားလေးများက အူမြူးနေသော မျက်နှာများဖြင့် စကားတွေပြောလျက် အိမ်ထောင်သည်များက အလုပ်ရှုပ်သည်ဆိုသည့် မျက်နှာပေးနှင့် တချို့စာရေးမများက နေကြာစေ့တွေ စီးထုပ်တွေကို ဖွက်ယူလာလျက်။

Company ပိုင်ရှင်နှင့် M.D က ခန်းမအလယ်တွင် ခုံရှည်ကြီး များနှင့်ထိုင်ကာ ဝင်လာကြသူများကို ပြုံးကာ ကြည့်နေကြသည်။ ပိုင်ရှင် သူဌေးက စားပွဲရှည်ကြီးတွင် ခန့်ခန့်ကြီးထိုင်ကာ M.D ကို စကား တီးတိုးပြောကာနေ၏။ ဘာတွေပြောနေမှန်းတော့ မသိ။ M.D ဦးအောင် သိန်း၏မျက်နှာမှာ စကားလုံးတစ်လုံးနှင့် တစ်လုံးကြား အပြုံးကို မထပ်ရ အောင် ပြင်ထားပေးရသဖြင့် ဂနာမငြိမ်ဖြစ်လျက်ရှိသည်။

ကံသာက ပိုင်ရှင်နှင့် သူဌေးထိုင်နေသည့် စားပွဲရှည်ကြီး၏ ညာဘက်တွင် စားပွဲတစ်လုံးနှင့် ထိုင်နေရသည်။ လူစုံလောက်သည့်အခါ မိုက်ကရိုဖုန်းကိုစမ်းပြီး အခမ်းအနားကို စတင်ရသည်။ ကံသာ့ အစီအစဉ် ကြေညာသည့်အခါ မသဲမကွဲ တရှုံ့ရှုံ့ စကားပြောသံများ တိတ်ဆိတ် ကာ သွားကြ၏။

Company လေးနှစ်ပြည့် အခမ်းအနားစကြောင်းပြောသည့်အခါ လက်ခုပ်သံများကို ကြားရသည်။ ထို့နောက် ဒုတိယအစီအစဉ်အဖြစ် ပိုင်ရှင် ဦးမင်းခန့်က စကားပြောသည်။

Company တိုးတက်၍ ဝမ်းသာကြောင်း၊ ဒီနှစ် မနှစ်ကထက် အမြတ်ငွေပိုကြောင်း၊ ပို၍ ကြိုးစားစေချင်ကြောင်း ဒါပဲ ပြောသည်။ သို့သော် ဝန်ထမ်းများ ပိုကြိုးစားသင့်ကြောင်းပြောရာတွင် သူဌေးက



BURMESE CLASSIC .com

www.burmeseclassic.com



သူ့ ဂေါက်သီးရိုက်ပုံနှင့် ဥပမာပေးသည်။

သို့သော် သူကလည်း ဂေါက်သီးသိပ်ရိုက်တတ်သူတစ်ယောက် မဟုတ်သဖြင့် စကားမှာ အဆုံးသတ်မရဖြစ်နေခဲ့သည်။ Company ပိုင်ရှင်၏ စကားဂေါက်သီးက တစ်ချက်တည်းနှင့် ကျင်းမဝင်နိုင်ဘဲ လည်ကာနေ၏။

"ဂေါက်သီးရိုက်တဲ့အခါ ရိုက်ချက်တိုင်းမှာ ရည်ရွယ်ချက် ရှိသလို ကျွန်တော်တို့ Company က ဝန်ထမ်းတွေလည်း ဘာပဲလုပ်လုပ် ဦးတည်ချက်ဆိုတာ ရှိရမယ်။ ဥပမာ ဂေါက်သီးက သဲကျင်းထဲကျတယ် ဆိုပါတော့၊ အဲဒီတော့ အဲဒါ ဟို ကျွန်တော် သဲကျင်းထဲက တော်တော် ရိုက်ရတာ၊ ဘာဖြစ်လို့လဲဆိုတော့ ဒါဟာ ရည်ရွယ်ချက်ပါပဲ။ ဂေါက်သီး ဆိုတာ အချိန်အဆ သိပ်လိုတယ်။ မြက်ခင်းတွေက တော်တော်ဒုက္ခပေး တယ်။ ကျွန်တော် သဲကျင်းထဲက အပေါ်ပြန်တင်တော့ အဲဒါ ဘာလဲ ဆိုတော့ အခက်အခဲပေါ့ဗျာ၊ ကျင်းဆိုတာလည်း မြက်ခင်းရဲ့ လျှို့ဝှက် ချက်တွေနဲ့ အဲဒါပေါ့..."

ထိုသဲကျင်းထဲကျသွားသော ဂေါက်သီးက တော်တော်နှင့် ပြန်တက်မလာတော့။ အောက်မှ စကားသံတိုးတိုးများ ပြန်ထွက်ကာ လာ၏။ ဘယ်သူမှ ဦးမင်းခန့်၏ သဲကျင်းထဲမှာ ကျနေသော ဂေါက်သီး ကို စိတ်မဝင်စားကြ။ M.D ဦးအောင်သိန်းတစ်ယောက်သာ တအံ့တဩ စိတ်ဝင်စားဟန်ပြလိုက်၊ ခေါင်းတဆတ်ဆတ်ညိတ်လိုက်၊ မျက်မှောင်ကျုံ့ ကာ အသည်းထိတ်ဟန်လုပ်လိုက်ဖြင့် ဟန်ဆောင်မှုကို မပီပြင်စွာ ဟန်ဆောင်လျက်ရှိလေသည်။

ဦးမင်းခန့်၏ ဂေါက်သီးက သဲကျင်းထဲမှာ လေးဆယ့်ငါးမိနစ်ခန့် ဟိုဟိုဒီဒီ ရောက်ပြီးနောက် ဦးမင်းခန့်က သူချစ်လှစွာသော ဖနီးက ဂေါက်သီးရိုက်ပညာကို နားမလည်ကြောင်း၊ သူ့သမီးအကြီးမက Model သင်တန်းတက်နေကြောင်း၊ သူ့အိမ်တွင် သတင်းစာ ထွက်ယူတတ်သော 'ရှယ်ကိုး'အမည်ရှိ တယ်လီယာ ခွေးပုကလေးတစ်ကောင်ရှိကြောင်း ပြောကာ စကားကို အောင်မြင်စွာ အဆုံးသတ်သွားသည်။



BURMESE CLASSIC .com

www.burmeseclassic.com



အောက်မှ ဝမ်းသာအားရ လက်ခုပ်တီးကြသည်။

တတိယအစီအစဉ်အရ M.D ဦးအောင်သိန်းက တစ်နှစ်အတွင်း ဆောင်ရွက်ချက်များကို တင်ပြပြီး ထုံးစံအတိုင်း ဝန်ထမ်းများ စည်းကမ်း ပေါ့လျော့နေသေးကြောင်း အားမရကြောင်းကို အသံအနိမ့်အမြင့်မရှိသော အကြွင်နာမပါသော အသံဖြင့် ခပ်တည်တည်ပင် ပြောသွား၏။

ဦးအောင်သိန်းပြီးသွားတော့ ဝန်ထမ်းများ ပိုကျယ်သော လက်ခုပ် သံကို တီးကြသည်။ ကံသာ ငွေပေးသည့်အလှည့်ကို ရောက်တော့မည် ဖြစ်၏။ နောက်မှ အပေါင်းအသင်းများက ယိုင်ရွဲ့နေသော ကိုယ်ခန္ဓာအနေ အထားများကို ပြင်သည်။ ကံသာက ကျွတ်ကျွတ်အိတ်ထဲက စီထပ်ပြီးသား ငွေထည့်ထားသောစာအိတ်များကို ငွေလင်ဗန်းအပေါ်သို့ တင်လိုက်သည့် အခါ "ဟေး"ဟူသော အားတက်သံကြီးကို ကြားရ၏။

ထိုအားပေးသံကြီးဆုံးမှ ကံသာက လေသံအေးအေးနှင့်ပင် တစ်နှစ်စာ ငွေစာရင်းရှင်းတမ်းကို ဖတ်ပြပြီး အတည်ပြုချက် ရယူသည်။ ဦးအောင်သိန်းက ခေါင်းညိတ်ပြီး ပြုံး၏။ ထိုအတည်ပြုချက်နောက် ကံသာက အသံကို မြှင့်တင်လိုက်သည်။

"ဟုတ်ကဲ့...အခုနှစ်အမြတ်ငွေ ၁၀%ကို ဝန်ထမ်းအားလုံးနဲ့ ညီတူမျှတူ ခွဲဝေငွေဘောက်ဆူး တစ်ဦးကို ငွေစ်ထောင်ကိုးရာစီရရှိပါတယ် ခင်ဗျား"

"ဟေး..."

လက်ခုပ်သံ ဝေါခနဲ လွင့်တက်လာ၏။ တချို့က လက်ကိုင် ပဝါများကို မြှောက်ကြသည်။ "ဝေပါတော့ဗျို့"၊ "ပေးပါတော့" စသည် ဖြင့် အော်ကြသည်။ ဒါပါနှစ်ပတ်လည်အစည်းအဝေးသည် ပျော်ရွှင်စရာ အကောင်းဆုံးအခြေအနေသို့ ရောက်သွားပြီဖြစ်သည်။ ကံသာကလည်း တစ်နေ့လုံး လျှို့ဝှက်ထားသော လျှို့ဝှက်ချက်ကြီးကို ဖွင့်ချလိုက်ပြီဖြစ်သည်။ ဆူညံနေသော အသံတွေ ဖုံးလွှမ်းသွားအောင် ကံသာ လေသံကို မြှင့်တင် ကာ အော်ရသည်။

"ဟုတ်ကဲ့၊ ဒီနေ့ နှစ်ပတ်လည်အစည်းအဝေးရဲ့ ငွေစာရင်း

www.burmeseclassic.com


ရှင်းတမ်းများ ဆုံးဖြတ်ချက်များနဲ့ အသစ်ချမှတ်သော စည်းကမ်းများကို အားလုံး သဘောတူပါသလား ခင်ဗျား''

ကံသာ အားရပါးရအော်လိုက်သော နောက်ဆုံးစကားလုံးများကြောင့် အောက်မှ လူတွေအားလုံး ငြိမ်သွားကြသည်။ ကံသာ၏ ပျော်ရွှင်အားရနေသော မျက်နှာကြီးတစ်ခုသာ မိုက်ကရိုဖုန်းရှေ့မှာ တုန့်ခါနေ၏။ အောက်မှ ဘာသံမှမကြား။ လူတွေအားလုံးတိတ်ကာ ကံသာ့ကို ငေးသည်။

ဘာဖြစ်တာလဲ...၊ ကံသာ ကြောင်ကာသွား၏။ သူ့စကားမှာ ဒီနေ့ ဒါပါ၏ အကျယ်လောင်ဆုံး ဟစ်အော်ကာ သဘောတူရမည့်စကား။ ဘာကြောင့်တိတ်ပြီး ငြိမ်သွားရတာလဲ။ ကံသာ လုံးဝ နားမလည်နိုင်။ ကံသာ ပရိသတ်ကို လှည့်ကြည့်တော့ ဦးတင်ကိုအောင်က လက်သီးလှမ်းထောင်ကာပြ၏။ ဘာပါလိမ့်။ M.D ကို ပြန်လှည့်ငေးတော့ မျက်နှာနီရဲကာနေသည်။ ဒေါသဖြင့် ကံသာ့ကို ကြည့်နေသည်။ M.D နှင့် ဦးတင်ကိုအောင် ဘာဖြစ်ပြန်ပြီလဲ။

“ကျွန်တော့်အစီအစဉ်တွေ ဆုံးဖြတ်ချက်တွေကို ဘာဖြစ်လို့ သဘောမတူကြတာလဲ ခင်ဗျာ''

တိတ်ဆိတ်မှုက လုံးဝကြောက်မက်ဖွယ်ရာ ကောင်းသွားသည်။ ကံသာ့ကို ကြောက်စရာ ထိတ်လန့်နေသော မျက်လုံးများဖြင့် အားလုံးက ကြည့်နေကြ၏။ Company ပိုင်ရှင်က ထိုင်နေရာမှထကာ ကံသာကို “ဟော့ကောင်''ဟု အော်သည်။ ဘာတွေဖြစ်နေတာလဲ။

“မဟုတ်ဘူးလေ၊ ကျွန်တော့်စကားကို ဘာဖြစ်လို့ သဘောမတော...ဟာ...''

ကံသာ တစ်ကိုယ်လုံး အေးစက်ကာ အမြင်အားလုံး ပြာဝေကာသွား၏။

“သ...သဘော မဟုတ်ဘူး။ သဘော...သဘောပါ...၊ သဘောတူသလား မေးတာပါ...၊ သဘောပါ၊ သဘောမဟုတ်ပါဘူး။ သဘောတူသလား။ သဘောတူပါသလားခင်ဗျာ''

“တူပါတယ်၊ တူပါတယ်၊ တူပါတယ်''


BURMESE CLASSIC .com

www.burmeseclassic.com



ကြောက်လန့်ထိတ်ငေါ့နေသော ကံသာ့စကားသံဆုံးသည်နှင့် အောက်မှလူများ ဝိုင်းအော်သံက ဆူညံကာသွားကြသည်။ Company ပိုင်ရှင် ဦးမင်းခန့်ပင် ဝမ်းသာအားရ ခပ်မြန်မြန် ဝိုင်းအော်သည့်အထဲတွင် ပါသည်။ ကံသာ့တစ်ကိုယ်လုံး အသိစိတ်ပျောက်ကာ ရှက်ခြင်းနှင့် ကြောက်လန့်ခြင်းတို့ကြောင့် ဒူးတဆတ်ဆတ်တုန်ကာ မျက်လုံးတွေ ပြာဝေကုန်၏။

မွှန်ထူနေသောစိတ်ဖြင့် ရှေ့က ငွေလင်ဗန်းထဲတွင် ထည့်ထားသော စာအိတ်များကို Company ပိုင်ရှင်ထံ သွားရောက်ပေးရ၏။ ရှက်စိတ်၊ စိုးရိမ်စိတ်တို့ကြောင့် မျက်စိထဲတွင် ဘာကိုမှ မမြင်ရတော့သော ကံသာသည် ငွေလင်ဗန်းကို စားပွဲပေါ်အတင် စားပွဲစွန်းနှင့် လင်ဗန်း တိုက်မိကာ လွတ်ကျသွားသည်။

လင်ဗန်းနှင့် ကြမ်းပြင်ထိသံ ဂွမ်းခနဲကြောင့် အောက်မှ ဝါးခနဲ ရယ်လိုက်ကြ၏။

သွားပြီ။

ထိတ်လန့်ကြောက်ရွံ့စွာ ကံသာ ထိုင်ချပြီး စာအိတ်များကို ငုံ့အကောက်တွင် ကံသာ့လိုပင် စိုးရိမ်ထိတ်လန့်စွာ စာအိတ်များကို ကုံးကောက်သော M.D နှင့် ခေါင်းချင်းတိုက်မိကာ နှစ်ဦးစလုံး ဖင်ထိုင်လျက် လဲကျသည်။ အောက်မှ တဝေါ်ဝေါ် တဟားဟားရယ်သံတွေ မရပ်တော့။

"ဟော့ကောင် မင်း...မင်း...တောက် ကံသာ"

အောက်မှ ရယ်သံတွေ...။

ဦးမင်းခန့်ပင် စားပွဲကို ကိုင်ကာ ပြန်မထိုင်နိုင်ဘဲ တဟားဟား အော်၍ ရယ်သည်။

ကံသာလည်း ဘာမှမပြောနိုင်တော့ဘဲ ဝိညာဉ်ပျောက်သွားသူလို ရှေ့တွင်ရှိနေသော စာအိတ်များကို အတင်းကျုံးကာ ကောက်ပြီး လင်ဗန်းကို စားပွဲပေါ်တင်ပေးရသည်။ ဖိသိပ်မျိုချထားရသော ဒေါသနှင့် မျက်နှာအကြီးအကျယ်ပျက်ကာ ရှက်နေသော M.D ၏ မျက်နှာကို ထပ်မကြည့်ရဲတော့ဘဲ မိုက်ကရိုဖုန်းထံ ပြန်လာကာ နှာမည်တွေကို ခေါ်ရသည်။



BURMESE CLASSIC .com

www.burmeseclassic.com


ကံသာ့အသံတွေ တုန်ယင်ကာနေ၏။

"ဦးလှခိုင်၊ ဇာနည်ထွန်း၊ အေးအေးမြိုင်၊ စောသွဲ့သွဲ့မြင့်..."

ရှက်ရှက်နှင့် ကံသာ နာမည်တွေကို စွတ်အော်သည်က တစ်ကြောင်း၊ လင်ဗန်းပြုတ်ကျသွားသဖြင့် မူလက နာမည်နှင့်အတူ အစဉ်လိုက်ထားသော စာအိတ်တွေ မှားကုန်သည်ကတစ်ကြောင်း၊ ထို့ကြောင့် M.D အနားတွင် လူတွေ ဝိုင်းအုံကာလာသည်။

"ဟော့ကောင် ကံသာ၊ မင်း...ခွေးမသား...မင်း...မင်း ပြီးရင်လာခဲ့၊ ငါ့အခန်းထဲကို လာခဲ့၊ ဟဲ့ဟဲ့ မတိုးကြနဲ့၊ ကဲ ယူကြတော့ဟေ့၊ ကိုယ့်ဘာသာပဲ ယူကြတော့"

ဝိုင်းနေသည့်လူတွေကြားထဲမှာ M.D က ရအောင်တိုးထွက်ကာ ဒေါသဖြင့် တဝုန်းဝုန်းလျှောက်ကာသွားသည်။ အောက်က လူတွေ အားလုံး အပေါ်တက်လာကာ ပိုက်ဆံအိတ်တွေကို ဝိုင်းကာ လုယူနေကြသည်။ ကံသာ့ကို တစ်ယောက်မှ လှည့်မကြည့်ကြတော့။

ကံသာ မိုက်ကရိုဖုန်းရှေ့မှာ တွေတွေကြီး ရပ်နေမိသည်။

သွားပြီ။

ဘာကြောင့် ဒီစကားကို သူသွားပြောရသနည်း။ Company ပိုင်ရှင်နှင့် M.D မင်္ဂလာယူရမည့်ပွဲကို စကားတစ်လုံးတည်းနှင့် ဖျက်ဆီးမိပြီ။ ထိုစကားလုံးကို လူရှေ့မှာ မိုက်ကရိုဖုန်းနှင့် အားကုန်အော်မိသော သူ့ကို M.D က ခွင့်လွှတ်လိမ့်မည်မဟုတ်တော့။

သက်ပြင်းကိုချရင်း နဖူးမှ ချွေးစေးတွေကို သုတ်ကာ ရှေ့သို့ လှမ်းငေးသည့်အခါ အောက်ဘက်ထိုင်ခုံများအကြားတွင် တစ်ယောက်တည်း မတ်တပ်ရပ်ကာ သူ့ကို ပြုံးကြည့်နေသော မိန်းကလေးတစ်ယောက်ကို တွေ့ရသည်။

ကြောင်ငေးငေးနေသော ကံသာနှင့် ထိုမိန်းကလေး မျက်ဝန်းချင်း ဆုံမိကြသည့်အခါ ထိုမိန်းကလေးက အသံမထွက်ဘဲ အားရပါးရ ပြုံးပြကာ ထိုင်ခုံများကြားမှ ထွက်သွားသည်။ သူ့ကို အားရပါးရပြုံးပြသွားသော်လည်း ကံသာ ထိုမိန်းကလေးကို မသိ။ တစ်ခါမှ မမြင်ဘူး။


BURMESE CLASSIC .com

www.burmeseclassic.com



သို့သော် ကံသာ ဘာမှ စဉ်းစားမနေတော့ လင်ပန်းထဲက စာအိတ်တွေကို အလုအယက်ရွေးယူနေကြသော လူများအကြားမှ စိတ်ပျက်လေးပင်စွာ ထွက်လာမိခဲ့သည်။

✿✿✿

Company ထဲ ပြန်ရောက်၍ ကံသာ စားပွဲမှာ အားရပါးရ ထိုင်ချကာ မျက်နှာကို လက်ဝါးဖြင့် ပွတ်သပ်ရင်း ပင်ပန်းနွမ်းနယ်မှုကို ပြန်လည်အားပေးနေတုန်း တင်မောင်မြင့်က အရေးတကြီးဝင်လာကာ ကံသာ့ကို အော်ပြောငါး။

"ကံသာ မင်းကို M.D က သူ့အခန်း…"

စကားကို ဆုံးအောင်နားမထောင်တော့ဘဲ ကံသာ တင်မောင်မြင့်ကို လက်ကာပြကာ ထိုင်ခုံမှ ခန္ဓာကိုယ်ကို မနည်းဆွဲမကာ ထရင်း M.D အခန်းထဲသို့ သွားရသည်။ သားသတ်ရုံသို့ သွားရသော တိရစ္ဆာန်တစ်ကောင်လို ကံသာ M.D အခန်းထဲသို့ ဝင်သွားခဲ့သည်။

"မင်းကတော့ တကယ်ပဲဟေ့၊ တကယ်ပဲ၊ ဟား…ဟား ဟား…၊ အေးလေ ဒါပေမယ့် မင်း တကယ်လုပ်တာ မဟုတ်ပါဘူး သဘူတောသလား၊ ဟား…ဟား…ဟား၊ အေးအေး ပျော်စရာတစ်ခု ပေါ့ကွာ၊ ငါ မင်းအိုက်တင်ကို သိတယ်…သိတယ်"

ဦးမင်းခန့်က ပြောရင်းရယ်သည်။ M.D ဘက်ကို လှည့်ကြည့်သည့်အခါ M.D ကြီးက မရယ်ချင်သော်လည်း လိုက်ကာ ရယ်နေရ‌ငါး။ ကံသာကတော့ တကယ့်ရယ်သံနှင့် ဟန်ဆောင်ပြီး ရယ်နေသည့် ရယ်သံ နှစ်ခုရှေ့မှာ ဘာမှမပြောနိုင်ဘဲ ရပ်ကာနေရသည်။

"ငါ့ကို ကြောင်ပြီး မင်း မှန်သွားတော့ လိုက်အော်မိတာကွ၊ နောက်ကို သတိထားပေါ့ကွာ၊ သွားတော့၊ သွားတော့၊ ဟား…ဟား …ဟား…"

ကံသာ ရုံးခန်းအပြင်ဘက်ရောက်သည်အထိ ရယ်သံက ကြားနေ



BURMESE CLASSIC .com

www.burmeseclassic.com



ရတုန်းပင်ဖြစ်သည်။ ညနေရောက်သည်ကတစ်ကြောင်း၊ ဆုကြေးငွေရပြီးသည်ကတစ်ကြောင်းမို့ ဝန်ထမ်းများအားလုံး ပြန်ရန် ပြင်ဆင်နေကြပြီဖြစ်သည်။ အားလုံးပျော်ရွှင်လျက် အားလုံးဆူညံရွှင်မြူးလျက်။

ကံသာ စားပွဲကိုလာကာ File များကို အံဆွဲထဲထည့်သည်။ ဘယ်သူ့ကိုမှမကြည့်၊ ဘာကိုမှလည်း မပြော။

"ကံသာ ကောင်လေး၊ မင်း မိဘကျေးဇူးကို သိသလား"

ကိုခင်ဇော့်စကားကြောင့် ကံသာ ကြောင်သွား၏။

"ဗျာ...မိဘကျေးဇူး"

"အေးလေကွာ...မင်း မိဘကျေးဇူးတောင် မသိဘူးလား၊ စံပြဈေးကကွာ၊ မှတ်တိုင်ဘေးကဆိုင်၊ အဲဒီကို ငါတို့ သွားကြမလို့၊ သဘောသလား၊ ဟားဟား...ဟား...ဟား"

မိဘကျေးဇူးကို ကံသာ သိသောကြောင့် ကိုခင်ဇော်တို့နှင့် လိုက်မသွားဖြစ်တော့။

သူနေသည့်အိမ်ကလေးသို့သာ ကံသာ လေးပင်စွာ ပြန်လာခဲ့သည်။ သူပြန်လာသည့် လမ်းတစ်လျှောက်တွင် တွေ့ရသော ညနေရိပ်ကာစလူတွေအားလုံး ဘောနက်(စ)ရထားကာ ပျော်ရွှင်နေသည်ဟုပင် ကံသာ ထင်သည်။ ပျော်ရွှင်နေသူတွေနှင့် ကံသာ မတွေ့ချင်။

သော့ဖွင့်ပြီး ကံသာ အိမ်ကလေးထဲကို ဝင်လိုက်တော့ အိမ်ကလေးက တိတ်ဆိတ်နွေးထွေးစွာပင် သူ့ကို ကြိုသည်။ ကံသာ စိတ်ညစ်ပင်ပန်းလာသည်ကို သိနေသလို သူထားခဲ့သော ပရိဘောဂများ၊ အဝတ်တန်းမှ အဝတ်အစားများ၊ ပန်းကန်ခွက်ရောက်များ၊ စာအုပ်စင်မှ စာအုပ်များက နူးညံ့သိမ်မွေ့စွာ ကံသာ့ကို ကြိုနေကြသည်။

စိတ်ပျက်အားလျော့စွာ ကံသာ ခုတင်ပေါ် ပစ်လှဲချလိုက်သည်။ ပြီးတော့ မျက်ဝန်းများကို မှိတ်ထားလိုက်၏။ ပထမဦးဆုံး မှိတ်ချထားသော မျက်ဝန်းထဲမှ ပေါ်လာသောမျက်နှာက M.D မျက်နှာ။ သူ့မျက်နှာက မင်း ငါ့ကို လူတွေအားလုံးရှေ့မှာ အရှက်ခွဲတာဟုသော မကျေနပ်သည့် ဒေါသမျက်နှာ။ ထိုမျက်နှာပျောက်သွားတော့ ရယ်သံ

www.burmeseclassic.com



များ၊ ကံသာ သက်ပြင်းကို ချကာ ခန္ဓာကိုယ်ကို ဖြေလျှော့ကာ အဆင်အပြေဆုံးဖြစ်အောင် ပြုပြင်ရင်း မျက်လုံးများကို မှိတ်ထားခဲ့သည်။

အိမ်ကလေးက တိတ်ဆိတ်၍ နေသည်။ ဘာသံမှ မကြားရ။ ကံသာ့စိတ်ထဲတွင် ဝမ်းနည်းအားငယ်နေသည့်အတွက် နေရာတိုင်းတွင် ရှိနေသော တိတ်ဆိတ်မှုသည် ကံသာ့ကို တမင်လှောင်ပြောင်နေသလို ထင်ရသည်။ ကံသာသည် ဒဂုံမြို့သစ်တောင်ပိုင်းတွင်ရှိသည့် သူ့ဦးလေး ပိုင်သော ဒီအိမ်ကလေးတွင် တစ်ဦးတည်းနေခြင်းဖြစ်သည်။ ကံသာ့မိဘများက နယ်တွင်ရှိပြီး ကျောင်းပြီးကတည်းက အလုပ်ရခဲ့သော ကံသာက ဦးလေး၏ လူမနေသော ဒီအိမ်ကလေးမှာ တစ်ဦးတည်း နေရခြင်းဖြစ်သည်။

ကံသာသာ မိသားစုနှင့်နေရလျှင် ဒီနေ့ဖြစ်လာသောကိစ္စကို ပြန်ပြောသည့်အခါ ရယ်သည့်လူလည်း ရှိချင်လျှင် ရှိမည်။ သူ့ဘက်မှ စိတ်မကောင်းဖြစ်ချင်လည်းဖြစ်မည်။ သို့သော်…အခုတော့ အိမ်ကလေးက တိတ်၍နေသည်။ ထိုတိတ်ဆိတ်မှုသည် ကံသာ၏အရှက်ကို ပို၍ ရှက်စေသည်။ အားငယ်မှုကို ပို၍ ဝမ်းနည်းစေသည်။ ကံသာ့မှာသာ အဖော်တစ်ဦး ရှိနေခဲ့လျှင်…။

ကံသာ၏ မှိတ်ချထားသော မျက်ဝန်းထဲတွင် မျက်နှာတစ်ခု ပေါ်ကာလာ၏။ ထိုအမှောင်ထဲတွင် ပေါ်လာသော မျက်နှာကို ကံသာ မျက်လုံးမဖွင့်ဘဲ စိုက်ကြည့်နေမိသည်။ ထိုမျက်နှာက ကံသာ့ကို နှစ်နှစ်ခြိုက်ခြိုက် ပြုံးပြနေ၏။ မျက်လုံးမှိတ်ထားသော အမှောင်ထဲတွင်ပင် ကံသာ ရုတ်တရက် ကြောင်၍နေသည်။ အဲဒါ ဘယ်သူလဲ။ မျက်လုံးကို ဖွင့်လိုက်မိ၏။ ခြင်ထောင်အမိုးကို မြင်ရသည်၊ ကံသာ ချက်ချင်း မျက်ဝန်းကို မှိတ်ကာ ခုနကမြင်ရသော မျက်နှာကို ပြန်လိုက်ရှာ၏။ မတွေ့ရတော့။

ကံသာ မျက်ဝန်းကို ပြန်မဖွင့်တော့ဘဲ အထီးကျန်ဆန်ခြင်းထဲ ပြန်လည်ပြုတ်ကျသွား၏။ အိမ်ကလေး၏ နေရာအနှံ့ရှိ တိတ်ဆိတ်မှုထဲတွင် ကံသာ၏ အထီးကျန်ခြင်းသည် တီးတိုးစကားပြောနေသည်။ ထိုစကားသံကို ပြန်လည်နားထောင်နေသူမှာလည်း ကံသာပဲဖြစ်သည်။

BURMESE CLASSIC .com

www.burmeseclassic.com


တဖြည်းဖြည်း နားထောင်ရင်း ကံသာ အိပ်မောကျသွားခဲ့သည်။

✿✿✿

ကံသာ အိပ်ရာက ပြန်နိုးလာတော့ ညရိပ်ဦးသည် လမ်းဘေး လက်ဖက်ရည်ဆိုင်မှ ကက်ဆက်သံများနှင့် မြူးတူးနေပြီဖြစ်သည်။ ကံသာ့ အိမ်ခန်းကလေးအတွင်းမှာတော့ ကံသာ မအိပ်ခင်က ရှိနေသော တိတ်ဆိတ်မှုသည် ကံသာ အိပ်ပျော်နေစဉ် တစ်ချိန်လုံး တိတ်ဆိတ်စွာ ပြန်စောင့်နေဟန်တူသည်။

ညနေခင်းတွင် အိပ်မိသူတစ်ယောက် ခံစားရသလိုပင် ကံသာ့ တစ်ကိုယ်လုံး သွေးတွေ လေးနေသည်။ ဗိုက်ဆာသည်။ ရုံးက အပြန် ကြက်သားဟင်းဝယ်ကာ ထမင်းစားပွဲပေါ်တွင် တင်ထားမိသည်ကို သတိ ရသည်။ စိတ်ဓာတ်ကျကာ အားငယ်နေသူ ရင်ထဲတွင် ကြက်သားဟင်း နှင့် နယ်ထားသော ထမင်းပန်းကန်ကို တမြေ့မြေ့ဆာလောင်လာ၏။

ရုံးရှေ့ထမင်းဆိုင်မှ လုလုစိုးက ဘောနက်(စ)ရသဖြင့် ထမင်း ချိုးထုပ်သွားသူတွေကြောင့် ပျော်ရွှင်ကာ ကြက်သားတစ်ပွဲကို အသား ချည်း ထည့်ပေးလိုက်သည် မဟုတ်လား။ အနှစ်တွေ အများကြီး ထည့်ပေး လိုက်သည် မဟုတ်လား။ တို့စရာတွေ သပ်သပ်ထုပ်ပေးလိုက်သေးသည် မဟုတ်လား။

သွေးလေးနေသော ခန္ဓာကိုယ်ကို ကံသာ မနည်းဆွဲမကာ အိပ်ခန်းထဲမှထွက်ကာ အိမ်နောက်ဖေးသို့ ဝင်ခဲ့သည်။ ကြက်သားဟင်း အနှစ်များများဖြင့် နယ်ထားသော ထမင်းပန်းကန်သည်...။

သို့သော်...ထမင်းစားပွဲပေါ်မှာ သူအုပ်ထားခဲ့သော ထမင်းအုပ် ဆောင်းက လန်ကာနေ၏။ ဘောနက်(စ)၏ အပိုပစ္စည်းအဖြစ်ရထားသော ကြက်သားဟင်းထုပ်သည် ကြက်သားဟင်းအဆီများဖိတ်လျက် စားပွဲပေါ်မှ စွပ်ကြောင်းကြီးတစ်ခုအဖြစ် အောက်သို့ကျကာ နောက်ဖေးတံခါးနီးတွင် ဟင်းလင်းပွင့်လျက်ရှိသည်။


BURMESE CLASSIC .com

www.burmeseclassic.com



ကံသာ၏ လေးနေသော သွေးတွေ ဝုန်းခနဲ စတင်လည်ပါ၏။ ခေါက်တုန့်ချည်ထားသော ကျွတ်ကျွတ်အိတ်သည် ပွင့်လျက်ရှိကာ ဟင်းအနှစ်များကြားထဲတွင် ကြက်သားတစ်တုံးသာ အေးစက်တိတ်ဆိတ်စွာ ကံသာ့ကို စောင့်နေသည်။

ကံသာ ဝုန်းခနဲပြေးထွက်ကာ ကြက်သားတုံးနားတွင် ငုတ်တုတ်ထိုင်ပြီး ဝမ်းနည်းစွာ ငေးကြည့်နေမိသည်။ သတ္တဝါတစ်ကောင်သည် ထမင်းစားပွဲပေါ်တွင် ထမင်းအုပ်ဆောင်းကို လှန်ကာ ကြက်သားထုပ်ကို ဆွဲချသွားခြင်းဖြစ်ရမည်။ ကံသာ ဒီအိမ်မှာနေခဲ့သည့် တစ်လျှောက်လုံး ထိုသို့ တစ်ခါမှ မဖြစ်ခဲ့ဖူးသဖြင့် ကံသာ ကြောင်ကြည့်နေမိသည်။

ကြောင်…။ •

ထိုသတ္တဝါသည် ကြောင်တစ်ကောင်သာ ဖြစ်ရမည်။

သို့သော် ထိုယူဆချက်ကို ကံသာ ချက်ချင်းပယ်ဖျက်ပစ်လိုက်၏။ အနည်းငယ်သေးသွားသော ကြက်သားအနှစ်စွပ်ကြောင်းက နောက်ဖေးသို့ ထွက်သည့် တံခါးမနှင့် ကံသာ့အိပ်ခန်းထောင့် စီးကရက်ဘူးတစ်ဘူးစာခန့်ရှိသော အပေါက်ထဲသို့ တိုးဝင်သွားသောကြောင့် ဖြစ်သည်။

အိပ်ချင်စိတ်တို့ လုံးဝပျောက်သွားကာ ကြက်သားဟင်းအနှစ်များ ပေကျံနေသော အပေါက်ထဲသို့ လက်နှိုက်ကြည့်သော ပျော့စိသော အရာတစ်ခုကို တွေ့ရသဖြင့် “အား”ခနဲ လန့်၍ အော်ကာ လက်ကို ကမန်းကတန်း ထုတ်ရ၏။ နောက်မှ ကြက်သားတုံးတစ်တုံး တစ်နေတာ ဖြစ်ရမည်ဟု တွေးမိကာ ရယ်ချင်သွားသည်။

အပေါက်ဝတွင် တစ်နေသော ကြက်သားတစ်တုံးသည် စားသုံးရန် လုံးဝ မသင့်တော့သော်လည်း မိမိပိုင်သော ကြက်သားတုံးဆိုသည့် လူတစ်ယောက်၏ လောဘကြောင့်သော်လည်းကောင်း၊ စူးစမ်းချင်သော လူ၏ မွေးရာပါဗီဇကြောင့်သော်လည်းကောင်း၊ အသုံးမဝင်တော့ပြီဖြစ်သော ထိုကြက်သားတုံးကို ကံသာ ဒုတိယအကြိမ် ဆက်နှိုက်သည်။

သို့သော်…ကြက်သားတုံးက မရှိတော့။

ကံသာ့လက်က အပေါက်မှ ပထမနှိုက်သော နေရာထက်



BURMESE CLASSIC .com

www.burmeseclassic.com


ခပ်ဝေးဝေးအထိ နှိုက်မိသော်လည်း ကြွက်သားတုံးက မရှိတော့။ ကံသာ တအံ့တသြဖြစ်သွားသည်။ ငုတ်တုတ်ထိုင်ပြီး စဉ်းစားသည်။ သူ ပထမ ထိခဲ့သော အရာမှာ ကြွက်သားတုံးတစ်တုံးရော ဟုတ်ရဲ့လား။ ဟင်း ဖြစ်နေပြီးသော ကြွက်သားတုံးကတော့ အထဲကို တိုးရွှေ့မသွားနိုင်ပါ။

ပထမတွေ့ထိခဲ့သော အတွေ့အထိကို ပြန်ခံစားကြည့်သည့် အခါ...ကြွက်...။

ကံသာ ပထမဦးဆုံးအကြိမ်တွေ့ထိခဲ့သော ပျော့စိစိအရာမှာ ကြွက်တစ်ကောင်၏ ခန္ဓာကိုယ်သာ ဖြစ်ရမည်။ ထိုကြွက်သည် ကံသာ ၏ ညနေစာကို လုယူသွားသောကြွက်။

ကံသာ တောက်ခတ်လိုက်သည်။ ကြမ်းပေါ်တွင် ကျနေသော ကြွက်သားတုံးကို ထပ်ပြီး တက်နင်းမိကာ ချော်လဲမလိုဖြစ်သွားသောကြောင့် ဒေါသပိုဖြစ်သွားခြင်းဖြစ်သည်။ ကြွက်သားတုံးနှင့် ကျွတ်ကျွတ်အိတ်ကို နောက်ဖေးတံခါးဖွင့်ကာ လွှင့်ပစ်လိုက်သည်။ ကြွက်သားအနှစ်များကို ဆေးကြောပစ်ရ၏။

တကျွတ်ကျွတ်ဆာလောင်နေသော သူ့အစာအိမ်နှင့် လမ်းထိပ် တွင် ရှိနိုင်သမျှ အစာများကို လိုက်လံချိန်ကြည့်ပြီးနောက် ထိုနေ့က ကံသာ့ ညနေစာသည် ဒန်အိုးကို စောင်းထားသော ကုန်ခါနီးနေပြီဖြစ် သော ဒေါ်ရွှေ၏ ခပ်ပျစ်ပျစ်မုန့်ဟင်းခါးတစ်ပွဲနှင့် ထမင်းကြမ်းခဲ ဖြစ်ခဲ့ ရသည်။

ထိုနေ့က ကံသာတို့ ရုံးမှာ ဆုကြေးတွေ ပေးသည်။

အရှက်ကွဲလာသော ကံသာသည် မိန်းကလေးတစ်ဦးနှင့် ကြွက် တစ်ကောင်ကို စတင်တွေ့သည်။ မိန်းကလေးက ပြုံးပြပြီး လှည့်ထွက် သွား၏။ ကြွက်ကတော့ လက်ဖြင့် တစ်ချက်တို့ထိခွင့်ရလိုက်သည်။

မိန်းကလေးတစ်ယောက်နှင့် ကြွက်တစ်ကောင်ကို တစ်နေ့တည်း ကံသာ အဆင်မပြေစွာ စတင်တွေ့ရှိခဲ့လေသည်။

✿✿✿


BURMESE CLASSIC .com

www.burmeseclassic.com

(နှစ်)

ရောင်ခြည်သည် မနေ့ကလိုပင် နံနက်ခင်းတွင် အရှေ့ဘက်ဆီမှ ထွက်လာကာ ခပ်မြင့်မြင့်အပင်များ၏ ထိပ်ဖျားရှိ သစ်ရွက်များပေါ်တွင် လင်းလျက်နေသည်။ နံနက်ခင်း၏ မြင်ကွင်းများအတိုင်း ဘတ်(စ)ကားများ ကျပ်မြဲကျပ်လျက်ရှိကာ တစ်ညတာ အိပ်စက်နားပြီးသော လူများက ဟိုဘက်မှ ဒီဘက် သွားလျက်ရှိကြသည်။

Company ဝန်ထမ်းတို့၏ ထုံးစံအတိုင်း ကံသာလည်း လုပ်စရာရှိသည်များနှင့် ခံစားချက်များကို သူနေသည့် အိမ်ကလေးထဲတွင် ထားခဲ့ပြီး ရေမိုးချိုးကာ ကျပ်နေသော ဘတ်(စ)ကားထဲသို့ သူ့ခန္ဓာကိုယ်ကို ထိုးထည့်လိုက်၏။ လက်ထဲတွင် ကိုင်ထားသော ထမင်းချိုင့်တွင် ထမင်းမှလွဲ၍ ဘာဟင်းမှမပါ။ ရုံးကျမှ ဖြစ်သလို စားရတော့မည်။ ဂိတ်က စထွက်ကတည်းက ကျပ်နေသော ဒဂုံမြို့သစ်၏ ကားထဲမှာ ကံသာ့ အတွေးများက ဟိုဒီဒီသွားနေ၏။ မနေ့က M.D က ဦးမင်းခန့်ရှေ့မှာ ဘာမှမပြောသော်လည်း ဒီနေ့ သူ့ကို ခေါ်ပြောမလား၊ တစ်ညအိပ်ပြီး သွားပြီ ဖြစ်သည့်အတွက် မြန်မာတွေရဲ့ ထုံးစံအရ သူ့ကို သွေးအေးသွားပြီး ထောက်ထားညှာတာစရာကိစ္စတွေ တွေးကာ ခွင့်လွှတ်လိုက်မလား၊ ‘သဘူတော’ ပါသလား…ဟူသောစကားသည် သူ့ကို တရားမဝင် နောက်သည့်စကားဆိုတာကို သိထားပြီးသားဖြစ်သဖြင့် ခွင့်ရောလွှတ်ပါ့မလား…။

အတွေးနှင့်ပင် ကံသာ ဘတ်(စ)ကားကို စီးလာခဲ့သည်။ ကား

BURMESE CLASSIC .com

www.burmeseclassic.com



စက်သံ၊ စပယ်ယာအသံနှင့် နောက်မှာ ဖိတိုးလိုက်သော မည်သူမှန်း မသိသည့် သက်ရောက်အားများသည် တစ်ခါတစ်ရံတော့ ကံသာ့၏ စိတ်ကူးကို ခဏတာ ပြတ်တောက်စေသည်။

ဒီလိုနှင့်ပင် ရုံးကိုရောက်တော့ ကိုးနာရီ လေးဆယ့်ငါးမိနစ်၊ ကိုယ့်ထက်အရင်စောရောက်သူတွေ အလုပ်ရှုပ်နေကာ Phone သံ တဂွမ်ဂွမ်ဖြင့် ကံသာ၏ နေ့တစ်နေ့သည် စလေသည်။

ရုံးရောက်ရောက်ချင်း ရုတ်တရက်လည်း ဘာမှ လုပ်စရာက မရှိ။ မနေ့က အဖြစ်အပျက်ကြောင့် ထိုင်ခုံနေရာမှထကာ လက်ဖက်ရည် ဆိုင်ကိုလည်း မဆင်းရဲသော ကံသာသည် ဘာစာရင်းမှ တွက်စရာ မရှိသော စားပွဲတွင် စာအုပ်များထုတ်ကာ ဒီအတိုင်းပင် ထိုင်နေရသည်။

ကံသာ့ပတ်ဝန်းကျင်ကို ကြည့်သည့်အခါမှာ မည်သူမှ ကံသာ့ကို မျက်ဝန်းချင်းဆုံအောင် မကြည့်ကြ။ ဘာအလုပ်မှ မရှိသည့် ကံသာက လှမ်းကြည့်သည့်အခါတွင်လည်း မျက်လွှာချသွားတတ်ကြသည်။ မျက်နှာ ချင်းဆိုင်မှနေ၍ ကံသာ့ခုံကို လျှောက်လာသူများကတော့ ပြုံး၍ လျှောက် လာကြ၏။ ကံသာ့ခုံကို ကျော်သွားလျှင် တခွီးခွီးရယ်ကာ သဘူတော သလားဟု ခပ်တိုးတိုး ပြောသွားသံကို ကြားရတိုင်း ကံသာ့မျက်နှာမှာ ဖျတ်ခနဲ အေးသွားတတ်သည်။ ထိုအသံကြားရလျှင် ကံသာသည် တွက် စရာ မရှိသော ကိန်းဂဏန်းသေများ ရေးထားသည့် စာရွက်ကို စိုက်ကြည့် ကာ မသိချင်ယောင်ဆောင်ရသည်။

ထိုအချိန်တွင် ရုတ်တရက် ကံသာ့ခုံပေါ်သို့ စာအိတ်တစ်အိတ် ကျလာ၏။

ထိုစာအိတ်ပေါ်တွင် 'ဦးဉာဏ်ပေါ်'ဟူသော လက်ရေးဖြင့် ရေးထားသော နာမည်တစ်ခုရှိသည်။ ကံသာ မော့ကြည့်တော့ အပျိုကြီး ဒေါ်တင်မြ။

ဒေါ်တင်မြက ပိန်ပိန်သွယ်သွယ်၊ အသားမည်းမည်း၊ စကားပြော လျှင် လေသံက စူးစူး အပျိုကြီးဖြစ်ရခြင်းကြောင့် အရာရာကို မကြည် လင်သည့် စိတ်အပေါ်တွင် စနေသမီးဟူသော ဒေါသနှင့် မာနက



BURMESE CLASSIC .com

www.burmeseclassic.com



ထပ်ပြည့်ထားသဖြင့် သူ့အတွေးအခေါ်က တစ်မျိုး၊ သူ့အယူအဆက တွင်းထဲတွင် ပုန်းနေရသော မြွေတစ်ကောင်လိုပင် မည်သူ့ကိုမှ ဟက်ဟက်ပက်ပက် ဆက်ဆံခြင်းမရှိသော်လည်း သူ့တွင်းထဲရောက်သူ မှန်သမျှကို အလွတ်မပေးဘဲ ပေါက်ပစ်လိုက်မည်ဆိုသော မာနမျိုး။

"ကဲ ကံသာ ဟောဒါက ဘယ်လိုဖြစ်ရတာလဲ"

နားမလည်နိုင်စွာ ကံသာ စာအိတ်ကို ကောက်ကိုင်ကြည့်ရသည်။

"အေး ငါက ဘယ်သူနဲ့မှ ပတ်သက်ချင်တာမဟုတ်ဘူး၊ လူများ အပြောအဆိုလည်း သိင်းခံချင်တာ မဟုတ်ဘူး။ ငွေနှစ်ထောင်လောက်ကိုလည်း ဂရုစိုက်တာ မဟုတ်ဘူး၊ အေး...ဒါပေမယ့် မှန်တာကို မှန်တဲ့အတိုင်းပဲ ဖြစ်ရမယ်၊ ဒီကိစ္စကို နှင် ဘယ်လိုရှင်းမလဲ ကံသာ"

"ဘာဖြစ်လို့လဲ ဒေါ်တင်မြ၊ ဒီစာအိတ်က..."

"အေး မနေ့က နှင့်ပြဿနာကြောင့် စာအိတ်တွေကို ကြိုတဲ့လူတွေ လုယူကြတယ်၊ ငါလည်း ဘယ်သူပဲဖြစ်ဖြစ် အထဲမှာပါတဲ့ ငွေအတူတူပဲဆိုပြီး ရတဲ့စာအိတ်ကိုယူတာ ဒီစာအိတ်ကို ရတယ်၊ ဒါ ဉာဏ်ပေါ် စာအိတ်၊ အိမ်ရောက်တော့မှ ငွေက ခြောက်ထောင့်ကိုးရာပဲရှိတယ်။ နှစ်ထောင်တိတိ လိုနေတယ်၊ အဲဒါ ဉာဏ်ပေါ်မိန်းမကိုပြောတော့ သူနဲ့ မဆိုင်ဘူးတဲ့။ ငါ့ကိုပဲ တမင် ငွေပြည့်ရဲ့သားနဲ့ တောင်းသလို ဘာလို ပြောသေးတယ်၊ နှင် ဘယ်လိုရှင်းမလဲ၊ ငါတို့က လူများငွေဆိုရင်..."

ကံသာ မော့ကြည့်သော်လည်း ဒေါ်တင်မြမျက်နှာက ကံသာ့ထံမှာ မရှိ။ ကိုဉာဏ်ပေါ်မိန်းမ ဒေါ်သက်သက်ဦးထံမှာဖြစ်သည်။ ကံသာ့ကို လာပြသော်လည်း ဒေါ်တင်မြ ရန်တွေ့နေသည်က ကံသာကို မဟုတ်။

"ဟာ မဟုတ်ဘူး ဒေါ်တင်မြ၊ ကျွန်တော် ရှင်းပေးမယ်၊ ကိုဉာဏ်...ကိုဉာဏ်ပေါ်"

ကိုဉာဏ်ပေါ်မျက်နှာက ဇီးရွက်လောက်သာ ရှိတော့သည်။ မနေ့က စာအိတ်တစ်ထပ်နှင့် ကျန်ခဲ့ကြသော ပြဿနာဖြစ်သည်။

"ဉာဏ်ပေါ်ကို ဘာမှ ခေါ်စရာမလိုဘူး။ အိမ်ရောက်ပြီး ဒီနေ့ကျမှ ငွေ ၂၀၀၀/-လိုပါတယ်ဆိုတာနဲ့ ငါတို့က ပေးရမှာလား။ ဝန်ထမ်း



BURMESE CLASSIC .com

www.burmeseclassic.com



အားလုံး ရထားအတူတူပဲ မဟုတ်ဘူးလား၊ စကားကို ကိုယ့်ဘက်ပါအောင် မပြောနဲ့ဟဲ့''

''အေး ငါတို့က ပိုတောင်မပြောချင်သေးတယ်၊ ငွေနှစ်ထောင်ကို ဂရုမစိုက်လို့ မဟုတ်ဘူး၊ အမှန်အတိုင်းဖြစ်ရအောင် ပြောတာ၊ ငါတို့က ငွေနှစ်ထောင်နဲ့ ငါးစိမ်းသည်လို ရန်မတွေ့ဘူး''

''ဟာ တော်ကြပါတော့၊ ကျွန်တော် ရှင်းပေးမယ်၊ ကိုဉာဏ်ပေါ် လာပါဦး''

ကံသာက ဒေါ်တင်မြကို ဆွဲရင်း ကိုဉာဏ်ပေါ်ကို ခေါ်ရသည်။ ကိုဉာဏ်ပေါ်က မျက်နှာငယ်ကလေးဖြင့် သူမိန်းမနှင့် ဒေါ်တင်မြကြားတွင် ရပ်၏။

''ဟုတ်တယ် မိန်းမ၊ ငါ ကံသာ့ဆီက ငွေနှစ်ထောင် ကြိုယူထားတာ၊ အဲဒါကြောင့်မို့ ဒါစာအိတ်ထဲမှာ ငွေလိုနေတာ၊ မင်း နှစ်ထောင် ပေးလိုက်''

ဒေါ်တင်မြက စားပွဲပေါ်မှာ စာအိတ်ကို ဖျတ်ခနဲယူကာ ရင်ကို ကော့၍ ထွက်သွားသည်။ ကိုဉာဏ်ပေါ်ကို လှမ်းကြည့်သော သူ့မိန်းမ၏ မျက်လုံးစိမ်းကြီး၊ ပြီးတော့ တောက်ခတ်လိုက်သောအသံ Company တစ်ခုလုံး တိတ်ဆိတ်နေ၏။

ကံသာကတော့ အချောင်ခေါင်းကျိန်းနေမိသည်။ ထိုပြဿနာများကို M.D ကြားသွားလျှင် မနေ့က သဘောတူတောသည့် ကိစ္စနှင့် ပတ်သက်ပြီး ဒေါသက ပြန်စလာနိုင်သည် မဟုတ်လား။ တိုင်သံများကို M.D အခန်းမှ မကြားပါစေနှင့်ဟု ကံသာ ဆုတောင်းရသည်။

ကိုဉာဏ်ပေါ်ကတော့ ယောက်ျားပီပီ ပြဿနာတစ်ခုကို ဖြေရှင်းပြီးဖြစ်သော်လည်း ငွေရော အရှက်ပါ ဆုံးရှုံးသွားခဲ့ရသည့် သူ့မိန်းမ၏ မျက်လုံးစိမ်းကြီးကို ရင်မဆိုင်ရဲသလို စားပွဲမှာကုံးပြီး အလုပ်တွေ လုပ်နေသည်။ အိမ်ရောက်လျှင် ပေါက်ကွဲလာတော့မည့် သူ့မိန်းမ၏အသံကို ကြိုတင်ခံစားနေဟန်တူ၏။

ခဏတာ တိတ်သွားသော Company အခန်းသည် ချက်ချင်း



BURMESE CLASSIC .com

www.burmeseclassic.com



ပြန်ဆွဲ၍ လာသည်။ တီးတိုးသံများ၊ ရယ်သံများ၊ ဖောက်စက်သံများ၊ ''ငါလည်း စာအိတ်ကို မကြည့်မိဘူး''၊ ''ငါ့ငွေတော့ ပြည့်တယ်''ဆိုသော အသံများ၊ ''ဘာလဲဟင်''ဆိုသော မေးသံများ။

Aircon အခန်းထဲမှာပင် ကံသာ ချွေးပြန်ကာလာ၏။ ကျန်လူတွေကတော့ ပိုက်ဆံနှင့် စာအိတ် လွဲတာတောင်မှ ငွေအရေအတွက်က အဆင်ပြေပဟန် တူပါသည်။ ဘာသံမှ မကြားရတော့။

သို့သော်...

ချွေးတိတ်ကာစ ကံသာ့စားပွဲရှေ့သို့ နောက်ထပ်စာအိတ်တစ်အိတ် ကျလာပြန်သည်။

''ယွန်းဝသုန်'' ထိုစာအိတ်ပေါ်မှ လက်ရေးသည် ကံသာ့လက်ရေး စစ်စစ်ပင်ဖြစ်ပါသည်။ ကံသာ မော့ကြည့်တော့ သူ့ကို ပြုံးစစနှင့် ကြည့်နေသော မျက်လုံးဝိုင်းဝိုင်း၊ နှုတ်ခမ်းလှလှနှင့် မိန်းကလေးတစ်ယောက်ကို တွေ့ရသည်။ ထိုအပြုံးကို ကံသာ မှတ်မိပါသည်။ သို့သော် ထိုမိန်းကလေးကို ကံသာ မသိ။

''ဘာ...ဘာကိစ္စ''

ပြုံးနေသော နှုတ်ခမ်းသည် ဖျတ်ခနဲ တိမ်းကာ အရယ်ဘက်သို့ ယိမ်းသွား၏။ ထိုမိန်းကလေးက ကံသာ့စားပွဲပေါ်သို့ လက်နှစ်ဖက်စလုံးကို ထောက်ကာ ခန္ဓာကိုယ်ကို ယို့ရင်း လေသံမှန်မှန်ဖြင့် ပြောသည်။

''မနေ့ကပေးတဲ့ စာအိတ်လေ၊ အဲဒီစာအိတ်က ယွန်းနဲ့မဆိုင်ဘူး ထင်တယ် ကိုသဘူတော''

''ဗျာ''

တအံ့တသြဖြစ်သွားသော ကံသာ့ကို ကြည့်ကာ ကောင်မလေးက အပြုံးကို ဖြုတ်မချသေး။

''ဒီလိုလေ ကိုသဘူတောရဲ့၊ မနေ့ကပေးတဲ့ စာအိတ်က ယွန်းနဲ့ ဘာမှမဆိုင်လို့။ အဲဒါကို ပြန်ယူလိုက်ပါလို့ ပြောတာ''

ကောင်မလေးက သူပြောသည့် စကားကို နားမလည်ဘူးအထင်နှင့် ကံသာ့ကို ထပ်ရှင်းပြမည်။ ကံသာ အံ့သြသွားတာက ကိုသဘူတော



BURMESE CLASSIC .com

www.burmeseclassic.com

ဆိုသည့် နာမည်ကို ဖြစ်၏။ ဒါကို ကောင်မလေးက သဘောပေါက်သွားဟန်တူသည်။

"Sorry ယွန်းက အစ်ကို့နာမည်ကို မသိလို့၊ အဲဒါကို ပြန်ယူထားလိုက်တော့နော်၊ ယွန်း အဲဒီစာအိတ်ကို ယူလို့ မရဘူး"

"ဟာ မသွားနဲ့ဦး၊ နေဦး၊ ဘာဖြစ်လို့ ယူလို့မရ ရမှာလဲ၊ ဒါကုမ္ပဏီကပေးတဲ့ အမြတ်ငွေလေ"

"အဲဒါကြောင့်မို့ ယူလို့မရဘူးလို့ ပြောတာပေါ့ ကိုသဘူတောရဲ့ ကျွန်မ အလုပ်စဝင်တာ(၃)ရက်ပဲ ရှိသေးတာ၊ ယွန်းနဲ့ ဒီအမြတ်ငွေနဲ့က ဘာမှမဆိုင်ဘူးလို့ ပြောတဲ့လူတွေ ပြောနေကြတယ်၊ ဒီအမြတ်ငွေက မနှစ်က မြတ်တဲ့ထဲက ခွဲပေးတာတဲ့၊ ယွန်း လုပ်အားခ တစ်ခုမှ မပါဘူးတဲ့၊ အားလုံးက ပြောကြတယ်"

ယွန်းဝသုန်၏ မျက်နှာက အတော်တည်ငြိမ်သည်။ လေသံတွင် အနည်းငယ် မကျေနပ်ဟန်ပါ ပါနေ၏။ အသံကို တစ်ရုံးလုံးကြားအောင်လည်း တမင်မြှင့်ပြောလိုက်သည်။ အခုမှ ကံသာ စဉ်းစားမိသည်။ ငွေနှင့်လူ အချိုးချသည့်နေ့က ပထမ မကိုက်။ လူတစ်ယောက်ပိုနေသောကြောင့် ဖြစ်၏။ ဒါ ဒီကောင်မလေးပဲ ဖြစ်ရမည်။ သို့သော် ထိုကိစ္စသည် သူနှင့် ဘာဆိုင်သနည်း။

"အဲဒါ ကျွန်တော်နှင့်မဆိုင်ဘူးလေ၊ ဝန်ထမ်းစာရင်းနဲ့ အမြတ်ငွေကို အချိုးကျခွဲတာပဲ၊ အဲဒါ မင်းအတွက် ရတဲ့ အချိုးကျငွေပဲ၊ ယူရမှာပေါ့"

"ဟင့်အင်း...ယွန်း အဲဒီပိုက်ဆံကို လုံးဝ မယူချင်ဘူး၊ ရှင်ပြောတာလည်း ယွန်းမသိဘူး၊ ယွန်းသိတာက မရသင့်တဲ့ငွေကို ရတဲ့အတွက် ယွန်းကို မကျေနပ်တဲ့လူတွေ ရှိနေတယ်ဆိုတာပဲ၊ ကိုသဘူတောက ဘယ်လို ဘာသဘောနဲ့ ပေးတယ်ဆိုတာ မသိပေမယ့် လူတွေက ကိုသဘူတော ကျွန်မကို ငဲ့ပြီး..."

"ဟာ...တော်တော့ဗျာ၊ မင်း ဘာတွေလျှောက်ပြောနေတာလဲ၊ ဒါ ရသင့်လို့ ရတဲ့ငွေ၊ မင်းကို ကျုပ်က ငဲ့ပြီး ပေးရအောင် ကျုပ်



BURMESE CLASSIC .com

www.burmeseclassic.com


အိတ်ထဲက စိုက်ပေးရတာ မဟုတ်ဘူး။ ကဲ အဲဒီစကား ဘယ်သူပြောတာလဲ၊ ဘယ်သူ့ဆီက ထွက်တာလဲ''

ကံသာ ဝုန်းခနဲ ထကာ မွှန်ထူပြီး တစ်ရုံးလုံးကို မေးသည်။ ဘယ်သူ့ထံကမှ ဘာသံမှ မကြား။ ကံသာ့အသံတစ်ခုတည်းသာ ဝေါထွက်သွား၏။ ယွန်းဆိုသော မိန်းကလေးက လှည့်ထွက်သွားရာမှ ရပ်ကာ ကံသာ့ကို တင်းမာနေသော အကြည့်ဖြင့် ကြည့်သည်။ ကံသာ့ထံတွင်လည်း ထိုအကြည့်မျိုးရှိလိမ့်မည်။

''ဒီမှာ မိန်းကလေး၊ ဒါ ရသင့်လို့ ပေးတဲ့ငွေပဲ၊ ကျုပ် မင်းကို သိတောင်မှ မသိဘူး၊ ဒီကိုဝင်တာလည်း မသိဘူး၊ ရှိတာလည်း မသိဘူး၊ မင်းကို ငမ်းပြီး ပေးရအောင်…''

ယွန်းဝသုန်မျက်နှာ ရဲခနဲ ဖြစ်သွားသည်။ သို့သော် တင်းမာနေသောအကြည့်က ဖျော့ကျသွားသည်။ ဒီလိုပဲ ဖြစ်ရမယ်လေ၊ မိန်းကလေးဆိုတာမျိုးက သူ့တို့ကိုယ်သူတို့ သိပ်အထင်ကြီးတတ်ကြသည်။

''မင်းကို ငမ်းပြီး ပေးရအောင်…''

''ကံသာ ဘာဖြစ်ပြန်တာလဲ''

M.D အသံကြောင့် ကံသာ ပြန်ဆက်သော စကားကို ဆက်မပြောလိုက်ရ။ ဖျော့ကျသွားသော ကောင်မလေး၏ အကြည့်က မျက်လွှာချသွား။ ကံသာလည်း ဘာဆက်ပြောရမှန်း မသိတော့။ နောက်မှ M.D ရောက်နေပြီ။

''ဘာဖြစ်တာလဲလို့ မေးနေတယ်၊ ကဲ ယွန်းဝသုန်''

''ဒီလိုပါ အန်ကယ်။ မနေ့က ဘောက်ဆူးပေးတဲ့ကိစ္စပါ၊ အဲဒါ ယွန်းနဲ့ မဆိုင်ဘူးလို့ ပြောကြလို့ ပြန်လာပေးတာ၊ အဲဒါ ကိုသဘူတော က အော်တာပါ။ သမီး အဲဒီငွေကို မယူချင်လို့ လာပေးတာပါ အန်ကယ်၊ လူတွေက သမီးကို ကိုသဘူတောနဲ့…''

သွားပြီ…။

ဘာဖြစ်မလဲ စောင့်ကြည့်နေသူတွေထဲမှ ခွိခနဲ အသံတွေ ထွက်လာကြ၏။ အသံမထွက်ရဲသူတွေက ပြုံးနေကြသည်။ M.D မျက်နှာက


BURMESE CLASSIC .com

www.burmeseclassic.com


မီးနာနာဖုတ်ထားသော အိုးတစ်လုံးလို မဲနက်မာထန်သွားသည်။ ကံသာ တားလို့လည်း မရတော့။

''နေပါဦး၊ မင်းက သူ့ကို ဘာ...ဘာခေါ်တယ်''

M.D ၏ ဒေါသသံကြောင့် ယွန်းဝသုန် ကြောက်ကာ ဘာဖြေရမှန်းမသိ ဖြစ်သွားပုံပေါ်သည်။ ဘာသံမှ ထွက်မလာ။ M.D ကိုသာ မျက်လုံးဝိုင်းကလေးဖြင့် ကြည့်နေရှာ၏။

''ပြောလေ ဘယ်လိုခေါ်တယ်''

''ကိုသဘူတောလို့ ခေါ်တာပါ၊ မနေ့က ကိစ္စနဲ့ပတ်သက်ပြီး တစ်ရုံးလုံးက သူ့ကို ဒီလိုပဲ ခေါ်နေကြတာကိုး၊ သမီးလည်း သူ့နာမည်ကို မသိတာနဲ့ ကိုသဘူတောလို့...''

''တော်တော့...တော်တော့၊ မင်းသွားလို့ရပြီ သွားတော့။ ကဲ ကံသာ မင်း ငါ့အခန်းထဲ လာခဲ့''

နောက်ဆုံးစကားလုံးများကို M.D က မာထန်နေအောင် ပြောကာ လှည့်ထွက်သွားသည်။ ယွန်းဝသုန်က ဘာမှန်းမသိသည့် မျက်လုံးဝိုင်းကလေးဖြင့် ကံသာ့ကို ကြည့်နေသည်။ ကံသာ့မျက်ဝန်းထဲတွင်တော့ ဘာဖြစ်မယ်မှန်း မသိသေးသော အကြည့်သာ ရှိပါသည်။

ထိုအကြည့်နှစ်ခုသည် ဖျော့တော့စွာ ဆုံမိကြသည်။

ယွန်းဝသုန်က ဖျော့တော့သော မျက်ဝန်းကို မျက်လွှာချပြီး ဆွဲယူကာ လှည့်ထွက်သွားသည်။ ကံသာတစ်ယောက်တည်း ကျန်ခဲ့၏။ ကံသာလည်း သက်ပြင်းချကာ ခေါင်းငုံ့ရင်း လှည့်ထွက်လာခဲ့သည်။ သူ့နောက်ကျောကို ပြူးစစမျက်ဝန်းများဖြင့် လှည့်ကြည့်နေကြမည့် အပေါင်းအသင်းများကို ကံသာ လုံးဝလှည့်မကြည့်ချင်တော့။

✿✿✿

'မိဘကျေးဇူး'သည် ခရမ်းရောင်သန်းလျက်ရှိသည်။

ဒဂုံမြို့သစ်သို့ ပြန်မည့်ခရီးသည်များကို အလုအယက်အော်ခေါ်


BURMESE CLASSIC .com

www.burmeseclassic.com


နေကြသည့် အသံများ။ ကားထဲတွင် အဓိပ္ပါယ်ဖော်ရခက်သည့် မျက်ဝန်းများဖြင့် ကျပ်သပ်ညှပ်ကာ မတ်တပ်ရပ်နေကြသော သူများကို မညှာမတာ အော်ဟစ်ရောင်းချနေသော ဈေးသည်များ၊ ကားတစ်စင်းကို လုတက်နေကြသည့် လူများ၊ ကားတစ်စင်းပေါ်မှ လုပြီး တိုးဆင်းလာသောလူများ၊ တစ်ချက်မှ မရပ်သည့် ကားဟွန်းသံ၊ အော်သံ။ ခေါ်သံ၊ အပူရှိန်ချွေးစေးတွေ ပြန်နေသည့် မျက်နှာများ...။ စံပြဈေး မှတ်တိုင်မှ မြင်ကွင်းများကို ကံသာ ငေးနေမိသည်။ လူ့ဘဝသည် ထိုနေရာမှာ မျိုးစုံပေါက်ကွဲတုန်ယင်မြည်ဟီးနေသည်ဟု ကံသာထင်သည်။

တဒုန်းဒုန်းခုတ်ချလိုက်သော ဓါးအပြားကြီးအောက်တွင် ပုံစံမပျက်ဘဲ တစိတ်စီဖြစ်သွားသော ဘဲခေါင်းနှင့် လည်ချောင်းတစ်ချောင်း။ ခရမ်းရောင်ဖြစ်နေသော စီးကရက်ငွေ့များ၊ စားပွဲထိုးလေးက ဆွဲဖြုတ်သွားသဖြင့် ရှုဝေဝေ လည်ကျန်ခဲ့သည့် အာလူးကြော်တွဲကြီး။ ကြက်အူနှင့် ဘဲသွေးတုံးပေါ်တွင် ယင်ကောင်တွေ နားလျက်။ ပုလင်းထဲမှ ပဲခြမ်းကြော်တွေ လဲလျက် ထောင်လျက်၊ နှမ်းတွေ ပြည့်ပ်လျက်၊ တစ်ခြမ်းအလိုး ခံထားရသော ခရမ်းချဉ်သီးက ပက်လက်လှန်လျက်ရှိနေသော မိဘကျေးဇူးထဲမှနေ၍ ပိတ်ကားတစ်ခုလိုဖြစ်နေသော စံပြဈေး၏ ကားစောင့်ပွဲဇာတ်ကားကြီးကို ကံသာ ငေးနေမိသည်။ ကိုယ့်အိပ်မက်ကို ကိုယ့်အရက်နဲ့ ပက်အိပ်မယ့်လူတွေ မိဘကျေးဇူးထဲကို တဖွဲဖွဲဝင်လာနေကြ၏။

"သူ့ဘက်က ကြည့်တော့လည်း ဟုတ်တာပဲ ကံသာ"

ဦးတင်ကိုအောင်က ကြက်သွန်နိုင်နိုင်ဖြင့် သုပ်ထားသော ပဲခြမ်းကြော်သုပ်ကို ဇွန်းကလေးဖြင့် သေသေချာချာ ခပ်စားရင်း ငေးနေသော ကံသာ့ကို ပြောသည်။ ကံသာ လှည့်ပြီး တိတ်ဆိတ်နေသော ဝိုင်းထဲကို ပြန်ဝင်ရ၏။ ဦးတင်ကိုအောင်၏ ညာဘက်နှုတ်ခမ်းထောင့်တွင် နှမ်းစေ့တစ်စေ့ကပ်နေသဖြင့် ကံသာ ဘယ်သူ့ကိုမှန်းမသိ အားနာသွားသည်။ ဦးမောင်မောင်ညို့က ဘာမှမပြော၊ ဘယ်သူ့ကိုမှလည်းမကြည့်၊ သူ့ရှေ့မှ အရက်ခွက်ကိုသာ ရန်သူတစ်ယောက်လို စိုက်ကြည့်နေ၏။

"ကံဆိုးချင်တော့ မင်း သဘူတောတဲ့ကိစ္စနဲ့ပတ်သက်ပြီး ဝရန်း


BURMESE CLASSIC .com

www.burmeseclassic.com



သုန်းကားအဖြစ်မှာ သူ့နာမည်ပါတဲ့ စာအိတ်က တစ်ခုတည်း ကျန်နေတာ ကိုးကွ၊ လူတွေ သိကုန်တာပေါ့''

ဦးခင်ဇော်က လက်မှ နာရီကို လှုပ်ရင်းလှုပ်ရင်း အရက်ခွက်ကို ကောက်ကိုင်ကာ ပြော၏။

''သူက တက်မယူဘူးလား''

ကံသာ့စကားကို ဦးတင်ကိုအောင်က မဲ့၏။

''သူက First Line Up မဟုတ်တော့ သူ့နာမည် ပါမယ်မထင်ဘူးပေါ့ကွာ၊ သူက အခုမှ ရုံးကို ပြောင်းလာတာ၊ ချောကလည်း ချောဆိုတော့...''

''သူချောတာနဲ့ ဘာဆိုင်လို့လဲ၊ ကျွန်တော်က စာရင်းထဲပါတဲ့ လူအတိုင်း ခွဲရေးတာပဲ''

ဦးတင်ကိုအောင်က ဘာမှပြန်မဖြေ။ ရှေ့မှ အရက်ခွက်ကို အသာမကာ ခပ်ငေးငေးစဉ်းစားပြီး သောက်သည်။ ဦးခင်ဇော်က Lipo ရောထားသော B.E D 1 ကို တကွက်ကွက်ငုံ့ရင်း အံသွားများကို တဂတ်ဂတ်မြည်အောင် တစ်ချက်ခါရင်း ဝင်ပြောပြန်၏။

''မင်းက ကုမ္ပဏီဝန်ထမ်းတွေကို လစာပေးတဲ့ ကောင်ပဲ၊ သူ့နာမည်ကို မင်းမသိဘူးဆိုတာ ဘယ်သူက ယုံမှာလဲ၊ ကောင်မလေးက ချောချောလေးဆိုတော့...ပြဿနာက အဲဒါပဲ''

ဦးမောင်ညိုက သူစိုက်ကြည့်နေသော ရန်သူကို ကောက်ကိုင်ကာ ဂွပ်ခနဲ မော့သောက်ပစ်လိုက်ရင်း ပခုံးကို တွန့်ကာ ''အဲဒါပဲ...'' ဟု ထပ်ပြောသည်။

''ကျွန်တော် မကျေနပ်တာလဲ အဲဒါပဲ၊ သူချောတာရယ်၊ ဒီကိစ္စရယ်၊ ကျွန်တော်ရယ် ဘာဆိုင်သလဲ''

''အဲဒါ ခက်တာပေါ့ ကံသာ၊ မင်းက လူပျိုခြေကျကွ၊ အသက် (၃၀)ကျော်နေပြီ၊ ဘောလုံးသမားတစ်ယောက်ဆိုရင်တော့ ကွင်းထဲက ထွက်သင့်တဲ့အရွယ်ပေါ့ကွာ၊ မင်းက ဘောလုံးစကားနဲ့ပြောရရင် လူပျိုခြေကျပဲ''



BURMESE CLASSIC .com

www.burmeseclassic.com



ဦးတင်ကိုအောင် နှုတ်ခမ်းက နှမ်းစေ့က မကျသေး။ ကံသာ့ရှေ့မှာပင် အရက်ခွက်ကို ဆွဲယူကာ ဂွပ်ခနဲ မော့သောက်ပစ်လိုက်၏။ ရင်ထဲမှာ ပူထူသွားသည်။ လူပျိုခြေကျ…တဲ့။ သူက ဘယ်အပျိုခြေတက်နှင့် ကန်နေရသနည်း။

''ကျွန်တော့်ကိစ္စနဲ့ ဘောလုံးအကြောင်းက ဘာဆိုင်လို့လဲဗျာ၊ ဘာ…လူပျိုခြေကျလဲ''

''ဆိုင်တာပေါ့ကွ၊ လူပျိုခြေကျဆိုတာ ပတ်ဝန်းကျင်က ဘယ်သူမှ ယုံကြတာ မဟုတ်ဘူး၊ ခြေကျနေတော့ ကိုယ့်အနားလာတဲ့ ဘောလုံးကိုပဲ ကန်ရသလိုပေါ့ကွာ၊ မင်းကိုလည်း အနားမှာရှိတဲ့ မိန်းကလေးတွေကိုပဲ လုပ်ကြံလိမ့်မယ်လို့ လူတွေက ထင်ထားလို့ပေါ့''

''မင်းက မှားပေးပေမယ့် ရုံးက မင်း ငမ်းပေးတယ်လို့ပဲ တစ်ရုံးလုံးက ထင်နေကြတာ''

''သွားစမ်းပါဗျာ၊ ကျွန်တော် သူ့ကို သိလည်း မသိဘူး၊ ငမ်းလည်း မငမ်းဘူး၊ ဂရုလည်း မစိုက်ဘူး၊ လူတွေပြောတာကိုရော အဲဒီကောင်မလေးက ယုံတာပဲလား''

ကံသာက မေးခွန်းကို မေးပြီး အရက်ကို မော့၏။ မေ့ပြီး ရေမရောမိသဖြင့် လန့်သွားကာ အတင်းမျိုချရသည်။ ကံသာသည် လူပျိုခြေကျဖြစ်သော်လည်း အရက်မှာတော့ ခြေစွာလူတော်ကလေးဖြစ်သည်။

''ယုံတာပေါ့ကွ၊ ယုံလို့ မင်းပေးတဲ့ ပိုက်ဆံကို မယူရဲဘဲ ပြန်လာပေးတာပေါ့။ မိန်းမဆိုတာ ဒီလိုပဲလေကွာ၊ သူတို့ကို တစ်ယောက်ယောက်က အမြဲဂရုစိုက်နေတယ်လို့ ထင်နေကြတာ။ ဒါကြောင့် သူတို့ကိုယ်သူတို့ ဘယ်သူမှန်းမသိတဲ့ လူတစ်ယောက်ယောက်အတွက် အမြဲအဆင်သင့်ဖြစ်အောင် ပြုပြင်ထားတာပေါ့''

''အဲဒါဆို မိန်းမဆိုတာ အလကားပဲ၊ ဘာမှ မဟုတ်ဘူး''

ကံသာ့စကားဆုံးတော့ ဦးမောင်ညိုက အကြိုလက်များကို အားရဝမ်းသာပင့်တင်ကာ အော်သည်။

''ပလူးတူးတူး…တူး၊ ဟုတ်တယ်ဗျာ၊ ဟုတ်တယ်၊ ကဲ မောင်ညို



BURMESE CLASSIC .com

www.burmeseclassic.com



ကဖြင့် ပြောပြီးပြောပြီးနေ့ပြီ၊ မိန်းမဆိုတာ ဘာမှ မဟုတ်ဘူး"

"မင်းတို့ စကားတွေက တရားမဝင်ဘူးကွ၊ လူကြုံဘောနဲ့ ဂိုးသွင်းတာကို ပွဲပြီးမှ ကန့်ကွက်သလိုပဲ အရာမရောက်ဘူး။ ဒိုင်က ပေးပြီးနေပြီ"

"ဇာတ်စကားနဲ့ပြောရရင်တော့ မင်းက ဂတ်...ဂတ်...ဂတ် ကိုယ့်ပျက်လုံးကိုယ် ပြန်မဆယ်နိုင်တဲ့ လူရွှင်တော်လိုပဲကွ"

"မောင်ရင်က တိုးတက်နေတဲ့ သိပ္ပံပညာကိုမှ အသုံးမချတာ၊ Computer သာ မောင်ရင် ကိုင်တတ်ရင် ဒီလိုအဖြစ်မျိုး မဖြစ်ဘူးပေါ့"

အရက်တွေ ရှေ့မှာ တစ်ပိုင်းပြီးတစ်ပိုင်း ကုန်ကာသွား၏။ ဦးခင်ဇော်၏ အရက်မူးလျှင် ပြည့်လေ့ရှိသော အံ့သွားရိုက်သံ တဂတ်ဂတ်နှင့် စကားပြောလျှင် မြည်သော အားယူသံတရှုံးရှုံးက စားပွဲဝိုင်းတွင် ဆူညံကာနေသည်။ ဦးမောင်ညို၏ အကျီလက်က ပင့်တင်ရလွန်းသဖြင့် ဂုတ်ပိုးမှာ စုနေပြီ၊ ဦးတင်ကိုအောင် နှုတ်ခမ်းမှာ နှမ်းစေ့က နှစ်စေ့ဖြစ်လာ၏။ ကံသာလည်း မိဘကျေးဇူးဆိုင်ကဗျည်းကလေး၏ အိုက်စပ်မှု၊ သူ့စိတ်ကို နှိပ်စက်နေသော ခေါ်သံ၊ အော်သံ၊ ကားဟွန်းသံတွေနှင့် အဝေးကြီးကို ရောက်သွားသလို ခံစားရ၏။ သူတို့ ထကြတော့ ည တော်တော်နက်နေပြီ။ နောက်ဆုံး ဝိုင်းသိမ်းစကားကို ကံသာ ပြောခဲ့၏။

"M.D က အဲဒီပိုက်ဆံကို ပြန်ပေးရမယ်တဲ့။ ကျွန်တော် တစ်ယောက်ယောက်နဲ့ ပေးရင် စကားသံတွေ ပိုထွက်လာဦးမယ်၊ မနက်ဖြန် ကျွန်တော်ကိုယ်တိုင် အဲဒီပိုက်ဆံကို ပြန်ပေးမယ်"

ကံသာအပြန်မှာ ဒဂုံမြို့သစ်ကားသည် မိဘကျေးဇူးကြောင့် ကျယ်မှန်းမသိရတော့။ ကွေ့ရောက်တော့ ဆင်းပြီး ကံသာ ဆိုက်ကားစီးသည်။ မူးမူးနှင့် စိုင်းထီးဆိုင်၏ "ငါ အရက်သောက်တာ မင်း မကြိုက် ဘူး"ဆိုသော သီချင်းကို ညည်းလာသော်လည်း ကံသာ အရက်သောက်ကို မကြိုက်ဟု ပြောမည့်သူ မရှိသေးပါ။

✿✿✿

www.burmeseclassic.com



ကံသာ အိမ်ထဲရောက်တော့ မီးက မလာ။

လက်ထဲမှ ဘဲခေါင်းတစ်ချောင်းထည့်ထားသော ကျွတ်ကျွတ်အိတ်နှင့် File များကို ကိုင်ရင်း ကံသာ ထမင်းစားခန်းသို့ လာရသည်။ ပြတင်းပေါက်များကို ပိတ်ထားခဲ့သဖြင့် အိမ်ထဲမှာ လရောင်မျှပင် မရှိဘဲ မှောင်မဲလျက်ရှိ၏။ ထမင်းစားပွဲနားကို မှန်းလာရင်း ဘဲခေါင်းသုပ်ကို လှမ်းတင်မည်အပြု ကံသာ့ခြေထောက်မှ ပျော့စိစိအရာတစ်ခုကို တက်နင်းမိသည်။

"ဟ ဟ"

"ကျွီ...ကျွီ...ကျွတ်...ကျွတ်"

ခြေထောက်အောက်မှ ပျော့စိစိနှင့် အလန့်တကြား ကြားလိုက်ရသော အသံတို့ကြောင့် ကံသာလန့်ပြီး ခုန်မိသဖြင့် ကြမ်းပြင်ပေါ်သို့ ဖင်ထိုင်လျက် လဲကျသည်။ စားပွဲပေါ် လှမ်းမတင်ရသေးသော ကျွတ်ကျွတ်အိတ်က လက်ထဲမှလွတ်ကာ မြောက်တက်သွား၏။ File များက လွတ်ကျပြီး ပြန့်ကျဲသွားသည်။

လဲကျသွားသော ကံသာခြေထောက်ကို ဝင်တိုက်ကာ တကျွီကျွီအော်ရင်း ထိုအရာက ထွက်ပြေးသွား၏။ ကံသာလန့်ဖျပ်ပြီး လှမ်းကြည့်တော့ သတ္တဝါကို လရောင်ဖြင့် မြင်ရ၏။

ကြွက်။

"ခွေးမသား ကြွက်"

ကံသာ အဆီအငေါ်မတည့်စွာ ဆဲပြီး ထရပ်ဖို့ ကြိုးစားရ၏။ ခပ်ထွေထွေဖြစ်နေသော ဖီလင်ပျောက်သွားသည်။ ထရပ်မည်လုပ်ပြီးမှ လက်ထဲမှ လွတ်ထွက်သွားသော ဘဲခေါင်းကို သတိရသဖြင့် မှောင်ထဲမှာ လိုက်ကာ စမ်းရ၏။ မတွေ့။

ပြန့်ကျဲနေသော File ထဲမှာရှိသော မီးခြစ်ကို လိုက်စမ်းရပြန်၏။ မရ။ ကံသာ တောက်ခတ်ရင်း မနည်းကျုံ့ထကာ အိပ်ခန်းခုတင်ခေါင်းရင်းတွင် ထားသော မီးခြစ်ကို သွားယူရ၏။ ဖယောင်းတိုင်ကို ရှာကာ ထွန်းပြီး ထမင်းစားခန်းထဲ ပြန်လာတော့ ကြမ်းပြင်ပေါ်တွင်



BURMESE CLASSIC .com

www.burmeseclassic.com



File နှင့် စာရွက်တွေက ပြန့်ကျဲကာနေ၏။ ဘဲခေါင်းထုပ်ကိုမူ ရှာမတွေ့။

"တောက် ဒီအိမ်မှာ အရင် ကြွက်မရှိပါဘူး၊ ဘယ်က သောက်ကြွက်ကရောက်ပြီး သောင်းကျန်းနေလဲ မသိဘူး၊ ဘဲခေါင်းထုပ်ကလည်း…ဟာ"

မြင်လိုက်ရသည့် မြင်ကွင်းကြောင့် ကံသာ ပထမ ကြောင်ကာသွား၏။ ဒုတိယ ဒေါသထွက်သွားသည်။ တတိယ ဘာလုပ်ရမှန်းမသိ။

ကံသာ့လက်မှ လွတ်ထွက်သွားသော ဘဲခေါင်းသုပ်ထုတ်က မီးဖိုနှင့် ပန်းကန်စင်ကြားထဲသို့ ရောက်ကာသွားပြီး အထုပ်ထဲမှ ဘဲခေါင်းတွေ ထွက်နေသည်။ ထိုဘဲခေါင်းတွေကို ကြွက်တစ်ကောင်က ဆွဲဖို့ကြိုးစားနေခြင်းဖြစ်၏။

မီးရောင်နှင့် ကံသာ၏ "ဟာ"ခနဲ အော်သံကြောင့် ဘဲခေါင်းထုပ်ကို ဆွဲရန်ပြင်နေသော ကြွက်က မော့ကာကြည့်သည်။ အသက်(၃၄)နှစ်ရောက်မှ ကံသာ ကြွက်တစ်ကောင်နှင့် ပထမဦးဆုံးအကြိမ် မျက်ဝန်းချင်းဆုံဖူးခြင်းလည်းဖြစ်ပါသည်။

ကြွက်က ထွက်မပြေးသေး။ ဖျတ်ခနဲ ဘဲခေါင်းကို ငုံ့နမ်းကာ ကံသာ့ကို ပြန်မော့ကြည့်၏။ ကံသာ့ရင်ထဲမှာ သူ့ကို မခန့်လေးစားလုပ်ပြနေသော ကြွက်ကို ဒေါသဖြစ်ကာသွားသည်။ နံဘေး ထမင်းစားပွဲပေါ်တွင် ရှိနေသော ရေနွေးကြမ်းပန်းကန်ကို အသာလှမ်းကိုင်ယူလိုက်သည်။ ကြွက်က ကံသာ့ကို လည်စောင်းကာ ကြည့်၏။ ဖယောင်းတိုင်မီးစက်က ကိုင်ထားသော လက်ပေါ် စီးကျသည်။ ကံသာ တွန့်သွားသဖြင့် အလင်းရောင်က ယိမ်းသွားသောကြောင့် ကြွက်က ခေါင်းကို ထောင်သည်။ အပူဒဏ်ကို ကြိတ်ခံကာ ကံသာ ခဏငြိမ်နေ၏။ ထောင်ထားသော ခေါင်းကို အသာပြန်ချတော့မှ ကံသာ ရေနွေးကြမ်းခွက်ဖြင့် အားကုန်ပေါက်ပစ်လိုက်သည်။

"ခွမ်း…ဂလွမ်း…ခွမ်း"

ကံသာ၏ လွှဲထားသော လက်ထဲမှ ရေနွေးကြမ်းပန်းကန်လွတ်ထွက်မသွားခင်ကတည်းက ကြွက်က ဖျတ်ခနဲ လှည့်ထွက်ပြေးသွား



BURMESE CLASSIC .com

www.burmeseclassic.com



သည်ကို ကံသာ မြင်လိုက်ရသော်လည်း စိတ်၏ အရှိန်ကို မထိန်းနိုင်သဖြင့် ရေနွေးခွက်က လက်ထဲမှ လွတ်ထွက်သွားပြီး ဖြစ်သည်။ ထိုရေနွေးခွက်က ကြွက်ရှိသောနေရာကို မရောက်ဘဲ ပန်းကန်စင်ထဲကို ရောက်သွားသဖြင့် မှောက်ထားသော ကြွေပန်းပန်းကန်တစ်ချပ် ကွဲစွချော့သွား၏။

ကံသာ ဒေါသကြောင့် ရင်သည် နိမ့်ချည်မြင့်ချည်ဖြစ်နေသည်။ ပန်းကန်အကွဲများကို လွှင့်ပစ်ရ၏။ ဘဲခေါင်းက အပြင်မှာ လေးငါးတုံးထွက်နေသည်။ ထမင်းက ဆာလှပြီ။ ဘဲခေါင်းသုပ်မှလွဲ၍ စားစရာဟင်းက မရှိ။ အပြင်မှာ ဆိုင်တွေလည်း ပိတ်လောက်ပြီ။ အပြင်မှာထွက်ကျနေသော ဘဲခေါင်းတွေကို လွှင့်ပစ်ကာ အိတ်ထဲတွင် ကျန်သောဘဲခေါင်းကို ကြွက်မထိရ မတို့ရသေးဟု ကိုယ့်ဘာသာ အသိပေးကာထမင်းနှင့် စားရသည်။ အရက်အရှိန်ကြောင့် ဗိုက်က အရမ်းဆာနေသော်လည်း ဖယောင်းတိုင်မီးရောင်ဖြင့် မြင်ရသော ကြွက်၏ မဲလုံးလုံး အမွှေးအမျှင်ထောင်ထောင် ခန္ဓာကိုယ်ကို ပြန်မြင်မိသည့်အခါ စားနေသောထမင်းက လည်ချောင်းထဲမှ ပြန်တိုးထွက်လာချင်နေသည်။ မသတီတော့။

ထမင်းစားရပ်ကာ ကံသာ မကျေမနပ်ဖြင့် ဖယောင်းတိုင်မီးကိုကိုင်ကာ အိမ်ထဲ လျှောက်ကြည့်သေးသည်။ သို့သော် ဘာကိုမှ မတွေ့ရတော့။

ကံသာ မကျေမနပ်ဖြင့် အိပ်ရာဝင်ရသည်။

အိပ်ရာထဲမှာ ကံသာ အိပ်၍မရ။ သူ့ကို လှမ်းပြီး ခေါင်းထောင်ကြည့်သော ကြွက်၏ မျက်လုံးတွေကို မြင်မိတွေးမိနေသည်။ ပြီးတော့သူ့ကို ရန်လာတွေ့သော ယွန်းဝသုန်၏ မျက်ခုံးမွှေးထူထူစိမ်းစိမ်းအောက်ကမျက်ဝန်းသားဖြူဖြူနှင့် မျက်လုံးဝိုင်းကလေးများ။

လုစ်ခနဲ ထွက်ပြေးသွားသော ကြွက်။

အဲဒီစာအိတ်က ကျွန်မနဲ့ မဆိုင်ဘူးထင်တယ် ကိုသာဘူတော့ဆိုသည့် အသံ။

ကြွက်တစ်ကောင်နှင့် မိန်းမတစ်ယောက်သည် ကံသာ့အတွေးထဲ



BURMESE CLASSIC .com

www.burmeseclassic.com



မှာ လုံးလည်လိုက်လျက်ရှိသည်။

တစ်ရုံးလုံးက တော်တော်လှသည်ဟု သတ်မှတ်ထားသော မိန်းကလေးတစ်ယောက်နှင့် တော်တော်လျင်မြန်သည်ဟု ယူဆနိုင်သော ကြွက်တစ်ကောင်သည် ကံသာ့ကို ကောင်းစွာ ဒုက္ခပေးလျက်ရှိ၏။

"သူလှတာ ငါနဲ့ ဘာမှမဆိုင်ဘူး။ အေး…အဲဒီ မအေပေးကြွက်ကိုလည်း မနက်ဖြန်မှ တွေ့တဲ့နေရာမှ ရိုက်သတ်ပစ်မယ်"

❁❁❁

လခစားဝန်ထမ်းတစ်ဦးအတွက် အကုန်မြန်သောအရာမှာ လစာငွေနှင့် နံနက်ခင်းအချိန်သာဖြစ်၏။ ကံသာ ရေမိုးချိုး၊ ထမင်းချိုင့်ထည့်ပြီးချိန်တွင် မြန်မာနိုင်ငံတွင်ရှိသော နာရီတွေအားလုံး ရှစ်နာရီခွဲကုန်ကြပြီဖြစ်သည်။ ကံသာ ကမန်းကတန်း အိမ်က ထွက်ရသည်။ File ကို ချိုင်းကြားညှပ်ရင်း ထမင်းချိုင့်ကို ကိုင်ရင်း ကားမှတ်တိုင်အရောက်မှာ အုတ်ခုံပေါ်တွင် File နှင့် ထမင်းချိုင့်ကိုတင်ကာ အင်္ကျီကြယ်သီးကို အစီတပ်ရ၏။ နောက်ကျရုံမဖြစ်၊ ကံသာ အခုတလော ပြဿနာ အတက်များနေသည် မဟုတ်လား။

ရုံးကိုရောက်လျှင် သာမန်အလုပ်တာဝန်များအပြင် ယွန်းဝသုန်ကို စာအိတ်နှင့် ငွေပြန်ပေးရေးဆိုသော တာဝန်ကြီးက ရှိသေးသည်။ ဘယ်လိုပေးရမည်နည်း။ ကြားမှတစ်ယောက်နှင့်ပေးလျှင် ထိုကိစ္စကို လူသိဦးမည်။ ပြီးတော့ ယွန်းဝသုန်က မယူဘူးငြင်းလိုက်နိုင်သေး၏။ M.Dက ပြန်ပေးရမယ်ဆိုသဖြင့် ပြန်ပေးရသော်လည်း လူငမ်းပြီးပေးသည်ဆိုတာကို ယွန်းဝသုန်ကိုယ်တိုင်က ယုံနေသဖြင့် ထိုကိစ္စကို ကြားလူတစ်ယောက်ကို အသိမပေးချင်တော့။ သိသွားလျှင် စကားသံတိုးတိုးများ ပေါ်လာကြဦးမှာကို ကံသာ စိတ်ညစ်သည်။

ထို့ကြောင့် ယွန်းဝသုန်ကို သူကိုယ်တိုင်ပေးဖို့ ဆုံးဖြတ်သည်။ ပေးမည့်အချိန်မှာ ရုံးဆင်းချိန်ဖြစ်ပြီး ပေးရမည့်နေရာမှာ ရုံးအပြန်လမ်းပင်



BURMESE CLASSIC .com

www.burmeseclassic.com



ဖြစ်သည်ဟု ကံသာ သတ်မှတ်လိုက်သည်။

ရုံးထဲသို့ ကံသာ ဝင်လိုက်သည့်အချိန်တွင် ကံသာ့စိတ်ထဲ တစ်စုံတစ်ခု ထူးခြားနေသည်ဟု ခံစားရ၏။ ကံသာ (၃)နှစ်ကျော် လုပ်ခဲ့သော Company တွင် အရာဝတ္ထုများ၊ လူများမှာ ဟိုးယခင်ကအတိုင်းပင် ဖြစ်သော်လည်း ကံသာ့စိတ်ထဲတွင် ယခင်နေ့များတုန်းကလို မဟုတ်ဘဲ တစ်စုံတစ်ရာ ထူးခြားနေသည်ဟု ထင်နေသည်။ တစ်ရုံးလုံးတွင် အထူးခြားဆုံးနေရာမှာ ကံသာထိုင်သည့် စားပွဲညာဘက် စာဝင်စာထွက် ခုံရှည်ချထားရာ နေရာပင်ဖြစ်၏။ ထိုခုံတန်းရှည်တွင် ယွန်းဝသုန် ရှိနေသည်။

ယွန်းဝသုန်သည် ဒီနေ့အတွက် ဝင်လာသော စာအိတ်များကို ဖောက်လိုက်၊ စာအိတ်နှင့် စာတွဲကာ ကလစ်နှင့်ချုပ်ပြီး ရာဘာတံဆိပ်တုံးဖြင့် ဒုန်းခနဲထုကာ ဝင်စာနံပါတ်နှင့် နေ့စွဲကို ရေးလိုက်၊ နံဘေးမှ အေးအေးမြိုင်နှင့် လက်ဟန်ခြေဟန် အသံစာစာ သတင်းစကားကို ပြုံးနားထောင်ရင်း ခေါင်းညိတ်သည့်အခါ ညိတ်လိုက်၊ တံဆိပ်တုံးကို ဒုန်းခနဲ ထုလိုက်သည့်အခါ ရှေ့သို့ ခုန်ဆင်းလာသော ဆံစကလေးများကို သပ်တင်လိုက်ဖြင့် အလုပ်ရှုပ်လျက်ရှိသည်။

ထိုမြင်ကွင်းများကို ကံသာက မမိုတ်မသုန်မျက်ဝန်းများနှင့် ငေးခြင်းမဟုတ်ဘဲ File ကို လှန်ရင်း ပေတံဖြင့် မျဉ်းတားရင်း စားပွဲအံဆွဲကို ဖွင့်ရင်း စာရင်းများကို စစ်ရင်း ခိုးကြည့်ခိုက်တွင် မြင်ရသော မြင်ကွင်းများဖြစ်၏။

တစ်ရုံးလုံးက ပြောသလိုပင် ယွန်းဝသုန်သည် လှပါသည်။ ညီညာပြီး ခပ်ပိန်းပိန်း ထူထူလိမ်းလာသော ပါးကွက်ကလေးနှစ်ဖက်သည် Company ထဲတွင် ထင်းကာနေ၏။ ပန်းနုရောင်ရင့်ရင့် နှုတ်ခမ်းနီကို အညိုရင့်ရောင် နှုတ်ခမ်းပုံဖော်ထားသော နှုတ်ခမ်းသား ပြည့်ပြည့်ကလေးများသည် အပြုံးကို ပိုမိုလင်းလက်စေသည်။ ရယ်လိုက်သည့်အခါ လွင့်ပျံ့ထွက်လာတော့မလား ထင်ရ၏။ လေးဖြူသီချင်းထဲက အငဲရေးသည့် မင်းနှုတ်ခမ်းများ လွင့်လာမှာကြောက်တယ်ဆိုသော နှုတ်ခမ်းမျိုး၊ ခေါင်းအနည်းငယ်ကြီးသည်ဟု ထင်ရသော်လည်း အလုံးကြီးပြီး ခပ်စိတ်စိတ်



BURMESE CLASSIC .com

www.burmeseclassic.com



နက်မှောင်နေသော ဆံပင်များကို သုံးထပ်ပုံညှပ်ထားသဖြင့် ကြည့်၍ကောင်းသည်။ မျက်ဝန်းက အရည်လဲ့လဲ့ မျက်ဝန်းသားဖြူဖြူ။ မျက်ဆံက နက်နက်၊ မျက်တောင်မွေးများက ပိုက်ဆံအတော်ချမ်းသာသည့် ခြံဝန်း၏ အုတ်တံတိုင်းမှာ သူခိုးဝင်မှာ ကြောက်သဖြင့် အဖျားကိုချွန်ကာ ခပ်စိပ်စိပ် ကော့စိုက်ထားသော သံချောင်းများကို သတိရချင်စရာ ယွန်းဝသုန် လှပါသည်။ ထို့ကြောင့် ကံသာ ပိုမခံချင်ဖြစ်သွား၏။ သူသည် လူပျိုခြောက်ျ မဟုတ်၊ ဒီအလှနှင့် သူ ပတ်သက်စရာမလို၊ ဂရုစိုက်စရာ မရှိ။

သို့သော်…ဒီဇိုင်းနှင့် ချုပ်သည့် လက်ရာအတော်ညံ့သော Company Unifound အဝါရောင် လက်စကဲ့အင်္ကျီသည် အဘယ်ကြောင့် ယွန်းဝသုန်နှင့် လိုက်ဖက်နေရသနည်း။ သာမန်ကိစ္စများ၊ အပြုအမူများနှင့် ပင်ကိုယ်အလှကို ပေါ်လွင်စေသော ယွန်းဝသုန်၏ အလှကို ကံသာ ရှင်ထဲမှာ မကျေမနပ်ဖြစ်နေခဲ့သည်။

နေ့လည်ထမင်းစားချိန်ရောက်တော့ သုံးဆင့်ချိုင့်ကလေးကို ဖွင့်ကာ သူ့ဘာသာ ထမင်းစားရန်ပြင်နေသော ဝသုန့်အနားမှာ လူတွေ တစ်ယောက်ပြီးတစ်ယောက် ရောက်လာကာ ဝိုင်းနေကြ၏။ အေးအေးမြင့်၊ စောသွဲ့သွဲ့မြင့်၊ နီလာသန်း၊ …၊ ဦးသန်းအုန်း၊ အောင်ကျော်စိုး၊ ကိုတင့်ဆွေ၊ …။ တရုန်းရုန်းတပြုံးပြုံးနှင့် ပျော်စရာကြီးကို ဖြစ်နေခဲ့သည်။ ကံသာ့ စားပွဲမှာတော့ ကံသာတစ်ယောက်တည်း။ ထမင်းချိုင့်ထဲမှာ ထည့်လာသော ပက်လက်လန်နေသည့် ကြက်ဥကြော်ကို ကံသာ အမြင်ကပ်ကပ်နှင့် ဇွန်းဖြင့် ဖွဲ့ပစ်လိုက်သည်။ ထမင်းပင် မစားချင်တော့၊ ကံသာ့စိတ်ထဲမှာ ဘယ်လိုဖြစ်နေမှန်းလဲ မသိ။

"ဟော့ကောင်၊ လူပျိုခြောက်ျ၊ ထမင်းစားပြီးလားကွ"

"ဟာ ဒီနာမည်ကြီး မခေါ်စမ်းပါနဲ့ဗျာ၊ အရေးထဲ"

ဦးတင်ကိုအောင်က ပြုံးကာ စားပွဲခုံတစ်လုံးဆွဲပြီး ဝင်ထိုင်သည်။

"စာရေးမ အသစ်ကလေးကိုတော့ အားပေးမယ့်သူများသားပဲ"

"အပိုတွေပါဗျာ၊ ဒီကောင်တွေ ဘာဆိုတာ ကျွန်တော် သိပါတယ်"



BURMESE CLASSIC .com

www.burmeseclassic.com


ကံသာ မော့မကြည့်ဘဲ ထမင်းတစ်လုပ်ကို ပါးစပ်ထဲထည့်သည်။ သို့သော် အရသာမရှိ။ တကယ်တော့ ကံသာ ထမင်းစားချင်၍ စားခြင်း မဟုတ်။ သူတို့ ထမင်းချိုင့်ဖွင့်သဖြင့် သူလည်း ဘာလုပ်ရမှန်းမသိဘဲ ဖွင့်မိခြင်းသာ ဖြစ်သည်။

"မင်း သူ့ပိုက်ဆံတွေ ပြန်ပေးပြီးပြီလား"

"ဒီနေ့ ရုံးဆင်းမှ ပေးမယ်"

"ကြည့်လဲ လုပ်ဦးနော်၊ တော်ကြာ ပိုဆိုးနေပါဦးမယ်"

ဦးတင်ကိုအောင်၏ သတိပေးစကားကို ဘာမှ ပြောစရာမရှိသော်လည်း နှုတ်ခမ်းမှ ပြုံးနေသော အပြုံးကို ကံသာ မကြိုက်။ ဘာကြောင့် သူ့ကို သနားစရာ သတ္တဝါတစ်ကောင်လို ပြုံးပြကြည့်နေရသနည်း။

ဒီလိုနှင့်ပင် ညနေငါးနာရီ Company ရုံးဆင်းချိန်ကို ရောက်လာသည်။ ထမင်းချိုင့်တွေပြင်ကြ၊ စလင်းဘက်(ခ)တွေ လွယ်ကြ၊ မျက်နှာကို တို့ပတ်ရိုက်ကြ။ ကံသာ့ရင်ထဲမှာ နည်းနည်းခုန်ချင်လာ၏။ ယွန်းဝသုန်က မည်သူနှင့် ပြန်မည်နည်း။

ယွန်းဝသုန်နှင့် ပြန်မည့်အဖော်သည် အေးအေးမြိုင်တို့လို ဂျိုးကို ကမ္ဘာ့လိပ်ဖြစ်အောင် ပြောတတ်သူဆိုလျှင် မကိုက်၊ စောသွဲ့သွဲ့မြင့်တို့လို ဘာမှမပြောဘဲ ကိုယ်ထင်ချင်ရာ ထင်တတ်သော သူမျိုးဆိုလျှင်လည်းမဖြစ်။ ဘာပဲဖြစ်ဖြစ် ကံသာကတော့ သူဆုံးဖြတ်ထားသည့်အတိုင်း ထိုစာအိတ်ကို ရှင်းပြပြီး ပေးဖို့ ဆုံးဖြတ်ပြီးဖြစ်သဖြင့် ရုံးမှ ခပ်သွက်သွက် ဆင်းကာ Company နှင့် တစ်တိုက်ကျော် စိန်ကဖီးမှ စောင့်ရသည်။

ယွန်းဝသုန်က Company မှ ကောင်မလေး သုံးလေးယောက်နှင့် အတူလျှောက်လာပြီး တော်တော်ဝေးဝေးရောက်မှ လမ်းခွဲကာ တစ်ယောက်တည်းလျှောက်သည်။ ကံသာ ခပ်သွက်သွက်လိုက်ရ၏။

သို့သော် ယွန်းဝသုန်အနားကို ရောက်ဖို့ လေးငါးလှမ်းလောက် အလိုကျတော့ ကံသာ ရှေ့ဆက်လျှောက်၍ မရတော့။ ကံသာ့ကို ဘာမှန်းမသိသော အရာတစ်ခုက တွန်း၍ ထား၏။ ခပ်ငြိမ့်ငြိမ့် ပုံမှန်လျှောက်နေသော ယွန်းဝသုန်ခြေလှမ်းများကို ကံသာ လိုက်မမီ။ ရင်က တစ်မျိုး


BURMESE CLASSIC .com

www.burmeseclassic.com



ဖြစ်လာ၏။ ခေါင်းထဲကပဲ ယားသလို၊ ကျောကုန်းကပဲ စူးခနဲ ဆတ်ခနဲ ယားသလို၊ နားထင်စပ်နှင့် နားရွက်ဖျားကပဲ ယားသလို ထင်ရသည်။

အဆိုးဆုံးမှာ လက်နှစ်ဖက်ပင်ဖြစ်သည်။

တစ်သက်လုံး သူ့နေရာနှင့်သူ နေသားတကျဖြစ်နေခဲ့သော လက်နှစ်ဖက်သည် ယွန်းဝသုန်အနားကို ရောက်မှ နေရာမှားတပ်ထားခံရသလို ထားမရ၊ ထိန်းမရဖြစ်နေသည်။ ခေါင်းကို ကုတ်လိုက်၊ ပုဆိုးကပုံစကို ဆုပ်ကိုင်လိုက်၊ နားထင်ကို ပွတ်လိုက်၊ ဘယ်နေရာမှ အထာမကျ၊ ဒီအတိုင်းချထားပြန်တော့လည်း တစ်ဖက်ကလေးကာ တစ်ဖက်က ပေါ့ရှပ်နေသလို ထင်ရ၏။ လမ်းလျှောက်ရင်း လှုပ်နေသော လက်နှစ်ဖက်ကို ကံသာ မထိန်းတတ်ဖြစ်နေ၏။

ကံသာ့ရင်ထဲမှာ မောရ၍ လာသည်။ ပင်ပန်းလှချည်လား၊ တော်ပြီ ဒီစာအိတ်ကို တစ်ယောက်ယောက်နဲ့ပဲ ပေးခိုင်းလိုက်တော့မယ်ဟု ကံသာ ဆုံးဖြတ်ချက်ချပြီးချိန်တွင် အမှတ်မထင် ရှေ့မှ လျှောက်သွားနေသော ဝသုန်က ဖျတ်ခနဲ နောက်သို့ လှည့်ကြည့်သည်။

ရုတ်တရက် ယွန်းဝသုန်မျက်နှာမှာ ရှက်သွေးရဲကာ ဒေါသဖြင့် မှိုင်းညို့သွား၏။ ပြီးတော့ ချက်ချင်းပင် ပြန်လှည့်ကာ သူလွယ်ထားသော စလင်းဘက်ကို တင်ပါးနောက်သို့ ပို့သည်။ ဝသုန်၏ အပြုအမူကြောင့် ကံသာ့မျက်နှာကို ဖြတ်အရိုက်ခံလိုက်ရသလို ထင်ရ၏။

သွားပြီ။ ဝသုန်၏ အပြုအမူက ကံသာ့ကို အကြီးအကျယ် စော်ကားလိုက်ခြင်းသာဖြစ်သည်။ လက်နှစ်ဖက်နှင့် ဟိုနေရာကယား၊ ဒီနေရာကယား ပြသနာကြောင့် ကံသာ တွေးရင်း ငေးမိငေးရာ ငေးမိသလား။ သို့သော် မဖြစ်နိုင်ပါ။ နောက်က လိုက်လာမိခြင်းသည် အနားကို မကပ်ရဲသောကြောင့်သာ ဖြစ်၏။ ထိုစာအိတ်ကို မပေးဘဲနှင့် ပြန်လှည့်သွားလိုက်လျှင် ဟိုဟာကြည့်သူဟု ထင်သွားတော့မည်။

စလင်းဘက်ကို အသာအုပ်ကာ ပို၍ မြန်သွားသော ဝသုန့်နောက်သို့ ကံသာ အရှိန်မြှင့်တင်ကာ လိုက်ရ၏။ ဒေါသကြောင့် ကံသာ့ရင်ခုန်သံကိုပင် ကံသာ ပြန်မကြားတော့။ ဝသုန်နှင့်အတူ ယှဉ်လျှောက်မိ



BURMESE CLASSIC .com

www.burmeseclassic.com



သည့်အချိန်၌ ပြဿနာတစ်ခုက ကံသာ ဘာစကားသံကိုမှ ညှစ်ချ၍ မရ၊ ဘာစကားလုံးမှလည်း ကံသာ့ပါးစပ်ထဲမှာ မရှိ။ ဝသုန်ကလည်း မော့၍ လှည့်၍ မကြည့်။ ယွန်းဝသုန်နံဘေးမှာ ဘာစကားမှ ညှစ်ထုတ်၍ မရသော မျက်လုံးပြူးကြီးနှင့် ကံသာပါလာသည်။

"...သုန်"

ယွန်းဝသုန်ဟု ကံသာ ခေါ်လိုက်သော်လည်း အာခေါင်စေးထန်းသွေ့ခြောက်ကာနေသော ပါးစပ်မှ ယွန်းနှင့်ဝ စာစကားလုံးတို့ ပျောက်သွားကာ သုန်တစ်လုံးတည်း ပီပီသသပေါ်လာ၏။ ဝသုန်မော့မကြည့်။ ကံသာလည်း ဘာလုပ်ရမှန်းမသိ။ ကံသာ့အသိစိတ်က ရင်ထဲမှာ ပေါ့လှပ်ကာ လေဟုန်စီးနေသလို ခံစားရ၏။

ထိုစဉ်မှာပင် ယွန်းဝသုန်၏ ဘယ်ဘက်ခြေထောက်ကို သူ့ညာဘက်ခြေထောက်နှင့် နင်းမိသည်။ ကံသာ လန့်သွား၏။ လမ်းလျှောက်လာသောအရှိန်က ကမောက်ကမ ဖြစ်သွားသည်။ ယွန်းဝသုန်က ဒေါသတကြီး လှည့်ကြည့်သည်။ ယွန်းဝသုန်ပခုံးနှင့် ကံသာ့ပခုံး တိုက်မိကြပြန်၏။ အမှတ်မထင် နောက်သို့ ယိုင်သွားသဖြင့် မလဲရအောင် ပြန်တည့်လိုက်သောအရှိန်ကြောင့် ဘယ်နေရာတွင်မှ ထား၍ အဆင်မပြေသော ကံသာ့ညာလက်သည် ယွန်းဝသုန်၏ တင်ပါးကို သွားပုတ်မိလေသည်။

"ဟာ..."

"ရှင်...ရှင် ဘာလုပ်တာလဲ၊ ရှင် သိပ်မိုက်ရိုင်းလွန်းနေပြီနော်"

ယွန်းဝသုန်က ရပ်ကာ လက်သီးကလေးနှစ်ခုကို ဆုပ်ကာ ခါးကလေးကုန်းပြီး အော်သည်။ ကံသာ ဘာလုပ်ရမှန်းမသိ။

"ဟာ မဟုတ်ဘူး၊ ကျွန်တော်...စာ...စာ"

"ဘာစာလဲ၊ ဘာစာမှ မယူဘူး။ ရှင် သိပ်အောက်တန်းကျတယ်၊ ရှင် သွားတော့နော်"

"မင်း မစော်ကားနဲ့၊ ငါ မင်းကို ဒါလိုက်ပေးတာ၊ ငါ မင်းကို ဘာမှ မကြည့်ဘူး"

ကံသာ စာအိတ်ကို လက်နှင့် ကိုင်ပြကာ အော်ဟစ်ရှင်းပြရ



BURMESE CLASSIC .com

www.burmeseclassic.com


၏။ ထိုအချိန်တွင် အေးအေးမြိုင်တို့ နောက်မှ ပြေးဝင်လာကြ၏။

"ဟဲ့ ကံသာ၊ နင် ဘာလုပ်တာလဲ၊ ကိုယ့် Company ဝန်ထမ်း တစ်ယောက်ကို အဲဒီလို မလုပ်ပါနဲ့"

"ဟ နင် ဘာတွေပြောနေတာလဲ၊ ငါ ဘာမှ မလုပ်ဘူး၊ ဒါပေးတာ၊ ဒါလိုက်ပေးတာ"

"မဟုတ်ဘူး မမ၊ သူ သမီးနောက်ကို လက်နဲ့ လာကိုင်တယ်"

"ဟာ မင်း မဟုတ်ဘူးလို့ ငါပြောနေတယ် မဟုတ်လား"

ယွန်းဝသုန်က ကံသာ့စကားကို မယုံ၊ ဒေါသထွက်ကာ မကျေမနပ်ဖြင့် အေးအေးမြိုင်၏ လက်ကို ကိုင်ကာ နောက်သို့ ဆုတ်သည်။ အေးအေးမြိုင်က အားကိုးခံရသူပီပီ နှုတ်ခမ်းကို ချွန်ကာ ရှေ့သို့ တစ်လှမ်း တိုး၏။

"ငါတို့နောက်က အားလုံးမြင်ရတယ် ကံသာ၊ နင့်စာကိုလည်း ဘာမှမယူဘူးတဲ့၊ နင် ထပ်မနှောင့်ယှက်နဲ့ သွားတော့"

"ဟာ ဒီမှာ အေးအေးမြိုင်၊ နင်ပြောတာတွေ တစ်ခုမှ မဟုတ်ဘူး ငါ သူ့ကို..."

"အို ဘာမှမပြောနဲ့၊ လာ မမ သွားမယ်၊ ရုပ်ကိုက"

ယွန်းဝသုန်က အေးအေးမြိုင် လက်ကို ဆွဲကာ ထွက်သွား၏။ အေးအေးမြိုင်က မဲ့ရွဲ့ကာထွက်သည်။ စောသွဲ့သွဲ့မြင့်ကတော့ ဘာမှ မပြောဘဲ ကံသာ့ကို ပြုံးကြည့်ကာ လိုက်သွား၏။ ကံသာ ဘာမှပြောချိန် ရှင်းပြချိန်မရဘဲ ကျန်ရစ်ခဲ့သည်။ သူ့ကို လှည့်မကြည့်ဘဲ ထွက်သွားသော မိန်းကလေးသုံးယောက်ကို ကံသာ ငေးကာ ရက်ရွံ့ထိတ်လန့်စွာ စိုးရိမ် ဝမ်းနည်းစွာ ကျန်ရစ်ခဲ့သည်။

သူ၏ တာဝန်ကျေလိုမှုနှင့် ရိုးသားမှုတို့ ဘယ်လိုဖြစ်ကုန်သနည်း။

✿✿✿


BURMESE CLASSIC .com

www.burmeseclassic.com

(သုံး)

ထိုညက ကံသာ အိပ်၍ မပျော်။

ထမင်းလည်း စား၍ မရ။ စားလည်း မစားတော့။

ယွန်းဝသုန်၏ ခြေထောက်ကို တက်နင်းမိသဖြင့် ထိတ်လန့်ပြီး ခြေအကြွတွင် ပခုံးနှင့် တိုက်မိခြင်းခံရပြီး ယိုင်သွားသော ခန္ဓာကိုယ်ကို ပြန်လည်ထိန်းမတ်မိခြင်းသာ ဖြစ်ပါသည်။ သူ့စိတ်ထဲတွင် သူတို့ မှတ်ချက်ချသလို ကောက်ချက်ဆွဲသလို မရိုးမသားစိတ် တစ်ခုမှ မရှိ။ ယွန်းဝသုန်၏ ဘယ်နေရာကိုမှ ထိကိုင်ချင်စိတ်လဲ မရှိ။

သို့သော် သူ့ ရိုးသားမှုကို ဘယ်နတ်ဒေဝတာက ထောက်ခံချက်ပေးမည်နည်း။

မနက်ဖြန် ရုံးတွင် ထိုကိစ္စကို သူ ဘယ်လိုရင်ဆိုင်ရဦးမည်နည်း၊ ကံသာ စိတ်ရှုပ်ထွေးစွာ သက်ပြင်းချရင်း ခုတင်ပေါ်တွင် တလူးလူး တလိမ့်လှိမ့်ဖြင့် ရှိ၏။ မျက်လုံးက ကြောင်နေသည်၊ အသိစိတ်က ဘယ်နေရာတွင်မှ ဂနာမငြိမ်။

ထိုစဉ် ကံသာ့အိပ်ခန်းနှင့် အိမ်ရှေ့ပုဏ္ဏားကွယ်ကို တန်းထားသော နံရံနှင့်မြားပေါ်တွင် ကံသာ့ရန်သူတော် ကြွက်က ဖြတ်ပြေးသွား၏။ ကံသာ့ တစ်ကိုယ်လုံး မလှုပ်ချင် မရှားချင်သဖြင့် ဘာမှမလုပ်ဘဲ ငေးသာ ကြည့်နေမိသည်။

ခဏကြာတော့ ဒုတိယတစ်ခေါက် ပြန်လာပြန်သည်။

BURMESE CLASSIC .com

www.burmeseclassic.com



ဒီတစ်ကြိမ်တော့ အိပ်ရာထဲတွင် အားကုန်ကာ လှဲနေသော ကံသာ့အဖြစ်ကို သိနေသည့်နှယ် ကိုရွှေကြွက်က ခပ်ဖြေးဖြေးသာ လျှောက်လာ၏။ ထုတ်တန်းအလယ်တွင်ရပ်ကာ နောက်ခြေထောက်ပေါ် အားပြု၍ ရှေ့လက်များကို ဆောင်းရင်း နှုတ်သီးကို ပွတ်ကာ ကံသာ့ကို ကြည့်သည်။ မခန့်လေးစားပုံ။

သူ့ကို ဒုက္ခ နှစ်ကြိမ်ပေးခဲ့သော ကြွက်ပဲ ဖြစ်ရမည်။

ခန္ဓာကိုယ်က ရေသန့်ဘူးခန့်ရှိ၏။ အမွေးအမျှင်က ထူထူထဲထဲ၊ ဝဝလုံးလုံးနှင့် ကျန်းမာသန်စွမ်းလှသော မြေကြွက်ကြီးသာဖြစ်သည်။

ဘာကြောင့်မှန်းမသိ ကံသာ့ရင်ထဲမှာ ဒေါသက လိမ့်တက်လာ၏။

"ခွေးမသား ကြွက်"

ကံသာ့ဆဲသံကို ကြားတော့မှ ရှေ့လက်နှစ်ချောင်းကို ပြန်ချကာ ခပ်ဖြေးဖြေးပင် ထုတ်တန်းပေါ်မှ လျှောက်ကာ စီလင်ပြားကပ်ထားသော အပေါက်ထဲ ဝင်ကာသွား၏။ ကံသာ တစ်ကိုယ်လုံး အားကုန်ကာသွားလေသည်။

✿✿✿

ကံသာ့ပုံစံက ရုံးတက်ရန် သွားနေသူ လူတစ်ယောက်နှင့် မတူ။ ဂျာမန်အော့(စ်)ဝတ်အကျဉ်းဆောင်သို့ သွားနေရသော ဂျူးလူမျိုးတစ်ယောက်ပုံစံမျိုးနှင့်သာ တူသည်။ Company ရောက်တော့ ယွန်းဝသုန်ထိုင်သည့် ဝင်စာထွက်စာစားပွဲမှာ လူတွေ စုံနေပြီ။ တိုးတိုး တိုးတိုး လုပ်နေကြသဖြင့် မနေ့ကကိစ္စသည် လမ်းပေါ်မှာတင် မပြီး၊ မအေးချမ်းဆိုတာကို ကံသာ လုံးဝသိလိုက်ပြီဖြစ်၏။

ပျင်းရိငြီးငွေ့ဖွယ်ရာ မပြောင်းမလဲလုပ်ရသော Company ၏ အလုပ်များကို ခုခံကျော်လွှားနိုင်ရန်အလို့ငှာ ကိစ္စထွေထွေထူးထူးတစ်ခုရလျှင် ဝေဖန်ကြ၊ လှေလာကြ၊ သိချင်ကြ၊ အတင်းပြောကြခြင်းသည်



BURMESE CLASSIC .com

www.burmeseclassic.com



Company ၏ သက်စောင့်ဆေးတစ်မျိုးလိုပင် ဖြစ်သည်။

တလောက မဂ္ဂဇင်းတစ်စောင်တွင် AIDS ရောဂါသည်…၊ ဟိုးရှေးခေတ်သင်္ဘောသားများဖြစ်သော ကိုလံဘတ် (Columbus)တို့ ခေတ်ကတည်းက စတင်ဖြစ်ခဲ့သည်ဟု ကံသာ ဖတ်ခဲ့ရ၏။ ထိုသို့ဆိုလျှင် အတင်းပြောခြင်းနှင့် ပုံကြီးချဲ့ခြင်းဟူသော မိန်းမတို့၏ ရောဂါကြီးမှာလည်း ဟိုးရှေးခေတ် Company ဝန်ထမ်းများမှပင် စတင်ခဲ့သည်ဟု ကံသာ ကျိန်းသေယုံကြည်သည်။

ယွန်းဝသုန်နားတွင် ဒေါ်တင်လေးမြင့်၊ ဒေါ်မြင့်စန်းရီ၊ ဒေါ်မာမာချို၊ ဒေါ်မြကြည်…စသော အသက်အတော်ရ ဝန်ထမ်းများရှိသလို သန်းသန်းဌေး၊ ရီရီမြင့်၊ ရနီနွယ်၊ မြသီတာဦး…၊ အေးအေးမြိုင်နှင့် စောသွဲ့သွဲ့မြင့်တို့ကိုလည်း တွေ့ရ၏။ တော်သေးသည်၊ ယောကျ်ားများကို မူ မတွေ့ရ။

အေးအေးမြိုင်၏ အသံစာစာကို မသဲမကွဲကြားရ၏။ ဒေါ်မြကြည် ၏ အသံကျယ်ကျယ်ကိုလည်း ကံသာ ကြားရ၏။

"အမယ်လေး ယောကျ်ားတွေက ဒီလိုချည်းပဲ၊ တစ်ကောင်မှ လွယ်တာမဟုတ်ဘူး၊ ဒါမျိုးကို သည်းခံနေရင် ပိုဆိုးလိမ့်မယ်"

ဒေါ်မြကြည်က ယောကျ်ားထုကြီးတစ်ရပ်လုံးကို အနိုင်ရသည့် လေသံဖြင့် ထုံးစံအတိုင်း ခပ်ကျယ်ကျယ်ပြောရင်း သူ့လက်နှိပ်စက်ခုံသို့ ရွေ့သွားသည်။ ဒေါ်တင်လေးမြင့်တို့က မေးလို့ကောင်းတုန်း ယွန်းဝသုန်၏ မျက်နှာမှာ နီရဲကာ နေ၏။ မျက်ဝန်းတွေက ဒေါသဖြင့် လဲ့ကာနေသည်။ သို့သော် ယွန်းဝသုန်၏ အသံကိုမူ မကြားရ။

ကံသာ ထိုင်ခုံမှာထိုင်ရင်း ချွေးပြန်လာသည်။

ဒီနေရာမှာ မနေချင်တော့။ ဖြစ်နိုင်လျှင် ထသွားကာ အားလုံး ကို ဆွဲဖယ်ပြီး ရှင်းပစ်လိုက်ချင်သည်။ စကားတွေက ဘယ်အထိ ရောက်ကာ ကောက်ချက်တွေက ဘယ်လိုဖြစ်နေပြီဆိုတာ ကံသာမသိ။ ယွန်းဝသုန်နှင့် စကားပြောရင်း သူ့ကို လှည့်ကြည့်ကြသည့် မျက်လုံးတွေ ကတော့ မလိုမုန်းထား မျက်လုံးများသာ ဖြစ်သည်။



BURMESE CLASSIC .com

www.burmeseclassic.com



"ကောင်လေး မင်း မနေ့က ဘာတွေဖြစ်လာတာလဲ၊ ပြဿနာတွေ ကြားရတာ စိတ်မချမ်းသာစရာပါလား"

ကံသာ့ခုံနားသို့ လာရပ်ပြီး မေးသော ဦးတင်ကိုအောင်နှင့် ဦးမောင်ညိုတို့၏ စကားကြောင့် ကံသာ့မျက်နှာ ဘယ်လိုထားရမှန်းမသိ။ အနားကို မသွားသော ယောက်ျားတွေပါ သိကုန်ပြီဆိုလျှင်...

"မဟုတ်ဘူး အစ်ကိုကြီး၊ ကျွန်တော်..."

"မဟုတ်ဘူး လုပ်မနေနဲ့ မောင်ရင်၊ ပြဿနာက တော်တော်ကြီးနေပြီ၊ ခုနက ကောင်မလေး ငိုတာ တွေ့တယ်၊ မင်း သွားတောင်းပန်လိုက်ပါလား၊ ဟိုဟာကို သွားကိုင်တာဆို"

ဦးမောင်ညို လက်ချောင်းများကို ဆုပ်ချည်ဖြန့်ချည်လုပ်ကာ ပြ၏။ ကံသာ ဝုန်းခနဲ ထရပ်သည်။

"မဟုတ်ဘူး၊ ဒါ ဘယ်သူပြော..."

"ကံသာ M.D က သူ့ဆီ ခဏလာခဲ့ပါဦးတဲ့"

ကံသာ ခေါင်းငိုက်စိုက်ကျသွားသည်။ ဘာများ တတ်နိုင်ဦးမည်နည်း။

✿✿✿

M.D ဦးအောင်သိန်းက နဂိုကတည်းက တင်းထားသော မျက်နှာပေါ်တွင် မျက်မှောင်ပါ ကျုံ့ထားသဖြင့် ပို၍ ကြည့်ရဆိုးနေသည်။ ခေါင်မိုးပေါ်က ပန်ကာက တဝီးဝီးလည်နေသည်။ M.D ရှေ့မှာ ထိုင်နေသော ယွန်းဇလုံက ခေါင်းကို အနည်းငယ် ငုံ့လျက် စက္ကူဖြင့် ဖန်သီးတုံးကို လက်သည်းရှည်ကလေးများနှင့် ဖိခြစ်နေသည်။ M.D က ကံသာ့ကို မော့ကြည့်ပြီး မျက်မှောင်ကျုံ့ထားတာ ခုထိပင်ဖြစ်သည်။ ဘာစကားကိုမှ မပြောသေး။

ကံသာ ရှက်လွန်းသဖြင့် လဲသေချင်သည်။ ရင်ထဲမှာ စကားလုံးတွေက ခုန်ပေါက်နေကြသော်လည်း တိတ်ဆိတ်ငြိမ်သက်နေသော အခန်း



BURMESE CLASSIC .com

www.burmeseclassic.com


နှင့် တင်းမာပြတ်သားစွာ မာထန်နေသော M.D မျက်နှာတို့ကြောင့် ကံသာ ဘာကိုမှ မရှင်းချင်တော့။ တစ်ဖက်သို့ လှည့်နေသော ယွန်းဝသုန် မျက်နှာပေါ်မှာရော ဘာတွေရှိမလဲ၊ အထင်သေးခြင်းနှင့် မာနမှ လွဲ၍ ဘာမှ မရှိနိုင်။

ကံသာ သက်ပြင်းကို ချလိုက်သည်။ ရင်ထဲမှာ ခုန်ပေါက်နေသော စကားလုံးများ ငြိမ်သွားကြ၏။ တစ်ခုနှင့်တစ်ခု လုံးထွေးကာ မာခဲသွားကြခြင်းဖြစ်လိမ့်မည်။ M.D က မတ်တပ်ရပ်နေသော ကံသာ့ကို မဲ့ပြုံး ပြုံးကာ မော့ကြည့်သည်။

''ကဲ ဘာပြောချင်သေးလဲ ကံသာ၊ မင်း မနေ့က ဒီမိန်းကလေးရဲ့ တင်ပါးကို လိုက်ကိုင်တယ်ဆိုတာ ဟုတ်သလား''

''......''

''မင်း လုပ်ပုံက ယောကျ်ားတစ်ယောက်အနေနဲ့ဆိုရင် တော်တော်ရှက်ဖို့ကောင်းတဲ့ အပြုအမူပဲ၊ ပြန်မေးရမှာတောင်မှ ဘာမေးရမှန်း မသိလောက်အောင်ကို ရှက်ဖို့ကောင်းတယ်၊ မင်း ဘာကြောင့် ဒီလို လုပ်ရတာလဲ''

''......''

''ဟော့ကောင် ပြောလေကွာ၊ ငါ မေးနေတာ မကြားဘူးလား''

M.D လေသံက မာထန်စူးရှစွာ ထွက်လာသည်။ ယွန်းဝသုန်က ဘာအသံမှ မထွက်သော ကံသာ့ကို ဖျတ်ခနဲ တစ်ချက်လှည့်ကာ ကြည့်သည်။ M.D စကားများကြောင့် ကံသာ့ရင်ထဲမှာ ရှက်စိတ်က ရှန်းကန်ခုန်ထသည်။ ထို့နောက် ဒေါသ...ဒေါသသည် စကားလုံးမဲ့ အသံမဲ့ ခုန်ပေါက်နေပြီးနောက် ရင်တစ်ခုလုံး ပြိုကျလာသော ဝမ်းနည်းခြင်း၊ ထိုဝမ်းနည်းခြင်းသည် အတော်အံ့ဩဖို့ကောင်းသော ဝမ်းနည်းခြင်းသာ ဖြစ်ပါသည်။ ထိုဝမ်းနည်းခြင်းရင်ထဲမှာ ရှိနေသမျှ ကာလပတ်လုံး ဘယ်သူက ဘာပဲပြောပြော ဘာပဲလုပ်လုပ် ဘာမှ မတုန်လှုပ်တော့ဆိုသည့် ခံစားမှုနှင့် အင်အားပြည့်နေသော ဝမ်းနည်းခြင်းမျိုးသာ ဖြစ်၏။

''အေး မင်းလုပ်ရပ်က မိန်းကလေးမပြောနဲ့ ယောကျ်ားလေး

www.burmeseclassic.com



ချင်းတောင် ပြောရမှာ ရှက်ဖို့ကောင်းတဲ့ ကိစ္စမျိုးကွ၊ ကဲ မင်းလုပ်ရပ်ကို မင်း ဝန်ခံတယ်ဆိုရင် သူ့ကို တောင်းပန်လိုက်''

ကံသာ ဘာကိုမှ မကြည့်။ နှုတ်ဖျားမှ ဘာသံမှလည်း ထွက်မလာ။

''ဟော့ကောင် တောင်းပန်လိုက်လေ''

''ကျွန်…ကျွန်တော် မတောင်းပန်နိုင်ဘူး M.D''

''ဘာကွ၊ ငါက အသက်ညှာဆုံး အပြစ်ကို ပေးတာတောင် မင်းက ပမာမခန့်နဲ့ပေါ့ ဟုတ်လား၊ သိက္ခာကျမှာ ကြောက်နေရင် ဘာဖြစ်လို့ သိက္ခာမရှိတဲ့ အလုပ်ကို လုပ်ရတာလဲ''

''……''

''တောက် မင်း တော်တော်လူပါးဝပါလား ကံသာ၊ အေး ငါပေးတဲ့အပြစ်ကို မင်း မလိုက်နာဘူးဆိုရင် မင်း အလုပ်က ထွက်ပါ''

''အန်ကယ် ကိစ္စမရှိပါဘူး၊ သမီးကို နောက်ထပ် မနှောင့်ယှက်ရင် တော်ပါပြီ''

''မလိုချင်ဘူးကွ၊ ဒီ Company မှာ ငါ M.D၊ ငါပေးတဲ့ အပြစ်ကို မင်း မလိုက်နာဘူးဆိုရင် မင်း အလုပ်က ထွက်၊ အခု ထွက် ဒါပဲ''

''ဟာ မဟုတ်ပါဘူး အန်ကယ်၊ သမီးက…''

စကားကို ကံသာ ဆုံးအောင်နားထောင်မနေတော့။ အခန်းထဲက ထွက်လာခဲ့သည်။

အခန်းထဲ ပြန်ဝင်လာသော သူ့ကို အားလုံးက ဝိုင်းကြည့်နေကြ၏။ အခန်းထဲမှ အပ်ကျသံမကြားရအောင် တိတ်ဆိတ်နေကြ၏။ ဦးတင်ကိုအောင်က မေးဆတ်ကာ ဘာလဲဆိုသည့် သဘောနှင့် မေးသည်။ ကံသာ ဘာမှ ပြန်မဖြေ။ အံဆွဲကို သော့ခတ်ကာ သော့တွဲကို စားပွဲပေါ် တင်လိုက်သည်။

''ဟဲ့ ကံသာ M.D က ဘာတဲ့လဲ''

www.burmeseclassic.com



အထိတ်တလန့် လေသံသဲ့သဲ့ဖြင့် မေးလာသော ဒေါ်တင်လေးမြင့်၏ မေးခွန်းကိုလည်း ပြန်မဖြေဘဲ ကံသာ လှည့်ထွက်လာခဲ့သည်။

ထူးဆန်းသည်က ကံသာ့ရင်ထဲမှာ ဘာမှ မခံစားရခြင်းပင်ဖြစ်၏။

တစ်ခုခုကို အသေအချာခံစားကြည့်လိုက်လျှင် ကံသာ့စိတ်ထဲမှာ လက်ဖက်ရည်ချိုကျတစ်ခွက်နှင့် စီးကရက်တစ်လိပ်ကို ဖွာချင်စိတ်သာ ရှိနေခဲ့သည်။

ဝမ်းနည်းခြင်း၊ စိုးရိမ်ခြင်း၊ ကြောက်ရွံ့ခြင်းတို့က ကံသာ့အိပ်ခန်း ကလေးထဲရောက်မှ စတင်သည်။

ကံသာ့အသက်(၃၄)နှစ်အထိ လူရှေ့သူရှေ့မှာ ယခုအကြိမ် လောက် တစ်ခါမှ ပက်ပက်စက်စက်အပြောမခံရဘူးခဲ့။ အပြောခံရသည့် စကားလုံးတွေက ကြမ်းတမ်းသည့်အပြင် အပြောခံရသည့် ကိစ္စက တစ်ဖက်သတ် အထင်လွဲခံရသော အရှက်မဲ့စရာ အဖြစ်မျိုး။ ကံသာ့ ဘဝတွင် ဘယ်မိန်းကလေးနှင့်မှ ပတ်သက်၍ လူသိရှင်ကြား ပြဿနာ မတက်ဘူးသေးပါ။ ထိုပြဿနာ၏ အစသည် သူ၏ အစိုးရိမ်လွန်ကဲခြင်း ဖြစ်ပြီး ထိုပြဿနာကို ဒီလောက်တွန်းပို့လိုက်သော အခြေခံအချက်သည် ယွန်းဝသုန်က သူ့ကိုသူ အရမ်းလှသည်ဟု အထင်ကြီးနေသော စိတ်သာ လျှင် ဖြစ်သည်။

သူ့အနားကို ကပ်လာသော လူတိုင်းသည် သူ့ကို ရည်းစားစာ ပေးလိမ့်မည်ဟူသော အထင်ကြီးစိတ်က ဒီပြဿနာကို ပို၍ ရှင်းရက်စေခြင်းဖြစ်သည်။ ယွန်းဝသုန်သာ အသားမဲမဲ၊ သွားခေါခေါ၊ ခြေခွင်ခွင် ဖြစ်နေလျှင် ဒီလိုထင်စရာမရှိ။ ပတ်ဝန်းကျင်ကလည်း ဟုတ်လိမ့်နိုး သံသယဖြစ်စရာမရှိ။ ဒါကြောင့် ရှေးပညာရှိများက လှသော မိန်းကလေး များသည် ပိုကြောက်စရာကောင်းသည်ဟု ရေးခဲ့ မှတ်ချက်ချထားခဲ့ဟန် တူသည်။ ထားတော့…။

အခု ကံသာ အလုပ်က ထွက်လိုက်ပြီ။

သူ့တစ်ကိုယ်ရေ ရပ်တည်ရေးအတွက် ဘာအလုပ်ကို လုပ်ရမည် နည်း။



BURMESE CLASSIC .com

www.burmeseclassic.com



သူ့ဆီမှာ ဘောနက်(စ)ရထားသော ငွေငါးထောင်ကျော် ကျန်သေးသော်လည်း အားကိုးချ်မရ၊ ဆယ်ရက်လောက် အလုပ်ရှာရန်တော့ လုံလောက်လိမ့်မည်။ သို့သော်...သူ့ကို သာမန် B.Sc ဘွဲ့လောက်နှင့် ဖော်ကွန်ပြီမှာ ဘာအလုပ်ကို ရနိုင်မည်နည်း။ သူက Computer လည်း မနိုင်တတ်၊ ဘာသာစကားကိုလည်း ဘာ ဘာသာမှ မတတ်။

အခုလုပ်နေသည့် အလုပ်ပင်လျှင် လွန်ခဲ့သော (၃)နှစ်ခန့်က ဝင်ထားခဲ့၍ ရခြင်းဖြစ်၏။

အခုတော့ ကံသာ အလုပ်လက်မဲ့ဖြစ်သွားပြီ။ ထင်မှတ်မထားသော မိန်းကလေးတစ်ယောက်ကြောင့် ကံသာသည် သူ့ဘဝကို ဒီလောက်ပြောင်းလဲသွားလိမ့်မည်ဟု ဘယ်တုန်းကမှ ထင်မထားခဲ့။

အဆိုးဆုံးမှာ တစ်ရုံးလုံးက သူ့ကို သိက္ခာမရှိသူဟု ထင်သွားခြင်းပင်ဖြစ်၏။

ကံသာ အိပ်နေရာမှ ငေါက်ခနဲ ထထိုင်သည်။

ဘယ်သူမှ မရှိသော အိမ်ထဲမှာပင် ကံသာ ဘယ်သူ့ကို ရှက်နေမှန်းမသိ။ ဘယ်သူ့ကို ဒေါသဖြစ်မှန်းမသိ၊ ကံသာ စာရွက်အလွတ်တစ်ထပ်ကို စားပွဲပေါ် တင်လိုက်သည်။ သူ့ အလုပ်ထွက်စာ ရေးရဦးမည်။ ပြီးတော့ သူ့ဂုဏ်သိက္ခာအတွက် စာတစ်စောင်ရေးရဦးမည်။

ပထမတစ်စောင်ကို M.D နာမည်နှင့် ရေးသည်။ စာက တိုတိုနှင့် လွယ်လွယ်ပင်။ ဘာမှမခက်။ နောက်တစ်စောင်ကို ဝတ်ဆံများ ကုမ္ပဏီ လိပ်စာတပ်ကာ အောက်မှ ယွန်းဝသုန်၏ အမည်ကို ရေးလိုက်၏။ ထိုစာကို ကံသာ စနစ်တကျ သတိထားရေးသည်။ သူ့စာသည် တောင်းပန်သောစာ မဖြစ်စေရ။ သူ့ဂုဏ်သိက္ခာကို သူကိုယ်တိုင် ယုံကြည်သောဖြစ်ရပ်မှန်သမျှကို သူ့ဘက်က ရိုးသားစွာ ဖြစ်ခဲ့ခြင်းဖြစ်ကြောင်း အသိပေးသော စာသာဖြစ်ရမည်။

ပထမတစ်ကြိမ် ရေးပြီးသွားပြီ၊ ဖတ်ကြည့်သည်။

မကြိုက်၊ သူ့စာမှာ ဒေါသသံပါသော စကားလုံးများများနေသည်။ ရှင်းပြသည့်စာနှင့်မတူဘဲ မကျေနပ်ချက်ထဲ ဖတ်ရလေ့ရှိသော ဝေဖန်ရေး



BURMESE CLASSIC .com

www.burmeseclassic.com


စာနှင့် အတော်တူနေသည်။ မဖြစ်သေး။ ထိုစာထဲမှာ ကြိုက်သော စာကြောင်းများကို မှတ်ကာ ဒုတိယအကြိမ် ပြန်ရေးသည်။ ရေးရင်း ရပ်ပစ်လိုက်ရသည်။ ဆက်ရေးလျှင် သူ့စာက ရည်းစားစာဖြစ်တော့မည်။ တတိယအကြိမ်၊ စတုတ္ထအကြိမ်၊ ပဥ္စမအကြိမ်၊ ...။

နောက်ဆုံး(၃)နာရီ ထိုးခါနီးတွင် ကံသာ လုံးဝ ကျေနပ်သော စာတစ်စောင်ကို ရရှိသည်။

ကံသာ ဝမ်းသာအားရ ခါးဆန့်ကာ ဆေးပေါ့လိပ်ဖွာရင်း စာကို အရသာခံဖတ်ပြီး စာလုံးအကျအပေါက်စစ်သည်။ ဆေးပေါ့လိပ်ကို ဖွာရင်း အရာရာကို ကျေနပ်နေခဲ့၏။

ဂုဏ်သိက္ခာရှိသော ယောက်ျားတစ်ယောက်သည် အနစ်နာခံ တတ်ရ၏။ သို့သော် ထိုအနစ်နာခံခြင်းသည် အချည်းအနှီးတော့ မဖြစ်စေရ။ စာအိတ်ထဲသို့ ကံသာ စာကို သေသေချာချာထည့်ပြီး အိပ်ရာပေါ် လှဲချလိုက်သည်။

သို့သော် ကံသာ အိပ်၍ မပျော်သေး။ မနက်ဖြန် သောကြာနေ့ ထိုစာကို ထည့်လိုက်လျှင် တနင်္လာနေ့တွင် Company သို့ ထိုစာရောက်မည်။ အတွေးထဲမှာ အလွတ်နီးပါးရနေသော စာကို ရွတ်ကြည့်နေမိသည်။

ထိုစာကို ဖတ်ပြီးလျှင် ယွန်းဝသုန် မည်ကဲ့သို့ ခံစားရမည်နည်း။ ထိုအတွေးနှင့် ကံသာ အိပ်မပျော်၊ ပြတင်းပေါက်မှာ အာရုံပေါ်လာမှ မှေးခနဲ ပျော်သွားသည်။

ထိုညက ကံသာ ထုံးစံအတိုင်း အိပ်မက်မက်သည်။

သို့သော် ထုံးစံအတိုင်း ကံသာ ထိုအိပ်မက်ကို မမှတ်မိ။ မှတ်မိတာ တစ်ခုပဲရှိသည်။ ကံသာမက်သော အိပ်မက်ထဲတွင် ယွန်းဝသုန် ပါသည်ဆိုတာပဲ ဖြစ်သည်။

✿✿✿

Company ရုံးခန်းသည် ထုံးစံအတိုင်း ခြောက်ခြောက်ချက်ချက်


BURMESE CLASSIC .com

www.burmeseclassic.com


အသံ၊ တယ်လီဖုန်းအသံ၊ မသဲမကွဲစကားသံ၊ စာရွက်လှန်သံ၊ စကားသံ ခွဲသံတို့ဖြင့် လည်ပတ်လျက်ရှိသည်။ ကျန်သည့် စားပွဲများတွင် လူများ ရှိနေပြီး ကံသာ့စားပွဲမှာ ကံသာမရှိသည့်အတွက် ကွက်လပ်ကြီးတစ်ခုလို ဖြစ်နေ၏။ ကံသာ့ထိုင်ခုံသည် ငြိမ်ငြိမ်ဆိတ်ဆိတ် လေးလေးကြီးရှိနေသည်။ ထိုထိုင်ခုံတည်ရှိနေပုံက သူ့အပေါ်တွင် (၃)နှစ်နီးပါး ထိုင်ခဲ့သော အူတီး အူကြောင်နှင့် အင်မတန် ကတ်သီးကတ်သတ်နိုင်သော သူ့သခင်မှ လွဲ၍ ဘယ်သူကိုမှ လက်မခံဟူသော သူ့သခင်လို ပေကတ်ပုံမျိုးနှင့် တည်ရှိ နေသည်ဟု ထင်ရသည်။

ယွန်းဝသုန်သည် ထိုထိုင်ခုံကို မကြည့်မိအောင် သတိထား သော်လည်း မကြာခဏ ကြည့်မိနေသည်။ လူမရှိသော ထိုင်ခုံကို မြင်ရတိုင်း သူ့ကြောင့်ဆိုသည့် ကိစ္စကို မတွေးဘဲ မနေနိုင်။ လူမရှိသော စားပွဲခုံကို ကြည့်လိုက်မိတိုင်း "ကျွန်တော် မတောင်းပန်နိုင်ဘူး M.D"ဆိုသည့် စကားသံကို ယွန်းဝသုန်ပြန်ကြားရသလို ထင်ရသည်။ ထိုစကားလုံး ထိုလေသံတွင် ကျွန်တော် မှားတာ မဟုတ်ဘူးဆိုသော အဓိပ္ပါယ်သည် ပေါ်လွင်နေသည်ဟု ဝသုန်ထင်၏။

မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ၊ တောင်းပန်လိုက်လျှင် ပြဿနာက ပြီးပြီ။ ကိုယ့်ရိုးသားမှုအပေါ်မှာ ခိုင်ခိုင်မာမာ ရပ်တည်သွား သည့်အတွက် ကံသာဆိုသော လူကို သူက ချီးမွမ်းရမှာလား၊ ဝသုန် အတွေးကို ရပ်ကာ နှာခေါင်းရှုံ့လိုက်၏။

ယွန်းဝသုန်လည်း သူ့ဘဝတစ်လျှောက်လုံးတွင် ပြဿနာ တက်ခဲ့တာဆို၍ ဒီတစ်ကြိမ်သာရှိသည်။ အိမ်မှာ မေမေ့ကို ပြောပြ တော့ မေမေက ဘယ်သူမှားသည်ဖြစ်စေ၊ ယောကျ်ားတစ်ယောက်ကို ဒီလို အရှက်ခွဲခြင်းသည် သူ့အတွက် မကောင်းကြောင်း ပြောပြ၏။ ယောကျ်ားများသည် ရှက်သွားပြီဆိုလျှင် ရှက်ရမ်း ရမ်းတတ်ကြသည်ဟု ဆိုသည်။ ရုံးအပြန် ရုံးအသွားတွေမှာ သမီးကို လိုက်နှောင့်ယှက်ရင် ဘယ့်နှယ်လုပ်မလဲဟု မေးသည်။

ယွန်းဝသုန်ကြောက်သွားကာ မနေ့ကရော ဒီနေ့ပါ စောသွဲ့ကို


BURMESE CLASSIC .com

www.burmeseclassic.com


အဖော်ခေါ်ပြီး ပြန်ရ၏။ ပြီးတော့ ထိုကိစ္စကိုလည်း ပြောပြမိသည်။ စောသွဲ့က သူ့ပုံစံအတိုင်း အေးအေးပင် ရယ်သည်။

"ကြောက်မနေပါနဲ့ ယွန်းရယ်၊ ကံသာ တော်တော်ရှက်သွားတယ် ဆိုတာတော့ တို့လဲ သိပါတယ်။ ဒါပေမယ့် ဒီကောင် ဒီလိုလုပ်တတ်တဲ့ လူမျိုးမဟုတ်ပါဘူး၊ ဒီကောင်က အရင်က ရုံးမှာ ဘာပြဿနာမှ တက်ဖူးတာမဟုတ်ဘူး အေးလည်းအေးတယ်။ ဘယ်မိန်းကလေးနဲ့မှလည်း သိပ်ရောတာ မဟုတ်ဘူး အဲ နည်းနည်းတော့ အူကြောင်ကြောင်နိုင်တယ်"

"စောသွဲ့ကသာ ပြဿနာ မရှိဘူးပြောတာ၊ ယွန်းတော့ စရောက်ပြီး နောက်နေ့ကတည်းက သူ့ပြဿနာကို စကြုံရတာ၊ သဘူတောတဲ့ ကိစ္စလေ"

မျက်လုံးကလေးပြူးပြီးပြောသည့် ယွန်းဝသုန်စကားကြောင့် စောသွဲ့က ရယ်လေသည်။

"တို့လည်း ယွန်းကို ပြောမလို့ စဉ်းစားနေတာ၊ ဒါပေမယ့် တို့ စဉ်းစားတာ ကြာသွားတော့ ပြဿနာတွေ တက်ကုန်တာ"

"ဘာလဲဟင် စောသွဲ့၊ ဘာပြောမလို့လဲ"

"ကံသာ့ကိစ္စပေါ့၊ အဲဒီနေ့က ဒီကောင် ယွန်းနောက်ကို လိုက်တယ်၊ စာအိတ်ကို ထုတ်တယ်၊ ပထမ တို့က စာပေးမလို့ထင်တာ၊ နောက် ယွန်းအနားကိုရောက်တော့ ယွန်းခြေထောက်ကို တက်နင်းမိလို့ ဒီကောင်အရှောင် ယွန်းပခုံးနဲ့ ထပ်တိုက်မိတော့ လဲမလိုဖြစ်ပြီး ထိမိတာပါ၊ တမင်ကိုင်တာမဟုတ်ဘူး၊ ပြီးတော့ စာကလည်း ပေးတာမဟုတ်ဘူး၊ ယွန်းမယူတဲ့ ပိုက်ဆံကို လိုက်ပေးတာတဲ့၊ ဦးမောင်ညိုက တို့ကို ပြောတယ်"

စောသွဲ့စကားကြောင့် ယွန်း ခပ်ငေးငေးစဉ်းစားသည်။

"ကျွန်တော် မတောင်းပန်နိုင်ဘူး M.D" ဆိုသည့် စကားကို ကြားရ၏။ ယွန်း စိတ်ထဲမှာ တစ်မျိုးကြီးဖြစ်သွားသည်။

"ဘာကိုပဲ ထိထိပါ၊ ယွန်းလည်း တိုင်ချင်စိတ်မရှိပါဘူး၊ အဲဒီနေ့ကလည်း မှုန်ထူပြီး ဘာကို ဘယ်လိုထိမှန်းတောင် သိတာမဟုတ်ဘူး၊


BURMESE CLASSIC .com

www.burmeseclassic.com



အေးအေးချို်င် ဟုတ်တယ်ဆိုလို့၊ ပြီးတော့ ရုံးမှာ အဲဒီပြဿနာက ကျွတ်ပြီးသိနေပြီလေ၊ မတိုင်ရင် ယွန်း အရှက်ကွဲတော့မှာမို့ တိုင်မိတာပါ"

"အေးကွာ၊ တို့နဲ့အတူ လက်တွဲလာတဲ့ ဝန်ထမ်းတစ်ယောက် အဲလိုဟုတ်တဲ့လူမှုရေးပြဿနာနဲ့ ထွက်သွားရတာတော့ တို့ စိတ်မကောင်းဘူး"

"ယွန်း ဘာလုပ်ရမလဲ ဟင်"

ယွန်းဝသုန် ဝင်စာ တံဆိပ်တုံးကို ဒုန်းခနဲ ထုကာ အမှတ်နှင့် ရေစွဲကို ရေးသည်။ စိတ်ထဲမှာလည်း ငါ ဘာလုပ်ရမလဲဟု စဉ်းစားနေမိ၏။ ဘာလုပ်ရမှန်းလဲ မသိ။ လူမရှိသော ကံသာ၏ စားပွဲခုံကို မြင်ရတိုင်း ယွန်းရင်ထဲမှာ တစ်စုံတစ်ခုကို အားနာပြီး စိတ်မကောင်းဖြစ်နေရသည်။

"ယွန်းရေ ဝင်စာတွေ နံပါတ်တပ်ပြီးပြီလား။ M.D ရောက်နေပြီ ပို့ရတော့မှာ"

"ဟုတ်ကဲ့၊ ဒီတစ်စောင်ပဲ ကျန်တော့တယ် အန်တီမြင့်စန်းရီ ပြီးပြီ"

တနင်္လာနေ့၏ ဝင်စာများကို ယွန်းက ဝင်စာနံပါတ်စဉ်ရေးပြီး File ထဲတွဲကာ M.D ဆီ ပို့ရသည်။ M.D က ဖတ်ပြီး ရေးရာအလိုက် ခွဲကာ ပြန်ချပေး၏။ ထိုရေးရာအလိုက်စာတွေကို အောက်မှ ဝန်ထမ်းတွေက သူ့အကြောင်းအရာလိုက် ဆောင်ရွက်ကြရ၏။

ဝင်စာနံပါတ်ရေးပြီးလျှင် ယွန်း ခဏနားရသည်။ ထွက်စာက ရွက်စရာ မနက်ပိုင်းမရှိတတ်၊ Computer စာရေး ဒေါ်မြကြည်က အခုမှ စာတွေ ရိုက်တုန်းဖြစ်သည်။

❁❁❁

M.D ဦးအောင်သိန်းက ယွန်းဝသုန်လာပို့သွားသော တနင်္လာနေ့၏ ဝင်စာတစ်ထပ်ကြီးကို မျက်စောင်းလှမ်းထိုးကာ အလိုလို စိတ်တို



BURMESE CLASSIC .com

www.burmeseclassic.com



သွားသည်။ ယွန်းဝသုန်၏ လှပသော အပြုံးနှင့် ရေမွှေးရနံ့ကိုလည်း စိတ်မဝင်စားနိုင်။ မိန်းမများအားလုံးသည် အတူတူပဲ ဖြစ်သည်။ တစ်ယောက်မှ မကောင်း။ ဒီယွန်းဝသုန်ဆိုသည့် ကောင်မလေးကို သူယူလျှင်လည်း အခု သူ့မိန်းမနှင့် ခံစားနေရသော ဒုက္ခမျိုးကို သူ ခံစားရဦးမည်သာ ဖြစ်သည်။

M.D က အသက်လေးဆယ်ကျော်မှ မိန်းမရသဖြင့် သူ့မိန်းမကို တုန်နေအောင်ချစ်သည်။ သူ့ထက် ဆယ့်ငါးနှစ်ခန့်ငယ်သော မိန်းမကို ယူထားမိသဖြင့် အလိုလိုက်ရတာကလည်း အမော၊ သင်ရကြားရတာကလည်း အမော၊ ဒါပေမယ့် မိန်းမတွေက ဒီလိုပဲဖြစ်သည်။ ဘာမှမဟုတ်။

အခု သူ့မိန်းမက အိမ်မှာမရှိ၊ သောကြာနေ့ ညနေကတည်းက သူ့မိဘအိမ်သို့ သွားနေသည်။ တနင်္လာနေ့ သူ ရုံးကို ထွက်လာသည် အထိ ပြန်မလာသေး။ M.D က တနင်္ဂနွေရုံးပိတ်ရက်ကလေးမှာ အသစ်စက်စက် မိန်းမကလေးနှင့် အတူနေချင်သည်။ ဘုရားကလေး ဘာလေး သွားချင်သည်။ မိန်းမ၏ ချက်ပြုတ်ကျွေးသော ထမင်းဟင်းကို အရသာမရှိသည့်တိုင် စားချင်သည်။ အခုတော့ တစ်ယောက်တည်း နေရ၏။ သွားခါတော့လည်း ပြန်မလိုက်၊ တနင်္လာနေ့မှ လာမည်ဟု ဆိုသည်။ တနင်္လာနေ့ရောက်တော့ ရုံးသွားရမည့်အချိန်ထိ ပြန်မရောက်လာ။ မိဘကို ဒီလောက်ချစ်နေလျှင် အဘယ်ကြောင့် လင်ယူရသနည်း။

လောကနီတိထဲတွင် မိန်းမများ ပျက်စီးရာ ပျက်စီးကြောင်းထဲ၌ မိဘအိမ်သို့ အခါများစွာသွားခြင်းဆိုသည့် အချက်လည်း ပါသည်။ ပြန်လာမှ ဆုံးမဦးမည်။ မိန်းမ မရှိ၍ မကျေနပ်သည့်ကိစ္စကို တစ်ယောက်တည်း နေရသဖြင့် ဘယ်သူ့ကိုမှ ပြောပြ၍ မရ။ ရုံးမှာ ပြောပြန်လျှင်လည်း M.D တို့၏ ဂုဏ်သိက္ခာနှင့် မသင့်တော်။ ဒီတော့ ရင်ထဲမှာသာ မျိုသိပ်ကာ ဒေါသဖြစ်နေရသည်။ မိန်းမဆိုတာ ဘာမှမဟုတ်ဆိုတာကို အနှစ်လေးဆယ်ရောက်မှ သိလိုက်ရသဖြင့် M.D ရင်ထဲမှာ ခံပြင်းလျက်ရှိသည်။

ဒါကို ကံသာဆိုသည့်ကောင် သိမသွား။ ယွန်းဝသုန်၏ မဖွယ်ရာကို လိုက်ကိုင်သည်တဲ့။ ဘာမှမဟုတ် ထိုအရာသည် ဘာမှမဟုတ်ဆိုတာ

BURMESE CLASSIC .com

www.burmeseclassic.com



ကို တစ်နေ့တော့ အေးအေးဆေးဆေး ခေါ်ပြောရဦးမည်။ ကံသာ့မှာ သူနှင့်တူသည့်အချက်တွေ အများကြီးရှိသည်။ တစ်ယောက်တည်း နေရခြင်း၊ ဒီအရွယ်အထိ အိမ်ထောင် မကျခြင်းနှင့် အနည်းငယ် ကပ်သီးကပ်သပ်နိုင်ခြင်းတို့ဖြစ်၏။ သူ့ရဲကောင်းတစ်ယောက်နှယ် ရင်ကိုကော့ကာ ကျွန်တော် မတောင်းပန်နိုင်ဘူး M.D ဆိုသော ကံသာ့ပုံကို ပြန်မြင်ကာ M.D ဒေါသဖြစ်ရပြန်၏။

"ခွေးမသား နလပိန်းတုံးကောင်"

ဒေါသဖြင့်ဆဲရင်း ရှေ့မှ ဝင်စာများကို ဆောင်ရွက်ရန်ဟု ရေးချကာ Sign အတို ထိုးပေးလိုက်သည်။ ဘဲလ်ကို နှိပ်တော့ ယွန်းဝသုန် ဝင်လာ၏။

"ကဲ ငါဖတ်ပြီးသွားပြီ၊ ရေးရာအလိုက် ခွဲပေးလိုက်၊ အလုပ်လုပ်ရတာ အဆင်ပြေရဲ့လား"

"ဟုတ် အန်ကယ်"

"အေးအေး...ကံသာ့ကို ငါ့ဆီလွှတ်လိုက်စမ်း၊ မင်း သွားမခေါ်နဲ့ တခြားလူကိုခိုင်း"

"ကံသာ၊ သူ သူ ရုံးမတက်ဘူး အန်ကယ်"

"ဟုတ်လား၊ အေးအေး ဒါဆို သွားတော့"

ယွန်းဝသုန်၏ လှည့်ထွက်သွားသော နောက်ပိုင်းကို M.D ကြည့်မိသည်။ ဒါကို သွားကိုင်တာတဲ့၊ အလကားကောင် နလပိန်းတုံး။

စာတွေ ရေးရာအလိုက် ပေးပြီးတော့မှ ယွန်းဝသုန် စောသွဲ့အနား ထိုင်ကာ တိုးတိုးမေးရသည်။

"စောသွဲ့၊ ယွန်းကို M.D ကြီးက ကံသာ့ကို လွှတ်လိုက်စမ်းတဲ့ မေးတယ်၊ ကံသာ အလုပ်ထွက်တာ မသိဘူးလားဟင်"

"မပြောတတ်ဘူး၊ ဟိုကောင်က တရားဝင်ထွက်စာတွေ ဘာတွေမှ မတင်သေးတာ၊ ထွက်တာလား၊ ရှက်လို့ မလာတာလားမှ မသိဘဲ"

"စောသွဲ့ကလည်း M.D က ထွက်လို့ပြောလိုက်တဲ့ဟာကို၊ ခုကျတော့ ကံသာရောတဲ့..."



BURMESE CLASSIC .com

www.burmeseclassic.com



"ဟဲ့…လူကြီးဆိုတာ ပြောပြီးရင် ပြီးသွားတာ၊ M.D က ဒီလိုပဲ ဒေါသကြီးတယ် ပြီးလွယ်တယ်ဆိုတာ ဒီကောင် သိသားနဲ့"

"ယွန်း ဘာလုပ်ရမလဲဟင်၊ M.D ကို ရှင်းပြပြီး တောင်းပန်ပေးလိုက်ရမလား"

ယွန်းစကားကြောင့် စောသွဲ့က တစ်ချက်စဉ်းစားသည်။

"ယွန်း အဲဒီလို လုပ်ပေးရင်တော့ အကောင်းဆုံးပေါ့၊ ဒါပေမယ့် ခုနေဦး၊ M.D မေ့လောက်တဲ့ တစ်ရက်၊ နှစ်ရက်ကြာမှ ကောင်းမှာ ကံသာကတော့လေ သိလား"

ဘာကြောင့်မှန်းမသိ ယွန်း ခွီးခနဲ ရယ်လိုက်သည်။ အခုမှ လူမရှိသော ကံသာ့ထိုင်ခုံကို ကြည့်ရဲသွား၏။ "သဘူတောပါသလား ခင်ဗျာ"ဟု မာန်ပါပါ မိုက်ခွက်ဖြင့် အော်လိုက်ပုံကို ပြန်မြင်သည်။ ယွန်း ပြုံးနေမိသည်။

"ဟဲ့ ဟဲ့ နင်တို့က ပြုံးလို့ ရယ်လို့ပါလား၊ ဒီမှာ ပြဿနာတွေ ဘယ်လိုလုပ်မလဲ"

ဒေါ်လှဲလှဲဝင်းနှင့် ဒေါ်တင်လေးမြင့်က အရေးတကြီးရောက်လာသည်။

"ဘာဖြစ်လို့လဲဟင် အန်တီ"

"အမယ်လေး ဘာဖြစ်လို့လဲတဲ့၊ ငါသေချင်တယ်၊ ဒီမှာကြည့်စမ်း၊ နင် ဝင်စာတွေကို စာအိတ်ကဖောက်ပြီး အကြောင်းအရာကလေးတောင်မှ မဖတ်ဘူးလား။ ဒီမှာ ကြည့်စမ်း နင် ဝင်စာသွင်းထားတဲ့စာက ကံသာ နင့်ကိုပေးတဲ့ ရည်းစားစာကြီး"

"ရှင်"

ထိတ်လန့်တကြား ဝိုင်းကြည့်လိုက်တော့ လှပဝိုင်းစက်သော လက်ရေးဖြင့် ရေးထားသော ကံသာ့စာကို တွေ့ရသည်။



BURMESE CLASSIC .com

www.burmeseclassic.com

ယွန်းဝသုန်

ရှက်ခြင်းနဲ့ ဝမ်းနည်းခြင်းဟာ တိတ်ဆိတ်နေတဲ့ အိမ်လေးထဲမှာ အသံအကျယ်ဆုံး အော်ဟစ်နေကြလို့ ကျွန်တော် အိပ်မပျော်ပါဘူး ယွန်းဝသုန်။

ကျွန်တော့်ယုံကြည်မှု၊ ကျွန်တော့်အမှန်တရားနဲ့ ကျွန်တော် အထီးကျန် နေရခြင်းပါ။ ကျွန်တော် ယွန်းအပေါ် မစော်ကားခဲ့ပါဘူး။ တစ်ရုံးလုံးကရော ယွန်းရော ထင်နေကြသလို ကျွန်တော် ယွန်းရဲ့တင်ပါးကို မကိုင်ခဲ့ပါဘူး။ ထိမိလိုက်တယ်ဆိုရင်တောင်မှ ဘယ်လိုထိမိမှန်း ကျွန်တော် အရသာ မခံခဲ့မိပါဘူး၊ ဒါဟာ အမှန်စကားပါ။

မိန်းမတစ်ယောက်ရဲ့တင်ပါးကို ကျွန်တော် ဘယ်တုန်းကမှ စိတ်မဝင်စားခဲ့ပါဘူး။ မိန်းမတစ်ယောက်ရဲ့ တင်ပါးဟာ ကလေးမွေးတဲ့အခါ အသုံးပြုဖို့ ကြွက်သားတွေ စုဝေးရာနေရာအဖြစ် သဘာဝတရားက ဖန်တီးပေးထားတာလို့ ဆေးပညာစာအုပ်တစ်ခုထဲမှာ ဖတ်ခဲ့ရပြီး အဲဒီလိုပဲ ကျွန်တော် မှတ်သား နားလည်ထားလို့ပါ။ ပြီးတော့ တရားသဘောအရ ဒါတွေဟာ မမြဲတဲ့ကိစ္စ တွေဆိုတာ ကျွန်တော် သိထားပါတယ်။

ဒါပေမယ့် ကျွန်တော့်ကို အဲဒီကြွက်သားတွေက ဝတ်ဆံများကမ္ဘာကြီးက ရိုက်ထုတ်ပစ်လိုက်ပါပြီ။ ကျွန်တော် ကျေနပ်ပါတယ်။ ဒါပေမယ့် ယွန်းဝသုန်ရဲ့ တင်ပါးကို ကျွန်တော် ကိုင်ချင်စိတ်မရှိခဲ့ဘူးဆိုတာကိုတော့ လုံးဝ သိထားပါ။

ဒီစာဟာ တောင်းပန်တဲ့စာ မဟုတ်ပါဘူး၊ အသိပေးတဲ့စာပါ။ ကျွန်တော် အလုပ်က ဒီနေ့ပဲ ထွက်စာတင်ပြီး ထွက်လိုက်ပါပြီ။ ကျွန်တော့်ဘဝမှာ မေ့လို့မရတဲ့ သင်ခန်းစာတစ်ခုအနေနဲ့ ကျွန်တော် ဒီအဖြစ်အပျက်ကို အမြဲသတိရနေပါ့မယ်။

ကံ သာ

www.burmeseclassic.com


"ဟာ ဒုက္ခပဲ၊ အဲဒါဆိုရင် ဒီစာကို ကျွန်မ ပေးထားခဲ့၊ ကျွန်မ မဖတ်မိတာပါ"

"ဟဲ့၊ အခု ဘယ်ပေးလို့ရတော့မလဲ၊ ဝင်စာ နံပါတ်လည်း ရေးပြီးနေပြီ။ ဒီမှာ M.D က လက်မှတ်ထိုးထားတယ်။ ပြီးတော့ ဆက်လက်ဆောင်ရွက်ရန်တဲ့"

"ရှင်"

ကံသာ့စာအောက်တွင် မင်နီဖြင့်ထိုးထားသော M.D ၏ အောင် ဆိုသည့် Sign တိုကို တွေ့ရသည်။ ပြီးတော့ ဆက်လက်ဆောင်ရွက်ရန် တဲ့။ ဒုက္ခပါပဲ။

"ဒီစာကို ပြန်မတင်ဘဲ ထားခဲ့လို့ မရဘူးလားဟင်"

"ဟဲ့ ငါ့ရေးရာမှာ စာက ဆယ့်လေးစောင်ရှိတယ်၊ ပြန်တင်လို့ တစ်စောင် လျော့နေတော့ ငါ့ကို မေးရင် ဘယ်နှဲ့လုပ်ရမလဲ"

ယွန်းဝသုန် ဘာလုပ်ရမှန်း မသိတော့။ ဝင်စာ၊ ထွက်စာဌာနမှာ လူတွေအုံကာလာ၏။ ဘာဖြစ်တာလဲ စပ်စုကြသည်။ ဒေါ်လဲ့လဲ့ဝင်းက အဖြစ်ကို ပြောပြတော့ ကံသာ့စာကို တဝါးဝါးရယ်ကြသည်။

"ဝင်စာမှာကတည်းက ဖျက်လိုက်လေ"

"M.D ကို စာ မှားပေးတာလို့ပြောလိုက်"

"ဒီကောင့်စာက တင်ပါးကို အသေးစိတ် လေ့လာထားတဲ့စာပဲ"

"ဟဲ့ ကောင်မလေး ရှက်နေဦးမယ်"

"ကံသာကတော့လေ၊ ပြစမ်း စာကို"

"ကဲ အဲဒီမှာ ဘာဖြစ်နေကြတာလဲဟေ့"

M.D ရဲ့အသံကို ကြားရသည်။ လူတွေအားလုံး တိတ်သွား၏။ ယွန်းဝသုန် ဘာလုပ်ရမှန်း မသိတော့။ ဒေါ်လဲ့လဲ့ဝင်းက ဖြစ်ရပ်အစုံကို ရှင်းကာပြသည်။ M.D က ပြဿနာကို ရေရေလည်လည် နားမလည် သေး။

"ပြစမ်းပါဦး အဲဒီစာ"

M.D က စာကို ယူကြည့်သည်။ စာအောက်မှာ ဆက်လက်



BURMESE CLASSIC .com

www.burmeseclassic.com

ဆောင်ရွက်ရန်ဟူသော စာနှင့် လက်မှတ်ကို တွေ့တော့…

"တောက်၊ ဒီရည်းစားစာကို ငါ့ဆီ ဘယ်သူတင်တာလဲ"

"ကျွန်မပါ အန်ကယ်"

"အေး…ကောင်းရောကွာ ကောင်းရော။ ဒီစာကို မင်းပေးမှန်း မသိဘူးလား။ ပြစ်မ်း သူ့စာအိတ်၊ အင်း သူ့စာအိတ်မှာ နာမည်ပါသားပဲ။ မင်းက ဝင်စာနဲ့တင်လာတော့ ငါကလည်း အိမ်မှာ အဆင်မပြေလာတာနဲ့ မဖတ်ကြည့်တော့ဘဲ ကောင်းတယ်၊ ကောင်းတယ်"

M.D က ဒေါသဖြင့် စာကို ပစ်ချကာ ထွက်သွားသည်။ ဝင်စာတွေ မဖတ်ဘဲ လက်မှတ်တန်းထိုးထာ ပေါ်သွားသဖြင့် ဒေါသဖြစ်သွားပုံရ၏။

"သူကလည်း ဘာစာမှန်း ညာစာမှန်းမသိ ရမ်းသဘူတော တာကိုး"

ဦးခင်ဇော်စကားကြောင့် လူတွေက ဝိုင်းရယ်ကြသည်။ ယွန်းဝသုန် ရှက်လွန်းသဖြင့် မျက်ရည်ဝဲကာလာ၏။ ကံသာ့စာကို သိချင်သူတွေက လုဖတ်ကာ တဝါးဝါးရယ်ကြသည်။ ဝမ်းနည်းခြင်း၊ ရှက်ခြင်းတို့ကြောင့် မျက်ရည်က ဘယ်ကကျလာမှန်းမသိ။ ယွန်းဝသုန် ခုံပေါ်သို့ မှောက်ချကာ ငိုလိုက်သည်။

"ဟဲ့ ဝသုန်…ဝသုန်…"

✿✿✿


BURMESE CLASSIC .com

www.burmeseclassic.com

(လေး)

တိတ်တိတ်ကလေး ငြိမ်နေလိုက်တော့ ကြောင်အိမ်အောက်မှ တဒုတ်ဒုတ်သံကို ကံသာကြားရသည်။ လက်ထဲမှာ နှစ်တစ်လက်မ တုတ်ကိုကိုင်ကာ ကံသာ အကြံထုတ်နေသည်။ ကြောင်အိမ်အောက်ဆိုတော့ ရိုက်ရတာခက်နေ၏။ တုတ်နှင့်ထိုးရန် ထိုင်ချလိုက်သည်နှင့် ကိုရွှေကြွက်က ထွက်ပြေးဖို့များသည်။ ယွန်းဝသုန်၏ တင်ပါးကြွက်သားများကြောင့် အိမ်သို့ လွင့်စင်ခဲ့ရသော ကံသာသည် အိမ်မှာ တစ်နေကုန် နေရတော့မှ ဒီကြွက်မသားနှင့် စစ်ခင်းနေရသည်။

ထိုကြွက်သည် စနေ၊ တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ လေးရက်အတွင်း ကံသာ့ပုဆိုးတစ်ထည်၊ ရေနွေးကြမ်းပန်းကန် သုံးလုံး၊ ဘုရားပန်းအိုးတစ်လုံးနှင့် ငါးခြောက်ပြား တစ်ပြားကို ဖျက်စီးခဲ့ပြီးဖြစ်သည်။ အခုလည်း ကြောင်အိမ်အောက်တွင် တဒုတ်ဒုတ်နှင့် ဘာကို တိုးကာ ဘာကို ကိုက်နေမှန်းမသိရ။

ကံသာ ဆတ်ခနဲ ထိုင်ချလိုက်ကာ ကြောင်အိမ်အောက်ကို ကြည့်သည်။ ကြွက်က ကြောင်အိမ်နှင့် နံရံကြားတွင် မတ်တတ်ရပ်ကာ ကြောင်အိမ်အောက်က သုံးထပ်သားကို ကိုက်နေခြင်းဖြစ်သည်။ ကံသာ ထိုင်ချလိုက်သည့်အထိ ထွက်မပြေးသေး။ ကံသာက နှစ်တစ်လက်မတုတ်ကို ကြောင်အိမ်အောက်သို့ ထည့်တော့မှ မတ်တတ်ရပ်ရာမှ ရှေ့လက်များကို ချကာ ဖြည်းညင်းစွာ ထွက်သွား၏။ ကံသာ တုတ်နှင့် ထိုးချိန်မရလိုက်။

BURMESE CLASSIC .com

www.burmeseclassic.com



"ကြွက်မသား၊ တောက်"

ကံသာ ဒူးထောက်ရက် ပြန်ထိုင်ကာ ဆဲရင်း ကြွက်ဝင်ရောက် ပျောက်ကွယ်သွားသည့် ကြောင်အိမ်နောက်သို့သွားကာ နံရံကို တုတ်ဖြင့် [illegible]ဖုန်းရိုက်ရသည်။ ထွက်လာလို့ကတော့လား။ ဒီအတိုင်းထားလို့ကတော့ ကြာရင် ကြောင်အိမ်နောက်ပိတ် နံရံအကပ်သားတွေ ကုန်တော့မည်။ ကြောင်အိမ်ကို နံရံနှင့် ကပ်နေအောင် ထားလို့လည်းမရ၊ လက်တန်း [illegible]နေသည်။ လက်တန်းမရှိသည့် ညာဘက်က နံရံသို့ ကပ်ထားမှရမည်။ မဟုတ်လျှင်တော့ ကြောင်အိမ်ထဲ ထည့်သမျှဟင်းကို ဒင်းက ဖောက်ထားသည့်နောက်မှ ဝင်စားတော့မည်။

ကံသာ တုတ်ကိုချ၊ အင်္ကျီကို ချွတ်၊ ကြောင်အိမ်ထဲက ကွဲတတ်သောပစ္စည်းများနှင့် မနက်ကချက်ထားသော ငါးဖယ်ပန်းကန်များကို [illegible]ကာ ကြောင်အိမ်ကို တစ်ဦးတည်း မရွှေ့ရ၏။ ကြောင်အိမ်က [illegible]ခေတ်လုပ် ပကာသားကြောင်အိမ် မဟုတ်။ ငါးပေခွဲခန့် အမြင့်ရှိသည့် မဲနက်နေသော ရှေ့ခေတ် ပျဉ်းကတိုးသားကြောင်အိမ်ကြီး၊ လေးလိုက်[illegible]ဖြစ်ချင်း။

ကြောင်အိမ်ကို နံရံနှင့်ကပ်ပြီးတော့ ဒေါက်တွေက အောက်ခံ[illegible]ကြောင့်မည်ပြီ၊ နမလစ်ခွက် ရှာကာ ကြွနေသော ခြေထောက်ဘက်ကို ကြောင်အိမ် အသာမပြီး ခုနေတုန်း အပြင်ထုတ်ထားသော ငါးဖယ်ပန်းကန်ထဲမှ ငါးဖယ်များကို ကြွက်ကဝင်ဆွဲသည်ကို လှမ်းမြင်လိုက်ရသဖြင့် ကံသာ့ဒေါသက ပြောဖွယ်မရှိတော့။

"ဟာ... ခွေးမသား ကြွက်"

ကံသာ ကြောင်အိမ်ကို ပစ်ကာ အနားတွင်ချထားသည့် တုတ်နှင့် ငါးဖယ်ပန်းကန်ရော၊ ကြွက်ရော သိမ်းကျုံးရိုက်ချလိုက်သည်။ ကြွက်[illegible] ဆူညံကာသွား၏။ သံဇလုံကလေးနှင့် ထည့်ထားသော ငါးဖယ်[illegible]များ လေထဲသို့ မြောက်တက်သွားသည်။ ကံသာ့ရိုက်ချက် ထိသွား[illegible]တူသော ကြွက်သည် စူးစူးဝါးဝါးအော်ကာ ချာလပတ်လည်နေတုန်း [illegible] ထပ်ရိုက်သော်လည်း အခြေအနေ ရှုပ်ထွေးကုန်သဖြင့် ကြွက်က



BURMESE CLASSIC .com

www.burmeseclassic.com



လည်နေရာမှ ကမူးရှူးထိုး အိမ်ရှေ့သို့ ထွက်ပြေးသည်။

"ခွေးမသားကြွက်၊ သေပေတော့"

သို့သော်...

ကံသာ လုံးဝထင်မထားသော မြင်ကွင်းနှင့် အဖြစ်အပျက်က ရှုပ်ထွေးစွာဖြစ်သွား၏။

နာကျင်ပြီး ထွက်ပြေးသည့်ကြွက်က အိမ်ရှေ့အရောက်တွင် အိမ်ရှေ့မှ တက်လာကြသော စောသွဲ့နှင့် ယွန်းဝသုန်တို့နှင့် သွားတိုးသဖြင့် ကြွက်က ဘယ်ပြေးရမှန်းမသိဖြစ်ကာ အိမ်ရှေ့ခန်းမှာ ပတ်ပြေးသည်။ ကြွက်ကို မြင်တော့ ယွန်းဝသုန် လန့်ကာ မျက်စိမျှားပြာဝေပြီး ငယ်သံပါအောင် အော်ကာ တုတ်နှင့် ပြေးထွက်လာသော ကံသာ့ကို ကြောက်ကြောက်နှင့် ပြေးဖက်၏။

"ကြွက် အား... အမေရေ့ အမယ်လေး လုပ်ဦး ကြွက်ကြွက်"

ကံသာလည်း ထင်မှတ်မထားသဖြင့် ရုတ်တရက် ကြောင်ကာ နေမိသည်။ စောသွဲ့လည်း လန့်၍အော်၏။ အော်သံတွေ ဆူညံသွားသဖြင့် ထိုင်ခုံအောက်သို့ဝင်သွားသော ကြွက်က ထိတ်လန့်ကာ ပုဏ္ဏားကွယ်ကို ဖြတ်ပြီး အိမ်အောက်သို့ ပြေးဆင်းသွား၏။

ကံသာ့ကို ဝသုန်ကဖက်ကာ လှည့်မကြည့်ဘဲ တအားကျုံးအော် နေသည်။

"ကြွက်ကြီး ကြောက်တယ်၊ အမေရေ... ကြွက်"

"မရှိတော့ဘူး၊ မရှိတော့ဘူး၊ ပြေးဆင်းသွားပြီ၊ မရှိတော့ဘူး"

ဝသုန့်အော်သံလိုပင် ကံသာလည်း ကျုံးကာအော်ရ၏။ စောသွဲ့ ကုလားထိုင်ပေါ်တွင် မတ်တတ်ရပ်နေသည်။

"မရှိတော့ဘူး ပြေးသွားပြီ ယွန်းဝသုန်၊ မရှိတော့ဘူး"

ကံသာ ပခုံးကို ပုတ်၍ပြောမှ ဝသုန်က သတိဝင်လာကာ ကံသာ့ကို ပစ်တွန်းပြီး လူချင်းခွာ၏။ ရုတ်တရက်မို့ ကံသာ ယိုင်ထွက်သွားသည်။ ဒီတစ်ခါတော့ ကံသာ ချက်ချင်းရှင်းရ၏။

"ကျွန်တော် ခင်ဗျားကို မဖက်ဘူးနော် မဖက်ဘူး၊ ခင်ဗျားက



BURMESE CLASSIC .com

www.burmeseclassic.com


ဖက်တာ၊ ကျွန်တော် ဘာမှ မသိဘူး''

ကံသာ့စကားကို အကြောင်းမပျယ်သေးသော မျက်ဝန်းများနှင့် ကြည့်ငေးကာ ဝသုန် နောက်သို့ဆုတ်သည်။ ထို့နောက် ကြွက်ကို သတိရလာပြန်ကာ စောသွဲ့တက်နေသောခုံပေါ် ပြေးတက်၏။

''မရှိတော့ပါဘူး အောက်ကို ဆင်းသွားပြီ''

''သေချာရဲ့လား၊ ငါတို့က ကြွက်ဆို အရမ်းကြောက်တာဟ''

''သေချာပါတယ်ဆိုဟာ၊ နေပါဦး နင်တို့က ဘာလာလုပ်တာလဲ''

ကံသာ တုတ်ကို ချကာမေးသည်။ စောသွဲ့က မျက်စောင်းထိုးကာ ခုံပေါ်မှဆင်း၏။ ယွန်းဝသုန်က မယုံကြည်သလို ခုံပေါ်မှာပင် ခြေထောက်ကို အောက်မချဘဲ ထိုင်သည်။

''ငါတို့ နင့်ကို လာခေါ်တာ''

''ဘာ...ငါ့ကို လာခေါ်တာ ဟုတ်လား''

''အေး ဟုတ်တယ်၊ M.D က ခေါ်ခိုင်းလိုက်တာ''

ကံသာ ခေါင်းကို ခါရမ်းလိုက်သည်။ လက်တန်းပေါ်က ဆေးပေါ့လိပ်ကို ယူကာဖွာရင်း ဝသုန့်ကို ကြည့်တော့ ဝသုန်က တခြား ဘက်သို့ လှည့်ကာသွား၏။

''ငါက ထွက်စာတင်လိုက်ပြီ၊ မနေ့က ရောက်ရောပေါ့''

''အေး...အဲဒီထွက်စာကြောင့် အခုပြန်လာခေါ်တာ၊ မပြောချင် ဘူး သိလား''

မပြောချင်ဘူး ဆိုသော်လည်း စောသွဲ့က အကုန်ပြောပြပါသည်။ ကံသာက တအံ့တသြဖြစ်ကာ၊ ယွန်းဝသုန်ကတော့ ရှက်၍ ခေါင်းကို ငုံ့ထား၏။

''ငါ့စာကို ဘာဖြစ်လို့ M.D က တွေ့တာ...''

''မှားတင်မိလို့ပါဆိုမှ ဝင်စာနဲ့ မှားတင်တာ၊ နင်ကလည်း စာ ရေးရင် ရိုးရိုးရေးရောပေါ့၊ ဟိုဟာကြီးကို ဘာဖြစ်လို့ ခဏခဏ ထည့်နေရတာလဲ''

''ဟိုဟာကြီး၊ ဘယ်ဟာကြီးလဲ''


BURMESE CLASSIC .com

www.burmeseclassic.com


"တော်ပြီ ထပ်မမေးနဲ့တော့"

စောသွဲ့ မျက်မှောင်ကျုံ့ကာ အော်သည်။ ယွန်းဝသုန်က မျက်စောင်းထိုးပြန်၏။

"အဲဒီကိစ္စနဲ့ပတ်သက်ပြီး ဖြစ်ကြတာကိုးဟ၊ ဒါထည့်မရေးလို့ ဘယ်ဖြစ်မလဲ၊ ငါက သူ့ပဲဖတ်မယ် ထင်တာကိုး ဟီးဟီး၊ ဒါဆို ငါ အခု အလုပ်ပြန်ဆင်းရမှာလား"

"ထင်တာပဲ၊ ယွန်းက နင့်ကို အလုပ်ရအောင် M.D ကို တောင်းပန်လိုက်တယ်"

စောသွဲ့စကားကြောင့် ကံ့သာ တအံ့တသြ ယွန်းဝသုန်ကို ကြည့်သည်။ ဝသုန်က ကံ့သာ့ကို မကြည့်။ နူတ်ခမ်းတွေကို ဆွဲဆန့်ကာ တစ်ဖက်သို့ လှည့်ထား၏။ 'ကျွန်တော် မတောင်းပန်နိုင်ဘူး'ဟု သူ့ရှေ့မှာ ပြောခဲ့သောစကားကို ကံ့သာ သွားသတိရပြီး ယွန်းဝသုန်ကို အရမ်း အားနာသွားရသည်။

"ကျွန်တော်က ဟို ဒီလိုလေ M.D ကို တောင်းပန်ဖို့ အဲဒါ..."

"ကဲ ကံ့သာ စကားရှည်မနေနဲ့ အကျီလဲ၊ အခု လိုက်ခဲ့၊ M.D က စောင့်နေတာ"

"အင်း...အဲ ခဏလေးဟ၊ နောက်ကပစ္စည်းတွေ သိမ်းရဦးမှာ"

ကံ့သာ နောက်ဖေးမီးဖိုထဲ ဝင်လာတော့ အိမ်ရှေ့မှ ကြွက် ကြောက်သဖြင့် မနေရဲသော စောသွဲ့နှင့် ယွန်းဝသုန် လိုက်လာကြသည်။ နောက်ဖေးမှ မြင်ကွင်းက ကြည့်မကောင်း။ ငါးဖယ်တွေက ပြန့်ကျဲကာ နေ၏။ ပန်းကန်းတွေက ဟိုတစ်ချပ် ဒီတစ်ချပ်။

"ဟယ် ဘယ်လိုဖြစ်ရတာလဲ။ ငါးဖယ်တွေလည်း ကြမ်းပေါ်မှာ ပါလား"

"ဟုတ်တယ်၊ အဲဒီကြွက် ဒုက္ခပေးတာလေ၊ မြင်တဲ့အတိုင်းပဲ မအေပေးကြွက် မမိလိုက်တာ နာတယ်"

ကံ့သာက ပန်းကန်တွေကို ပြန်ထည့်သည်။ စောသွဲ့နှင့် ယွန်း ဝသုန်က ငါးဖယ်တွေကို လိုက်ကောက်ထည့်ပေး၏။


BURMESE CLASSIC .com

www.burmeseclassic.com



"ကြမ်းပေါ်မှာ ကျနေတာတွေ စားလို့ကောင်းပါတော့... အမယ်လေး လုပ်ပါဦး၊ ဒီမှာ...ဒီမှာ"

ယွန်းဝသုန်၏ စူးစူးဝါးဝါး အော်သံကြောင့် ကံသာ လန့်ကာ သွားၿပီ။ ပြသည့်နေရာကို ကြည့်တော့ လက်နှစ်လုံးခန့် ပြတ်ကျန်ခဲ့သော ကြွက်မြီးကို တွေ့ရ၏။ ခုနက ကံသာရိုက်ချက်ကြောင့် ပြတ်သွားဟန်တူသည်။

"ကြွက်အမြီးပါ မလန့်ပါနဲ့၊ ဒါကြောင့် ဒီကောင် ခုနကအော်တာကိုး။ ခေါင်းကို မထိတာ နာတာပဲ"

ကြွက်အမြီးကို ကောက်ကိုင်ကာ ကံသာ လွှင့်ပစ်လိုက်၏။ ကြွက်အမြီးကို မကြောက်မရွံ့ကိုင်ရဲသော ကံသာ့ကို ယွန်းဝသုန်က သူရဲကောင်းတစ်ယောက်လို လှမ်းကြည့်လေသည်။

✿✿✿

ဝတ်ဆံများကုမ္ပဏီမှ ထွက်လိုက်ရပြီဟု သတ်မှတ်လိုက်ရချိန်မှစ၍ ကံသာ့ဘဝသည် ပြောင်းလဲသွားခဲ့ဖူးသည်။ စိတ်ထဲတွင် နေ့စဉ်တွေးနေသောအတွေး။ လာမည့်အနာဂတ်ကို လှမ်းတွေးထားသောအတွေးများ ရပ်တန့်သွားကာ အခုလောလောဆယ် ဘာကို တွေးနေရမှန်းမသိတော့။ အနာဂတ်သည် မည်သို့ ဖြစ်လာမည်မှန်း ကံသာ မခန့်မှန်းရတတ်တော့။

အိပ်မပျော်သည့်ညတွင် ကြယ်တွေကို ကြည့်လိုက်လျှင် အခုန်မြန်နေပြီ၊ အရောင်ပြောင်းသွားသည်ဟု ကံသာထင်သည်။ လမင်းကို ကြည့်တော့လည်း လမင်းသည် ငြိုးရိပ်ဖြင့် ဝင်းပနေသော မျက်ရည်တွေပြည့်နေသည့် မျက်ဝန်းကြီးတစ်ခုဟု ကံသာထင်ရသည်။

နံနက်ခင်းတွေကလည်း အရင်ကလို အချိန်ကုန်မမြန်။ ကြားနေကျအသံများနှင့် နံနက်ခင်း၏ အရသာကလည်း အရင်လို မဟုတ်တော့။ အရာအားလုံးသည် ကံသာ့အပေါ်တွင် ပိကျနေသော ကံသာ့



BURMESE CLASSIC .com

www.burmeseclassic.com


ဘဝသည် မလှုပ်နိုင်၊ မယှက်နိုင်နှင့် ဆန့်ဆန့်ကြီး ဖြစ်နေခဲ့သည်။

အရင်က ရုံးတက်နေချိန်တွင် ပိုဆိုးသည်။ ကံသာ့အတွေးသည် ကံသာသွားခွင့်မရှိသော ရုံးထဲမှာပင် ချာချာလည်နေခဲ့သည်။ ဒီအချိန်ဆိုလျှင် ဝင်စာထွက်စာဌာနမှာ အလုပ်ရှုပ်နေတော့မည်။ Computer ခန်းမှာ ဒေါ်မြကြည်၏ အော်သံကိုလည်း ကြားရလောက်ပြီ။ မိန်းမကြောက်ရသော ကိုညာဏ်ပေါ်ကြီးများ သူ့မိန်းမနဲ့ ရန်ဖြစ်နေသလား၊ ဦးတင်ကိုအောင်နှင့် ဦးမောင်ညိုတို့ M.D နှင့် စကားများနေပြီလား၊ သူ့စားပွဲခုံရှေ့မှာ စာရွက်တွေကိုင်ကာ စာရေးမတွေ လမ်းလျှောက်နေလောက်ပြီ။ အေးအေးမြိုင်ကလည်း မဲ့မဲ့ရွဲ့ရွဲ့နှင့် စကားအတင်းပြောနေလောက်ပြီ စသည်ဖြင့်တွေးကာ ခုတင်ပေါ်မှာ လှဲနေမိသည်။

အိမ်ထဲမှာ တစ်ယောက်တည်း နေရသဖြင့် ပို၍ ရုံးကို သတိရသည်။ ထမင်းကိုလည်း ထမစားဖြစ်။ ရုံးမှာ စုပြီး ထမင်းစားကြရတာကို သတိရနေမိ၏။ ထိုသို့ ရုံးကို သတိရနေမှန်း သတိထားမိတော့ ဒေါသဖြစ်ရပြန်သည်။ ရုံးနဲ့ ငါနဲ့ ဘာမှမဆိုင်တော့...။

ထိုအချိန်မှာ ကြွက်က ထသောင်းကျန်းခြင်းဖြစ်သည်။

ကံသာ ဒေါသဖြင့် ကြွက်ကို မိအောင်ဖမ်း၊ ရအောင်ရိုက်ဖို့ ကြိုးစားနေရသဖြင့် ရုံးအကြောင်းနှိပ်စက်သည့် အတွေးများက ခဏလွတ်သည်။ ဤသို့ဖြင့် သူမုန်းသော ကြွက်ကြီးတစ်ကောင်နှင့် သူလေးရက်ဆက်တိုက် ရန်ဖြစ်ခဲ့ရသည်။

နောက်ဆုံးတော့ မြေကြွက်ကြီး၏ ကျေးဇူးကြောင့်ပင် သူနှင့် ယွန်းဝသုန် ပြန်လည်ကာ နားလည်မှုရသွားခဲ့သည် မဟုတ်လား။

"မင်း မြေကြွက်ကို ကျေးဇူးတင်ရမယ် ကံသာ၊ ဘာပဲဖြစ်ဖြစ် ဒီကောင်ဟာ မင်းရဲ့ ဒုတိယ ကျေးဇူးရှင်ပဲ၊ ပထမ ကျေးဇူးရှင်ကတော့ မင်း ယွန်းဝသုန်ကို ပေးတဲ့စာမှာ ဆက်လက်ဆောင်ရွက်ရန် လက်မှတ်ထိုးတဲ့လူပေါ့ကွာ ဟားဟား..."

ဦးတင်ကိုအောင်နှင့် ဦးမောင်ညိုတို့က ထိုသို့ မှတ်ချက်ချကြသည်။ ကံသာ နောက်ရက်တွေမှာ ထိုကြွက်ကို သတိထားကြည့်ပါသည်။


BURMESE CLASSIC .com

www.burmeseclassic.com



ရှိသော် မတွေ့ရတော့။ သူရိုက်သည့်ဒဏ်ရာနှင့်ပင် တစ်နေရာမှာ ဆုံပြီလား၊ အမြီးပြတ်သည့်ဒဏ်ရာနှင့်ပဲ အနာရင်းပြီး သေလေပြီလား ထမင်းစားပြီး အရိုးအရင်းကလေးများကျန်လျှင် ဘာမဆိုင် ညာမဆိုင် ကြွက်ကို ပြေးသတိရတတ်၏။

အခုတော့ ကံသာ ဝတ်ဆံများကုမ္ပဏီမှာ ပြန်၍ အလုပ်ဆင်း ရပြီဖြစ်သည်။ လမင်းသည်လည်းကောင်း၊ ကြယ်များသည်လည်းကောင်း၊ အရင်ကလို မဟုတ်တော့။ ဟိုးအရင်ကလိုလည်း မဟုတ်တော့။ ကံသာ့ စားချက်စိတ်အတွေးက အချိန်တိုတိုကလေးအတွင်း သုံးမျိုး ပြောင်းလဲ သွားခဲ့၏။

အခုတော့ ကံသာသည် နံနက်ဆိုလျှင် စောစောနိုးနေတတ်ကာ ရေကို ကြာကြာချိုးတတ်သည်။ နံနက်ခင်းတွင် ကြားရလေ့ရှိသော ငှက်သံ၊ ဆိပ်ဘေးမှ ရေစက်မော်တာသံ၊ ဟိုဘက်လမ်းမှ တွင်ခုံလည်သံ၊ လူသံ၊ စကားပြောသံတို့ကို အချိုးအစား ပြေပြစ်ညီညွတ်သော ဂီတသံစဉ်ဟု ကံသာထင်သည်။

အရင်တုန်းကလို ထမင်းချိုင့်ကိုလည်း ဘဲဥ၊ ကြက်ဥကြော်နှင့် ထည့်ရို မထည့်တော့၊ ကိုကံသာချက်တဲ့ ပဲကုလားဟင်းက သိပ်စားလို့ ကောင်းတာပဲဟု ယွန်းဝသုန်က ပြောတတ်သဖြင့် ကံသာ ပဲကုလားဟင်း ကို တစ်ပတ်သုံးခါလောက် ချက်ရသည်။ ငါးခူကို မနက်စောစော ဈေးဝယ်ကာ အသားကို စဉ်းကောလုပ်ရသည်။ အလည်ရိုးကို မုန်လာဥနှင့် နှပ်ရည်ချက်ရ၏။

ကံသာသည် ဟိုအရင်တုန်းကလို ကိန်းဂဏန်းတွေမှလွဲ၍ ကျန် အရာကို မကောင်းမြင်တတ်သော ကတ်တီးကပ်သပ်စာရေးတစ်ယောက် မဟုတ်တော့။ ကိုညဏ်ပေါ် ဘာကြောင့် မိန်းမကြောက်သည်ဆိုတာကို နားလည်လာသည်။ အေးအေးမြိုင် စကားများသည်ကိုလည်း ပီယဝါစာ နှင့်ချိုသာပါပေ၏ဟု မှတ်ထင်လာသည်။ အေးအေးမြိုင်၏ လိုအပ်တာ ထက် ပိုမိုပြောတတ်သော စကားလုံးများကို လိုအပ်သည်ထက်ပင် လိုနေ သေးသည်ဟု ကံသာ ထင်နေတတ်သည်။



BURMESE CLASSIC .com

www.burmeseclassic.com



သို့သော် ဦးတင်ကိုအောင်တို့ ပြောတတ်သည့် လူပျိုခြေကျ ဆိုသော စကားကိုတော့ ကံသာမကြိုက်။ သူသည် လူပျိုတော့ မှန်သည်။ ခြေမကျသေး။ ဘယ်ကွင်းမှာမှ တစ်ပွဲမှ ဝင်မကစားရသေးသော လူပျို ခြေမသိတစ်ဦးသာလျှင် ဖြစ်ရမည်။

ဟိုအရင်တုန်းက အင်မတန် မြင်ပြင်းကပ်လှသော "ဟဲ့ ကံသာ မိန်းမ မယူသေးဘူးလား၊ တော်ကြာ ငှက်ပျောတုံး ဖက်နေရဦးမယ်နော်" ဆိုသည့် စကားကိုပင် ဒေါသမဖြစ်တော့။ တစ်နေ့လေးခါလောက် ပြောစေချင်နေလေသည်။

ကံသာ့ကို ထိုသို့ပြောင်းလဲပေးလိုက်သော ခံစားမှုမှာ လူတိုင်းကို ပြောင်းလဲပေးနိုင်သော ခံစားမှုဖြစ်သည့် အချစ်သာ ဖြစ်ပါသည်။ အခု ဆိုလျှင် ကံသာ့နှလုံးသားသည် အလျားလိုက်လည်း ခုန်သည်။ ဒေါင်လိုက် လည်း ခုန်သည်။ ဝှေ့လည်ကြောင်ပတ်လည်း ခုန်တတ်ပြီ ဖြစ်လေသည်။

ယွန်းဝသုန်က ကံသာချက်လာသော မုန်လာဥချဉ်ရည်ဟင်းကို နှုတ်ခမ်းကလေးကိုစု၍ စုတ်ယူကာသောက်သည်။ ချဉ်ရည်ဟင်းသည် ယွန်းဝသုန်၏ လျှာဖျားပေါ်တွင် ကောင်းမွန်သော အရသာကို ပေးမည်။ အစာအိမ်ထဲမှာ အစာကြေလွယ်မည်။ အားသစ်ကို ပေးမည်။ အခု ယွန်းဝသုန်၏ ခန္ဓာကိုယ်ထဲမှာ သူချက်ကျွေးထားသော ဟင်းများက ပေးထားသည့်ခွန်အား အဘယ်မျှ ရှိနေပြီနည်း။ ထိုခွန်အားသည် သူ့ကို မုန်းဖို့ခွန်အားတော့ မဖြစ်နိုင်။ သူ့ကို နားလည်မှုပေးမည့် ခွန်အား၊ သူ့မေတ္တာကို အားနှင့်အင်နှင့် ယုံကြည်ဖို့ ခွန်အားသာ ဖြစ်ရမည်။

သို့သော်...

ယွန်းဝသုန်ကို ရုံးမှ မန်နေဂျာပေါက်စ ဂျူနီယာသန်းဒုန်း ဆိုသူက လက်ထပ်ခွင့်တောင်းသည်ဟူသော သတင်းကို အေးအေးမြိုင် ထံမှ ကြားရသည်။ ထိုသတင်းကို ကြားရပြီးကတည်းက ကံသာ့နှလုံးသား သည် သွေးကြောတွေတင်းကာ ရင်ထဲမှာ မာခဲသွား၏။ ပြီးတော့ စီးကရက် မီးလို တငွေ့ငွေ့ ပူကာနေသည်။

ဘာကိုမှလည်း လုပ်၍မရ၊ ထိုင်နေ၍လည်းမရ၊ ဆယ့်သုံးနှင့်



BURMESE CLASSIC .com

www.burmeseclassic.com



ရှက်ကို ပေါင်းတာတောင် ငါးစက္ကန့်ခန့် အဖြေမရ၊ အသိစိတ်က အသက် ရှူဖူးသော ကျွန်တော့သလို ဖြစ်ကာသွား၏။ သန်းအုန်းဆိုသည့်လူက တစ်ယောက် ရှိခဲ့ဖူးသည်။ စကားပြောလျှင် စေတနာနှင့် မေတ္တာကို ထားကာ တွင်တွင်ပြောတတ်သူ၊ လူပုံက လူရည်သန့်၊ အမြဲတမ်း အဝတ်အစားအသစ်နှင့် မျက်နှာကို ပြုံးပြုံးထားတတ်သူ၊ မကြဲ့ဝံ့ မစည်ရာ ဒီလောက်ဖြူစင်သန့်ရှင်းသည့် မျက်ဝန်းကလေးတွေရှိတဲ့ ယွန်းဝသုန်ကို သူက လက်ထပ်ဦးမယ်တဲ့လား။ ကံသာ တစ်နေ့လုံး ဒေါသဖြစ်နေခဲ့သည်။

"အို မဟုတ်ပါဘူး၊ သူ့ဘာသာ လက်ပဲထပ်ထပ်၊ ခြေ ထောက်ပဲထပ်ထပ် လုံးဝစိတ်မဝင်စားပါဘူး။ အရှက်မရှိလို့ ပြောနေတာ ပြောပါလေ့စေပေါ့"

ယွန်းဝသုန့်က ခါးခါးသီးသီး ငြင်းသော်လည်း ကံသာ့ဆီက ဒေါသက လျော့မသွား။ မဖြစ်တော့ ယွန်းဝသုန်ကို မျက်စိအောက်က မပျောက်မခံနိုင်တော့။

ကံသာထိုင်သည့်စားပွဲနှင့် ယွန်းဝသုန်၏ ဝင်စာထွက်စာ စားပွဲ ကြားမှာ File ဖောင်းတွေထပ်ထားသော စင်ကြီးတစ်ခုက ခြားနေသည်။ စင်ပေါ်မှ File တွေကို ထရှင်းလျှင် ယွန်းဝသုန်မျက်နှာကို ကံသာ ကောင်းကောင်းတွေ့ရမည်။ သို့သော် သူ ထို File တွေကို ထရှင်းလျှင် ထိပ်ဝန်းကျင်က သိတော့မည်။ ဘယ်လိုလုပ်ရမည်နည်း။ သို့သော် သူ့အခြေအနေက ယွန်းဝသုန်၏ မျက်နှာနှင့် လှုပ်ရှားမှုကို အမြဲတမ်းတွေ့ဖို့ လိုအပ်နေပြီဖြစ်သည်။ စဉ်းစားစမ်း၊ ဟုတ်ပြီ…။

ရုံးအုပ်ကြီး ဦးအေးက သူတိုက်သော လက်ဖက်ရည်ကို ရှူးခနဲ ပြည်အောင် စုပ်သောက်သည်။ ပြီးတော့ သုံးထပ်ကိတ်မုန့် တစ်လုံးကို ကိုက်ပြန်၏။ အားရပါးရ ကိုက်လိုက်သဖြင့် ကိတ်မုန့်အပေါ်မှ ကရင်(မ်) အချို့က နှုတ်ခမ်းမှာ ပေကျန်သည်။ အစားစား၍ နှုတ်ခမ်းတွင်ပေလျှင် ကြည့်ရသာ အလွန်မုန်းသည်။ သို့သော် ရုံးအုပ်ကြီးကို ကံသာ ပြုံးပြီး ကြည့်နေလိုက်၏။

"ကံသာ မင်း ခွင့်လိုချင်ပြန်ပြီထင်တယ်၊ ဟုတ်လား"



BURMESE CLASSIC .com

www.burmeseclassic.com



"မဟုတ်ဘူး ရုံးအုပ်ကြီး၊ စားသာစားပါ ခွင့်မယူပါဘူး"

ဦးအေးက သူ့ကို ပြုံးကြည့်ရင်း ကိတ်မုန့်ကို ဒုတိယပိုင်းကို ပါးစပ်ထဲ ထိုးထည့်သည်။

"ဘာလဲ၊ ဒါဆိုရင် ရေးရာပြောင်းချင်လို့လား"

"မဟုတ်ဘူး ရုံးအုပ်ကြီး၊ သန့်ရှင်းရေး လုပ်ချင်လို့ပါ"

"ဟေ"

ဦးအေး နောက်ထပ်လှမ်းကိုင်ထားသော ဘဲသားမုန့်သည် လေထဲတွင် တန်းလန်းဖြစ်သွား၏။ သန့်ရှင်းရေးဆိုသည့်ကိစ္စကို Company ကလူတွေအားလုံး ကြောက်ကြသည်။ သုံးလတစ်ကြိမ် လုပ်ဖို့တောင်မှ မနည်းပြောရ၏။ အခု ကံသာက သန့်ရှင်းရေးလုပ်ဖို့ လက်ဖက်ရည် တိုက်နေသည်ဆိုတော့ ရုံးအုပ်ကြီး နားလည်ပုံမရ။

"Company တစ်ခုလုံး ညစ်ပတ်နေပြီ ရုံးအုပ်ကြီး၊ File တွေလည်း အထပ်လိုက် ဖုံတွေတက်ကုန်ပြီ၊ တစ်ခါတစ်လေ M.D မပြောရဘဲ ကိုယ့်ဘာသာကိုယ် လုပ်ဖူးတယ်ရှိတာပေါ့ဗျာ၊ စားစား ရုံးအုပ်ကြီး စီးကရက်လည်း သောက်ပါဦး"

ဤသို့ဖြင့် Company ၏ White Board ပေါ်တွင် ညနေ ရုံးဆင်းချိန် သန့်ရှင်းရေး ရှိသည်ဆိုသော စာကြောင်းကြီး ပေါ်လာ၏။ Company တစ်ခုလုံး အော်ကြ၊ ငြီးကြသည်။ ကံသာတစ်ဦးတည်း ပြုံးပြုံးရွှင်ရွှင်နှင့် ထထကြွကြွရှိကာ သူ့စားပွဲဘေးမှ File တွေကို အရင်ရှင်း သည်။ သူ့စားပွဲကိုလည်း အနည်းငယ်ရွှေ့တိုးလိုက်၏။ တစ်ရုံးလုံး သန့်ရှင်းရေး လုပ်နေရသဖြင့် ထိုကိစ္စကို မည်သူမှ သတိမထားမိတော့။

ကံသာလှမ်းကြည့်တော့ ယွန်းဝသုန်သည် လက်ကိုင်ပဝါ ကလေးကို နှာခေါင်းတွင်ပိတ်ကာ Company ၏ သုံးနှစ်စာ ဝင်စာ ထွက်စာ File များပေါ်တွင် ကပ်နေသော ဖုန်မှုန့်များကို ကြက်မွေးနှင့် ခါချနေ၏။ မျက်နှာကို ရှုံ့ကာ နောက်သို့ လှန်ထားသည်။ ငုတ်တုတ် ကလေးထိုင်နေခြင်း ဖြစ်သဖြင့် ကိုယ်ခန္ဓာအချိုးအစား ပြေပြစ်မှုက အထင်းသားပေါ်နေသည်။ ဓာတ်ပုံပီတာလို ဓာတ်ပုံဆရာမျိုးသာဆိုလျှင်

BURMESE CLASSIC .com

www.burmeseclassic.com



အလွတ်ပေးလိမ့်မည် မဟုတ်။

"ယွန်း ပြီးရင် File တွေ ထပ်ထားလိုက်၊ ကျွန်တော် ပြန်တင်လိုက်မယ်"

"ရတယ်၊ သန့်ရှင်းရေးကလည်း ပြန်းစားကြီးထလုပ်တယ်၊ ရုံးဆင်းရင် FMI ခဏသွားမလို့ဟာ အခုတော့ ဒုက္ခပဲ၊ ကိုကံသာ့ကိုတောင် အဖော်ခေါ်မလို့ မဖြစ်တော့ဘူး"

"ဗျာ ကျွန်တော့်ကို"

"ဟုတ်တယ်၊ သန့်ရှင်းရေးဆိုတော့ သွားရောပေါ့၊ မှောင်သွားရင် အမေက စိတ်ပူမှာ"

ကံသာ့ရင်ထဲ ဆွေးသွား၏။ ယွန်းဝသုန်က FMI ကို သွားဖို့ အဖော်ခေါ်မလို့ ဆိုပါလား။ ထိုစကားသည် ယွန်းဝသုန်ထံမှ ပထမဦးဆုံး ကြားရသော စကားဖြစ်ပြီး ကံသာ့အတွက် မဟာဆုလဒ်ကြီးတစ်ခုလည်း ဖြစ်သေးသည် မဟုတ်လား။ ယွန်းဝသုန်နှင့် မြို့ထဲသွားရမည့်ကိစ္စ ဘယ်လောက်ပျော်စရာ ကောင်းလိမ့်မည်နည်း။

ကိုယ့်အတတ်နှင့် ကိုယ်စူးပြီ။ ကံသာ ဘာလုပ်ရမှန်းမသိ။ အလုပ်တစ်ခုကို ချက်ချင်းလုပ်ချင်သော စိတ်မြန်သည့်ဒုက္ခကို ကံသာ ခံစားရသည်။ တကယ်ဆို တနင်္လာနေ့မှ သန့်ရှင်းရေးဆိုလည်း ရတာပဲ ဖြစ်သည်။ အခုတော့ ကံသာ မြန်မြန်စဉ်းစားသည်။ အခွင့်အရေးကိုတော့ လက်လွတ်မခံနိုင်ပါ။

"မနက်ဖြန်မှသွားလေ ယွန်းရဲ့၊ ကျွန်တော် အားဘာပဲ၊ လိုက်ပို့ပေးမယ်၊ ရုံးလည်းပိတ်တာပဲဟာ"

"မနက်ဖြန်"

"အင်းလေ..."

"မဖြစ်ဘူး၊ ရုံးပိတ်ရက်ဆို မေမေက ထွက်ခွင့်ပေးမှာ မဟုတ်ဘူး"

ကံသာ File တွေ မတင်မည်လုပ်ရင်း စဉ်းစားပြေပြန်၏။ File ထပ်က မရှိမရှ အတော်လေးနေသည်။

"ဒီလိုလုပ်လေ၊ မနက်ဖြန် စောသွဲ့ကို အကြောင်းတစ်ခုရှာပြီး

www.burmeseclassic.com



လာခေါ်နိုင်းလိုက်မယ် ရမလား''

''စောသွဲ့က အားပါ့မလား''

''ရတယ်၊ ရအောင်ပြောပေးမယ် စိတ်ချ''

ယွန်းဝသုန်က ပိုင်းစက်လှပသော မျက်ဝန်းကလေးကို တဖျတ်ဖျတ်ပုတ်ကာ မေးစေ့ချွန်ချွန်ကလေးကို ရှေ့ပစ်ရင်း စဉ်းစားသည်။ ကံသာ အသက်မရှူရဲဘဲ စောင့်နေရ၏။ ယွန်းဝသုန်က ပြုံးသည်။

''အင်း... အဲဒါမဆိုးဘူး ရနိုင်တယ်။ စောသွဲ့ကို ရအောင်ပြောပေးနော်၊ ပြီးတော့ အိမ်ကို လာခေါ်ရင် သူ လိုက်မလာနဲ့''

''စိတ်ချပါ''

ကံသာ ရှေ့တွင်ချထားသော File တစ်ထပ်ကို ကျွတ်ကျွတ်အိတ်လျှောကြိုးမှ အားအင်အပြည့်နှင့် ဆွဲမလိုက်သည်။ ရာမမင်းသားလေးကိုတင်လိုက်သလိုပင် File တစ်ထပ်က ပေါ့ပေါ့ကလေး ပါလာသည်။ သို့သော် အပေါ်ကို ပင့်တင်တော့မှ ဗီရိုပေါ် နှုတ်ခမ်းနှင့်ထောက်ကာ ထိန်းမရဘဲ ပင့်တင်သည့်အရှိန်နှင့် ပြန်ပြုတ်ကျလာ၏။ ကံသာ ထိတ်လန့်စွာ လှမ်းဖမ်းသော်လည်း မမီတော့။

ထို File ထပ်ကြီးက ကံသာနှင့် စကားပြတ်ပြီးကာစ ဗီရိုအောက်ကို ကြက်မွေးနှင့်ထိုးနေသော ယွန်းဝသုန်ပေါ် ကျလာ၏။ ကံသာ ''ယွန်း''ဟု ထိတ်လန့်တကြားအော်ရင်း File ထပ်ကြီးကို လှမ်းအဖမ်း ကုံးကုံး ကုံးကုံးဖြင့် ရှိနေသော ယွန်းဝသုန်၏ ခါးနှင့် ဝင်တိုက်မိကာ ဟတ်ထိုးလဲ၏။ အပေါ်မှ အရှိန်နှင့်ကျသော File ထပ်က ကံသာ့ ဒတ်ပိုးကို အုပ်ထည့်လိုက်သလိုဖြစ်ကာ အောက်ခြေလွတ်ပြီး အရှိန်ထိန်းမရတော့ဘဲ ဗီရိုစောင်းနှင့် ခေါင်း ဝင်စောင့်မိသည်။

အော်သံတွေ ဆူညံကာသွား၏။ ရှက်စိတ်၊ ဒေါသစိတ်တို့ဖြင့် ကံသာ အတင်းထသည်။

''ဘာမှမဖြစ်ဘူး ရတယ်၊ ဘာမှမဖြစ်ဘူး''

''အမယ်လေး သွေးတွေ၊ သွေးတွေ''

အပေါင်းအသင်းတွေ ချက်ချင်း ပြေးကာလာကြသည်။



BURMESE CLASSIC .com

www.burmeseclassic.com


ဤသို့နှင့် စနေနေ့တွင် ယွန်းဝသုန်နှင့် စောသွဲ့ ကံသာ့အိမ်သို့ ရောက်လာကြ၏။

ကံသာ့နဖူးက သုံးချက်ချုပ်လိုက်ရသည်။ ခေါင်းမှာ ပတ်တီးနှင့် ကံသာ သူ့ကို စိုးရိမ်စွာမေးနေသော ယွန်းဝသုန်၏ မျက်လုံးထဲမှာ လိုချင်တာတွေကို ရှာနေမိသည်။ ရုံးအုပ်ကြီးနှင့် ကိုတင့်ဆွေလည်း ရောက်လာကြ၏။

"တော်တော်နာနေသလားဟင်၊ သုံးချက်ချုပ်ရတာ ဟုတ်လား"

ယွန်းဝသုန်က ဝယ်လာသော ကွေကာအုပ် ငါးထုပ်၊ Gold Roast ကော်ဖီမစ် ငါးထုပ်နှင့် ကိတ်မုန့်တစ်လုံးကို ခုတင်ဘေးတွင် အသာချရင်း မေးသည်။

"ရပါတယ်၊ ကိစ္စမရှိပါဘူး"

"အေးကွာ...ကံသာရာ မင်းက လူဗလံကလေးရယ်၊ မနိုင်ရင်လည်း လှမ်းခေါ်လိုက်ပါလား။ အခုတော့ လက်ဖက်ရည်တိုက်၊ သန့်ရှင်းရေးလုပ်ပြီး ကိုယ့်နဖူး ကိုယ်ခွဲသလိုဖြစ်..."

"ဟာ... ရုံးအုပ်ကြီးကလည်း ဘာတွေလာပြောနေတာလဲ၊ တော်စမ်းပါဗျာ"

ကံသာက ကမန်းကတမ်းတားတော့ ရုံးအုပ်ကြီးက ကြောင်တောင်တောင်နှင့် ငေးသည်။ ယွန်းဝသုန်က ဘာလဲဟင်ဟု မျက်မှောင်ကျုံ့ကာ မေး၏။

"ဘာမှ မဟုတ်ဘူး၊ အလကားသက်သက် ဒုက္ခရှာလို့ယွန်းရယ်၊ လာများမေးရသေးတယ်လို့၊ ယွန်းသွားမယ့် FMI ကို လိုက်မပို့နိုင်တာကို စိတ်မကောင်း ဖြစ်နေတာ"

"အို... ရပါတယ်၊ ထွက်စရာကိစ္စက ရသွားပြီလေ၊ မနေ့က ရုံးကပြန်တော့ မေမေ့ကို ပြောပြလိုက်တယ် သန့်ရှင်းရေးလုပ်ရင်း သူငယ်ချင်းတစ်ယောက် ခေါင်းကွဲလို့လို့... အဲဒါ သွားမေးမယ်ပေါ့၊ ကိုကံသာ့ဆီကအပြန် FMI ကို ဝင်မယ်လေ"

"ဩော်..."



BURMESE CLASSIC .com

www.burmeseclassic.com


ကံသာ့ရင်ထဲ စူးခနဲ အောင့်ကာသွား၏။ စနေနေ့မှာ ယွန်းနှင့်အတူ FMI သွားရမည်ဆိုသည့် အပျော်စိတ်ကလေးနှင့် အားအင်တွေပြည့်ကာ File ထပ်ကြီးကို ဆွဲမလိုက်တုန်းက ခံစားမှုကို သတိရသည်။ အခုတော့ သူ မလိုက်နိုင်တော့။ ထိုပျော်ရွှင်ခွင့်ထဲတွင် သူ ပါဝင်ခွင့်မရတော့။ ဖြစ်နိုင်လျှင် ဘာကြောင့် ဘယ်လိုဖြစ်သည်ဆိုတာကို ပြောပြလိုက်ချင်သည်။

"အင်းပေါ့လေ၊ ကောင်းပါတယ်။ ကျွန်တော့်ခေါင်းကွဲတာ အချည်းအနှီး မဖြစ်ဘူးပေါ့"

"အို...ကိုကံသာကလည်း မဟုတ်တာ၊ အဲဒီလို မပြောပါနဲ့"

ယွန်းဝသုန်က မျက်လွှာချကာပြောသည်။ စောသွဲ့က မျက်စောင်းလှမ်းထိုးသည်။ ကိုတင့်ဆွေက ထုံးစံအတိုင်း သူ့နှာခေါင်းကလေးကို ပွတ်ကာ ခေါင်းကို ရမ်းရင်းပြောသည်။

"ကံသာ မင်းလှမ်းတင်တဲ့ File တွေက အရင် မင်းဘေးမှာထားတဲ့ File တွေ မဟုတ်လား။ အဲဒီမှာပဲ ဆက်ထားရင် ရရဲ့သားနဲ့ကွာ၊ ဘာဖြစ်လို့ ဒီဗီရိုအမြင့်ကြီးပေါ် တင်ချင်ရတာလဲ"

"ဟာ မဟုတ်ပါဘူးဗျ၊ အဲဒီဗီရိုပေါ်က File တွေပါ"

"ဘာလို့ မဟုတ်ရမှာလဲကွ၊ မင်းနဖူးကွဲလို့ ဆေးခန်းရောက်သွားတော့ ငါပဲ အဲဒီ File တွေကို ထားရတာ၊ File တွေက ဒေါ်တင်လေးမြင့် File တွေပဲဟာ"

ကံသာ ခွေးပြန်သွား၏။ ဒီလူတွေ မြန်မြန်ပြန်မှကောင်းမည်။ မဟုတ်လျှင် အကုန်ပေါ်ကုန်တော့မည်။

"မသိပါဘူးဗျာ၊ ကျွန်တော်လည်း အဲဒီနားတွေ့လို့ တင်တာပါပဲ။ ခင်ဗျား ဘယ်မှာ ပြန်ထားလိုက်သလဲ"

"အဲဒီစင်ပေါ်မှာပဲလေ၊ မင်းဘေးနားက စင်ပေါ်မှာပေါ့"

လဲသာသေလိုက်ချင်သည်။ ဘာတစ်ခုမှ အဆင်မပြေ၊ အခုမှ ကံသာ့ခေါင်းထဲကရော၊ ရင်ထဲကပါ အောင့်ချင်လာ၏။ ဖြစ်နိုင်လျှင် ဟစ်၍သာ အော်ငိုပစ်လိုက်ချင်သည်။


BURMESE CLASSIC .com

www.burmeseclassic.com



"ဟား ပြီးတာပဲဗျာ၊ ပြီးတာပဲ၊ ကဲကဲ ပြန်ကြ ပြန်ကြ သွားစရာရှိတဲ့လူကလည်းသွားကြ အချိန်လင့်မယ်"

"အေးပါကွာ...ကံသာ ငါ ကော်ဖီတစ်ခွက်နဲ့ ဘဲသားမုန့် နှစ်ခု ပြန်ဝယ်လာတယ်ကွာ၊ မင်းကျွေးတာကို စားမိပြီး ငါလည်း စိတ်..."

"ကဲ ရှုံးအုပ်ကြီး ပြောမနေနဲ့တော့ ထားခဲ့ထားခဲ့၊ ကြာရင် ကျုပ်ရူးသွားလိမ့်မယ် သွားကြတော့"

ယွန်းဝသုန်တို့ ပြန်သွားပြီးနောက် ကံသာတစ်ယောက်တည်း မောမောနှင့် ကျန်ခဲ့သည်။

သူ့အိမ်မှာ ပိုမို တိတ်ဆိတ်ခြောက်သွေ့သွားသည်ဟု ထင်ရသည်။ စောသွဲ့နှင့်အတူ FMI သို့ သွားနေသည့် ယွန်းဝသုန်၏ ပျော်ရွှင်မှုကို သူ တွေးကြည့်နေမိသည်။ သူ့စားပွဲခုံဘေးသို့ ပြန်ရောက်နေမည့် File ထပ်ကြီးကို ပြန်တွေးမိသည်။ သူ့စိတ်တွေ တဖျပ်ဖျပ် ခုန်လာပြန်သည်။ ဒေါသက သူ့နှလုံးသားထဲမှာ ပွဲတော်လုပ်နေသည်။ ဘာတစ်ခုမှ အဆင်မပြေသောလောကကို တွေးကာ ခေါင်းစဉ် ရှာမရသောဒေါသနှင့် စိတ်အားငယ်မှုတို့ကို ကံသာ ခံစားနေရ၏။

ယွန်းဝသုန် ပေးထားခဲ့သော ကိတ်မုန့်နှင့် ကော်ဖီထုပ်များကို အသာလှမ်းငေးတော့ ခေါင်းထဲက မူးချင်လာ၏။ တနင်္ဂနွေနေ့တစ်နေ့တော့ ယွန်းဝသုန်နှင့် မတွေ့ရသည့်ဒုက္ခကို ခံစားရဦးမည်။ တနင်္လာနေ့ကိုတော့ ရုံးပြန်တက်နိုင်အောင် ကြိုးစားရဦးမည်။

ခေါင်းက မူးချင်နေသဖြင့် ဆရာဝန်ပေးထားသော ဆေးပြားများကို သောက်ကာ မျက်စိမှိတ်ရင်း မှိန်းနေလိုက်သည်။ ကံသာ၏ မှိတ်ထားသော မျက်စိထဲမှာ ဆူးလေဘုရားလမ်းကို ပျော်ရွှင်စွာ ဖြတ်ကူးသွားသော စောသွဲ့နှင့် ယွန်းဝသုန်ကို ဖျတ်ခနဲ တွေ့လိုက်ရ၏။

ယွန်းဝသုန်၏ အပြုံးက လင်းလက်ကာ လှပနေ၏။ ကိုယ်နေဟန်က တင့်တင့်တယ်တယ်။ အနားမှ ကားတစ်စင်း ဖြတ်သွားသဖြင့် ထဘီအနားစကလေးပင် လွင့်သွားသည်။ ကံသာ သက်ပြင်းကို ချလိုက်သည်။



BURMESE CLASSIC .com

www.burmeseclassic.com


ယွန်း မင်းက ငါ့နှလုံးသားထဲကို အတိအကျကို တိုးဝင်နေပြီဟု တွေးရင်း ကံသာ အိပ်ပျော်ခြင်းထဲသို့ တိုးဝင်သွားခဲ့သည်။

မှေးခနဲ အိပ်ရသည်ဟု ထင်ရသော်လည်း ကံသာနိုးတော့ ငါးနာရီ ထိုးတော့မည်။

ခေါင်းကဒဏ်ရာနှင့် ညနေပိုင်း အိပ်မိသူတစ်ယောက်အနေနှင့် သူ့စိတ်တွေက မှိုင်းညို့ကာ လေးလံနေ၏။ နားထင်က တဒိန်းဒိန်း ကိုက်လျက်၊ ကိုယ်လက်တွေက လေးလံလျက် တိတ်ဆိတ်နေသော အိမ်ကလေးထဲမှာ ညနေရီ နေရောင်က ညိုမှောင်လျက်။

ငြိမ်ငြိမ်ကလေးနေရင်း အိပ်မပျော်ခင် အကြောင်းများကို ကံသာ ပြန်တွေးနေခဲ့သည်။ ယွန်းဝသုန် ဒီအိမ်ကလေးထဲကို လာသွားသည်၊ သူ့အတွက် ကော်ဖီထုပ်နှင့် ကိတ်မုန့်များ ပေးသွားသည်၊ ဘာပဲဖြစ်ဖြစ် ယွန်းဝသုန်သည် သူ့ကိုတော့ ကြင်နာစိတ် ရှိပါသည်။ စေတနာ ထားပါသည်။ ကံသာ သက်ပြင်းချရင်း ယွန်ဝသုန်ပေးသွားသော ပစ္စည်းများကို ကြည့်သည်။

သို့သော် မရှိတော့။

ယွန်းကိုယ်တိုင် သူ့ရှေ့မှာ လှမ်းတင်ထားခဲ့သော ကိတ်မုန့်နှင့် ကော်ဖီထုပ် ထည့်ထားသည့်အိတ် မရှိတော့။ ကံသာ့ခေါင်းထဲကို စကား တစ်လုံး ပြေးဝင်လာသည်။

"ကြွက်..."

ကံသာ ဝုန်းခနဲ ထထိုင်ပြီး အိပ်ခန်းထဲက ထွက်လိုက်သည်။ ဒေါသကြောင့် ကံသာ့တစ်ကိုယ်လုံး မွှန်ထူနေ၏။ မီးဖိုချောင်ထဲ မျက်စိ ကစားတော့ ရေအိုးစင်အောက်မှအထုပ်ကို တွေ့ရ၏။ ကမန်းကတမ်း ပြေးယူကြည့်တော့ ကော်ဖီထုပ်များကတော့ ဘာမှမဖြစ်၊ ကိတ်မုန့်ကတော့ ရစရာမရှိတော့။ စက်သေနတ်နှင့် ပစ်ထားသလို မွစာကြဲအောင် ကိုက် သွားသည်။

ဒေါသကြောင့် ကံသာ စကားပင်မပြော၊ ဆဲပင်မဆဲနိုင်၊ တုတ်ကို ဆွဲကာ တစ်အိမ်လုံးအနှံ့ရှာသည်။ ဘယ်နေရာမှာမှ မတွေ့၊ သေသွားပြီ


BURMESE CLASSIC .com

www.burmeseclassic.com

(သို့မဟုတ်) ကစ်နေရာ ပြေးပြီထင်ထားသော ထိုသတ္တဝါသည် သေလည်း မသေ၊ သူ့အိမ်မှလည်း မတွက်သေး။

သူအိပ်ပျော်နေတုန်း သူ့ချစ်သူကပေးထားသော မုန့်ကို သူ့ နံဘေးမှပင် ဆွဲချသွားပုံပေါ်သည်။ ချစ်သူက စားစေချင်သည့်မုန့်ကို သူ့လက်နှင့်ပင် မထိရသေး။ ဒင်းက ရစရာမရှိအောင် ကိုက်ဖဲ့သွားခဲ့ သည်။ ရင်ထဲမှာ နှမြောခြင်း၊ ဒေါသဖြစ်ခြင်း၊ အသည်းယားခြင်း ဝေဒနာ ပေါင်းစုံကို ခံစားရ၏။

ထိုစိတ်များဖြင့် ကြောင်အိမ်အောက်၊ သေတ္တာကြား၊ ခုတင် အောက် စသည့်နေရာများသို့ ငုံ့ကြည့် တိုးကြည့်ရသဖြင့် ခေါင်းက တဆစ်ဆစ်နာလာပြန်၏။ ကံသာ လက်လျှော့လိုက်ရသည်။

"ကောင်းပြီ ကြွက်မသား မင်းကို ငါ သေအောင်သတ်မယ်"

တနလ်ာနေ့ ရုံးပြန်တက်တော့ File ထပ်ကြီးများကို သူ့စားပွဲ နံဘေးကစင်မှာပင် ဒေါသဖြစ်စရာ တွေ့ရသည်။ ခေါင်းမှ ပတ်တီး ဖြေပြီးသော်လည်း ကြက်ခြေခတ် ပလာစတာက မခွာရသေး။ အဲဒါတွေ က အရေးမကြီး။ သူဖြစ်စေချင်သည့်အတိုင်း ယွန်းဝသုန်၏ မျက်နှာကို မတွေ့ရတာက ဆိုးသည်။ မကျေနပ်မှုသည် ကံသာ့ရင်ထဲမှာ တဒုတ်ဒုတ် ခုန်နေ၏။ ဒီ File များကြောင့်ပင် သူ ပျော်ရွှင်မှုတစ်ခုနှင့် လွဲခဲ့ရသည်။ ဒဏ်ရာအနာတရ ဖြစ်ခဲ့သည်။ ကံသာ File ထပ်ကြီးကို ကြည့်ကာ စိတ်ထိန်းမရတော့။

"ကိုကြွက်နီ လာစမ်းပါဗျာ၊ အဲဒီ File ထပ်ကြီးကို တခြားဘက် ရွှေ့ပေး၊ မြင်ရတာ စိတ်နာလို့"

ကံသာ့စကားကို ကြားတော့ လူတွေက ပြုံးကြသည်။ ခေါင်းကွဲ သည့်အတွက် စိတ်နာသည်ပဲ ထင်ကြသည်။ ကံသာကလည်း တမင် ထိုသို့ ရောချလိုက်ခြင်းဖြစ်၏။ ကြွက်နီက File ထပ်ကြီးကို မကာ ရွှေ့ပေးသည်။

"ဆရာကလည်း ဟိုနေ့ကတည်းက ကျွန်တော့်ကို ခိုင်းရောပေါ့"

"နေစမ်းပါဦး၊ ခင်ဗျားနာမည်က ဘာဖြစ်လို့ ကြွက်နီ ဖြစ်နေ


BURMESE CLASSIC .com

www.burmeseclassic.com



ရတာလဲ''

File သယ်ပြီး ပြန်လာသော ကွက်နီက ကံသာ့စကားကြောင့် ကြောင်သွားပုံရသည်။

''မသိဘူးဆရာ၊ ငယ်ငယ်တုန်းက မွေးကာစကပေါ့လေ ကွက်လို နီနီရဲရဲကလေးမို့နေမှာပေါ့၊ ဘာဖြစ်လို့လဲဆရာ''

''ဘာမှ မဖြစ်ပါဘူး၊ ကွက်ဆိုရင် အမြင်ကတ်လွန်းလို့ မေးကြည့်တာ၊ နာမည်ပြောင်းလို့ မရဘူးလား''

''ဟာ ဆရာကလည်း မလုပ်ပါနဲ့၊ ဒီနာမည်နဲ့ အသားကျနေပြီ ဆရာရဲ့''

''ကွက်ဆိုတာကို ပြောင်းကွာ၊ နီချင် နီပါလေ့စေ၊ ကွက် မပါစေနဲ့''

ကွက်နီက ရယ်ကျဲကျဲလုပ်ရင်း စောင့်ရှောက်ဦးလေဆရာ ဆိုတာနဲ့ ငွေ ၅၀ ပေးလိုက်ရ၏။ ထိုစကားကိုတော့ ဘယ်သူမှ မသိသဖြင့် မပြုံးကြ။ သို့သော် ကိုတင်ကိုအောင်က ကြားသွား၏။

''ကောင်လေး ၊ အရင် မင်းပြောတော့ ကွက်ကို ချစ်တယ်ဆို၊ ကွက်က မင်း ကျေးဇူးရှင်ဆို''

ဦးတင်ကိုအောင်စကားကြောင့် ယွန်းဝသုန်က ဖျတ်ခနဲ မော့ကာ ကြည့်၏။ ကံသာ မျက်နှာပူသွားသည်။

''ဟာဗျာ၊ အစ်ကိုကြီးကလည်း ကွက်နီကို တမင်နောက်တာပါ''

အားနာနာနှင့် လှမ်းကြည့်တော့ ယွန်းဝသုန်နှင့် မျက်ဝန်းချင်း ဆုံသည်။ ယွန်းက မျက်လွှာချသွား၏။ တော်ပါသေးသည်။ ဘာပဲဖြစ်ဖြစ် ကံသာ ကျေနပ်သွားသည်။ အခုဆိုရင် သူ့နေရာမှထိုင်ရင်း ယွန်းမျက်နှာကို ငေးလို့ရပြီ။ သန်းအုန်းဆိုသည့်သူ ယွန်းကို လှမ်းကြည့်နေသလား၊ လျှာထုတ်ပြနေသလား ကြည့်လို့ရပြီ။ ဒီ File ကြီးကို ရွှေ့ဖို့ ကံသာ တော်တော်ပင်ပန်းခဲ့ပါသည်။

✿✿✿



BURMESE CLASSIC .com

www.burmeseclassic.com

(ငါး)

"အဲဒါပဲ အစ်ကိုကြီး၊ ကျွန်တော် အဲဒီကြွက်ကို ဘယ်လို လုပ်ရမလဲ"

ကံသာ့စကားကြောင့် ကိုတင်ကိုအောင်က မျက်မှောင်ကျုံ့ကာ ကြည့်၏။ ဦးမောင်ညိုက ပခုံးကို မင်းသားကျော်ဆွေစတိုင်ဖြင့် တွန့်သည်။ ဦးခင်ဇော်က မျက်နှာကို မဲ့ကာ တစ်ခြားဘက်သို့ လွှဲ၏။

"ခွီးပဲ၊ အရေးကြီးတယ်ဆိုလို့ ဘာများလဲလို့၊ ကြွက်များကွာ ရေးကြီးခွင်ကျယ် ပြောနေရတယ်။ ကြောင်တစ်ကောင်လောက် မွေးလိုက် ပေါ့ကွ"

"ဟာ... ဟုတ်သားပဲ၊ ကျွန်တော်က ဒီကောင့်ကို ကျွန်တော် ကိုယ်တိုင် တွယ်ချင်နေတာနဲ့ အဲဒါကို မစဉ်းစားမိဘူး။ အစ်ကိုကြီးတို့ပဲ စဉ်းစားကြည့်လေ၊ ယွန်းပေးတဲ့ ကိတ်မုန့်ကို..."

"ဟေ့ကောင် ကံသာ ပြောပြီးသားစကားကို အရသာခံပြီး ပြောမနေနဲ့၊ မင်းပြောတာ ငါးခါရှိနေပြီ။ တင်ကိုအောင် ပြောသလို ကြောင်သာ ရှာမွေးလိုက် ပြီးပြီ"

"အစ်ကိုကြီးအိမ်မှာ ကြောင်ရှိလား"

ကံသာ့စကားကြောင့် ကိုခင်ဇော် ငြိမ်သွား၏။

"ဟင့်အင်း၊ ငါ့အိမ်မှာတော့ မရှိဘူးကွ"

"ဦးမောင်ညိုအိမ်မှာရော"

BURMESE CLASSIC .com

www.burmeseclassic.com



သူ့စကားကြောင့် ဦးမောင်ညိုက သက်ပြင်းကို ချသည်။ ပြီးတော့ မဲ့၏။

"ရှိတော့ရှိတယ် ကံသာ၊ ဒါပေမယ့် ငါ့ယောက္ခမက ငါ့ထက် ကြောင်ကို ပိုဂရုစိုက်တယ်။ ကြောင်ကို ငါ့ထက်တောင် ချစ်ပုံရတယ်၊ ပေးဖို့မလွယ်ဘူး"

"အေး…ငါ့ဆီမှာလည်း ကြောင်မရှိဘူး ကံသာ၊ ဒါကို ရေးကြီး ခွင်ကျယ်လုပ်မနေနဲ့ ကြောင်ရှိတဲ့အိမ်မှာ ကြောင်တစ်ကောင် တောင်း မွေးလိုက် ဒါပဲ"

သို့သော် ထိုပြဿနာက ထိုမှာတင်ပြီးမသွား။ ကံသာ ကြောင် တောင်း၍ မရ။ ရှိသည့်အိမ်ကျပြန်တော့လည်း သံယောဇဉ် ဖြစ်နေသဖြင့် မပေးနိုင်ဟုဆိုသည်။ ကိုညာဏ်ပေါ်ကလည်း ကြောင်တော့ရှိသည်၊ သူ့ မိန်းမက သူ့ထက် ကြောင်ကို ပိုချစ်သည်။ အိပ်ရာထဲ အတူထားအိပ် သည်ဟု ဆိုပြန်၏။ ကြောင်ချစ်သူများအသင်းပင် ဖွဲ့ရတော့မလို ဖြစ်နေ သည်။

မောင်ချောနွယ် ကဗျာထဲကလို ညည်းရမည်ဆိုလျှင်…

"သူများအတွက် အရာရာ လက်တစ်ကမ်းစာဟာ…

သားနဲ့ကျမှ ဘာကြောင့် ယူဇနာသန်းပေါင်းများစွာ ဝေးနေ ရတာလဲ ကြောင်…" ဟု ဖြစ်မည်ထင်သည်။

နောက်ဆုံးတွင် ယွန်းဝသုန်က ကံသာ ကြောင်တောင်းနေမှန်း သိသွားသည်။ မသိ ခံနိုင်ပါ့မလား၊ တစ်ရုံးလုံးလည်း လူကုန်နေပြီ ဖြစ်၏။

"ဟုတ်တယ် ယွန်းရာ၊ ကျွန်တော့်အိမ်မှာ ကြွက်သောင်းကျန်း နေတယ်၊ ဟိုတစ်ခါကြွက်လေ၊ တစ်နေ့က ယွန်းပေးသွားတဲ့ ကိတ်မုန့်ကို လည်း ဒီကောင်ဆွဲသွားတာနဲ့ ကျွန်တော် မစားလိုက်ရဘူး။ ဒေါသ ဖြစ်ရတာ ပြောပါနဲ့တော့၊ ပြောပြရင် ယွန်း စိတ်မကောင်းမှာစိုးတာနဲ့ ပြောမပြတာ၊ မိရင်တော့လား အမှုန့်ကို ကြိတ်ပစ်မှာ"

"ယွန်းအဒေါ်တစ်ယောက်က သူ့အိမ်ကကြောင်ကို ပေးခင်လို



BURMESE CLASSIC .com

www.burmeseclassic.com



လို့ ပြောတယ်၊ ယတြာချေချင်တာတဲ့၊ ယူမလား မေးပေးမယ်လေ''

''ဟာ ကျေးဇူးတင်လိုက်တာ ယွန်းရာ… ကောင်းတာပေါ့၊ လုပ်ပါဦး ဘယ်မှာလဲ''

''အဒေါ်က ဗဟန်းဘက်မှာနေတာ၊ ပေးပြီးပြီလားတောင် မသိဘူး။ စုံစမ်းပေးမယ်လေ''

ဒီလိုနှင့် နှစ်ရက်အကြာတွင် ယတြာချေချင်သူနှင့် ကြောင်လိုချင်သူတို့ ဈေးတည့်သွားကြ၏။ ယွန်းဝသုန်က သူ့အဒေါ်အိမ်သို့ ခေါ်သွားသဖြင့် ယွန်းနှင့်သူ ပထမဦးဆုံးအကြိမ် အတူလမ်းထွက်ဖူးခြင်းလည်း ဖြစ်သည်။ ဒီအတွက်တော့ ကြောင်ကို ကျေးဇူးတင်ရမှာလား၊ ကြွက်ကိုပဲ ကျေးဇူးတင်ရမလား မသိတော့။

ယွန်းနှင့် သူချိန်းကာ ဗဟန်းမှအဒေါ်အိမ်သို့ သွားရသည်။ လမ်းမှာ ကံသာ ပျော်ရွှင်စွာ ရင်ခုန်နေမိ၏။ ယွန်းက ကားပေါ်မှာ သူ့အဒေါ် အပျိုကြီးအကြောင်း တတွတ်တွတ်ပြောသည်။ ကျန်းမာရေးမကောင်းသည့်အတွက် ဗေဒင်တွက်ကြည့်ရာ ကြောင်ကို ပေးပစ်ရမည်ဟု ပြောကြောင်း၊ သူ့အဒေါ်က ကြောင်သိပ်ချစ်ကြောင်း စုံနေတာပဲဖြစ်သည်။

ကံသာကတော့ မျက်ခုံးကလေးပင့်လိုက်၊ မျက်ဆံနက်ကလေး ရွှေ့လိုက်နှင့် စကားပြောနေသော ယွန်းကို ငေးကာ ရင်ခုန်နေမိသည်။

ဗဟန်းကိုရောက်တော့ ယွန်းဒေါ်ဒေါ်က ကြောင်ကြီးကို ပြသည်။ ကြောင်ကြီးက ရွှေဝါရောင်၊ ခန္ဓာကိုယ်ကမနည်း၊ အထီးကြီးဖြစ်၏။ ခေါင်းက ထန်းသီးလုံး ခပ်ရွယ်ရွယ်ခန့်ရှိသည်။ ဗလကမသေး။ သူ့အိမ်မှာ နေသောင်းကျန်းနေသည့် ကြွက်ကလည်း ရေသန့်ဗူးခန့် ရှိသည်ဆိုတော့ ကြည့်ရှုကောင်းတော့မည့်ပွဲဖြစ်သည်။

''အန်တီက ရွှေဝါကို သိပ်ချစ်တာ၊ ကျန်းမာရေးကြောင့်သာ စွန့်ရတာ ပေးချင်တာမဟုတ်ဘူး၊ သေသေချာချာ ဂရုစိုက်ပါနော်၊ သူ့ကို အခင်းနဲ့ သိပ်ပါ၊ ပြီးတော့ သူက ပုစွန်ခြောက်နဲ့မှ ထမင်းစားတာ၊ တစ်နေ့ သုံးကြိမ်စားတယ်၊ ပြီးတော့ ဒီအားဆေးကိုလည်း မှန်မှန်တိုက်ပေးပါ။ သား… ရွှေဝါ လိမ်လိမ်မာမာနေနော်၊ ညဆို လျှောက်မလည်နဲ့

www.burmeseclassic.com



လူတွေက ယုံရတာမဟုတ်ဘူး၊ အမေ မင်းကို မခွဲချင်ပါဘူးကွယ် ကျန်းမာရေးကြောင့်ပါ သားရယ်''

ယွန်းဒေါ်ဒေါ်က ကြောင်ကြီးကို ဖက်ကာ ငိုနေသဖြင့် ကံသာ စိတ်မကောင်း။ ယွန်းကလည်း လိုက်ပြီး မျက်ရည်ဝဲချင်နေသည်။

''စိတ်ချပါ ဒေါ်ဒေါ်၊ ကျွန်တော် ဒီကောင်ကြီးကို ဂရုစိုက်မှာပါ၊ စိတ်မပူပါနဲ့ အစားလည်း မှန်မှန်ကျွေးပါ့မယ်၊ ဒေါ်ဒေါ့်ကျန်းမာရေး ကောင်းပြီဆိုတော့ ထားလို့ရရင် ပြန်ယူပေါ့၊ ကျွန်တော် ပြန်ပေးပါ့မယ်''

''အေးပါကွယ်...အေးပါ၊ ကျေးဇူးပါပဲ''

ကြောင်ကြီးကို ထမင်းကျွေးသည်။ တိုက်နေကျ အားဆေးနှင့် ပုစွန်ခြောက်တွေလည်း ဂရုစိုက်ကာပေး၏။ ကျေနပ်လောက်မှ ကြောင်ကြီး ကို ပလတ်စတစ်ခြင်းဖြင့် ထည့်ကာ ထွက်မပြေးနိုင်စေရန် အဝကို ကြိုးဖြင့် ပူးချည်ပေးလိုက်၏။

ကံသာတို့ပြန်ခါနီး ခြင်းထဲမှ ရှန်းနေသော ကြောင်ကြီးကို ကြည့်ကာ ငိုပြန်သည်။

''သား ရှွေဝါ လိမ်လိမ်မာမာနေနော်၊ အမေ သားကို စိတ်မချ ဘူးသားရယ်''

''အဒေါ်ရယ် ခဏ သံယောဇဉ်ဖြတ်လိုက်ပါ၊ ကိုယ့်ကျန်းမာရေး အတွက်ပဲဟာ၊ ပြန်ထားလို့ ရပြီဆိုရင် သမီး ကိုကံသာ့ဆီက ပြန်တောင်း ပေးပါ့မယ်၊ စိတ်ချပါ''

ယွန်းဝသုန်က ချော့ကာ မနည်းပြောရသည်။ ဒါတောင် အောက် အထိ လိုက်ဆင်းကာ ကားငှားပေးလိုက်သေး၏။ ကံသာလည်း ကတိ အထပ်ထပ်ပေးကာ ကကကား ထွက်တော့မှပဲ စိတ်အေးရတော့သည်။ နောက်ခန်းမှာ ယွန်းနှင့်အတူထိုင်ကာ အလယ်မှာ ကြောင်ကြီးကို ထည့်ထား သောခြင်းကို ထားရ၏။

''အင်း အပျိုကြီးဆိုတော့ သံယောဇဉ် တော်တော်ကြီးတာနော်၊ ယူသာယူလာရတာ စိတ်တောင်မကောင်းဘူး''

''ဟုတ်ပ၊ ယွန်းလည်းစိတ်မကောင်းဘူး၊ ဒီလိုမှန်းသိရင်


BURMESE CLASSIC .com

www.burmeseclassic.com


တောင်းတောင်မပေးပါဘူး၊ ဒေါ်ဒေါ်ငိုနေမှာ ယွန်းသိတယ်''

ယွန်းက ငိုသံပါနှင့်ပြောတော့ ကံသာ စိတ်ထိခိုက်သွားသည်။ ယွန်းဆီမှာ ကြင်နာသနားတတ်တဲ့စိတ်ကလေး ကောင်းကောင်းရှိတာပဲ။ တစ်ချိန်မှာ ထိုစိတ်ကို ကံသာ အားကိုးချင် အားကိုးရဦးမှာဖြစ်သည်။

''ယွန်းကလည်း အလကား စိတ်မကောင်း ဖြစ်နေတယ်၊ ကိုယ် ဒီကောင်ကြီးကို သေသေချာချာ မွေးမှာပါ စိတ်ချ၊ စိတ်မကောင်းစရာကို တွေးမနေနဲ့တော့''

ယွန်းနှင့်သူ စကားပြတ်သွားသည်။ ယွန်းက တစ်ဖက်ပြတင်းပေါက်မှ ပတ်ဝန်းကျင်ကို ငေးကာ တိတ်တဆိတ် လိုက်ပါလာ၏။ ကားပေါ်တက်ခါစက ရုန်းကန်နေသော ရွှေဝါကြောင်ကြီး ငြိမ်ကာသွား၏။ ဒီကောင်ကြီးကိုတော့ ကောင်းကောင်းမွေးရမည်။ ဆေးလည်း မှန်မှန်တိုက်ရမည်။ ဘာပဲဖြစ်ဖြစ် ဒီကောင်ကြီးသည် ယွန်းနှင့် သူ့ကြားမှာ သတိထားရမည့်ကောင်ကြီး ဖြစ်သွားပြီ။ ဒီကောင်ကြီးကို ဂရုစိုက်ခြင်းသည် အကျိုးယုတ်နိုင်စရာမရှိ။

ယွန်းကို ခိုးငေးတော့ ဘာတွေ တွေးနေမှန်းမသိ။ ငြိမ်ကာနေ၏။ ထိုစဉ် ကုန်တင်ကားကြီးတစ်စင်း၏ ဟွန်းသံ ကျယ်ကျယ်ပေးကာ သူ့တို့စီးလာသော ကကကို ကျော်တက်သည်။ ခြင်းထဲမှ ထည့်လာသော ကောင်ကြီးက ဝုန်းခနဲခုန်ထကာ အပြင်သို့ ကြိုးပြတ်ပြီး ထွက်လာ၏။

''ဟဟ ဟဲ့ကောင်၊ ဟဲ့ကောင်ကြီး ဟ''

ကားမောင်းနေသည့်အရှိန်၊ ကားဟွန်းသံနှင့် ဘာမှန်းမသိသည့် နေရာစိမ်းတို့ကြောင့် ခြင်းထဲမှခုန်ထွက်လာသော ကြောင်ကြီးက ကက ကားထဲမှာ ကြောက်လန့်တကြား လျှောက်ပြေးသည်။ ကံသာ အော်ဟစ်ရင်း ဖမ်းသော်လည်းမရ။

''ရပ်၊ ရပ် ကားကို ရပ်လိုက်၊ ရပ်လိုက်''

ရှေ့ခန်းကို ခုန်ထွက်သွားသော ကြောင်ကြီးက သွေးရူးသွေးတန်း ကြောက်လန့်စွာ ကားမောင်းသူထံ ရောက်သွား၏။

''အား… အီး ကုတ်တယ်ဗျ၊ ကုတ်တယ်၊ ဟာဟာ ဘာကြီး


BURMESE CLASSIC .com

www.burmeseclassic.com



တုန်း''

ကားက လမ်းဘေးသို့ ထိုးဆင်းသွားသည်။ ကားဆရာက ကြောက်လန့်ပြီး ရိုက်ထုတ်လိုက်သောကြောင့် ကြောင်ကြီးက လန့်ဖြန့်ကာ နောက်ဘက်သို့ ခုန်ထွက်လာပြန်သည်။

''ဟဲ့ကြောင်...ဟဲ့ ရွှေဝါ ကိုက်သာဖမ်း ဖမ်း...ဟဲ့''

''ဟဲ့ကောင်ကြီး၊ ဟဲ့ ဟဟ ကိုက်တယ်ဟ ဟဲ့ကောင်''

''အား၊ အမယ်လေး...နာလိုက်တာ အား''

ကြောင်ကြီးက သူ့ဘက်မှ ဝသုန့်ဘက်သို့ ပြေးသည်။ ဝသုန် နာကျင်ထိတ်လန့်စွာ အော်သံကို ကံသာ ကြားလိုက်ရ၏။ ကြောင်က ဝသုန့်ပေါင်ပေါ်မှ ဖွင့်ထားသော ပြတင်းပေါက်မှ ခုန်ကာ အပြင်သို့ ထွက်ပြေးသည်။ ကားက မောင်းနေသဖြင့် ဒလိမ့်ခေါက်ကွေး ကျကာ ပြန်ထပြီး ကားလမ်းမကို ဖြတ်အပြေး တခြားဘက်မှလာသော ကားဘီး အောက်သို့ ရောက်ကာသွားလေသည်။

နောက်ဘက်မှ ဖောင်း၊ ဂျွတ်ခနဲအသံ ကြားလိုက်ရသည်။ ကားက ရပ်သွားပြီဖြစ်၏။ ကံသာ ဆင်းကြည့်တော့ ရွှေဝါ ခေါင်းပြား နေပြီ။

ကံသာ ကားထဲပြန်လာတော့ ယွန်းဝသုန်က ပေါင်နှင့်လက်ကို အုပ်ကာ ငိုနေပြီ။ ကားဆရာလည်း ဒေါသတကြီး ကံသာ့ကို ရန်တွေ့ သည်။

''ဒါကြီးဖမ်းလာမှန်း အစကတည်းက ပြောပါလားဗျ။ ဒီမှာ ကုတ်သွားတာ မြင်လား၊ ဒီမှာ ဘာမှန်းမသိတော့ လန့်ပြီး ကံကောင်းလို့ တခြားကားနဲ့ မတိုက်တယ်။ ခင်ဗျားတို့ဗျာ တော်တော်မဟုတ်တဲ့လူတွေ''

''Sorry ဗျာ၊ သေသေချာချာ ထည့်လာတာပါ၊ ဘယ်လို ဖြစ်တယ် မသိဘူး။ တောက်၊ ယွန်း ယွန်း ဘာဖြစ်သွားသေးသလဲ''

''မသိဘူး၊ ယွန်းကြောက်တယ်၊ လက်ကိုရော ကုတ်သွားတယ်၊ ပေါင်ကိုရော၊ သေပြီလားဟင်၊ သေပြီလား''

ယွန်းလက်မောင်း နှစ်ဖက်လုံးတွင် ကြောင်ကုတ်သွားသော



BURMESE CLASSIC .com

www.burmeseclassic.com



ဒဏ်ရာကြီးများကို တွေ့ရသည်။ ချက်ချင်းနီရဲကာ ဖုထပြီး သွေးတွေ စို့နေ၏။ ကံသာ့လက်မောင်းမှာလည်း ကြောင်လက်သည်းရာ အစင်းကြီး သုံးခုက ကျိန်းစပ်ကာနေသည်။ ရွှေဝါက ကြောက်လန့်တကြား အားကုန် ကုတ်ခြစ်သွားဟန် တူသည်။

ဝုန်းဒိုင်းကျဲသွားသော သူတို့ကားကို လူတွေ ဝိုင်းအုံကြည့်ကြ၏။ ယွန်းဝသုန်က ကားလမ်းမပေါ်တွင် ခေါင်းပြားနေပြီဖြစ်သော ရွှေဝါကြီးကို ကြည့်ကာ ငိုပြန်သည်။ ကားဆရာက ကျိန်ဆဲလျက်ရှိ၏။

ရွှေဝါကြီးကို မြင်သည့်ကားက ရှောင်မောင်းသွားသော်လည်း မမြင်သည့်ကားတစ်စင်းက ထပ်ကြိတ်သဖြင့် မိုက်ပါ ပွင့်ထွက်သွား၏။ ယွန်းကို မမြင်စေချင်သဖြင့် နောက်သို့ မလှည့်ရန် သတိထားရသည်။

''ကဲ ကားဆရာ အနီးဆုံးဆေးခန်းသာမောင်းဗျာ၊ ကျွန်တော် တို့ရော ခင်ဗျားပါ ဆေးထိုးမှရမယ်၊ မောင်းတော့''

''ကောင်းတာပေါ့ဗျာ…ကောင်းတာပေါ့၊ ဟင်း…ဟင်း…''

လက်မောင်းနှစ်ဖက်ကို ဖိရင်း မျက်ရည်များရွှဲကာ၊ ခေါင်းကိုငုံ့ကာ ငိုနေသော ယွန်းဝသုန်ကို ကြည့်ကာ ရင်ထဲမှာ ဝမ်းနည်း စိတ်မကောင်း ဖြစ်ရသည်။

''ယွန်း တော်တော်နာနေသေးလားဟင်''

''နာတယ်၊ အရမ်းပဲ။ ပေါင်ကလည်း စပ်တယ်''

ကံမကောင်းပါလား။

ကံသာ့စိတ်ထဲမှာ ကြောင်ကို ကျိန်ဆဲရမလား၊ ကြွက်ကို ကျိန်ဆဲရမလားမသိ။ ဒေါသက ဘာကို ဖြစ်ရမှန်းလည်း မသိတော့။ မောမောနှင့် ကားကို မှီကာ လိုက်လာခဲ့သည်။ နံဘေးမှ ယွန်းဝသုန်၏ ရှိုက်သံကို အားနာခြင်း၊ ဝမ်းနည်းခြင်း၊ စိတ်မကောင်းခြင်း၊ မျက်နှာ ပူခြင်းတို့ဖြင့် ခံစားကာ သက်ပြင်းကိုသာ ချရသည်။

ဆေးခန်းရောက်တော့ သုံးယောက်စလုံး ကြောင်ကုတ်ခံရသည့် ကိစ္စကို ဆရာဝန်မလေးက နားမလည်နိုင်စွာ မေးသည်။ အားကုန်နေပြီ ဖြစ်သော ကံသာ အတိုဆုံးဖြေရ၏။



BURMESE CLASSIC .com

www.burmeseclassic.com



ယခုလမ်းခရီးသည် ယွန်းဝသုန်နှင့် ကံသာ ပထမဦးဆုံးတွက်ဖူးသည့် လမ်းခရီးသာဖြစ်သည်။ သို့သော် ကံမကောင်း။ ဆရာဝန်မလေးက တင်ချာထည့်သည့်အခါ စပ်လွန်းသဖြင့် အော်နေသော ယွန်း၏လက်ကို အားပေးနှစ်သိမ့်ချင်သည်။ သို့သော် မဖြစ်သေး။ ရင်ထဲက ကြင်နာချင်စိတ်ကို ဖိသိပ်ထားရ၏။ ကျောင်းကြီးကို ရကာစက နေ့စဉ် ကျောင်းကြီးအကြောင်း စကားစပ်ရင်း ယွန်းနှင့် ပြောကြမည်။ သူ့အဒေါ်က သိပ်သတိရလျှင် ယွန်းနှင့်အတူ ကျောင်းကြီးကို ခေါ်ကာ သွားပြကြမည်။ စသည်ဖြင့် စိတ်ကူးလိုက်မိသေး၏။

အခုတော့ ကျောင်းကြီးရွှေဝါက အရှည်သဖြင့် ဒုက္ခများနှင့် သူ့ကို ခုတုံးလုပ်ခံရမှာကို ငြင်းဆန်သည့်အလား ကားပေါ်မှ ခုန်ချကာ သေသွားပြီဖြစ်သည်။ ထိုကိစ္စသည် ဘယ်သူ့အပြစ်ဟု မယ်မယ်ရရ ပြောမရသော်လည်း ကံသာက သူ့အပြစ်ဟုပင် ယူဆကာထားလိုက်သည်။

အပြန်လမ်းမှာ ဝသုန်က ဘာစကားမှ မပြောတော့။ လက်မှ ပတ်တီးများကို ကြည့်ကာ မေမေ့ကို ဘယ်လိုပြောရမလဲတောင် မသိဘူးဟု ငြီးသည်။ အိမ်ရှေ့ရောက်တော့ ကားပေါ်မှ ဆင်းသည်။

"ယွန်း အနာကို သတိထားနော်၊ ညှော်တွေဘာတွေ မမိစေနဲ့"

"အင်း…သူလည်းဂရုစိုက်"

ယွန်းက သူနေသည့် လေးထပ်တိုက်ပေါ်သို့ လေးကန်စွာ တက်သွား၏။ ကံသာ အိမ်ပြန်မရောက်ခင်ကတည်းက ကြွက်ကို ဒေါသဖြစ်နေပြီ ဖြစ်လေသည်။

ယွန်း ရုံးမတက်၍ စောသွယ်ကမေးရင်း စနေနေ့က ကျောင်းဇာတ်လမ်းကို ပြောပြတော့ အားလုံးက တခွီးခွီးရယ်ကြသည်။ ကံသာက သိစေချင်၍ ပြောပြခြင်းလည်း ပါပါသည်။ သူနှင့် ယွန်း၏ ဆက်ဆံရေးကို သန်းအုန်းတို့ သိထား၊ နားလည်ထားအောင် တမင်ပြောခြင်းလည်း ပါ၏။

"ယွန်းကို သနားလိုက်တာဗျာ၊ ဒီနေ့ အခြေအနေက ဘယ်လိုလဲ မသိဘူး။ စိတ်လည်းပူတယ်၊ ရုံးတောင် မတက်နိုင်ဘူးဆိုတော့…"



BURMESE CLASSIC .com

www.burmeseclassic.com



"ဖြစ်ရလေ ကံသာရယ်၊ နင်ဟာလေ နာမည်က ကံသာပေလို့သာပဲ၊ တစ်ခါမှ နင့်ဘက်က ကံကောင်းတယ် မရှိဘူး"

"မင်းမလဲ ကြောင်က ပြဿနာရှာလိုက်၊ ကြွက်က ဒုက္ခပေးလိုက်နဲ့၊ တနလ်ာနံ စီးနေတယ်ထင်တယ်။ ဗေဒင်တွေဘာတွေ မေးကြည့်ပါလား"

"အလကားပါဗျာ၊ အယုံအကြည် မရှိပါဘူး၊ အဆင်မသင့်လို့ဖြစ်ရတာပါ"

ကံသာ စကားကို ဖြတ်ကာ စောသွဲ့ကို ခေါ်ပြီး ညနေ ယွန်းအိမ်သွားမေးဖို့ ပြောရသည်။ စိတ်ပူတာလည်း ပါသည်။ ယွန်းဝသုန်ကို မတွေ့ရသဖြင့် တွေ့ချင်တာလည်း ပါသည်။

ယွန်းအိမ်ရောက်တော့ ယွန်းက သူတို့ ဘာမှ မပြောရသေးခင် ခေါင်းတွေမူးနေလို့ ရုံးမတက်တာဟု ဦးအောင်ပြောသည်။ ကြောင်ကိစ္စကို ယွန်း မပြောစေချင်ပုံပေါ်သဖြင့် ကံသာ ဘာမှမမေးရ။ သုံးချက်သာ အကုတ်ခံရသော သူ့လက်ပင် ကိုက်ခဲနေမည်ဆိုလျှင် ယွန်းဒဏ်ရာလည်း နာနေပေလိမ့်မည်။ မနက်ဖြန်လည်း ရုံးမတက်ဟု ပြောသဖြင့် ကံသာ တော်တော်ဆွေးသွား၏။ သူလည်း ရုံးမတက်တော့ဟု ဆုံးဖြတ်ကာ မနက်ဖြန် ကြွက်အော်ပရေးရှင်း စရမည်။

✿✿✿

ကြွက်ကလည်း ကံသာ့အိမ်မှာ အတော်သောင်းကျန်းနေပြီဖြစ်သည်။

ကြွက်က အကောင်ကြီးသောမြေကြွက်ဆိုသော်လည်း ကြွက်ဖလောင်းတစ်ကောင်လို လျင်သည်။ ခံစားမှုနှင့် အသိဉာဏ်ကို အသုံးချပုံက မြေခွေးတစ်ကောင်အဆင့်လောက် ရှိ၏။ မိမိအသက်ကို ကာကွယ်ထိန်းသိမ်းမှုက ရောမခေတ် ကျေးကျွန်များထက် ပိုသည်။ အလစ်အငိုက်ကို သိခြင်း၊ သူတစ်ပါး၏ အားနည်းချက်ကို သိခြင်း၊ အကင်းပါးခြင်းက

www.burmeseclassic.com



ရှေ့နေတစ်ယောက်လိုပင် ဖြစ်၏။

ကံသာ စိတ်တိုတိုနှင့် ဒေါသအားလုံး ဒင်းကစသည်ဟု ယူဆကာ နှစ်ညနှင့် တစ်ရက်လုံးလုံး ဒင်းကို ချောင်းသည်။ ကံသာ အိမ်နောက်ဖေးတွင်ရှိလျှင် ကြွက်က အိမ်ရှေ့က ပြေးသည်။ ကံသာ အိမ်ရှေ့မှ ချောင်းတော့ အိမ်နောက်ဖေး ခွက်တွေထဲတိုးသည်။

ကံသာ စိတ်အဆိုးဆုံးမှာ သူ့ကို မထီမဲ့မြင်လုပ်ခြင်းပင် ဖြစ်၏။

ဘုန်းကြီး ဆွမ်းလောင်းနေသည့်အချိန်မျိုး၊ တင်ပုလ္လင်ခွေကာ ထမင်းစားနေသည့် အခါမျိုးတို့တွင် ကံသာ ရုတ်တရက် ထမလှုပ်၊ ပစ်ခတ်မလှုပ်သည်ကို သိသည့်အလား ဒင်းက မလှမ်းမကမ်းမှ ပုံမှန်လျှောက်သွားတတ်၏။ ရပ်ပြီး ခေါင်းကို ဟိုဒီလှည့်ကာ အနံ့ခံတတ်သည်။ ဆွမ်းခံကိုယ်တော်ကပင် "ဒကာကြီး ကြွက်ကြီးပါလား၊ နည်းပါဘူး" ဟု မိန့်သွားခဲ့၏။ ထမင်းစားနေရာမှ ရုတ်ခနဲထလျှင် လက်ထဲ ဘာပစ်စရာမှ မရှိသည်ကို သိနေသလို ဒင်းက ခပ်ဖြည်းဖြည်းပင် ချောင်ထဲ ထောင့်ထဲ ဝင်သွားတတ်၏။

အိပ်ရာပေါ် ပက်လက်လှန်သည့်အခါတွင် တုတ်တန်းပေါ်မှာ လမ်းလျှောက်နေတတ်၏။ တစ်ညလုံး ဟင်းတွေချထားကာ တုတ်တစ်ချောင်းနှင့် စောင့်တော့လည်း အချည်းအနှီး။ အနံ့ရသော်လည်း အနားပင် မကပ်။ အောက်ကိုမလာ၍ လျှောက်ကြည့်တော့မှ တုတ်တစ်ချောင်းနှင့် မှောင်ထဲမှာ မတ်တတ်ရပ်နေသော ကံသာ့ကို သကောင့်သားက တုတ်တန်းပေါ်မှ ငြိမ်ငြိမ်ကလေး ငေးနေ၏။ လက်တစ်ကမ်းပင် ဖြစ်သော်လည်း ရိုက်၍မလှုပ်။ မီးချောင်းက ခံနေသဖြင့် တောက်ခတ်ရုံ၊ ကျိန်ဆဲရုံ၊ အသည်းယားရုံမှလွဲ၍ ကံသာ ဘာမှမတတ်နိုင်။

ဟင်းတုံးတွေချပြီး တစ်ညလုံး ပုန်းစောင့်တော့ ရွှေဘုတ်ရှင်က ဆင်ခြင်မိဟန်တူသည်။ အနားသို့ပင် မသီ၊ ကံသာ အာရုဏ်တက်၍ အိပ်ရာဝင်တော့မှ ဝင်ဆွဲသည်။ ဤသို့ဖြင့် ကံသာ သူ့ရန်သူတော် ကြွက်ကို အိပ်ရေးသာ အပျက်ခံလိုက်ရသည်။ တုတ်ကလေးဖြင့်ပင် ရွယ်ခွင့် မရလိုက်။

www.burmeseclassic.com


ရုံးတက်ရမည့် မနက်မှာ ရပ်ကွက်ထဲမှ မျက်နှာအနည်းအကျဉ်း တန်းမိသော မိတ်ဆွေတစ်ယောက်က ကံသာနှင့် စကားစပ်မိပြီး ကြောင် တစ်ကောင်ကို ပေးသည်။ ကံသာ ဝမ်းသာအားရ ကြောင်ကို အိမ်ခေါ် ရသည်။ ဒီတစ်ကြိမ်တော့ ပြဿနာမရှိဘဲ ချောချောမောမော အိမ်ရောက် လာ၏။ ရွှေဝါကြီးကို မကျွေးလိုက်ရသော ပုစွန်ခြောက်နှင့် ထမင်းကျွေးကာ ကံသာ လက်ခမောင်းခပ်ရ၏။ ထိုကြွက်ကို အရှင်မိလျှင် ကံသာ ထိုကြောင် ကို လခကုန်လျှင် ကုန်ပါစေ ဒံပေါက်၊ ဝက်သားပေါင်း… အစရှိသော စားစရာများနှင့် သူကောင်းပြုမည်ဟု တရားဝင်ထုတ်ကာ ပြောရသည်။ ကြောင်က နားလည်သည့်အလား တညောင်ညောင်အော်သည်။

သို့သော် ကံသာ ရုံးကပြန်လာတော့ ကိုရွှေကြောင် မရှိတော့။ ဘယ်ကို ထွက်သွားသည်မသိ။ ပြန်လည်းမလာတော့။ ပေးလိုက်သည့် အိမ်ပဲ ပြန်ပြေးသလားဟု ကံသာတွေးရသည်။ သို့သော် ကြောင်ပေး လိုက်သည့်မိတ်ဆွေက ဟန်ကျရဲ့လားဟု မေးလာသဖြင့် မဟုတ်မှန်း သိရ၏။ ပြေးသွားပြီဟု ပြောပြလျှင် ဂရုမစိုက်ရာကျမည် စိုးသဖြင့် ကံသာ ချော်လဲရောထိုင်ရသည်။

နောက်တစ်နေ့ရာက ကြောင်တစ်ကောင် တောင်းပြန်သော်လည်း ထုံးစံအတိုင်း ရုံးကပြန်လာလျှင် မရှိတော့။ ကံသာ ရုံးသွားသည့်အခါ အိမ်တွင် လူမကျန်ခဲ့သဖြင့် တောင်းထားသောကြောင်ကို အိမ်မပြန်ရန် လုပ်ဖို့ မလွယ်ကူမှန်း ကံသာ သိလာသည်။ ကြောင်ပေါက်ကလေးတွေ ကျတော့ ဘယ်အိမ်ကမှတောင်းမရ။

ကိုရွှေကြွက်က ကြောင်ရောက်နေချိန်တွင် ကုတ်နေတတ်ပြီး ကြောင်ပျောက်သွားသည်နှင့် တစ်ပြိုင်နက် နေမြဲ၊ သောင်းကျန်းမြဲ လမ်းလျှောက်မြဲသာဖြစ်သည်။ ကံသာသည် ကိုယ့်လက်မောင်းကိုယ် ငုံ့ကြည့်မိတိုင်း ရုံးတွင် ယွန်းဝသုန်လက်မောင်းကလေးကို ငေးမိတိုင်း အမာရွတ်ကို တွေ့ရလျှင် ကြွက်ကို အခဲမကြေနိုင် ဖြစ်ရသည်။

"မင်း ဒီကြွက်တစ်ကောင်နဲ့ ဘာဖြစ်လို့ ဒီလောက်စိတ်ဒုက္ခ ဖြစ်နေရတာလဲ ကံသာ။ မင်းကိုယ်တိုင် ဖမ်းစရာ မလိုပါဘူး၊ ကြွက်


BURMESE CLASSIC .com

www.burmeseclassic.com



ထောင်ချောက်နဲ့ ဖမ်းပေါ့''

''ကြွက်ထောင်ချောက်...''

ကံသာ ဈေးသို့သွားပြီး ကြွက်ထောင်ချောက်တစ်လုံးကို ရှစ်ဆယ်နှင့် ဈေးမဆစ်တော့ဘဲ ဝယ်လိုက်သည်။ ထို့နောက် ငါးဖယ်ခြစ်ဝယ်ကာ ကြော်ပြီး မဆလာနိုင်နိုင်နှင့် ချက်ကာ ကြွက်ထောင်ချောက်တွင် တစ်ပြားချိတ်ပြီး ကြွက်ထောင်ချောက်သို့ လာစေရန် လမ်းတစ်လျှောက် ငါးဖယ်ပြားကို ဖွဲ့ကာ ချထားလိုက်သည်။ ပြီးတော့ ရုံးသို့ထွက်ခဲ့၏။

ကံသာ ရုံးပြန်ချိန်တွင် ထောင်ချောက်ထဲမှာ တဝုန်းဝုန်းတိုးနေမည့် ကြွက်ကို မြင်ယောင်နေမိသည်။

ရုံးရောက်တော့ ယွန်းဝသုန် ထောင်ချောက်ထဲမှာ တပြုံးပြုံးနှင့်မိနေသော သန်းအုန်းကို မြင်ရသဖြင့် ကံသာ့နှလုံးသားသည် တင်းကျပ်သွားကာ ပူလာ၏။ ယွန်းဝသုန်က မျက်လုံးဝိုင်းဝိုင်းကလေးများနှင့်လှမ်းငေးကာ ပြုံးပြရှာသော်လည်း ကံသာ ပြန်မပြုံးမပြ။ ရုပ်ပျက်ဆင်းပျက်မျက်နှာနှင့် သူ့စားပွဲတွင် ထိုင်ကာ ဂဏန်းတွေကိုသာ ဖိပေါင်းနေမိသည်။

နေ့လယ် ထမင်းစားတော့လည်း ယွန်းဝသုန်ထံ သွားမစားတော့။ ကံသာ မကျေနပ်ဆိုတာကို ယွန်းဝသုန်သိစေရန် သူ့စားပွဲမှာပဲ တစ်ယောက်တည်းစားသည်။ ထမင်းစားရင်း ကံသာ စဉ်းစားသည်။

မိန်းမဆိုတာ ဘယ်လိုထောင်ချောက်မျိုး ဖြစ်ပါသနည်း။

မည်သည့်ထောင်ချောက်မဆို တစ်ကောင်မိပြီးသွားလျှင် သူတို့၏ ထောင်ချောက်တံခါးကို ပိတ်ပစ်လိုက်ကြသည်။ နောက်ထပ် ထောင်ချောက်ကို ဖွင့်မထားတော့။ မည်သည့်သတ္တဝါကိုမှလည်း မမြှူဆွယ်ကြတော့။ ယွန်းဝသုန်သည် ထောင်ချောက်တစ်ခု ဖြစ်သည်ဆိုလျှင် သူတစ်ယောက်တည်းသာ မိလိုပါသည်။ ယွန်းဝသုန်၏ ထောင်ချောက်တွင် သူမိနေသည်ဆိုခြင်းကိုလည်း တစ်ရုံးလုံး Company တစ်ခုလုံးက သိနေကြပြီဖြစ်သည်။ အဘယ်ကြောင့် သန်းအုန်းကို ထောင်ချောက်ထဲတွင် ပြုံးပြုံး ပြုံးပြုံးနှင့် တွေ့နေရပါသည်။



BURMESE CLASSIC .com

www.burmeseclassic.com

မိန်းမဆိုသည်မှာ နှုတ်ခမ်းနီဆိုးထားသော ထောင်ချောက်တစ်လုံး ဖြစ်သည် ဆိုလျှင်တောင်မှ တော်တော်လောဘကြီးသော ထောင်ချောက် မျိုးသာဖြစ်ရမည်ဟု ကံသာ တွေးသည်။

သို့သော် ထိုနှုတ်ခမ်းနီဆိုးထားသော ထောင်ချောက်က ညနေ လောက်တွင် ကံသာ့ထံ ရောက်လာသည်။

''ကိုကံသာ ဘာဖြစ်လို့ ထမင်းလာမစားတာလဲ''

''ဘာမှ မဟုတ်ပါဘူး၊ ရပါတယ်''

''နေမကောင်းဘူးလားဟင်''

ပီယဝါစာ၏ ချစ်စဖွယ်ကောင်းသော စကားလုံးများသည် ထောင်ချောက်ထဲတွင် ယိမ်းနွဲ့ကာ ခံစားချင်စဖွယ် ဖြစ်နေသည်ဟု ကံသာ မြင်သည်။ သို့သော် ကံသာသည် တစ်ယောက်တည်းသာမိချင်သော သတ္တဝါဖြစ်၏။ တခြားကိစ္စများတွင်သာ အဖော်လိုသော်လည်း ချစ်သည့် ကိစ္စတွင် အဖော်မလိုပါ။ မည်သူဖြစ်ဖြစ် တစ်ဦးတည်းသာ ချစ်လိုကြသည်။

''ဟုတ်တယ်၊ နေသိပ်မကောင်းဘူး''

''ဟယ် ဒုက္ခပဲ၊ ညက အင်္ကျီချွတ်အိပ်လို့လားဟင်၊ ကိုယ် ပူနေလို့လား''

''ဟုတ်တယ်''

သို့သော် ကံသာ့နဖူးပေါ်သို့ ဖြူဖွေးလှပသော လက်ကလေး တစ်စုံ ရောက်ကာလာ၏။ ကံသာ့ရင်ထဲတွင် ဒိတ်ခနဲ ခုန်ကာသွား၏။ မျက်ဝန်းကလေးကို ပြူးကာ နှုတ်ခမ်းကလေးကို ခပ်ဟဟဖွင့်လျက် ကိုယ်ကလေးငုံ့ကာ ကံသာ့နဖူးပေါ်သို့ ရောက်လာသောလက်တစ်ဖက် သည် ကံသာ့ဝိညာဉ်ကို စကြာဝဠာအပြင်ဘက်သို့ လွင့်ပစ်လိုက်သလို ခံစားလိုက်ရ၏။ တင်းထားတောင့်ထားသမျှတို့ အရည်ပျော်ကာသွား၏။

မာနနှင့် ဒေါသဂယက် သုညအောက်သို့ ဖျပ်ခနဲ ဆင်း၍သွား၏။ ပီတိက ဒီရေလို လှိမ့်၍တက်လာသည်။ ကံသာ့မျက်ဝန်းထဲ ဝင်းခနဲ တစ်ချက်လက်ကာ ခန္ဓာကိုယ်ကြီး ပျောက်ဆုံးသွားသလို ခံစားလိုက်ရ၏။

''နေ... နေပါစေ၊ ရ... ရပါတယ်၊ ဘာမှ မဖြစ်ပါဘူး''



BURMESE CLASSIC .com

www.burmeseclassic.com



"ကိုယ်ကတော့ သိပ်မပူဘူး၊ နွေးရုံလောက်ပဲ၊ ဆေးသောက်မလား၊ ယွန်းမှာပါတယ်"

"ဟင့်အင်း…ရပါပြီ၊ အဖျားက နည်းနည်းရယ်ပါ"

တစ်ကိုယ်လုံးများဖျားလိုက်ရင် ဘယ်လောက်ကောင်းမလဲဟု ကံသာ တွေးရသည်။ ယွန်းက သူ့ခုံသို့ပြန်သွားကာ ကော်ဖီတစ်ခွက်နှင့် ဆေးသုံးလုံးယူကာ ပြန်လာ၏။ ဆေးသောက်လိုက်ဟု ပေးသဖြင့် ကံသာ နေကောင်းရက်နှင့် ပျော်ရွှင်စွာ ဆေးကိုသောက်ရသည်။ ငါးဖယ်နှင့် မွှားခဲ့သော အိမ်ကကြွက်တော့မသိ၊ ကိုယ်ပူကျဆေးဖြင့် အမွှားခံရသော ကံသာကတော့ မိနေကျ ထောင်ချောက်ထဲမှာ ပြန်မိသွားပြီဖြစ်သည်။

"နေမကောင်းနေမှန်း ယွန်းမသိဘူး၊ ညနေ မြို့ထဲသွားရင်တောင် အဖော်ခေါ်သွားဖို့ စဉ်းစားထားတာ"

"ဗျာ"

"အရင်တစ်ခေါက် F.M.I မှာ ယွန်းလိုချင်တဲ့ အင်္ကျီက မရခဲ့ဘူး။ တစ်ပတ်လောက်နေမှ ထပ်ရောက်မယ်ဆိုလို့ ဒီနေ့ သွားမလို့ဟာ၊ ကိုကံသာနေမကောင်းရင် နေခဲ့တော့ စောသွဲ့နဲ့ပဲ…"

မျိုချပြီးစ ကိုယ်ပူကျဆေးက လည်ချောင်းထဲမှာ တစ်သွားသည်။ ဆေး ပါးစပ်ထဲဝင်သည်နှင့် တစ်ပြိုင်နက် ထောင်ချောက်တံခါးက ဂျိမ်းခနဲ ပိတ်သွားသည်။ ပြန်ထွေးထုတ်လို့ မရတော့။ ကံသာ့ နှလုံးသားသည် နှမြောတသခြင်းဆိုသော ချောက်ကမ်းပါးကြီးထဲသို့ လွင့်ခနဲ ပြုတ်ကျသွားကာ ရင်ထဲဟာသွားရသည်။ ဘာစကားမှလည်း ပြန်မပြောနိုင်တော့။ မျက်လုံးပြူးကလေးဖြင့်သာ ယွန်းကို ငေးရသည်။

"ဆေးတစ်နေလား၊ ကော်ဖီထပ်သောက်လေ"

အူကြောင်ကြောင်နှင့် ကံသာ ဆေးမတစ်ဘဲ ကော်ဖီကို သောက်လိုက်သည်။ ယွန်းက ပြုံးကာထွက်သွား၏။ ဆေးကျသွားသော်လည်း လည်ချောင်းထဲမှာ ဘာကြီးတစ်နေမှန်းမသိ။ ယွန်းဝသုန်နှင့်အတူ သွားခွင့်ရရေးဟူသော အခွင့်အရေးကြီးသည် ဘာမှမဟုတ်ဘဲ အပိုပြောလိုက်သည့် စကားတစ်ခွန်းကြောင့် ပျက်စီးသွားပြီဖြစ်သည်။



BURMESE CLASSIC .com

www.burmeseclassic.com


ဘာလုပ်ရမလဲ။ ကံသာ ယွန်းနှင့်အတူတူ မြို့ထဲကို သိပ်သွားချင်သည်။ ကျောင်းသွားယူတုန်းက အဆင်မပြေသည့်ကိစ္စကို ထားလိုက်တော့။ အခုဟာက F.M.I မှာ ဈေးဝယ်မှာ။ ဘယ်လောက် ပျော်စရာကောင်းမည်နည်း။ ယွန်းနှင့် အတူသွားရတိုင်း ချစ်သူနှင့် အတူသွားရသည်ဟု စိတ်ထဲမှာ ကြိတ်ပြီး ကံသာ ကြည်နူးတတ်သည်။ အခုတော့ ထိုခံစားမှု၊ ထိုအခွင့်အရေးကို မရတော့။

Company တစ်ခုလုံး ဆူညံကာနေသည်။ ဦးမောင်ညို၏ ကိုဆိုဗိုကို နေတိုးဝင်တိုက်သည့်အကြောင်း။ ဦးတင်ကိုအောင်၏ မန်ချက်စတာနှင့် အာစင်နယ်လ် အကြိုဗိုလ်လုပွဲအကြောင်း၊ ဒေါ်မြကြည်၏ သူ့ယောက်ျား ဆိတ်ကလီစာဟင်းချက် မည်မျှကောင်းကြောင်း ချီးမွမ်းခန်းအကြောင်း စသည်တို့ကို ကံသာ ဘာမှမကြား။ သူ့နှလုံးသားသည် မဆုံးနိုင်သော တွင်းနက်ကြီးထဲကို လွင့်ဝဲကျနေတုန်းပင် ဖြစ်၏။

"ဟာ… ချွေးတွေထွက်နေပြီ"

ယွန်းဝသုန်အသံကြောင့် ကံသာ သတိဝင်လာကာ နဖူးပေါ်မှ ထွက်နေသောချွေးများကို သုတ်ရသည်။

"ဟုတ်တယ်ယွန်း။ အခုမှ ချွေးလိုက်လာတာ၊ ကိုယ်ပူကျသွားပါပြီ။ ညနေ ယွန်း F.M.I ကိုသွားရင် ကျွန်တော်လိုက်ခဲ့…"

"အို နေမကောင်းတဲ့ဟာ၊ နေပူထပ်မိပါဦးမယ်၊ ရတယ် စောသွဲ့ပါနေတာပဲ"

"ရတယ်… ရတယ်… ကောင်းသွားပြီပဲ၊ ကျွန်တော်လည်း Company အတွက် လိုနေတဲ့ ပင်တို့၊ ကလစ်တို့၊ စက္ကူတို့ ဝယ်စရာရှိသေးတာ အတော်ပဲပေါ့ လိုက်ခဲ့မယ်"

"ဒါဆိုလည်းပြီးရော၊ နာရီဝက်လောက် ခိုးထွက်ကြမှာနော်၊ ယွန်းလက်ပြရင် ကိုကံသာ ထွက်နှင့် ချွေးတွေ… ချွေးတွေ ထပ်သုတ်လိုက်ဦး"

ပူလောင်သော ရာသီဉတုမှာ ကိုယ်ပူကျဆေး သောက်မိသဖြင့် ချွေးက ထွက်မဆုံးတော့။ သုတ်၍ပင်မရချင်။ သို့သော် ကိစ္စမရှိပါ



BURMESE CLASSIC .com

www.burmeseclassic.com


ချွေးထွက်တာကိုပင် ကျေးဇူးတင်ရသည်။ ကျောမှာရော၊ ဗိုက်မှာရော၊ ဂျိုင်းမှာရော၊ နဖူးမှာပါ ချွေးက နေရာစုံထွက်နေ၏။ အနည်းငယ် ချမ်းချင်သလိုလို ဖြစ်နေသည်။ ထိုအချိန်မှာ ပျက်နေသောမီးက ပြန်လာသဖြင့် Air Con: က ပြန်အေးလာသည်။ သို့သော် ကိစ္စမရှိ ချောက်ထဲသို့ ကျသွားသော ကံသာ့နှလုံးသားက လေထီး ပွင့်သွားပြီဖြစ်လေသည်။

မြို့ထဲသို့သွားနေသည့် အမြန်ကားလေးပေါ်ရောက်တော့ ချွေးတွေ ရွှဲနေအောင် အားကုန်ထွက်သည်။ လေအတိုက်ခံရသောကံသာ တစ်ကိုယ်ဖျားချင်သလိုလိုဖြစ်လာ၏။ သို့သော် ဘာမှမပြောရဲ၊ ကံသာနှင့် မျက်နှာချင်းဆိုင်ဘက်မှာ စောသွဲ့နှင့်အတူ စီးနေသော ယွန်းကို လှမ်းလှမ်းပြုံးပြပေးရ၏။

ယွန်းနှင့်စောသွဲ့ တွတ်ထိုးသည့်အခါမှာ ကံသာ မသိမသာ နဖူးကို စမ်းရသည်။ ကိုယ်က ပူချင်နေပြီ၊ သို့သော် ကိစ္စမရှိ၊ နှလုံးသားက နေကောင်းနေသည် မဟုတ်လား။

အလယ်တန်း ကံသာ့ရှေ့မှာ စီးနေသော ကောင်မလေးတစ်ယောက်က ကံသာ့ကို မော့မော့ငေးသည်ကို ကံသာ သတိထားမိသည်။ ကောင်မလေးက ၁၅–၁၆ လောက်ပဲ ရှိဦးမည်ထင်၏။ ကံသာကြည့်တော့ ကောင်မလေးက ဆတ်ခနဲ ရှေ့ကို မေးနှစ်ချက် ထိုး၏။ ဘာဖြစ်မှန်းမသိ။ ယွန်း ကားပေါ်မှာ ပါနေသဖြင့် ကံသာ့ အကြည့်ကို လွှဲလိုက်သည်။ တစ်မျိုးထင်သွားလျှင် မကောင်း။

ယွန်းဝယ်မည့်အင်္ကျီသည် ဘယ်လိုဒီဇိုင်းမျိုး ဖြစ်မလဲဟု ကံသာ တွေးကြည့်သည်။ သို့သော် စိတ်ကူးထဲမှာ မပေါ်။ ဘာဒီဇိုင်းပဲဖြစ်ဖြစ် ယွန်းဝတ်လျှင် လိုက်မှာပဲဟု ကံသာယုံသည်။ ယွန်းသည် သူ့ကိုယ်သူ လိုက်ဖက်အောင် ပြင်ဆင်တတ်သည့် မိန်းကလေးမျိုး။ ယွန်းက သူ့ကိုယ်သူ ငြိမ်ငြိမ်ကလေးနှင့် လှနေအောင် ပြင်တတ်သူ ဖြစ်သည်။

FMI ရောက်လျှင် ယွန်းကြည့်သမျှ Store တွေကို သူ အကုန်လိုက်မည်၊ ယွန်းကြည့်သမျှ ပစ္စည်းတွေကို မှတ်ထားမည်။ နောက်တော့မှ ယွန်းကို တိတ်တိတ်ကလေးဝယ်လာကာ ပေးရင်း သူ ယွန်းကို ဘယ်


BURMESE CLASSIC .com

www.burmeseclassic.com


လောက် ဂရုစိုက်ကြောင်းသိအောင် ပြလိုက်မည်။ ယွန်း အကျိုကြည့် ပြီးသွားလျှင် တစ်ခုခု သွားစားကြမည်။ ဒါကိုတော့ သူကျွေးမှာ ဖြစ်လိမ့်မည်။

ရိပ်ခနဲ တွေ့လိုက်ရသဖြင့် ငုံ့ကြည့်တော့ ခုနက ရှေ့မှ ကောင်မလေးက ကံသာ့ဒူးခေါင်းနှစ်လုံးကြားထဲ ခေါင်းရောက်နေပြီ။ ရုတ်တရက်မို့ ဘာမှန်းမသိဘဲ ကံသာ အံ့သြသွားသည်။ ကောင်မလေးက ကျောနှစ်ချက်တွန့်၏။

"ဟဲ့ ပိုးပိုး ပိုးပိုး ဒုက္ခပဲ၊ သမီးလေးက ကားစီးနေကျအကျင့် မရှိလို့ပါကွယ်"

"ဟုတ်ကဲ့ အန်တီ"

နောက်မှ အန်တီတစ်ယောက် ပိုးပိုးဆိုသည့် ကောင်မလေးကို ကျောမှလှမ်းဆွဲ၏။ ကလေးမလေး ပက်လက်ကလေး ပါသွားသည်။ အန်တီကြီးက ကံသာ့ကို ပြုံးပြပြန်သည်။

"အားနာလိုက်တာသားရယ်"

"ရပါတယ် အန်တီ၊ ရတယ်"

ယွန်းတို့က ဘာလဲဆိုသည့်သဘောနှင့် လှမ်းကြည့်ကြ၏။ ကံသာ ပြုံးပြလိုက်သည်။

"ဆူးလေပါလား"

"ပါတယ်၊ ဆူးလေပါတယ်"

ဆူးလေမှတ်တိုင်ရောက်တော့မှ ကံသာ့ရင် ငြိမ့်ခနဲခုန်၏။ လေထီး ပွင့်သွားသော နှလုံးသားက နူးညံ့သော မြေပြင်ပေါ် ကျသည်။ ကံသာ မှတ်တိုင်မရောက်ခင် အဆင်သင့်ဖြစ်အောင် နောက်မှီထားရာမှ ရှေ့သို့ အသာရွှေ့ထားလိုက်သည်၊ အောက်ပိုင်းကို ရွှေ့သည့်အခါ ကံသာ့ပုဆိုးက တင်းနေ၏။ ဘာပါလိမ့်။ ကံသာ စေ့ထားသော ဒူးခေါင်းများကို ဟကြည့်လိုက်သည်။

"ဟာ"

ကံသာ့ပုဆိုးတွင် အန့်ဖတ်တွေ မနည်း။



BURMESE CLASSIC .com

www.burmeseclassic.com


ထိတ်လန့်တကြား လှမ်းကြည့်တော့ အန့်တီကြီးက ပြုံးပြုံးနှင့်၏။

"အားနာပါတယ် သားရယ်"

"ဗျာ…ဟာ…ဒီဟာတွေက ကျွန်တော်… ဒုက္ခပါပဲ၊ ဘယ်လို လုပ်ရမှာလဲ"

ကံသာ၏ အထိတ်တလန့်သံကြောင့် လူတွေက အံ့သြကာ ကံသာ့ဒူးခေါင်းကြားထဲက ပုဆိုးကို လှမ်းကြည့်ပြီး နှာခေါင်းရှုံ့သွား၏။ တချို့ ခွီးကနဲရယ်သည်။ ကောင်မလေးက မုန့်ဟင်းခါးနှင့် ထမင်းတွေ ရောစားလာပုံပေါ်သည်။ အန်ဖတ်တွေက မနည်း။ တစ်စက်မှ ကားပေါ် မကျ အားလုံး ကံသာ့ပုဆိုးထဲမှာ လုံလုံခြုံခြုံ ရှိနေကြသည်။

"ဘာဖြစ်တာလဲဟင် ကိုကံသာ"

"ကျွန်တော် ဘယ်လိုလုပ်ရမှာလဲ၊ အဲဒါတွေကို ကျွန်တော်"

"ဆူးလေဆင်းမယ်၊ ဆူးလေ"

ကားလေးက ဆူးလေမှတ်တိုင်ရောက်၍ စပယ်ယာက အော် သဖြင့် ကံသာ ဆင်းဖို့ကြိုးစားရသည်။ File ကို ချိုင်းကြားညှပ်ကာ ပုဆိုးအောက်စကို အန်ဖတ်များ အောက်မကျစေရန် စုကိုင်ပြီး ကုန်းကုန်း ကွကွဖြင့် ဆင်းရ၏။ ကားပေါ်မှလူတွေက ကံသာ့ကို ဝိုင်းကြည့်ကြသည်။ စပယ်ယာက နားမလည်။ ယွန်းက ဘာဖြစ်တာလဲဟု မေးကာ ကံသာ့ နောက်မှ တိုးဆင်းလာ၏။

ကံသာ ပုဆိုးကို ထုတ်ကိုင်ကာ ကားလေးထဲကို ကြည့်သည်။ တစ်ခုခုကို ပြောချင်သည်။ သို့သော် ဘာမှပြော၍မထွက် ပြောစရာစကား လည်း ရှာမတွေ့၊ ပိုးပိုးဆိုသည့်ကောင်မလေးက သူ့အမေပေါ် ပက်လက် လန်ကာနေ၏။ သူ့အမေက ကံသာ့ကို မျက်လုံးပြူးနှင့် ကြည့်သည်။ ကားလေးက ဝေါခနဲ မောင်းထွက်သွား၏။

"ကိုကံသာ ဘာဖြစ်တာလဲဟင်"

"ဘာလဲဟ ကံသာရ"

ယွန်းနှင့် စောသွဲ့က ကားပေါ်မှဆင်းဆင်းချင်း အတင်းမေးသည်။ ကံသာ ပုဆိုးကို အတင်းဆုပ်ထားရ၏။ ပြ၍မဖြစ်။


BURMESE CLASSIC .com

www.burmeseclassic.com



''ဘာမှ မဟုတ်ဘူး၊ မဟုတ်ဘူး''

''ကိုကံသာ ဘာဖြစ်သွားတာလဲ၊ ပုဆိုးကို ပြစမ်းပါဆို''

မတတ်သာသည့်အဆုံး ကံသာ ပုဆိုးကို ဟပြရသည်။ စိတ်ဝင်တစားနှင့် ငုံ့ကြည့်သော ယွန်းဝသုန်၏ဦးခေါင်း လန်ထွက်သွား၏။

''ဟာ အန်ဖတ် အန်ဖတ်တွေ စောသွဲ့၊ ရွံစရာကြီး''

ယွန်းက လက်ကိုင်ပဝါဖြင့် ပါးစပ်ကို ပိတ်ကာ နောက်ဆုတ်သည်။ စောသွဲ့လည်း ငုံ့ကြည့်မိသဖြင့် မျက်နှာကို ရှုံ့၊ ပါးစပ်ကို ဖြဲကာ အီးခနဲအော်ရင်း ယွန်းကို ဆွဲကာ ပလပ်ဖောင်းပေါ်တက်ပြေးရက်စိတ်၊ ဒေါသတို့ဖြင့် ကံသာ ဘာလုပ်ရမှန်းမသိ။ ပုဆိုးစကို စုကိုင်ကာ ကုန်းကုန်းကွကွဖြင့် ကားလမ်းမပေါ် ကျန်ခဲ့၏။ နောက်က ကားလေးတစ်စင်း ထိုးရပ်သဖြင့် ကံသာ ကွတတဖြင့် ပလက်ဖောင်းပေါ် တက်ပြေးရသည်။ ကားဆရာက အခြေအနေကို မသိသဖြင့် သံသာချိုအေးဖြင့် နှုတ်ဆက်၏။

''ဒီအထုပ်ကြီးကို ဘယ်လိုလုပ်ရမလဲ''

စက္ကန့်အတော်များများ ကံသာ ပုဆိုးကို စုကိုင်ကာ ပလပ်ဖောင်းပေါ်မှာ၊ လူတွေကြားထဲမှာ ကြောင်ကာရပ်နေမိသည်။ ယွန်းတို့က ရှုံ့မဲ့ကာ ခပ်ဝေးဝေးမှာ ရပ်နေကြ၏။ နောက်ဆုံး ကံသာ အကြံရကာ ရေခဲရေသည်ထံ ပြေးရ၏။

သို့သော် ပလက်ဖောင်းပေါ်မှာ ထိုင်ဆေး၍ မဖြစ်သေး။ ရေခဲရေတစ်ခွက်ကိုယူကာ ရေမြောင်းအစပ်သို့ သွားရ၏။ တစ်ခွက်နှင့်မရ နောက်တစ်ခွက်၊ နောက်တစ်ခွက်၊ နောက်ဆုံးတွင် ကံသာ စိတ်မရှည်တော့ ရေခဲရေသည်နံဘေးမှ သံပုံးကို ကျသမျှပေးမည်ဟု ပြောကာ ဆွဲယူပြီး မြောင်းစပ်တွင် အသေအချာဆေးရသည်။ ယွန်းတို့က ခပ်လှမ်းလှမ်းမှာရပ်ကာ ကံသာ့ကို ကြည့်၍ မသက်မသာ ဖြစ်နေကြသည်။

နောက်ဆုံး ရေဖိုးခြောက်ဆယ်ပေးကာ ကံသာ သန့်ရှင်းပြီးသွား၏။ ကိစ္စရှင်းမှ ရပ်နေသော ယွန်းဝသုန်တို့ထံ လျှောက်လာရ၏။ ကံသာ့မျက်နှာတွင်ရှိသော အပြုံးကို ဘယ်လိုနာမည် တပ်ရမှန်းမသိ။



BURMESE CLASSIC .com

www.burmeseclassic.com


ရှက်ခြင်း၊ အားနာခြင်း၊ စိုးရိမ်ခြင်း၊ အသနားခံခြင်း စသည့်တို့ အချိုးကျ ပါသော အပြုံးမျိုး။

"ရပြီယွန်း၊ ကောင်မလေးက... ဘာမှ မတတ်နိုင်ဘူးလေ၊ ဘယ်လိုမှ ပြောလို့မရဘူးပေါ့၊ သွားကြရအောင်"

"ကိုကံသာ"

"ဗျာ"

"ဟိုလေ... ဟိုဟာ၊ ယွန်းတို့ပဲ သွားလိုက်တော့မယ်၊ ကိုကံသာ ဒီကနေပဲ ပြန်လိုက်ပါလား"

"ဟာ ရပါတယ်ယွန်းရဲ့၊ ဘာမှ မရှိတော့ပါဘူး"

"မဟုတ်ဘူး ကိုကံသာ၊ ရှင့်လုံချည်တစ်ခုလုံးက စိုရွှဲနေပြီ၊ လူမြင်လို့မှ မကောင်းတော့တာ။ ယွန်းတို့က F.M.I သွားမှာဆိုတော့"

ကံသာ ဘာမှမပြောနိုင်။ ငုံ့ကြည့်တော့ ခါးပုံစနှင့် ခါးပတ်ထားသည့်နေရာမှအပ အောက်ပိုင်းတစ်ခုလုံး ရွှဲရွှဲစိုနေပြီဖြစ်သည်။ ရေပင် တစ်စက်စက် ကျနေလိုက်သေး၏။ လူတွေအားလုံး ခြောက်သွေ့နေသည့် အချိန်မျိုးမှာ လုံချည်ရေစိုကြီးနှင့် သူ့ကို ဘယ်မိန်းကလေးက အတူတွဲပြီး F.M.Iကို သွားချင်မည်နည်း။

ကံသာ့နှလုံးသားသည် လေထီးနှင့်အတူ လုံးထွေးကာ ချောက်ကြီးထဲ ကျသွားသည်။

"သွားတော့မယ်နော်၊ ကိုကံသာ ပြန်လိုက်တော့"

ယွန်းနှင့် စောသွဲ့ ထွက်သွားကြသည်။ ကံသာ ဝမ်းနည်းကာ ငူငူကြီး ကျန်ရစ်ခဲ့၏။ လုံချည်ရေစိုကြီးနှင့် ပလက်ဖောင်းပေါ်မှာ ရပ်နေသော ကံသာ့ကို လူတွေက မျက်မှောင်ကျုံ့ကာ ကြည့်သွားကြ၏။ ကံသာ သတိဝင်ဝင်လာခြင်း ထိုနေရာမှ ထွက်ရသည်။ သို့သော် မလွတ်၊ ရောက်လေရာမှာ လူတွေက ကံသာ့ကို နားမလည်နိုင်စွာ ကြည့်သွားကြ၏။

"ဟာ တစ်ယောက်တည်း သကြံန်ကျလာတာလား"

"မဟုတ်ဘူး၊ မြောင်းထဲ ပြုတ်ကျလာတာပါဟာ"

"ဟိဟိ မကြီးမငယ်နဲ့ ရှူးရှူးပေါက်ထားတယ်"


BURMESE CLASSIC .com

www.burmeseclassic.com


ကိုယ်ချင်းမစာနိုင်သော ရဲတင်းသည့်ပါးစပ်များကြောင့် ကံသာသည်းမခံနိုင်တော့။ စူးစမ်းသော၊ စိတ်ဝင်စားသော အံ့သြသောအကြည့်များ၏ဒဏ်ကို ကံသာမခံနိုင်တော့။ ကက တစ်စီးကို လှမ်းတားရသည်။

"ဒဂုံမြို့သစ်မြောက်ပိုင်း (၃၅)ရပ်ကွက်"

✿✿✿

ကံသာ အိမ်ရောက်တော့ ဖျားလေသည်။

ကားပေါ်ကတည်းက အောက်ပိုင်းတွေအေးကာ တစ်ကိုယ်လုံး ချမ်းစိမ့်စိမ့် ဖြစ်လာခြင်းဖြစ်၏။ ကားက တော်တော်နှင့် ငှားမရသောကြောင့် ကံသာ နေပူထဲမှာ လုံချည်ရေစိုကြီးဖြင့် ရပ်နေခဲ့ရသောကြောင့် ဖြစ်လိမ့်မည်။ အခုတော့ ဖျားပြီ။ ဝဇီဗေဒ ထိတိုင်းရှဆိုတာ ဟုတ်များ ဟုတ်မလားဟု ကံသာ တွေးရင်း ကိုယ်သောက်ရန်ဆေးကို ကိုယ်တိုင် ထွက်ဝယ်ကာ သောက်ရ၏။

ဘယ်အငြိုးကြောင့်လဲ မသိ။ ည ဆယ်နာရီလောက်မှာ အဖျားက အတော်တက်လာသည်။ ဆေးခန်းတွေလည်း ပိတ်လောက်ပြီ။ ပြုစုမည့်သူလည်း မရှိ။ ခေါင်းတွေမူးကာ အဆစ်အမြစ်တွေ ကိုက်ပြီး လူက မလှုပ်ချင်သော်လည်း ရေနွေးအိုးကို ကိုယ်တိုင်တည်ရသည်။ ခေါက်ဆွဲကို ကိုယ်တိုင်ပြုတ်ရသည်။ ညောင်းကိုက်နေသည့် ခြေထောက်များကို နှိပ်ပေးမည့်သူမရှိ၊ အဖျားသွေးဖြင့် မလှုပ်ချင်ဘဲ အားငယ်နေသောသူ့အနားမှာ တွတ်တီးတွတ်တာ ပြောမယ့်လူ မရှိ။

ကံသာ ခုတင်ပေါ်မှ ပက်လက်လန်ပြီး အဆုံးမဲ့ အားငယ်သွားသည်။ သူ့နံဘေးနားမှာ လူတစ်ယောက် လိုတယ်ဆိုတာကို ကံသာ လုံးဝသိရှိသွားပြီ ဖြစ်သည်။ အားပေးဖော်၊ နားလည်ဖော်၊ ပြုစုဖော်၊ လူတွေပြောပြောနေကြသော အသက်ကြီးလျှင် တစ်ယောက်တည်း မလွယ်ဘူးဆိုသည့်စကား။ ဟုတ်တယ်၊ သူ့နံဘေးမှာရှိနေမယ့်လူဟာ ယွန်းဝသုန်ပဲ ဖြစ်ရမယ်။


BURMESE CLASSIC .com

www.burmeseclassic.com


အဖျား၊ အချစ်နှင့် အားငယ်ခြင်းတို့သည် ကံသာ့ခန္ဓာကိုယ်ထဲမှာ လုံးထွေးပြီး နားထင်နှင့် နှလုံးသားတွင် တဒိတ်ဒိတ် တိုးကာနေ၏။ တိတ်ဆိတ်မှောင်မည်းနေတဲ့ အိမ်ကလေးထဲမှာ တစ်ယောက်တည်း ဖျားနေရတဲ့အဖြစ်ကို မင်း ကိုယ်ချင်းစာနိုင်မလား ယွန်း။

ငါဟာ အသက်(၃၀)ကျော်ပါပြီ၊ ဒါပေမယ့် မင်းကို လူငယ်လေးတစ်ယောက်လို ချစ်နေမိတယ်၊ မင်းအတွက် တစ်စုံတစ်ရာ ကြိုးစားတိုင်း၊ မင်းအတွက် တစ်စုံတစ်ရာ မရိုးသားတိုင်း အမြဲတမ်း ကံမကောင်းခဲ့တဲ့ ငါပါ။ မင်း FMI မှာ သိပ်ပျော်ခဲ့သလား၊ မင်း ဘာအကျိုးပုံစံ ယယ်လာသလဲ၊ ယွန်း နည်းနည်းကလေးမှ လှုံ့လမထုတ်ဘဲ သာမန်အပြုအမူကလေးတွေနဲ့တင် မင်းကို သိပ်ချစ်နေတဲ့လူတစ်ယောက် ရှိခဲ့တယ်ဆိုတာ မင်းအတွက် ဂုဏ်ယူစရာပါ။ မင်းရဲ့ ကျော့ရှင်းလှပတဲ့ ခန္ဓာကိုယ်၊ ခိုးကြည့်ဖို့ မလွယ်လှတဲ့ မျက်ဝန်းလင်းလဲ့လဲ့၊ စကားလုံးမှန်သမျှ မြားလို ပစ်ခတ်တတ်တဲ့ လေးညို့နှုတ်ခမ်း။

သို့သော် ကံသာ ကောင်းကောင်းမလှမ်းရ၊ မီးဖိုချောင်ထဲမှာ တဒုတ်ဒုတ်အသံနှင့် တဒေါက်ဒေါက်အသံကို ဘာမှမတတ်နိုင်စွာ ကြားနေရသည်၊ ညနေဘက် ကံသာ ဘာမှချက်မစားသည့်အတွက် ကိုရွှေကြွက်ကဆာလောင်စွာ တိုးဝှေ့ပြေးလွှား ရှာဖွေနေပုံရသည်။

ခဏကြာတော့ အသံက ပိုကျယ်လာကာ ဂလစ် ဂလစ် ချောက်ချောက်နှင့် ဂွမ်းဆိုသော အသံကြီးကို ကြားရ၏။ ဘယ်အိုးတွေ ပြုတ်ကျကုန်ပြီလဲ၊ ကံသာ တောက်ခတ်ကာ အိပ်ရာမှ လူးလဲထတော့ ခေါင်းက မိုက်ခနဲဖြစ်သွားသည်။

အံကြိတ်ကာ ပြန်လှဲရင်း မီးဖိုချောင်ထဲမှာ အသံကို အားငယ်နေသည့်နှလုံးသားဖြင့် ဘာမှ မတတ်နိုင်သော အသိပေါ်မှာ ဒေါသထွက်စွာ နားထောင်နေရသည်။

နားထောင်နေရင်း ကံသာ သည်းမခံနိုင်တော့၊ ယွန်းနှင့် အဆင်ပြေစွာ ပျော်ရွှင်ခွင့်မရခြင်း၊ ဖျားခြင်း၊ အားငယ်ခြင်းအားလုံး၏ ဒေါသကို မီးဖိုချောင်ထဲမှ အသံထံသို့ ပို့လိုက်သည်။


BURMESE CLASSIC .com

www.burmeseclassic.com


ကံသာ အံ့ကြိတ်ကာ ထသည်။ မီးဖိုချောင်အလယ်မှ ပက်လက် လန်ကျနေသော ဒန်အိုးကို ကောက်ကိုင်ကာ တွေ့သမျှ ပန်းကန်စင်၊ ရေအိုးစင်၊ ကြောင်အိမ်၊ မီးဖိုနှင့် နံရံများသို့ အားရှိပါးရှိ စိတ်ထင်တိုင်း လျှောက်ရိုက်ပစ်လိုက်သည်။

"ဂွမ်း ခွမ်း ဂလုံ ဒေါင် ခွပ် ဂလုံ"

အသံမျိုးစုံမြည်ကာ အိုးတွေ ပြုတ်ကျ၊ ပန်းကန်တွေကွဲ ဖြစ်ချင်ရာ ဖြစ်ကုန်သည်။

"မင်းကို ငါသတ်မယ်။ ခွေးမသားကြွက်၊ မင်းနဲ့ငါ တွေ့ဦးမယ်"

ကံသာ အားရပါးရ ကြုံးဝါးက လက်ထဲမှ ဒန်အိုးကို အမှောင်ထဲ အားရှိသမျှ ပစ်သွင်းလိုက်၏။ ပြီးတော့ ကြမ်းပြင်ပေါ် ထိုင်ချလိုက်၏။ ကံသာ့တစ်ကိုယ်လုံး တဆတ်ဆတ်တုန်ကာနေသည်။ ပေါက်ကွဲမှုနှင့် အားငယ်ခြင်းသည် ကံသာ့ကိုယ်ထဲမှာ မုန်တိုင်းကျကာနေ၏။ အဖျားသွေး ပါသော နှလုံးခုန်သံသည် ဒေါသကြောင့် တဒုတ်ဒုတ် မြည်နေကြသည်။ ကံသာ ခုတင်ပေါ်ကို မနည်းတွားသွားပြန်လာကာ အိပ်ဆေး နှစ်လုံး သောက်ချလိုက်ပြီး ခုတင်ပေါ် ပြိုလဲကျသွား၏။

✿✿✿

ကံသာဖျားပြီး တတိယမြောက်နေ့မှာ ယွန်း၊ စောသွဲ့နှင့် အေးအေးမြိုင်တို့ ရောက်လာကြသည်။

သုံးရက်အတွင်း ကံသာ့မျက်နှာပေါ်မှာ ပါးနှင့်နားထင်သည် အတွင်းမှ လေနှင့်စုပ်ယူထားသလို ခွက်ဝင်သွား၏။ ကံသာ့မှာ အားမရှိ တစ်ကိုယ်လုံး နွမ်းယဲ့လေးလံကာ အသိဉာဏ်က ရီဝေဝေ။

"အဲဒီလောက်ဖြစ်နေတာ Company ကို ဖုန်းဆက်လိုက်ရော ပေါ့၊ ယွန်းတို့က တစ်ရက်လာမလား၊ နှစ်ရက်လာမလားနဲ့ စောင့်နေတာ"

"အေးလေဟယ်၊ ကံသာကလည်း... အဖော်ကလည်း ရှိတာ မဟုတ်ဘဲနဲ့ အိမ်ထဲမှာ တစ်ခုခုဖြစ်နေရင်အခက်"



BURMESE CLASSIC .com

www.burmeseclassic.com



''အဲဒါ ဖျားနေရင်းနဲ့ လိုက်ချင်တာကိုး ကောင်းတယ်၊ တစ်အိမ်လုံးလည်း ရှုပ်ပွနေတာပဲ၊ ပန်းကန်တွေကလည်းကွဲလို့၊ နင် ဘာတွေဖြစ်နေတာလဲ ကံသာ''

''ဟယ် ကြည့်စမ်း စောသွဲ့၊ တံမြက်စည်းကလည်း ဖွာလန်ကြဲနေတာပဲ၊ ဆန်တွေရော၊ ပဲတွေရောကလည်း ကြမ်းပေါ်မှာ ဘယ်လိုဖြစ်တာလဲ''

ယွန်းနှင့် သူငယ်ချင်းနှစ်ယောက်က တတွတ်တွတ်ဆူကာ ကံသာ့ကို အပြစ်တင်ရင်း ရေနွေးကိုလည်း တည်ကြသည်။ မြူစွမ်ကိုလည်း ပြုတ်ကြသည်။ တံမြက်စည်းလည်း လှဲကြသည်။ ယွန်းက ကံသာ့ကို ရေနွေးနှင့်ရောကာ ရေပက်တိုက်ပေး၏။

မိသားစုနှင့် နှစ်ပေါင်းများစွာ ဝေးကွာရခြင်း၊ မိန်းကလေး၏ ပြုစုယုယမှုကို မရဖူးခြင်း၊ နေမကောင်းသဖြင့် အားငယ်နေခြင်း စသည့် ခံစားချက်တို့ဖြင့် ကံသာသည် သူ့ကို ရေပက်တိုက်ပေးနေသော ယွန်းဝသုန်ကို ကြည့်ကာ မျက်ရည်ဝဲလာ၏။

''ယွန်း ယွန်းရယ်၊ ကျွန်တော့်ဘဝမှာ ဒီလိုမျိုး တစ်ခါမှ မရှိခဲ့ဖူးပါဘူး။ ကျွန်တော် သိပ်ဝမ်းနည်းတယ် ယွန်း၊ ကျွန်တော် ယွန်းကို သိပ်ချစ်တယ်''

''ဟောတော့၊ ကိုကံသာ''

''မတားပါနဲ့တော့ ယွန်းရယ်၊ ကျွန်တော် ဝမ်းနည်းတဲ့ဒဏ်ကို မခံနိုင်တော့ပဲ ပြောတဲ့စကားပါ။ ယွန်းကို စတွေ့ကတည်းက ကံမကောင်းခဲ့တာပါ''

ယွန်းက စိတ်မကောင်းသောမျက်ဝန်းဖြင့် ကံသာ့ကို ငေးကာ နဖူးကို တိုက်ပေးနေသော ရေပတ်အဝတ်ကို ဖယ်ရင်း သက်ပြင်းကို ချသည်။ ကံသာ အားတက်သွား၏။ ချစ်တယ်ဆိုသည့်စကားကို မျှော်လင့်မထားဘဲ ဝမ်းနည်းအားငယ်စိတ်၏ တွန်းအားကြောင့် ပြောဖြစ်သွားပြီ။ မထူးတော့ ငေးငေးကလေးဖြစ်သွားသော ယွန်းကို သန်းအုန်းနှင့် စိတ်မချသည့်ကိုစွကြောင့် File များဖယ်ရင်း ခေါင်းကွဲရပုံ၊ ယွန်းနှင့် အပြင်



BURMESE CLASSIC .com

www.burmeseclassic.com



အတူသွားခွင့်ရဖို့ ဘယ်လောက်အထိ လွဲမှားစွာ ကြိုးခဲ့ရပုံတို့ကို ပြောပြ လိုက်သည်။ ယွန်းက အချို့နေရာများတွင် နားထောင်ရင်းပြုံး၏။

''တကယ်ပါယွန်း၊ ယွန်းရှေ့ကို ထုတ်ပြမိတဲ့စကားလုံးတွေ၊ အပြုအမူတွေရဲ့နောက်ကွယ်မှာ ကျန်ရစ်ခဲ့ပြီး မပြောရဲခဲ့တဲ့ လွဲမှားမှုတွေက အဲဒီလိုပါ။ ယွန်း ကျွန်တော့်ကို စိတ်ဆိုးသွားလားဟင်''

ယွန်းက ခုတင်ဘေးမှာ ခြေထောက်ကလေး တွဲလောင်းချထိုင် ကာ ရှေ့ကို ငေးနေရင်းမှ ကံသာ့ကို တစောင်းကလေး ငဲ့ကြည့်သည်။ ယွန်း၏ ဘယ်ဘက်ပါးပြင်ပေါ်မှာ ရှက်သွေးရဲကာ ကြွနေ၏။ ဝင်းလဲ့သော မျက်ဝန်းထဲမှာ ကံသာ အမည်မတပ်ရသေးသည့်အရိပ်က ဝင်းပကာ နေသည်။

''ယွန်းက သိပ်လုတယ်၊ ကျွန်တော်က တွေ့တဲ့အတိုင်းပဲ၊ မတန်ပါဘူး၊ ကျွန်တော် သိပါတယ်''

''အို အဲဒါတွေ မဆိုင်ပါဘူး၊ ယွန်းစိတ်ထဲမှာ မရှိဘူး၊ ယွန်းက ရိုးသားတာပဲ၊ အဲဒါပဲ လိုချင်တာ''

''ဒါ ဒါဆို ယွန်း ကျွန်တော့်အချစ်ကို လက်ခံလားဟင်''

ကံသာ့တစ်ကိုယ်လုံးမှာရှိသည့် သွေးကြောများနှင့် ဝိညာဉ်သည် တစ်နေရာတည်းကို စုပြုံတိုးဝှေ့ကာ ဆွဲယူခြင်းခံလိုက်ရ၏။ အခန်းကလေး က တိတ်ဆိတ်နေသဖြင့် ယွန်းပါးပြင်မို့မို့အပေါ်မှာ ရဲတက်လာသော သွေးကြောကလေးများ ဖောင်းထလာသံကိုသာ ကြားလိုက်ရ၏။

ယွန်း၏နှုတ်ခမ်းကလေး ချွန်ထွက်လာကာ၊ စိတ်လှုပ်ရှားစွာဖြင့် ခုတင်အောက်မှ တွဲလွဲချထားသော ခြေထောက်ကလေးကို လှုပ်နေသဖြင့် အပေါ်ခန္ဓာကိုယ်ကလေးက ယိမ်းလှုပ်နေသည်။ ယွန်း မျက်ဝန်းကလေးကို ထောင့်ကပ်ကာ တစ်ခုခုပြောဖို့ အားယူလိုက်သည်။

သို့သော်...

''အား''

စူးနစ်နာကျင်သည့်အော်သံကြီး ယွန်းထံမှ ထွက်လာသဖြင့် ကံသာ လန့်ဖြန့်ကာသွားး၏။



BURMESE CLASSIC .com

www.burmeseclassic.com



ယွန်းက ချထားသောခြေထောက်များကို ခုတင်ပေါ် ဆွဲတင်ကာ အော်သည်။ ကံသာ လန့်ဖြန့်ကာ ငုတ်တုတ်ထထိုင်တော့ စောသွဲ့နှင့် အေးအေးမြိုင်တို့ ထိတ်လန့်စွာ ပြေးဝင်လာကြ၏။

"ဘာဖြစ်တာလဲဟင် ယွန်း၊ ဘာလဲ"

"ကိုက်တယ်၊ ဒီအောက်က ကိုက်တယ်"

"ဘာလဲဟင် ဘာလဲ၊ ဘယ်အောက်က...အမယ်လေး...ကြွက်၊ ကြွက်ကြီး"

အော်သံနှင့်အတူ ထိတ်လန့်ကာ အေးအေးမြိုင်နှင့် စောသွဲ့ပါ ခုတင်ပေါ် ခုန်တက်လာကြသဖြင့် ကံသာ့ခြေသလုံးကို စောသွဲ့ကနင်းသည်။ အေးအေးမြိုင်၏ပေါင်လုံးနှင့် တိုက်မိကာ ကံသာ ပြန်လဲကျသည်။ ကြောက်လန့်ကာ အေးအေးမြိုင်ရော ယွန်းပါ ခြေတွေလက်တွေခါကာ ခုန်နေကြသဖြင့် ကံသာ တော်တော်နှင့် လူးလဲထမရ။ သူတို့ခြေထောက်အောက်မှာရောက်နေသော လုံချည်နှင့် စောင်ထဲမှာ ကံသာ ခြေထောက်တွေက လုံးထွေးကာနေကြ၏။ နောက်ဆုံးမှ ကံသာ အော်ရသည်။

"မကြောက်နဲ့၊ မခုန်ကြနဲ့၊ ခုတင် ကျိုးကျမယ်၊ ငါ့ခြေထောက်... ခြေထောက်"

"အား... ကြွက် ကြွက် အမယ်လေး... ကြွက်ကြီး"

လူးလဲကုန်းရုန်းထပြီး ခုတင်အောက်ကို ကြည့်တော့ ဘာမှ မရှိတော့။ သုံးရက်စလုံး ဘာမှ စားရဟန်မတူသောကြွက်က လှုပ်နေသော ယွန်းဝသုန်၏ခြေထောက်ကို ကိုက်ခြင်းဖြစ်သည်။ ယွန်းခြေသန်းကလေး ပဲ့ကာသွား၏။ သွေးနည်းနည်းထွက်သည်။

ထိတ်လန့်ခြင်း၊ နာကျင်ခြင်းတို့ကြောင့် ယွန်း အသားတွေတုန်ကာ ငိုသည်။ ကံသာ့ဒေါသက ပြောဖွယ်ရာမရှိတော့။ မိမိထက် ချစ်သူကို ကိုက်သွားသည့်အတွက် ကံသာ နှုတ်ခမ်းကို ပြတ်လုလုကိုက်ကာ ရင်ထဲမှာ နာကြည်းနေမိသည်။ ကံသာ လက်သီးကို ကျစ်ကျစ်ဆုတ်ထားမိသည်။ ကိုက်သည့်အချိန်ကလည်း တကယ့်အချိန်ကောင်း။ အခုကျမှ ဘယ်လို အဖြေကို ဆက်မေးတော့မည်နည်း။ ရင်ထဲမှာ ကိုယ်စီကြည်နူးစွာ ဖြစ်တည်



BURMESE CLASSIC .com

www.burmeseclassic.com



နေသော အချစ်စိတ်ကလေးတွေ မရှိကြတော့။

"ယွန်း ပြန်မယ်၊ ပြန်တော့မယ်၊ ယွန်း အရမ်းကြောက်တယ်"

ယွန်းက ထိတ်လန့်စွာ စောသွဲ့ကို ဖက်၍ငိုသည်။ အေးအေးမြိုင်ကလည်း ကြောက်လွန်းသဖြင့် မျက်ရည်ဝဲကာငိုသည်။ ကြွက်ဆိုလျှင် ဒီတိုင်းမြင်ရုံနှင့်ပင် အသည်းထိတ်အောင်လန့်တတ်သော ယွန်း အကိုက်ခံလိုက်ရသဖြင့် ချော့၍မရတော့။

"မကြောက်နဲ့တော့ယွန်း၊ မရှိတော့ဘူး၊ ပြေးပါပြီ။ 'တောက်' မိုက်ရိုင်းစုပ်ပဲ့တဲ့ကြွက် တွေ့ဦးမယ်။ မိလို့ကတော့ နုတ်နုတ်စင်းပြီး ခွေးစာကျွေးပစ်မယ်"

တတ်သမျှ မှတ်သမျှနှင့် ကျိန်ရသော်လည်း ယွန်းက ခေါင်းကို ဘယ်ညာခါယမ်းကာ စောသွဲ့ရင်ခွင်ထဲမှာငိုရင်း ပြန်ဖို့သာ အော်နေ၏။ ယွန်းအနာကို ဆေးထည့် ပတ်တီးစည်းပေးတော့ ယွန်းလက်တွေ တဆတ်ဆတ် တုန်ယင်နေကြသည်။

ချစ်သူ၏ နာကျင်ထိတ်လန့်မှုကို ငေးရင်း ကံသာ့ရင်ထဲမှာ ဒေါသတွေ ထိန်းမရ ဖြစ်လာသည်။ အစက ကံသာ့ကို ပြုစုကာနေပြီး အေးအေးဆေးဆေးမှ ပြန်မည်ဟု ပြောထားသောယွန်းတို့ ချက်ချင်း ထပြန်သွားကြသည်။ လမ်းပေါ်ကို ရောက်တော့ ကံသာ့အိမ်ကို လှည့်ပင် မကြည့်ကြတော့။ ကြောက်လန့်စရာ သတ္တဝါတစ်ကောင်ရှိသည့်နှယ် ခပ်သုတ်သုတ် ထွက်သွားကြသည်။

ကံသာ အူကြောင်ကြောင်နှင့် ကျန်ရစ်ခဲ့သည်။

သူ့ဘဝကြီးတစ်ခုလုံး ပြောင်းလဲဖို့ စက္ကန့်ပိုင်းကလေးအလိုကျမှ... အခုတော့ ချစ်သူမရှိတော့ပြီ။ သာယာငြိမ်းချမ်းမှုတစ်ခုလုံး ပျက်စီးသွားပြီ၊ ကံသာ့အိမ်ကလေးက နဂိုအတိုင်း တိတ်ဆိတ်ခြောက်သွေ့စွာ ကျန်ခဲ့၏။

"တောက်၊ ခွေးမသားကြွက်၊ ငါ့ဘဝတစ်ခုလုံး မင်းကို ဘယ်တော့မှ မကျေဘူးဟေ့"

✿✿✿



BURMESE CLASSIC .com

www.burmeseclassic.com


''ဘာဖြစ်လို့ သံလျင်ဖိုးကျော်လို့ ခေါ်တာလဲ''

မုတ်ဆိတ်မွေး ကျိုးတိုးကျဲတဲပေါက်နေသော မျက်နှာပေါ်မှာ မခန့်လေးစားအပြုံးက ပေါ်လာ၏။

''သံလျင်မှာနေလို့ သံလျင်ကြွက်ဖမ်းတဲ့နေရာမှာ ကျုပ်က ဝိဇ္ဇာပဲ''

''ကျုပ်အိမ်ကကြွက်ကို မိအောင်ဖမ်းပေးမလား''

လက်ထဲမှာကိုင်ထားသည့် ဝါးလုံးထိပ်တွင် တပ်ထားသော သုံးမြှောင် သံခက်ရင်းကို မြေကြီးတွင်ထိုးစိုက်ကာ ခေါင်းကို အနည်းငယ် မော့၍ ဒွေးအိုက်တင်ဖြင့် မပွင့်တပွင့်ရယ်သည်။ အရက်နံ့က ထောင်းခနဲ ထွက်လာ၏။

''ကျုပ်က ကြွက်ဖမ်းသမားစစ်စစ်ဗျ။ လေးနှစ်သားကတည်းက ကြွက်ထိုးစားလာတာ၊ ကျုပ်ထိုးခဲ့တဲ့ကြွက် သောင်းချီနေပြီ''

''ဒီကြွက်က လျင်တယ်နော်''

''ဒီမှာ အပိုတွေပြောမနေနဲ့၊ ဘယ်လောက်လျင်လျင် ကြွက်က ကြွက်ပဲ၊ ဂရုစိုက်စရာ မလိုဘူး''

ပုဂ္ဂိုလ်က လက်ငါးချောင်းကို ကွေးချည်ဆန့်ချည် လုပ်ကာပြ၏။ ပြီးတော့ နှုတ်ခမ်းကို တွန့်ပြုံးကာ ဆေးပေါ့လိပ်ကို မီးညှိသည်။ လုံချည် ကတိုတို၊ အင်္ကျီက ကျောမှာပေါက်နေ၏။ မျက်လုံးက ရီဝေဝေ၊ ဖိနပ် မပါ။ တစ်ကိုယ်လုံး နံ့စော်ကာနေ၏။ မနက် ၉ နာရီ မထိုးခင်ကတည်းက အရက်မူးနေသည့်လူ၊ ကြွက်ဖမ်းသည့်လူ ဆိုတာတော့ သေချာပါသည်။

''မိရင် ငါးရာ ထပ်ပိုပေးဦးမယ်ဗျာ၊ စိတ်ချ မိအောင်သာဖမ်းပေး။ ဖြစ်နိုင်ရင် အရှင်လိုချင်တယ်။ ကျုပ်ကိုယ်တိုင် သတ်ချင်တာဗျ''

''ကောင်းပြီ၊ ငါးရာပေးခဲ့''

''ဗျာ''

''ငါးရာပေးခဲ့ဆို၊ ခင်ဗျားပြန်လာရင် အမြီးက ကြိုးချည်ပြီး ဟောဒီတံခါးဝမှာ ချိတ်ထားပေးမယ်''

ဘာမှ မတတ်နိုင်သဖြင့် ကံသာ ငါးရာတန် ထုတ်ပေးကာ



BURMESE CLASSIC .com

www.burmeseclassic.com



ကြွက်သွားတတ်လာတတ်သော နေရာများကို ပြရသည်။ ပုဂ္ဂိုလ်က စိတ်မဝင်စားလှ။

"ကဲ... ခင်ဗျားသွားစရာရှိတာကိုသာ သွားစမ်းပါဗျာ၊ ဟိုဟာ တွေဒါတွေ လာပြမနေနဲ့ မျက်စိရှုတ်တယ်၊ ကြွက်တစ်ကောင်များ ရေးကြီး ခွင်ကျယ်လုပ်လို့"

ကံသာ ကြွက်မရှုံ့သမားဖြင့် အိမ်ကို ထားခဲ့ကာ ရုံးသို့ထွက်ခဲ့ ရသည်။

ရုံးအပြန် တံခါးဝမှ ကြိုးနဲ့ တန်းလန်းချိတ်ထားလို့ကတော့ ထိုကြိုးကို ဖြုတ်ကာ ကြွက်ကို ကျိန်လုံးဖြင့် တစ်ကိုယ်လုံး ပျောသွားအောင် ရိုက်မည်။ ပြီးလျှင် တူနှင့် ခေါင်းမှ အမြီးအထိ ပြားနေအောင် ထုသတ် မည်။ ပြီးမှ ဓားနှင့် နုတ်နုတ်စင်းကာ ကြွက်စာ၊ ဘဲစာ ကျွေးပစ်မည်။

ဒါမှမဟုတ် မသေမရှင် မထနိုင်အောင် စိတ်ရှိလက်ရှိ ကိုင် ပေါက်ကာ ထွက်ခါနီးဆဲဆဲ ကုန်တင်ကားဘီးအောက်မှာ အသာသွား ချထားမည်။ ပြီးလျှင် ထိုကုန်တင်ကားအထွက်ကို ကော်ဖီမစ်တစ်ခွက်နှင့် စီးကရက် တစ်လိပ်သောက်ကာ ငေးမည်။

ဒါမှ မဟုတ်သေးလျှင် ထိပ်ဝခွဲထားသော ဝါးထဲမှာ ကြွက်အရှင် ကို ညှပ်၊ မီးသွေးမီးဖို ဖိုပြီး အရှင်လတ်လတ် ကင်သတ်မည်။ ပြီးမှ ကင်ပြီးသွားသော ဒင်းကို မဆလာကောင်းကောင်းနှင့် ချက်ပြီး သံလျှင် ဖိုးကျော်ဆိုသည့် ပုဂ္ဂိုလ်ကို အရက်တစ်လုံးတိုက်ပြီး မြည်းခိုင်းရမည်။

ဒင်းကြောင့် ကံသာ ဒုက္ခရောက်ခဲ့ရတာ များလှပြီ။

အဆိုးဆုံးမှာ ယွန်းကို ချစ်တယ်ပြောသောနေ့ကပင် ဖြစ်သည်။ ကံသာ နေကောင်း၍ ရုံးပြန်တက်သော် ယွန်းက ကံသာ့ကို သိပ်စကား မပြော၊ တွေ့လျှင် တိတ်တိတ်နေသည်။ ကြုံလျှင် ရှောင်တတ်သည်။ ဘာကို စိတ်ဆိုးနေမှန်း မကွဲပြား။ နောက်ဆုံး စောသွဲ့ကို မေးကြည့်တော့မှ အဖြေကရသည်။

"ကြွက်ပေါ့ဟ၊ အဲဒီနေ့က ယွန်း အရမ်းလန့်သွားတာ၊ နင် ရည်းစားစကားပြောတာလည်း ပါတာပေါ့၊ အဲဒီနေ့က ကြွက်သာ



BURMESE CLASSIC .com

www.burmeseclassic.com



မကိုက်ရင် ယွန်းက နင့်ကို အဖြေပေးတော့မှာ၊ ငါတို့ချောင်းကြည့်နေတာ သိသားပဲ၊ အဲဒီကြွက်ကြောင့် ယွန်း ရှက်သွားတာပေါ့ဟာ''

စောသွဲ့စကားကြောင့် ကံသာ့ရင်ထဲ မဆံ့တင်င် ခံစားရသည်။ လျှာဖျားပေါ်မှာ ဘာမှပြော၍မရသည့် အရသာတစ်ခု ဖြတ်ပြေးသွား၏။ ယွန်းခြေသန်းကို ကိုက်ခြင်းမဟုတ် ကံသာ့နှလုံးသားကို ကိုက်ခြင်းသာ ဖြစ်သည်။ နောက်ဆုံး စောသွဲ့ကို အကူအညီတောင်းကာ အတင်းတောင်း ပန်ရသည်။ ဒီတော့မှ ယွန်းက စကားပြန်ပြောသည်။ သို့သော် အဖြေကိုစွ ကိုတော့ မေး၍မရ၊ အဖြေပေးတော့မည်ဆိုတာကို ကံသာ သိသွားသည် ဆိုတာကို ပြန်စဉ်းစားရင်း ရှက်ကာ ယွန်းက သူ့သိက္ခာကို သူထိန်းနေခြင်း သာဖြစ်သည်။ နောက်တစ်ကြိမ် နှလုံးသားကို နူးညံ့သိမ်မွေ့အောင် ခလုပ်နိုင်ဘဲ ယွန်းထံမှ ဘာစကားမှ ထွက်လာမည် မဟုတ်တော့ဆိုတာကို ကံသာသိသည်။

ယွန်းသည် သူ့အပေါ် အရင်ကထက်တိုးပြီး ယုံကြည်ခင်မင်စွာ နေသည်။ သို့သော် အဖြေတော့ တောင်း၍မရတော့။

"ယွန်း စဉ်းစားပါရစေဦး၊ ယွန်းကို အချိန်ပေးပါ"

"မဟုတ်တာ ယွန်းရာ၊ အဲဒီနေ့တုန်းက ယွန်းပြောမလို့ မဟုတ်သား"

"မဟုတ်ဘူး၊ လုံးဝ မဟုတ်ဘူး၊ အဲဒီနေ့က ယွန်း စဉ်းစားမယ် သို့ ပြောမလို့"

ယွန်းက ထိုစကားနှင့်သာ အဆုံးသတ်သည်။ ထိုစကားကို ကြားရတော့ ကံသာ ကြွက်ကို ဒေါသဖြစ်ရသည်။ နောက်ဆုံး အေးအေး မြှိုင်က တားသည်။

"ကံသာ၊ အဲဒါကြီးကို သိပ်မမေးနဲ့၊ ယွန်းက အဲဒါကို ရှက်နေတာ၊ ဘူးခံငြင်းရင် နင် ပိုဝေးသွားလိမ့်မယ်"

...ဆိုသဖြင့် ကံသာ မမေးရဲတော့ဘဲ ထားရသည်။ ရင်ထဲမှာတော့ မကောင်း။နောက်ဆုံး ယွန်းရှက်နေတာကို ယွန်းကိုယ်တိုင် မေ့သွားအောင် ကံသာ အချိန်ကို စောင့်တော့မည်ဖြစ်သည်။ Company မှ



BURMESE CLASSIC .com

www.burmeseclassic.com



ပြန်လာလို့ ကြွက်ကိုရလျှင် ထိုနည်းသုံးနည်းထဲမှ တစ်နည်းနည်းဖြင့် ကံသာ သတ်ကိုသတ်မည်သာဖြစ်၏။ Company ကို မရောက်မီ ကားပေါ်မှာ ကံသာ စဉ်းစားခြင်းသာဖြစ်သည်။

Company ကိုရောက်တော့ ယွန်းမျက်နှာမကောင်းလှ။

ဘာဖြစ်နေတာလဲဆိုတာ သိချင်နေသော်လည်း လူမရှင်း၍ ကံသာမမေးရဲ၊ ထမင်းစားချိန်ကျမှ ကံသာ အသာကပ်မေးရသည်။

"ယွန်းတို့တိုက်ခန်း နှစ်ချုပ်ပြည့်သွားပြီ၊ အဲဒါ အိမ်ရှာနေတာ မရလို့ ရှေ့အပတ်ထဲ ဆင်းပေးရမှာ"

"အိမ်… အိမ်ခန်းက ပေါပါတယ်ယွန်းရဲ့၊ ရမှာပါ၊ ဒီလောက် စိတ်ပူမနေပါနဲ့"

"ပူရတယ် ကိုကံသာ၊ ရက်စေ့တဲ့အထိ မရရင် ဒုက္ခ၊ မေမေကလည်း တိုက်ခန်းနဲ့ မနေချင်တော့ဘူးတဲ့၊ တက်ရ ဆင်းရတာ ဒုက္ခရောက်လို့ နေ့ခင်းဘက် မေမေတစ်ယောက်တည်း နေခဲ့ရတာကို ယွန်းစိတ်မချဘူး၊ ခြံဝန်းကလေးနဲ့အိမ်မျိုး လိုချင်တာ၊ မနက်ဖြန် ခွင့်ယူပြီး ရှာမှကိုဖြစ်တော့မှာ"

"ဘာမှစိတ်မပူနဲ့ယွန်း။ မနက်ဖြန် ကျွန်တော် ခွင့်ယူပြီး ဝိုင်းရှာပေးမယ်၊ စိတ်ချပါ။ ယွန်းလိုချင်တဲ့အိမ်မျိုး ရအောင်ရှာပေးမယ်"

အားတက်သရော သူ့ကတိစကားများကြောင့် ယွန်းမျက်နှာ တော်တော်လန်းဆန်းသွား၏။ သူ့ကိုကြည့်သော ယွန်းအကြည့်တွင် အားကိုးတကြီးအမူအရာကိုလည်း ကံသာတွေ့ရ၏။ ထိုအကြည့်ကြောင့် ဘာကြောင့်မှန်းမသိ ကံသာ့ရင်ထဲမှာ… သတ္တိတွေ၊ ခွန်အားတွေ တိုးလာသည်။ မိန်းကလေးတစ်ယောက်၏ အားကိုးတကြီးအကြည့်က ယောကျ်ားတစ်ယောက်ကို ထိုမျှ ခွန်အားသတ္တိပေးနိုင်ကြောင်း ကံသာသိသွား၏။ ဒါကြောင့် ဟိုးအရင်ခေတ်က စစ်တိုက်ထွက်မည့် ယောကျ်ားတွေကို နန်းတွင်းသူတွေက သပြေခက်နှင့် နှုတ်ဆက်ကြခြင်းဖြစ်လိမ့်မည်။

Company မှအပြန်လမ်းတွင် ကံသာ ပျော်၍လာသည်။ မနက်ဖြန် ယွန်းနှင့် နှစ်ယောက်တည်း အိမ်ရှာထွက်ရတော့မည်။ ယွန်းကို



BURMESE CLASSIC .com

www.burmeseclassic.com


ချစ်တယ်ပြောပြီးမှ ပထမဆုံးရသော မဟာမခွင့်အရေးလည်း ဖြစ်၏။ ဒီတစ်ခါတော့ ကံမကောင်းစရာ မရှိစေရ။ လိုင်းကားမစီး အငှားကားဖြင့်သာ သွားမည်။

အိမ်မှာရော ကြွက်ကို အမြီးမှ ကြိုးနှင့်ချည်ထားပြီးပြီလား။

သို့သော် အိမ်ရှေ့တံခါးဝမှာ အမြီးကို ကြိုးဖြင့်ချည်ထားသော ကြွက်ကို မတွေ့ရ။ အိမ်ထဲဝင်တော့ ကြွက်သတ်သမား သံလျင်ဖိုးကျော် လည်းမရှိ၊ မီးဖိုချောင်ထဲမှ ဒန်အိုးတွေ၊ စတီးချိုင့်နှင့် ထမင်းပေါင်းအိုးလည်း မရှိ၊ ကံသာ့စားပွဲပေါ်က နာရီလည်းမရှိ၊ ကံသာချက်ထားသော ထမင်းနှင့် ဟင်းများလည်းမရှိတော့။

ကံသာ သဘောပေါက်သွားပြီ။

သူချက်ထားသော ထမင်းဟင်းကို စားကာ သူ့အိမ်မှ တန်ဖိုး ရှိသောပစ္စည်းများကို အေးအေးဆေးဆေး မသွားခြင်း ဖြစ်၏။ ထိုပုဂ္ဂိုလ်ကို ရှာပေးသော ကြားလူကို သွားမေးသော်လည်း နေရပ်ကိုပင် မသိ။ အရက်ဆိုင်မှာတွေ့ရင်း ခင်ကြရကြောင်း သိရသည်။ တိုင်တောနေလျှင် လည်း အိမ်တစ်အိမ်လုံး အပ်ထားမိသော သူကို "နည်းသည်"ဟုပင် ပြောကြဦးမည်။

ကြွက်ဆရာက သူ့အိပ်ရာမှာပင် အိပ်သွားပုံရသည်။ သူ့ခေါင်းအုံး မှာ အရက်စော်နံ့ကာ အိပ်ရာခင်းမှာ သဲတွေနှင့် ခြေရာပေပွကာနေသည်။ ကံသာ ငွေ ၅၀၀/- နှင့် ပစ္စည်းကို မနှမျောပါ။ ကြွက်ကို ဖမ်းကာ ကြိုးနှင့် ချည်ပေးထားခဲ့လျှင် ကျေနပ်ဦးမည် ဖြစ်သည်။ အခုတော့...

ကံသာ့စိတ်ထဲမှ မကျေနပ်ရသည့် အနှောင့်အယှက်များအားလုံး ကို မနက်ဖြန် ယွန်းနှင့် အတူသွားရမည်ဟူသည့် ကိစ္စတစ်ခုတည်းနှင့် မေ့ပစ်လိုက်သည်။ ရှိစေတော့... ပေါ့၊ ဘာတတ်နိုင်ဦးမည်နည်း။ ကံသာ ထမင်းကို အပြင်ကဝယ်စားကာ မနက်ဖြန် ယွန်းနှင့် အတူသွားရလျှင် ဟူသော အတွေးကို စိတ်ကူးယဉ်က အိပ်သည်။

✿✿✿

● ကြောင်နှစ်ကောင်စာပေ

BURMESE CLASSIC .com

www.burmeseclassic.com

(ခြောက်)

မနက်လင်းတော့ ပျော်ရွှင်စွာ နိုးလာ၏။

ယွန်းနှင့်သူ အတူသွားခွင့်ကို ပေးမည့်နေ့အတွက် နေမင်းကြီးက တာဝန်ကျေစွာ ကောင်းကင်မှာ ရောက်နေပြီ၊ ရေချိုးရင်း ထူးအိမ်သင်၏ သီချင်းလေးညည်းကာ ပျော်ရွှင်နေခဲ့သည်။

"လရောင်ထဲ ကိုယ်လမ်းလျှောက်ချင်တယ်… ဘယ်ကိုရောက်နေမလဲ၊ မစဉ်းစားဘူးကွယ် အိုးဟိုးအချစ်ရယ် ချစ်ခဲ့ကြတာ အိပ်မက်လေးများလားကွယ်၊ ခုတော့ ကိုယ်သိပ်ပျော်မှာပဲ"

သီချင်းနှင့် ရေသုတ်ရင်း အင်္ကျီလဲရန်လာတော့ ကံသာ ပါးစပ်ဟသွား၏။ ဘာအသံမှ မထွက်နိုင်။ ကံသာ့အခန်းထဲရှိ အဝတ်ခြင်းထဲမှာ ထည့်ထားသည့် မီးပူတိုက်ပြီးသား အင်္ကျီရင်ဖက်မှာ အပေါက်ကြီးတစ်ခု။

အောက်ကအင်္ကျီတွေ ကမန်းကတမ်း လှန်ကြည့်တော့ အားလုံး ထိုအတိုင်း။

ကြွက်…

ကံသာ တစ်ယောက်တည်းနေသဖြင့် ဗီရိုမဝယ်နိုင်ဘဲ အင်္ကျီများကို အလွယ်တကူပင် ပလတ်စတစ်ခြင်းထဲ ထည့်ထားခဲ့သည်မှာ ကြာပြီ။ နေ့က ကြွက်သတ်သမားက သူနှင့်မတော်သဖြင့် ခိုးမသွားပုံရသော အင်္ကျီတွေ အခုတော့ ဘယ်လိုဖြစ်ကုန်သနည်း။ ကံသာ ကျောက်ရုပ်တစ်ရုပ်လို အင်္ကျီခြင်းရှေ့မှာ ရပ်နေမိသည်။

BURMESE CLASSIC .com

www.burmeseclassic.com


နောက်ဆုံးတော့ ခုတင်ဘေးနံရံတွင် ကပ်ထားသော အင်္ကျီ ခြင်းနားမှာ ကြက်သားရိုးတစ်ရိုးကို တွေ့ရ၏။ ဖြစ်ပုံကို ကံသာ ဆက်စပ် တွေးကာ သဘောပေါက်သွားသည်။ ကြွက်သတ်သမားက သူ့ခုတင်ပေါ်မှာ ဖိမ်နှင့်အိပ်ရင်း သူချက်ထားခဲ့သော ကြက်သားပြုတ်ကြော်ကို စားဟန် တူသည်။ အရိုးကို ခုတင်ပေါ်မှ လှမ်းပစ်ရာ ခြင်းထဲမှ သူ့အင်္ကျီပေါ်ကို ကျမည်။ ဒါကို ကံသာ သတိမထားမိသဖြင့် သူ့ရန်သူတော်ကြွက်က အနံ့ခံကောင်းစွာ ထိုအရိုးကို ရှာဖွေတွေ့ရှိပြီး အင်္ကျီမှာစွန်းနေသည့် အနံ့ကြောင့် တစ်ညလုံး အင်္ကျီငါးထည်ကို အပေါ်ဆုံးမှ အောက်အထိ ဖောက်ကာ ကိုက်သွားခြင်းဖြစ်ရမည်။

"ခွေးမသားကြွက်၊ အပေါ်က တစ်ထည်ပဲ ကိုက်ပါလား။ အခုတော့ တောက်၊ မအေပေး၊ သူတောင်းစား"

ကံသာ မီးပူတိုက်ပြီး ထပ်ထားသော အင်္ကျီ ငါးထည်စလုံးနှင့် ပုဆိုး သုံးထည် တစ်ထည်မှ အကောင်းမကျန်တော့။ ကံသာ့မှာ ချမ်းသာ သမျှက ဒါပဲရှိသည်။ ကံသာ ဘာလုပ်ရမလဲ၊ ယွန်းနှင့်ချိန်းထားတာက ရှစ်နာရီ၊ ရပ်ကွက်ထဲမှာ အင်္ကျီငှားလို့ရလောက်အောင် ရင်းနှီးသူက တစ်ဦးမှမရှိ။

ကံသာ ဆဲဆိုနေဖို့ ဒေါသဖြစ်နေဖို့ အချိန်မရှိ။ ၈ နာရီထိုးဖို့ က မိနစ် ၂၀ လောက်ပဲ ရှိတော့သည်။ ကံသာ ကားငှားကာ ဦးတင် ကိုအောင်ထံ ပြေးရ၏။

ကံသာ ရှင်းပြတာကို နားထောင်ပြီး ဦးတင်ကိုအောင်က မျက်နှာ ကိုရှုံ့သည်။

"ဟာ ဒီကြွက်နဲ့ မင်းကကွာ၊ မင်း မဟုတ်သေးဘူး ကောင်လေး။ ကြွက်များကွာ တောက်"

"နောက်မှပြောတော့ အစ်ကိုကြီး။ ကျွန်တော့်ကို အင်္ကျီနဲ့ လုံချည် မြန်မြန်ငှားပါ။ ယွန်းနဲ့ချိန်းထားတာ နောက်ကျနေပြီ"

ဦးတင်ကိုအောင်ထံမှာလည်း အင်္ကျီကောင်းကောင်းမရှိ၊ ရှိသည့် တစ်ထည်ကလည်း ဒီနေ့ Company ကို ဝတ်သွားဖို့ သူပင် ဝတ်ပြီး


BURMESE CLASSIC .com

www.burmeseclassic.com


နေပြီ။ နောက်ဆုံး အင်္ကျီခပ်လတ်လတ်နှင့် လုံချည်အသစ်တစ်ထည် ရသည်။ အင်္ကျီက တော်တော်ကြီးနေသည်။ လုံချည်က အသစ်မို့ အသားမကျဘဲ ပွကာ ဖောင်းထနေသည်။ သို့သော် ကံသာ ချေးများ ချိန်မရ။ အချိန်က ၈ နာရီကျော်နေပြီ ဖြစ်သည်။

ယွန်း၏ နောက်ကျသဖြင့် ကုတ်ထားသော မျက်မှောင်က ကံသာ့ပုဆိုးကို ကြည့်ကာ ပိုကုတ်သွား၏။

''အင်္ကျီကလည်း ဘယ်လိုဖြစ်တာလဲ ပွပွကြီး။ ကိုရိုးကားယားနဲ့''

ကံသာ့ပခုံးအောက် လက်လေးလုံးခန့်ကျနေသည့် အင်္ကျီလက်ကို အသာဆွဲတင်ရ၏။ ကြွက်အကြောင်းကို ကံသာ ပြောမနေတော့ ထိုကြွက် သူ့အိမ်မှာ ရှိနေတုန်းပဲဆိုတာကို ယွန်း မသိစေချင်။

''ဘာမှ မဖြစ်ပါဘူး၊ ကျန်တဲ့အင်္ကျီတွေ လျှော်ထားမိလို့''

ယွန်းက ဘာမှမပြောတော့။ ကားငှားကာ သတင်းရထားသော အိမ်ငှားနေရာတွေကို သွားကြရသည်။ သဃ်န်းကျွန်း၊ တောင်ဥက္ကလာ၊ မြောက်ဥက္ကလာ၊ သာကေတမြို့နယ်သာ စုံသွားသည် အိမ်ကမရ။ ရသည့် အိမ်ကျတော့ နေချင်စရာမရှိ။ နံဘေးမှာ အရက်ဆိုင်နှင့် ပတ်ဝန်းကျင်က မသန့်။ ယွန်းက လုံးချင်းဆိုသဖြင့် အိမ်ရှင်နှင့် တွဲရက်တွေကျတော့ မဖြင့်။

အိမ် အဆင်မပြေသဖြင့် ယွန်းမျက်နှာက တဖြည်းဖြည်းအိုကာ မဲ့မဲ့လာသဖြင့် အတူသွားနေရသော်လည်း ကံသာ မပျော်ရ။

''ဒုက္ခပါပဲ၊ ဆင်းပေးဖို့က ၃ ရက်ပဲလိုတော့တာ။ ဘယ်လို လုပ်ရမလဲတောင်မသိတော့ဘူး။ ရက်စေ့လို့ မရရင် ဘာလုပ်ကြမလဲ သေချင်တာပဲ''

''ပြောပြပေါ့ယွန်းရဲ့၊ အိမ်ရမှပဲ…''

''မဖြစ်ဘူး၊ မေမေနဲ့ အိမ်ရှင်က ပြဿနာ ဖြစ်ထားတာ၊ ယွန်းတို့ကို ညှာမှာ မဟုတ်ဘူး၊ ကိုကံသာတို့ဘက်မှာရော…''

ယွန်းပြောမှ ကံသာ့ရင်ထဲ လင်းခနဲ ဖြစ်သွားသည်။

ဟုတ်သားပဲ၊ အိမ်ရှာမည့်နေရာကို ဘာကြောင့် သူ့ဘက်ကို


BURMESE CLASSIC .com

www.burmeseclassic.com


ကံသာ ထည့်မတွေးမိလေသနည်း။ ယွန်းသာ သူတို့လမ်း (သို့မဟုတ်) သူတို့နားမှာ အိမ်ရသွားလျှင် ပြီးပြီ။

Company သို့ အသွားအပြန် ယွန်းနှင့်အတူ သွားခွင့်၊ ပြန်ခွင့် ရမည်။ Company ပိတ်ရက်တွေမှာလဲ အဝေးကြီးလွမ်းစရာ မလိုတော့။ ယွန်းတို့အိမ်ပင် သွား၍ရသေးသည်။ ကံသာ ချက်ချင်း ရင်တွေခုန်လာကာ လန်းဆန်းတက်ကြွလာ၏။ ဒီလောက်ကောင်းတဲ့ အစီအစဉ်ကို သူ ဘာကြောင့် သတိ မရရသနည်း။

''ဟုတ်တယ် ယွန်း၊ ကျွန်တော် မေ့နေတာ၊ ယွန်းပြောမှပဲ သတိရတော့တာ၊ ကျွန်တော်တို့ဘက်မှာ အိမ်ဆောက်ထားပြီး လူမနေတဲ့အိမ်တွေ၊ တိုက်တွေ အများကြီးပဲ၊ လုံးချင်းကို ရမှာ၊ စိတ်ချယွန်း၊ ကျွန်တော် ရအောင်ရှာပေးမယ်။ ရကိုး ရရမယ်။ ကျွန်တော် ကတိပေးတယ်ယွန်း မနက်ဖြန်ကို ရရမယ်၊ စိတ်ချပါ''

ယွန်းက သူ့ကို ရိုးရမလား၊ ဒီလောက် 'အ'ရမလားဆိုသည့် သဘောဖြင့် မျက်စောင်းထိုး၏။ အခုမှ ယွန်းလည်းပြုံးလာသည်၊ ကံသာနှင့် ယွန်း အအေးသောက်ကြသည်၊ ကံသာ့ရင် တဆတ်ဆတ် တုန်ကာနေ၏။ တကယ်လို့ အိမ်ရှာမရလျှင် သူ့အိမ်ကို ဆင်းပေးကာ အဲဒီနားမှာပဲ သူဖြစ်သလို ငှားနေမည်ဟု ကံသာ တွေးလိုက်သေးသည်။

သို့သော်...

''ဪ... ကိုကံသာ ကြွက်... ကိုကံသာတို့ဘက်က ကြွက် ပေါတယ်၊ အဲဒါ ယွန်းတို့ငှားတဲ့အိမ်မှာ ကြွက်မရှိစေနဲ့နော်''

''ဟာ... စိတ်ချယွန်း၊ ကြွက်က ကျွန်တော့်တစ်အိမ်တည်းပါ၊ မရှိစေရဘူး စိတ်ချ၊ မရှိစေရပါဘူး''

ပျာပျာသလဲ ကံသာကတိပေးရသည်။

ယွန်းက သက်ပြင်းကို ချ၏။ ပြီးတော့ ကံသာ့ကို ပြုံးကြည့်သည်။

ကြွက်ကို မနိုင်သော လူတစ်ယောက်က ကြွက် သိပ်ကြောက်သော ချစ်သူတစ်ဦးရှိတာ လွယ်လွယ်ကလေးနှင့် ခက်နေသော ပြဿနာ


BURMESE CLASSIC .com

www.burmeseclassic.com



ဖြစ်သည်။

ထိုကြွက်ကလည်း သာမန်ကြွက်မဟုတ်။

ကံသာ့နှလုံးသားထဲကို ဝင်ကိုက်နေသောကြွက်သာဖြစ်သည်။

ကတိပေးထားသည့်အတိုင်းပင် နောက်နေ့မှာ ကံသာ အိမ် (၃)လုံး ခေါ်ကာ ပြနိုင်၏။

ယွန်းတို့က ကံသာ့လမ်းထဲကအိမ်ကို မကြိုက်သော်လည်း ကံသာ့နောက်လမ်းထဲက အိမ်ကလေးကို သဘောကျသည်။ အိမ်ကလေးက လုံးချင်း သစ်သားအိမ်ကလေး၊ ပေလေးဆယ် ခြောက်ဆယ် ထဲမှာ သပ်ရပ်စွာဆောက်ထား၏။ လူမနေသော်လည်း အိမ်ရှေ့မှာ မလေးရှားပိတောက် သုံးပင်၊ မယ်ဇလီပင် တစ်ပင် စိုက်ထားသဖြင့် အေးနေသည်။ ဈေးကလည်း တော်တော်ကို ချိုသည်။

"ကြိုက်တယ်သား... ကြိုက်တယ်၊ အဲဒီလို ခြံကလေး ဝန်းကလေးနဲ့ အမေက နေချင်နေတာ၊ တိုက်တွေကို စိတ်ပျက်လွန်းလို့ ဒါပဲ ဒါကိုပဲကြိုက်တယ်၊ လေကောင်းလေသန့်လည်း ရတယ်"

အဘွားကြီးမျက်နှာက ပြုံးကာနေသည်။ ကံသာ့ကိုလည်း ကျေးဇူးတင်စကား ပြောလိုက်တာအထပ်ထပ် ကံသာ့ရင်ထဲ ကြည်နူးမဆုံးတော့။ ယွန်းနှင့်သူ နီးနီးကလေးနေခွင့်ကို ရလိုက်ပြီ။ အဘွားကြီးကလည်း ကျေးဇူးရှင်တစ်ယောက်လို သူ့ကို ထင်နေသည်။ သူ ယွန်းမျက်နှာလေးကို နေ့တိုင်းတွေ့ရတော့မည်။ ယွန်းနှင့် နေ့စဉ် ရုံးသွား၊ ရုံးပြန် အတူတူ နေရတော့မည်။

"အမေတို့မှာက သားအမိနှစ်ယောက်တည်း၊ ရပ်ကွက်မှာ လူခံရှိတာမို့ ကောင်းတာပေါ့၊ မင်းကိုပဲ သားတစ်ယောက်လို အားကိုးရတော့မှာပဲ"

အဘွားကြီးစကားကြောင့် ယွန်းမှာ မျက်နှာနီရဲကာသွား၏။ ကံသာ့ခန္ဓာကိုယ်က မိုးတိမ်တိုက်တွေလို ဖြစ်သွားသည်။ ဤမျှလောက် ချိုမြိန်လန်းဆန်းသော ပီတိမျိုးကို ကံသာ တစ်ကြိမ်မှ မခံစားရဘူးခဲ့။ အိမ်ကို ငှက်ပျောရွက်နှရောင် ဆေးသုတ်ပေးရမည်။ အိမ်ရှေ့မှာ ကျောက်



BURMESE CLASSIC .com

www.burmeseclassic.com



ခက်ပန်းတွေချမည်။ သရက်ပင်ပေါက်တွေ ရှာပေးမည်။ သန်းခေါင်စာရင်းပြောင်းဖို့ အိမ်ပြောင်းဖို့ လုပ်ပေးရဦးမည်။ ခြံကိုလည်း ပြန်ခတ်ပေးမှ ပိုကောင်းမည်။

မည်သူမှ မခိုင်းရဘဲ ကံသာ့စိတ်ထဲမှာ အစီအစဉ်တွေ ဆွဲသည်။

ယွန်းမေမေကို တိုင်ပင်ကာ အသေးစိတ်ပြောပြတော့ အဘွားကြီးက ပြုံးကာနေ၏။ ဘာမှ မကန့်ကွက်။ 'သား သဘောပဲ'ဟု ပြောသည်။ 'ကောင်းမည့်ထင်တာကို သားလုပ်ပါ'ဟု ခွင့်ပြု၏။

ယွန်းတို့အိမ်ပြောင်းပြီးသည့်နေ့မှစ၍ ကံသာ့ခန္ဓာကိုယ်ထဲမှာရှိသော မိုင်ပေါင်းခုနစ်သောင်းသော သွေးကြောများထဲတွင် စမ်းရေများစီးဆင်းနေလေသည်။

လိုအပ်သည်ထက် ပိုအာရုံစိုက်ထားသော ကံသာ့အစွမ်းကြောင့် ယခင်က လူမနေသော ယွန်းတို့အိမ်ကလေးမှာ စတုမဟာရာဇ်နတ်ပြည်တွင် ကံရှိန်ကံဝါကြောင့် ဘွားခနဲ ပေါ်လာသော ဗိမ္မာန်ကလေးလို လှပသွားသဖြင့် ရှေ့မှ ဖြတ်သွားသူတို့က ကြည့်ကြည့်သွားကြ၏။

ယခင်က လူမနေသဖြင့် ယွန်းတို့အိမ်နားတွင်ရှိသော အမှိုက်ပုံကိုလည်း ကြွက်မလာစေခြင်းငှာ (ရ·ယ·က)ရုံးကို အလှူငွေထည့်ပြီး ကံသာ ရှင်းလင်းပစ်လိုက်၏။ အခုတော့ ယွန်းမေမေက ဘာကိုပဲလုပ်လုပ် သားသားနှင့် ကံသာကို မပြောသည်မရှိ။ ယွန်းကိုပင် ကံသာနှင့် အc မပြန်သောရက်များတွင် ဆူတတ်သည်ဟု ယွန်းကပြော၏။

''ကိုကံသာတို့များ မေမေ့ကို ဘယ်လိုပေါင်းလိုက်လဲ မသိဘူး၊ မေမေက လူ့ဂွစာ၊ ဘယ်သူနဲ့မှ တည့်တာမဟုတ်ဘူး''

''မေတ္တာပါ ယွန်းရာ၊ လူတစ်ယောက်ရဲ့ စေတနာ တန်ဖိုးကို ယွန်းမေမေ သိသွားတာပါ''

ယွန်းက နှုတ်ခမ်းကို တမင်မဲ့ကာ မျက်လုံးပြူးသည်ထက် ပြူးအောင်လုပ်ရင်း ပြောင်ပြသည်။

''ယွန်းကသာ လူတစ်ယောက်ရဲ့ တန်ဖိုးကို...''

''ဟိုးဆရာ၊ ဖြည်းဖြည်းပေါ့၊ မလောပါနဲ့ စိတ်ဆိုးမှာနော်''



BURMESE CLASSIC .com

www.burmeseclassic.com



ကံသာ့တွင် နွေဦးတုမရှိ။

ကံသာ့စိတ်ကူးထဲတွင် အမြဲ ပွင့်ပန်းခင်းအပြည့်၊ သွေးကြောထဲမှာ စီးဆင်းနေသော စမ်းရေထဲတွင် ယွန်းအကြည့်၊ ယွန်းစကား၊ ယွန်းရယ်စီးမျောနေနေ၏။ ယွန်းမျက်ဝန်းရိပ်အောက်တွင် ကံသာ့နှလုံးသားက အေးချမ်းစွာ အိပ်ပျော်နေသည်။ ထိုအိပ်ပျော်နေသော နှလုံးသားက မက်နေသော အိပ်မက်သည် အရောင်အသွေးစုံသည်။ လှပသည်။ နွေညလမင်း၏ အလင်းရောင်လို ကံသာ့ဘဝက ဝင်းဝါတောက်ပ ငြိမ်းချမ်းခြင်းကို ရနေခဲ့သည်။

သို့သော်…

လူ့လောကကြောင်းအရ ဒုက္ခမှလွတ်ကင်းသော သုခသည် မရှိစကောင်းဆိုသော စကားအတိုင်း ကံသာရရှိခဲ့သော ပျော်ရွှင်မှုကို မပြည့်စုံအောင် နှောင့်ယှက်နေသောကိစ္စက ရှိမြဲ။ ကံသာ၏ မဟာရန်သူဟောင်း ကြွက်ပင်ဖြစ်သည်။

အခုတလော ကံသာ အိမ်မငြိမ်းချင်။ သူ့ကို ထောင်ဖမ်းရမည့်အစား ကံသာကိုယ်တိုင် ထောင်ချောက်ထဲကျနေခြင်း၊ ကံသာ ရှိသည့်အချိန်များတွင်လည်း သူ့ကို ယခင်ကလို ရိုက်နှက်ဖမ်းနေလျှင် ယွန်းဝသုန်တို့အိမ်မှ ကြားသွားမည်ကို စိုးရိမ်ကာ အသံတိတ် ခြောက်လှန့်ခြင်းလောက်သာ လုပ်နိုင်သဖြင့် ကိုရွှေကြွက်က ယခင်ကထက် နှစ်တိုး၍ သောင်းကျန်းခြင်းကို ပြုသည်။

ကံသာ့အိပ်ရာခင်းနှင့် ခေါင်းအုံးကိုလည်း ကိုက်သည်။ ဘုရားစင်ပေါ်မှ ပန်းအိုးများကိုလည်း တွန်းချသည်။ ပက်လက်ကုလားထိုင်ဖျင်ကိုလည်း ကိုက်ဖောက်ပစ်သည်။ သိမ်းဆည်းမထားလျှင် ပုဆိုးနှင့်အင်္ကျီများကိုလည်း မှန်မှန်ကိုက်၏။

သို့သော် ကံသာ အရင်ကလို အော်ဟစ်ဆဲဆိုပြီး ဒင်းကိုမနှိပ်ကွပ်ရဲ။ ဒါတောင်မှ ယွန်းဝသုန်က ကံသာ့အိမ်ပေါ်တွင် ထိုကြွက်သောင်းကျန်းနေမှန်းကို သိနေသည့်နှယ် အိမ်ပေါ်ကို ဘယ်တော့မှမတက်။ ဟင်းလာပို့ခြင်း၊ အိမ်တွင်လုပ်စားသော အစားအစာပို့ခြင်း



BURMESE CLASSIC .com

www.burmeseclassic.com


စသည့်အခါများတွင် အိမ်အောက်ကသာ ပေးလေ့ရှိ၏။ လေ့ကားထစ်ကိုပင် မတက်။

ကံသာ့အိမ်တွင် ကြွက်ထောင်ချောက် ငါးလုံးရှိသည်။ ဟင်းကျန်သည့်ည၊ သတိရသည့် ညများတွင် ကံသာ ထောင်ချောက်ထောင်တတ်သော်လည်း ဘယ်တော့မှ မမိ။

''မင်း ထောင်ချောက် မိနေပြီထင်တယ် ကံသာ''

ဦးတင်ကိုအောင်က ကံသာ့ကို မသက်မသာ ကြည့်ကာပြော၏။ ဦးမောင်ညိုက ထုံးစံအတိုင်း ပခုံးကို တွန့်သည်။

''မဟုတ်ဘူး အစ်ကိုကြီး၊ အရင်တစ်ခါကိစ္စကို ယွန်း မေ့သွားအောင် စောင့်နေတာပါ''

ဦးတင်ကိုအောင်က ခေါင်းကို ခါသည်။ တကယ်တော့ သူတို့ပြောတာ ဟုတ်ပါသည်။ တစ်ရုံးလုံးက ကံသာ့ကို ယွန်းနှင့် ပတ်သက်၍ ရှေ့တွင်တစ်မျိုး၊ ကွယ်ရာတွင် တစ်ဖုံ လှောင်ကြသည်။

သူတို့မှတ်ချက်ချသလို ယွန်းက သူ့ကို ညာခိုင်းနေခြင်းတော့ မဟုတ်ပါ။ ကံသာက ကိုယ်တိုင်ညာ၍ လုပ်ပေးနေခြင်းသာဖြစ်သည်။ ယခင်ကလို မဟုတ်ဘဲ အတူသွား၊ အတူပြန်ရတော့မှ စောင့်ရှောက်ခြင်းဟူသော စည်းကမ်းကြီးထဲမှာ ကံသာ လှုပ်မရဖြစ်နေခဲ့သည်။

''မင်းမသိလို့ ကံသာ... မိန်းမဆိုတာ ရိုးသွားရင် လှည့်မကြည့်တတ်တော့ဘူး၊ သိပ်ရင်းနှီးသွားရင် မကြိုက်ချင်ကြတော့ဘူး၊ ဒါကြောင့် မိန်းမအသုံးအဆောင်ပစ္စည်းတွေကို Company တွေက အမြဲသစ်အောင် စမ်းသပ်ပေးနေတာပေါ့၊ ကြာရင် မင်း အစ်ကိုတစ်ယောက်လိုဆိုတဲ့ စကားနဲ့ပဲ ညားလိမ့်မယ်''

ဦးမောင်ညို၏စကားက ကံသာ့ရင်ကို ထိသည်။ အခုပင် ယွန်းဝသုန်က အဲဒီလို သူ့ကို ပြောစပြုနေပြီ မဟုတ်လား။

''အတူတူ သွားလာနေရတော့ ကျွန်တော့်မှာ စည်းစောင့်နေရတယ်၊ ဘယ်လိုလုပ်ရမလဲ''

''မင်း မှတ်ထားကောင်းလေ၊ မိန်းကလေးတွေက အပြင်က


BURMESE CLASSIC .com

www.burmeseclassic.com



စည်းစောင့်တဲ့ ကောင်ဆိုရင် ဝေါ့းလို့ မှတ်ချက်ပေးရတာ၊ စည်းစောင့်တယ်ဆိုတာ ကိုယ်က အတွင်းထဲကို ဝင်ထားရတယ်ကွ… သူ့စည်းကို မင်း အရင်ကျော်ပြီးမှ အတွင်းထဲကနေ အဲဒီစည်းကို ပြန်စောင့်ပေး။ အဲဒါ မင်းကို နောက်ဆုံးစကားနဲ့ ပညာပေးတာပဲ''

ဦးတင်ကိုအောင်၏စကားသည် မငြိမ်းနိုင်အောင် ကံသာ့ နားထဲမှာ မြည်နေ၏။ ဟုတ်တယ်။ စည်းဆိုတာ အတွင်းကနေ စောင့်ရတာ၊ ငါကိုယ်တိုင် အဲဒီစည်းကို အရင်ကျော်ရမယ်။

ဤသို့ဖြင့် ဒီနေ့ညနေသည် ကံသာ စည်းကျော်ပွဲတစ်ခု ဖြစ်လာသည်။

အရင်နေ့တွေက ရုံးထဲမှ အတူထွက်ကြသော်လည်း ဒီနေ့တော့ မရိုးသားသူပီပီ လိမ်းထိပ်မှ စောင့်သည်။ ပါကင်ထိုးထားသော ကားများ ကြားထဲမှာ ဂဏှာမငြိမ်ဖြစ်သည့် မြင်းတစ်ကောင် ခွာရုပ်သလို ကတ္တရာလမ်းကို ဖိနပ်ဦးနှင့်ခြစ်ရင်း ကံသာစောင့်သည်။

မကြာမီ ယွန်းက စောသွဲ့၊ အေးအေးမြိုင်တို့နှင့်အတူ ရယ်မောကာဆင်းလာ၏။ ကံသာ့ကိုတွေ့တော့ စောသွဲ့ ယွန်းကို ပခုံးခြင်းတိုက်ပြီး ကံသာ့ထံသို့ တွန်းဟန်ပြုကာ စသည်။ ကံသာ သတိအနေအထားဖြင့် အသင့်ပြင်ထားသော စစ်သားတစ်ယောက်လို တောင့်တောင့်ကြီး ရပ်နေမိသည်။ ယွန်းက ဓာတ်တိုင်တစ်တိုင်လောက် အကွာသို့ ရောက်လာ၏။ ကားတွေနားမှာ သောင်းကျန်းနေကြသည့် ခွေးတစ်အုပ်ကို ရှောင်ကာ ယွန်းက လှမ်းပြုံးပြသည်။

ကံသာ ရင်တွေဘာတွေ ခုန်ကာသွားသည်။ ဒီအပြုံးကို ဒီနေ့ အပိုင်ရအောင် လုပ်မှဖြစ်တော့မည်။ အိမ်မပြန်သေးဘဲ အေးအေးဆေးဆေး ဆိုင်တစ်ဆိုင်မှာထိုင်ကာ အပိုင်မေးရမည်။ ကံသာ့ကို ကြည့်ရင်း ပြုံးကာ လျှောက်လာနေကြသော ယွန်းတို့အားလုံး ပြိုင်တူ ရပ်သွားသည်။ ပြီးတော့ အံ့ဩသည့်မျက်လုံးဝိုင်းကြီးများဖြင့် ကံသာ့ကို အထိတ်တလန့် ကြည့်လိုက်ကြသည်။ ဘာပါလိမ့်။

ရုတ်တရက် ကံသာ နားမလည်။ ကံသာ့ ဒူးခေါင်းအစပ်နားမှာ



BURMESE CLASSIC .com

www.burmeseclassic.com



ခွေးခနဲ ဖြစ်သွားခြင်းကြောင့် ငုံ့ကြည့်တော့ ကံသာ့တစ်ကိုယ်လုံး အံ့သြ တုန်ယင်သွားသည်။ ပြီးတော့ ရှက်စိတ်၊ ဒေါသ။

ခွေးတစ်ကောင်က ပေါင်ကို ကားကာ ကံသာ့ဒူးခေါင်းကို အပေါ့သွားနေခြင်းဖြစ်၏။

"ဟာ…ဟာ…ခွေးမသား…ခွေးမသား…ခွေး"

ကံသာ ရှက်စိတ်ဖြင့် တစ်ကိုယ်လုံး တုန်ယင်ကာ ဘာလုပ်ရမှန်း မသိတော့။ သတိရ၍ အားရပါးရကန်လိုက်တော့ ခွေးကို မထိ။ ချော်ကာ သွား၏။ ခွေးက သူ့ကို ကန်မှန်းပင်မသိ။ ခပ်မှန်မှန် ပြေးထွက်သွား၏။ ယွန်းတို့ထဲမှ အားရပါးရရယ်သံများကို ကြားရသည်။ အဆိုးဆုံးက ယွန်း ကိုယ်တိုင် ဗိုက်ကိုနှိပ်ကာ ရယ်ခြင်းပင်ဖြစ်၏။

ကံသာ မွှန်ထူကာ သူ့ကို လှည့်ပင်မကြည့်တော့ဘဲ ခပ်လှမ်းလှမ်း မှ ငုံ့၍ အနံ့ခံနေသောခွေးကို အုတ်နီခဲ အကျိုးတစ်လုံးဖြင့် ဒေါသပေါင်း ရှက်စိတ်ပေါင်းများစွာ ထည့်၍ ပစ်လိုက်သည်။ သို့သော် ဒေါသစိတ် ကြောင့် မထိ။ ယွန်းတို့က ဖါးခနဲရယ်ပြန်၏။ လန့်သွားကာ သူ့ကို နားမလည်နိုင်သလို ပြန်ငေးကြည့်နေသောခွေးမှလွဲ၍ ကံသာ ဘာကိုမှ မမြင်တော့။

"တော်တော်ယုတ်မာတဲ့ကောင် ကဲကွာ… ကဲ"

ကံသာ ကားလမ်းမပေါ်မှာ တွေ့သမျှ ခဲ၊ ငုက်ပျောခွံခြောက် စသည်တို့နှင့် ကောက်ကာ ပစ်သည်။ ခွေးက ထိလျှင် ကိန်ခနဲ အော်ကာ ဝေးဝေးသို့ ပြေးမသွားဘဲ လေးငါးလှမ်းလှမ်းပြီး ကံသာ့ကို ရပ်ကာ နားမလည်နိုင်သလို လှည့်ကြည့်ပြန်၏။ ကံသာက ဒေါသတကြီး ရှေ့တွင် တွေ့သည့်အရာကို ကောက်ကာပစ်ပြန်လျှင် ရှေ့သို့ အနည်းငယ် ပြေးပြန် သည်။

ကံသာလည်း မွှန်ထူနေသည့်စိတ်ဖြင့် တွေ့သမျှကို ကောက်လိုက် ပစ်လိုက်၊ ခွေးက ရှေ့နည်းနည်းပြေးလိုက်၊ ရပ်လိုက်နှင့် ကံသာနှင့် ခွေးကို ပလက်ဖောင်းပေါ် လျှောက်သွားသူတွေက နားမလည်နိုင်စွာ ငေးကြသည်။



BURMESE CLASSIC .com

www.burmeseclassic.com



ကော်လံလည်ကတုံးအင်္ကျီနှင့် ပလေကပ် အပြာနုကွက်စိပ်ကို ဝတ်ကာ File ကို တစ်ဘက်က ကိုင်ထားသော လူတစ်ယောက်က ကားလမ်းပေါ်မှာ တွေ့ကရာမျှားကောက်ကာ လမ်းဘေးမှ ခွေးတစ်ကောင်ကို လိုက်ပစ်နေသောအဖြစ်သည် တော်တော့ကို မတော်မတဲ့နိုင်လှသော မြင်ကွင်းတစ်ခုသာဖြစ်သည်။

သို့သော် ကံသာ့ထံတွင် အသိစိတ်က မကပ်တော့။ ကံသာ ရှက်ခြင်း၏အရှိန်ကို ရပ်၍မရတော့။ နောက်ဆုံး အုတ်နီခဲ ထက်ပိုင်းကျိုးတစ်ခုကို ထပ်တွေ့ကာ သူ့ကို အမြင်ကပ်ဖွယ် နားမလည်သလို ကြည့်နေသော ခွေးကို ကံသာ အားနှင့်ပစ်ထည့်လိုက်ရာ ခါးကို ထိထိမိမိမှန်သဖြင့် "ဂိန်"ခနဲအော်ကာ သူ့ကို မညှာတော့မှန်း သိသွားတော့မှ ခွေးက ထိတ်လန့်စွာ ထွက်ပြေးသည်။

ကံသာလည်း အသိပြန်ဝင်လာသည်။

Company ရှိသည့်လမ်း ဖြစ်သဖြင့် သူ့ကို သိနေကြသော လက်ဖက်ရည်ဆိုင်၊ ကွမ်းယာဆိုင်၊ စတိုးဆိုင်နှင့် လမ်းပေါ်မှလူများက ပါးစပ်အဟောင်းသားဖြင့် နားမလည်နိုင်စွာငေးနေကြမှန်း သိတော့မှ ကံသာ သူ့အဖြစ်ကို ပြန်သတိရသည်။

ကံသာ့ပါးစပ်ထဲမှာ ဘာတွေမှန်းမသိ ပြည့်ညှပ်ကာနေ၏။ ရှက်စိတ်သည် အရာဝတ္ထုတစ်ခုလို ကံသာ့ပါးစပ်ထဲမှာ ပြည့်နေခြင်းသာဖြစ်သည်။ ကံသာ့တစ်ကိုယ်လုံး ချွေးတွေ ရွှဲကာနေ၏။ ဒူးခေါင်းနှင့် လက်များ တဆတ်ဆတ်တုန်ကာနေသည်။ နေရာကလည်း ရွှေ့လို့မရ။

"ကိုကံသာ ဘာဖြစ်တာလဲဗျ"

နားမလည်နိုင်သော လူတစ်ယောက်က သည်းမခံနိုင်တော့သလို ပလက်ဖောင်းမှ လှမ်းအော်ကာမေး၏။

"ခွေး…ခွေး အဲဒီခွေး ကျွန်တော့်ကို သေးနဲ့ပန်းသွားလို့"

အားလုံးက ကံသာ့ပုဆိုးကို ကြည့်လိုက်ကြသည်။

ထို့နောက် တစ်ပြိုင်နက်ထဲ တိုင်ပင်ပေးထားသလို ရယ်ချလိုက်သော ရယ်သံများကြောင့် ကံသာ့မျက်နှာ ဖြတ်ရိုက်ခံရသလို လည်



BURMESE CLASSIC .com

www.burmeseclassic.com



ထွက်သွားသည်။

ကံသာ ဝုန်းကနဲ ထိုနေရာမှ ပြေးထွက်လာခဲ့ရလေသည်။

နောက်နေ့ ကံသာ ရုံးမတက်။

နောက်ထပ်တစ်နေ့လည်း ရုံးမတက်။ ရုံးတက်မည်ဟု တွေးလိုက်တိုင်း ယွန်း၏ အော်ရယ်လိုက်သောအသံနှင့် အော်ရယ်နေသော ယွန်း၏ ပုံစံက ကံသာ့မျက်စိထဲ၊ နားထဲမှာ ပြန်ပေါ်လာ၏။ ထိုသို့ ပြန်မြင်လိုက်တိုင်း ကံသာသည် ထလျက်ဆိုလျှင် ထိုင်မိသည်။ ထိုင်လျက်ဆိုလျှင် ထမိ၏။ တစ်ယောက်တည်း ရှက်ရသောအလုပ်သည် အတော် ခံရခက်သော ဖြစ်ရပ်မျိုးသာဖြစ်သည်။ ခုလောက်ဆို သူ့ကိစ္စကို တစ်ရုံးလုံး သိပြီးလောက်ရှိပြီဆိုတာလည်း သေချာသည်။

ရုံးသွားချိန်တွင် ယွန်းအိမ်ကို လာခေါ်မည်စိုးသဖြင့် စောစောထပြီး ကံသာရှောင်ရသည်။ ညနေ ရုံးဆင်းချိန်ဆိုလျှင်လည်း ကံသာ တစ်နေရာ ထွက်နေရ၏။ ကံသာ ယွန်းကို လုံးဝရင်မဆိုင်ရဲ။ တတိယနေ့မှာတော့ ညနေပိုင်း ရှောင်ထွက်ပြီး ပြန်ရောက်လာချိန်တွင်တော့ ကံသာ့ သော့ခလောက်တွင် ယွန်း၏ စာကပ်ထားသည်ကို တွေ့ရ၏။

ကိုကံသာ

M.Dက ရုံးဆင်းတော့တဲ့။

မနက်စောင့်နေနော်၊ ဝင်ခေါ်မယ်။

အရေးတကြီး တိုင်ပင်စရာလေးတွေရှိလို့။

ယွန်း

ကံသာ ဘာတတ်နိုင်မည်နည်း။ ကြားသုံးရက်လောက် ခြားထားသဖြင့် ရှက်ရတာနည်းနည်းတော့ လျော့နေပြီဖြစ်၏။ အရေးတကြီး တိုင်ပင်စရာဆိုတာ ဘာများပါလိမ့်။ သိချင်စိတ်ပြင်းထန်နေသော်လည်း ယွန်းအိမ်သို့ ကံသာ သွားမမေးရဲ။ မနက်ကိုသာ စောင့်ရတော့မည်။



BURMESE CLASSIC .com

www.burmeseclassic.com



ဘာမှ လုပ်စရာမရှိသဖြင့် ကံသာ ထောင်ချောက်တွေကို ထုတ်လာသည်။ မိတ်ဆွေတစ်ဦးက နိုင်ငံခြားမှလာသော ကြွက်စာဆိုသည့် ခပ်ပျော့ပျော့တုံးတစ်တုံးကို ပေးလိုက်သဖြင့် ကံသာ စမ်းကြည့်ရန် ဖြစ်သည်။ နိုင်ငံခြား ကြွက်ဖမ်းစာက ပွဲညှက်လို အရောင်မျိုး၊ အနံ့က ဘာမှမရ။

"ကျုပ် ဘဲသားဟင်း၊ ကြက်သားဟင်း၊ ဆိတ်သားဟင်းတွေနဲ့ ထောင်တာတောင်မှ ဒီကောင်က ဆွဲတာမဟုတ်ဘူးနော်၊ ခင်ဗျားဟာက"

"ဟာ...ကျုပ်တို့ မရပေမယ့် ကြွက်ကရတယ်ဗျ။ ဒီအနံ့ရရင် ဘယ်ကြွက်မှ မနေနိုင်ဘူး၊ သင်္ဘောတွေပေါ်မှာသုံးတဲ့ ကြွက်ထောင် ချောက်စာဗျ။ သုံးကြည့်စမ်းပါ"

ဘာပဲဖြစ်ဖြစ် အရှုံးမရှိဟု ယူဆကာ ကံသာ ကြွက်ထောင်ချောက် တွေကို အရင်တပ်ထားသော အစာဟောင်းတွေဖြုတ်ကာ အစာသစ် တပ်ရသည်။ ထောင်ချောက်တစ်လုံးမှာ အရင်က တပ်ထားခဲ့သည့် အသားတုံးက နေပူသဖြင့် တွန့်လိမ်ခြောက်ကပ်ကာ တုတ်နှင့်ထိုးချ၍ မရ။ ရှိစေတော့။ အားနာနာနှင့် ယူလာသော ကြွက်အစာကလည်း လေးလုံးမှာချိတ်ပြီးတော့ ကုန်သွားသဖြင့် ကံသာ ဒီအတိုင်းပင် ကျန် ထောင်ချောက်များကို ထားလိုက်သည်။

ညအိပ်ရင်း ယွန်းရေးသွားသော စာရွက်ကလေးကို သိမ်းထား ရာမှာ ထုတ်ဖတ်ရသေး၏။ အရေးတကြီးဆိုပါလား။ ဘာများပါလိမ့်။ ယွန်းအလုပ်ပြောင်းတော့မှာလား။ သန်းအုန်း၏ အချစ်ကို လက်ခံဖို့များ လား။ အရေးတကြီးဆိုတာက သူ့အတွက်လား။ ယွန်းအတွက်လား။

ကံသာ အိပ်ရာမှ နိုးနိုးချင်း နေရာအသီးသီးမှာ ချထားသော ထောင်ချောက်များကို ကြည့်သည်။ အားလုံး ငြိမ်သက်လျက်။ ထောင် ချောက်တံခါးများ ပွင့်ဟလျက်။ ကံသာ မဲ့ပြုံးပြုံးကာ ခေါင်းခါရင်း ရေချိုးဆင်းရသည်။ မကြာမီ ယွန်းရောက်လာတော့မည်။ ယွန်းကို ဘယ်လို ရင်ဆိုင်ရမည်နည်း။

"ကိုကံသာ ဘာဖြစ်လို့ ရုံးမတက်တာလဲ"



BURMESE CLASSIC .com

www.burmeseclassic.com


ကံသာ ခေါင်းကိုမမော့ပါ။ ခြေလှမ်း လှမ်းလိုက်တိုင်း ဖျတ်ခနဲ နောက်မှ ရွေ့ကျန်ခဲ့သည့် မြေကြီးကိုသာ ငုံ့ရင်းငေးနေခဲ့သည်။

"ယွန်းနှစ်ခါတောင်မှ အိမ်ကိုလာရှာသေးတယ်"

"ထားပါ…အရေးကြီးတယ်ဆိုတဲ့ကိစ္စက ဘာလဲဟင်"

ယွန်းက မဖြေသေးမီ ခွီးကနဲရယ်သည်။ ကံသာ ခြေလှမ်းတွေ တွန့်သွား၏။

"အိမ်ကိစ္စပါ၊ မေမေက အိမ်တက်လုပ်ချင်လို့တဲ့။ အဲဒါ…"

"ကောင်းပါတယ်…လုပ်ပေါ့"

စကားသံပြတ်သွား၏။ တိတ်ဆိတ်စွာ ခဏလမ်းလျှောက်ကြ ပြီးတော့ "ဖြုန်း"ခနဲ ယွန်းက လမ်းလျှောက်နေရာမှ ရပ်ကာ…

"ကိုကံသာ ဘာဖြစ်နေတာလဲ"

ကံသာ့ခြေလှမ်းနှစ်လှမ်းခန့် ကျွံသွားပြီးမှ ရပ်ကာ ယွန်းကို လှည့်ကြည့်တော့ ယွန်းမျက်နှာမှာ တမင်စိတ်ဆိုးဟန်ဆောင်ထားသော သိသာသည့် စိတ်ဆိုးမှုကို တွေ့ရ၏။

"ကျွန်တော်…ရှက်နေတာ ခွေးကိစ္စ"

"ဘာဆိုင်လို့လဲ…အဲဒါ ရှက်စရာမလိုပါဘူး"

"ကျွန်တော့်ဘက် ညာမပြောပါနဲ့ယွန်း။ အဲဒီလောက် ရှက်စရာ ကောင်းတာ ဘာရှိမလဲ၊ ဒါဟာ ရှက်စရာမဟုတ်ရင် ယွန်း ဘာဖြစ်လို့ ရယ်သလဲ"

ယွန်းက ထိုးထားသော မျက်စောင်းကို ပြန်ဖြုတ်၏။ ကျုံ့ထား သော မျက်ခုံးကိုပင့်သည်။ မဲ့ထားသော နှုတ်ခမ်းပေါ်မှာ အပြုံးတစ်ပွင့် ရောက်လာသည်။

"ဒါကတော့ ဟိုလေ…ကိုကံသာ့ အပြစ်မှ မဟုတ်ဘဲ။ ခွေးက သူ့ဘာသူ လာပန်း…အဟီး…ခွီးခွီး…"

ပါးစပ်ကို လက်ဝါးကလေးနှင့်အုပ်ကာ ယွန်းကပြောရင်း ထိန်း မရသလို ရယ်သည်။ ရယ်သံက ကျိတ်ကာထွက်နေပြီး ယွန်းကိုယ် ကလေးက တသိမ့်သိမ့်တုန်နေသည်။ ကျိတ်ရယ်ရင်းက ယွန်းက ကံသာ့


BURMESE CLASSIC .com

www.burmeseclassic.com



ကို အားနာကာ ရယ်သံတွေကို အတင်းလိုက်ဖမ်းသော်လည်း မရတော့။ ရယ်သံတွေ ပြိုကျလာသည်။

သူ့ကို လှမ်းပြုံးပြနေသော ကံသာ့ကို ခွေးက အေးအေး ဆေးဆေး သေးခွပန်းပုံကို ပြန်မြင်ကာ အားရပါးရ ရယ်တော့သည်။ ကံသာလည်း အားရပါးရရယ်သော ယွန်းကိုကြည့်ငေးကာ နှလုံးသားသည် တင်းကျပ်နေရာမှ ဖျတ်ခနဲလွင့်ထွက်သွားပြီး အားရပါးရ လိုက်ရယ်မိသည်။

ကားလမ်းမန်ဘေးမှ မျက်နှာချင်းဆိုင်ရပ်ပြီး မျက်ဝန်းများကို မှိတ်ကာ အားရပါးရ အော်ရယ်နေသော ကံသာနှင့် ယွန်းကို လူတွေက ဘာလဲဆိုပြီး ကြည့်ကြ၏။ ရယ်လို့ဝတော့ နှစ်ယောက်စလုံး မောနေကြသည်။ ယွန်းက ပြုံးလာသော ကံသာ့ကို မျက်စောင်းထိုးပြန်သည်။

''အလကား ဘာမှမဟုတ်တဲ့ဟာကို''

''ဘာဖြစ်လို့ ဘာမှမဟုတ်ရမှာလဲ၊ ကျွန်တော် အဲဒီနေ့က ယွန်းဆီက အဖြေတောင်းမလို့ စောင့်နေတဲ့''

''အဖြေ...''

ယွန်းက ကံသာ့ကို မျက်လုံးပြူးကာကြည့်ရင်း လှည့်အော်သည်။

''ဟုတ်တယ် ယွန်း...ကျွန်တော့်ကို အချိန်ဆွဲမနေပါနဲ့တော့။ ကျွန်တော် သိပ်ခံစားနေရတယ်။ အခုလို ရင်းရင်းနှီးနှီးတွေ့ရတဲ့အခါကျတော့ ပိုခံစားရတယ်။ ယွန်း စဉ်းစားပြီးလောက်ပါပြီ''

ယွန်းက ခေါင်းကိုငုံ့ထားရင်း နှုတ်ခမ်းကို စူသည်။

''ဟာ...ဟင့်အင်း၊ ဟင့်အင်း...အိမ်ကကိစ္စပြီးမှပဲ ပြောမယ်... ပြီးမှ''

''အိမ်က ကိစ္စ''

''ဟုတ်တယ်လေ...အိမ်တက်လုပ်ဖို့ကိစ္စပြောတာ။ အဲဒါ မေမေ က လာခဲ့ဦးတဲ့၊ အကျွေးအမွေးကိစ္စရော တစ်ခြားကိစ္စတွေရော ပြောမလို့ တဲ့။ အဲဒါ ပြီးမှ ပြောမယ်နော်''

မျက်ဆံနက်ကလေး ဒေါင့်ကပ်ကာပြောသော ယွန်း ကိုကံသာကို ငေးကာ ရင်တွေ တဝုန်းဝုန်းတဒိုင်းဒိုင်းမြည်သွား၏။ ယွန်းက ကလေးဆိုး



BURMESE CLASSIC .com

www.burmeseclassic.com



ခလေးတစ်ယောက်လို သူ့ကို ထပ်အကျပ်မကိုင်အောင် လုပ်ထားသည်။ ယွန်း သူ့ကို ဘယ်လိုမှမငြင်းဆိုတာ သေချာပါသည်။ သို့သော် ယောကျ်ား ဘို့၏ သဘာဝအတိုင်း သေချာမှုကို မြန်မြန်ယူထားချင်သည်။ ဒါပေမယ့် ယွန်းကို ဒီနေ့ထပ်နားပူ၍မကောင်း။ ကံသာ့မှာ လူကြီးဆန်ဆန်နေဖို့က ရှိသေးသည်မဟုတ်လား။

"ကောင်းပြီလေ…သဘောတူတယ်။ အိမ်တက်က ဘယ်တော့ လုပ်ချင်တာလဲ"

"အခုအပတ် တနင်္ဂနွေ"

ဒီနေ့ဗုဒ္ဓဟူးဆိုတော့ လေးရက်သာလိုတော့သည်။ သို့သော် ကံသာကတော့ ထိုလေးရက်ကို အလင်းနှစ်လေးသန်းလောက်ကြာသည်ဟု ထင်ချင်နေသည်။

ရုံးကိုရောက်တော့ လူတွေက ကံသာ့ကို ပြုံးစစနှင့် ကြည့်ကြ သည်။ ကိုယ်တွေ့ဖြစ်သော စောသွဲ့နှင့် အေးအေးမြိုင်ကတော့ ကံသာ့ကို လက်ညှိုးထိုးကာ ရယ်ကြသည်။

"ကောင်လေး မင်းကို ခွေးသေးပန်းလို့ဆို"

"ဟာ…ဟာ ခွေးတစ်ကောင်လုံးကများကွာ မင်းကတော့လေ မလွယ်ဘူး"

"ဟဲ့…အဲဒါ ကံကောင်းတာဟဲ့ သိလား…ထီထိုး၊ ထီထိုး"

"ငါတို့လုမ်းမြင်တော့ ဟိုကပန်းနေပြီ၊ နင်က မမြင်ဘူး ဟား…ဟား…ဟား"

"ဟီး…ဟီး…ငါက အဲဒါထက် နင် တွေ့ကရာနဲ့ လိုက်ပစ်တာ ကို ခွေးက ရပ်ကြည့်နေတာကို ပိုရယ်ချင်တာ"

Company တစ်ခုလုံးက ဝိုင်းပြီး အလုအယက်ပြောသော်လည်း ကံသာ မရှက်တော့။ ကံသာ့ရှက်စိတ်က ယွန်းနှင့်အတူ ရယ်လိုက် ကတည်းက ပွင့်ထွက်သွားပြီဖြစ်၏။ ဝိုင်းအုံကာ တစ်ယောက်တစ်ပေါက် ပြောနေကြတော့ ကံသာ့ကို ယွန်းက အားပေးပြုံး လှမ်းပြုံးပြလေသည်။

✿✿✿



BURMESE CLASSIC .com

www.burmeseclassic.com

(ခုနစ်)

"သံဃာငါးပါးရယ်၊ ယွန်း Company နဲ့ ဒီရပ်ကွက်ထဲက မိတ်ဆွေရယ်၊ ခန့်မှန်းခြေ (၅၀) ပေါ့၊ သံဃာငါးပါးပင့်ဖို့တော့ ဒီရပ်ကွက်ထဲက ကျောင်းတစ်ကျောင်းပဲ အမေ့ကို လျှောက်ပေး၊ ရပ်ကွက်ထဲက လူတွေဖိတ်ဖို့လည်း မင်းပဲ တာဝန်ယူရမှာပဲ သား၊ လူခံက မင်းပဲရှိတာ မဟုတ်လား"

"ဟုတ်ကဲ့ စိတ်ချပါ အမေ၊ ဒီရပ်ကွက်ကတော့ မြရတနာကျောင်းပဲ ပင့်ကြတာပါပဲ၊ မနက်ဖြန်မနက် ကျွန်တော် သွားလျှောက်ပါ့မယ်"

"ကျောင်းသွားရင် အမေ့ကိုပါ ခေါ်ပါသား၊ အမေ ဆရာတော်နဲ့ တွေ့ထားချင်လို့ နောင် ဥပုသ်တွေ သီလတွေယူတော့ အဆင်ပြေအောင် အမေကတော့ ဘာသာရေးပဲရှိတော့တာ မဟုတ်လား"

"ဟုတ်ကဲ့ အမေ"

ယွန်းက ကံသာ့ကို သူ့အမေမမြင်အောင် ပြောင်ပြပြီး ထသွား၏။ သားအမိနှစ်ယောက်တည်းသာရှိသော ဒီမိသားစု၏ အိမ်ကအလှူသည် ကံသာ့အပေါ် တာဝန်လုံးလုံးကျနေပြီဖြစ်၏။ ကံသာကလည်း ထိုပခုံးပေါ်မှ ဘာဝန်ကို ပျော်ရွှင်စွာ ခေါင်းပေါ်ပင့်တင်လိုသူသာ ဖြစ်ပါသည်။

"ဘာကျွေးမလဲ အမေ၊ ဘာရည်စူးထားလဲ"

"လုပ်မယ့်ကိုင်မယ့်လူကလည်း မရှိဆိုတော့ စရိတ်ငြိမ်းအောင်

BURMESE CLASSIC .com

www.burmeseclassic.com



ဒန်ပေါက်ပဲ''

''ဟုတ်ကဲ့''

ယွန်းမေမေ စကားဆုံးသည်နှင့် ကံသာ ချက်ချင်းအလုပ်ရှုပ်သွားသည်။ အလုပ်က မယ်မယ်ရရတော့ မဟုတ်။ အလှူလုပ်တော့မည့်အိမ်၏ အစပျိုးလုပ်ငန်းများသာ ဖြစ်သည်။ ယွန်းက အိမ်ကိုတံမြက်စည်းလှဲ၊ ဖုန်သုတ်၊ ကံသာက အိမ်ရှေ့ည့်ခန်းကို နေရာချ၊ ယွန်းမေမေက ကံသာတို့နှစ်ဦးကိုကြည့်ကာ ပြုံးပြုံး ပြုံးပြုံးနှင့် လိုအပ်သည်များကို ညွှန်ကြား၏။ ပြီးတော့ ယွန်းတို့သားအမိနှင့်အတူ ထမင်းစားကြသည်။

''သား ဘုန်းကြီးကျောင်းကိစ္စ လုပ်ထားဦးနော်၊ ကြိုလျှောက်မှကောင်းလိမ့်မယ်''

''ဟုတ်ကဲ့...စိတ်ချပါ၊ မနက်ကို သွားဖို့ သားစီစဉ်ပါ့မယ်''

အိမ်ကိစ္စတွေပြီးတော့ ရပ်ကွက်ထဲကလူကြီး ဦးမြင့်ဆွေထံ သွားရ၏။ ကံသာက ဒီရပ်ကွက်ထဲမှာနေသည်ဆိုသော်လည်း ဘုန်းကြီးကျောင်းသို့ တစ်ခေါက်မှ ရောက်ဖူးတာမဟုတ်။

''အေးလေ...မနက်ကို မင်း ငါ့ဆီ ကိုးနာရီလောက် လာခဲ့ပေါ့၊ အလှူရှင်ကိုယ်တိုင်လိုက်တာ ပိုကောင်းတယ်။ ဒါနဲ့ ဘာကပ်မှာ''

''ဒန်ပေါက်''

''ဟာ...ဆရာတော်က အုန်းနို့ခေါက်ဆွဲကြိုက်တာ၊ ဒီရပ်ကွက်ကတော့ ဆရာတော်ကို ဆွမ်းကပ်ရင် အုန်းနို့ခေါက်ဆွဲပဲ ကပ်ကြတာ''

''ယွန်းအမေကတော့ အလုပ်မရှုပ်အောင် ဒန်ပေါက်တဲ့၊ ရပါတယ်...ဘာမှာမှ မစီစဉ်ရသေးတာ၊ ပြင်လို့ရမှာပါ''

ဦးမြင့်ဆွေအိမ်ကပြန်တော့ ည ကိုးနာရီထိုးလုပြီ။ ကံသာလေတချွန်ချွန်ဖြင့် ပျော်ရွှင်စွာ အိမ်သို့ရောက်လာသည်။ ကံသာ့ကိုယ်ထဲမှာ ဘာကမှန်းမသိ။ ဟိုဒီတိုးကာနေ၏။ စိတ်ကမငြိမ်ချင်။ ထမင်းစားကြတုန်းက ယွန်း သူ့ကို ဦးချတာကို ပြန်တွေးရင်း ကြည်နူးရသည်။ ယွန်းသည် သူ့ကို အဖြေမပေးသေးဆိုသည့်တိုင်အောင် အရာရာက



BURMESE CLASSIC .com

www.burmeseclassic.com



ရာခိုင်နှုန်း (၉၈) သေချာနေပြီ။

ကုတင်ပေါ်မှာလှဲရင်း အတွေးထဲမှာ အဆီတက်လာသော နှလုံးသား၏ မလိုင်များကို စိတ်ကူးနှင့် ခပ်သောက်ရင်း ခံစားမှုအဆီ တက်ကာ ကံသာ ဖြည်းဖြည်းချင်း အိပ်ပျော်ကာသွားသည်။

အခုလို ပျော်ရွှင်နေချိန်တွင် ကံသာ မက်သောအိပ်မက်သည် လှပသော အိပ်မက်တစ်ခု ဖြစ်သင့်သည်။ သို့သော် အိပ်မက်က ကံသာ့ ပျော်ရွှင်မှုနှင့် ဘာမှမဆိုင်။ ယယ်ယယ်တုန်းက ရွာက စမ်းချောင်းထဲမှာ စားဖားလိုက်ရိုက်သည့်အကြောင်းကို မက်သည်။ ရလိုက်သည့် စားဖားကြီးတွေ မနည်း။ အိပ်မက်ထဲမှာ ကံသာသည် ကလေးကံသာဖြစ်သည်။ ကံသာ့ဆီမှာ Company လည်းမရှိ၊ ငွေစာရင်းတွေလည်း မရှိ၊ M.D ဦးအောင်သိန်းလည်း မရှိ။ ယွန်းဝသုန်လည်း မရှိ။ အလှူပွဲလည်း မရှိ။ ဖားပဲရှိသည်။ ကလေးတုန်းက အတွေးအခေါ်လောက်နှင့်ပင် ကံသာရှေ့က ဖားတွေကို အားရဝမ်းသာ ရိုက်သည်။

သို့သော် တဝုန်းဝုန်း အသံများကြောင့် ကံသာအိပ်ရာမှ နိုးကာလာ၏။ ကံသာ့ရှေ့မှာ စမ်းချောင်းမရှိတော့။ ကံသာ့လက်ထဲမှာ စားဖားတွေ မရှိတော့။ ကံသာ့ခန္ဓာကိုယ်မှာ စမ်းရေ၏ အေးမြမှုမရှိတော့။ ကံသာသည် ယွန်းဝသုန်ဆိုသည့် ကောင်မလေးကို ကြိုက်နေသော "ဝတ်ဆံများ" Company မှ ငွေစာရင်း စာရေးတစ်ယောက် ပြန်ဖြစ်သွား၏။

ထိုအပြောင်းအလဲနှစ်ခုအကြားတွင် ခဏတော့ သူ ကြောင်နေသေးသည်။ တဝုန်းဝုန်းအသံက ကြားနေရဆဲ။ ဘာပါလိမ့်ဆိုသော နားမလည်မှုဖြင့် အသံကြားရာ အခန်းအပြင်ဘက်သို့ ကံသာထွက်လာခဲ့သည်။

မြင်လိုက်ရသောမြင်ကွင်းကြောင့် ကံသာ့ရင်သည် ဖျတ်ခနဲ နိမ့်ဆင်းသွားကာ အံ့သြမှုကြောင့် ကံသာတစ်ကိုယ်လုံး လေထဲတွင် လွင့်မြောက်တက်သွားသလို ထင်ရ၏။

ကြွက်။

ထောင်ချောက်က ဘေးစောင်းလဲကာ အထဲမှ ကြွက်၏



BURMESE CLASSIC .com

www.burmeseclassic.com


ကြောက်လန့်တကြား ရှန်းကန်မှုကြောင့် ရှေ့သို့ တဆတ်ဆတ်ရွေ့ကာ နေသည်။

ဝမ်းသာစိတ်၊ အံ့သြစိတ်၊ စိုးရိမ်စိတ်တို့ကြောင့် ဘာလုပ်ရမှန်း မသိ။ ဒုတ်ခနဲ ရှေ့သို့ရွေ့သွားသော ထောင်ချောက်ကို စိုးရိမ်ကာ ပြေးပြီး လက်ဖြင့် အတင်းဖိထားရသည်။

"မိပြီ…ဟား…ဟား…ငါ့ကို တစ်သက်လုံး ဒုက္ခပေးခဲ့တဲ့ ကောင်၊ မင်း ဘာတတ်နိုင်သေးလဲ၊ ဟား…ဟား…ဟား မိပြီကွ၊ မိပြီ…အခုတော့ မင်းမိတာပဲ၊ မိပြီ… သေဖို့သာပြင်ပေတော့"

"ဘာရမလဲကွာ…မင်းလည်တယ်ဆိုတာ ငါ့အိပ်နေသလောက် ပဲရှိတာ။ တိရစ္ဆာန်ဆိုတာ တိရစ္ဆာန်ပဲကွ၊ ဟား…ဟား…ဟား ဘယ်လောက်လျှင်လျှင် လျှင်စမ်း၊ ဟား…ဟား…ဟား"

ကံသာတစ်ယောက်တည်း ဝမ်းသာအားရ စကားတွေပြော နေသည်။

ည(၁၂)နာရီလောက်ရှိသဖြင့် ရပ်ကွက်အိမ်နီးချင်းတွေ အိပ်နေပြီ၊ ကြွက်မိနေသော ထောင်ချောက်ကိုကိုင်ကာ ကံသာ့ဝမ်းသာမှုကို တအံ့တသြ လက်ခံမည့်သူ မရှိ။ ကြွက်မိသည့်ထောင်ချောက်က တော်တော်အံ့သြဖို့ ကောင်းသည်။ ထောင်ချောက်တွေထုတ်ပြီး အစာသစ်တပ်တုန်းက အသားဖတ်ခြောက်ပြီး ဖယ်မရသဖြင့် ဘာမှ မတပ်ဘဲထားခဲ့သည့် ထောင်ချောက်ထဲမှာ မိနေခြင်းဖြစ်သည်။

"လည်တယ် လည်တယ်ဆိုတဲ့ကြွက်၊ အခုတော့ အသားဖတ် ခြောက်ရှိတဲ့ထောင်ချောက်မှာမှ မိရသလားကွ၊ ဟား…ဟား…ဟား"

ကံသာ ထောင်ချောက်ကိုကိုင်ကာ ရှေ့သို့ထွက်သည်။ နောက်သို့ ပြန်ဝင်၏။ အထဲတွင် ကြွက်ရှိသဖြင့် လေးကာစီးနေသော ထောင်ချောက် ကို ကိုင်ရသည်ကိုက အရသာရှိလှသည်။ ကြွက်ကတော့ ထိတ်လန့်ကာ တအား တိုးလိုက်၊ မောသဖြင့် ငြိမ်သွားလိုက်နှင့် ရှိသည်။

ကြွက်ထောင်ချောက်ကို ကျိုင်းကြားထဲညှပ်ကာ အိပ်ခန်းထဲမှ ချိတ်ထားသည့် အကျီထဲမှာရှိနေသည့် စီးကရက်ဗူးကို ဝင်ယူကာ


BURMESE CLASSIC .com

www.burmeseclassic.com



စီးကရက်ကို မီးညှိ အေးအေးဆေးဆေးဖွာရင်း ဒင်းကို ဘယ်လို စီရင်မလဲဆိုတာကို ဇိမ်နှင့် စဉ်းစားရမည်။

အိမ်ရှေ့တံခါးကိုဖွင့်ကာ ကံသာ အိမ်အောက်သို့ ဆင်းသည်။ ပတ်ဝန်းကျင် အိမ်နီးချင်းများ အိပ်ကုန်ကြပြီ။ ကံသာ ကြွက်ထောင်ချောက်ကို အသာမြေပေါ်ချရင်း တဝုန်းဝုန်းတိုးနေသော ကြွက်ကို မာတ်မီးနှင့် အသေအချာ ထိုးကြည့်ရ၏

သူ့ရန်သူတော် ကြွက်စစ်စစ်။ တစ်ခြားတစ်ကောင် မဟုတ်။ အမြီးငုတ်တိုနှင့် ဝဖီးလှသော မြေကြွက်ညိုကြီး။ အကြိမ်များစွာ သူ့ရှေ့မှာ ပမာပခန့် လမ်းလျှောက်ခဲ့ဖူးသော၊ သူ့ဖန်ခွက်နှင့် ပုဂံပေါင်းများစွာကို ဖျက်ဆီးခဲ့ဖူးသော၊ သူ့အင်္ကျီနှင့် အစားအသောက်များစွာကို ဖျက်ဆီးပစ်ခဲ့ဖူးသော၊ သူ့ချစ်သူ၏ ခြေသူကြွယ်ကို ကိုက်ကာ သူ့နှလုံးသားနှင့် သူ့ပျော်ရွှင်မှုများစွာကို ကိုက်ဖဲ့ခဲ့ဖူးသော၊ သူ့အိပ်မက်များစွာကို Plague (ပလိပ်)ရောဂါ ကျရောက်စေခဲ့ဖူးသော၊ သူ့ ညလမင်းပေါင်းများစွာကို ကိုက်ဖဲ့ခဲ့ဖူးသော...ကြွက်။

အခုတော့ အထိတ်တလန့်နှင့် ထောင်ချောက်ထဲမှာ တိုးနေသည်။

ကံသာ့ရင်ထဲမှာ ပျော်ရွှင်မှုကိုရော မကျေနပ်မှုကိုပါ ခံစားနေရ၏။ ဒင်းကိုမိပြီ၊ သို့သော်...ကံသာ့အောင်မြင်မှုကို ပြစရာလူမရှိ၊ ခက်ခဲပြင်းထန်စွာ တောင်ပေါ်သို့တက်ခဲ့ရပြီး တောင်ထိပ်ရောက်သွားသော တောင်တက်သမားတစ်ဦးလို သူ့အောင်မြင်မှုကို ကြည့်မည့်လူမရှိ။

ကံသာ ခေါင်းတညိတ်ညိတ်ဖြင့် စီးကရက်ကို ဖွာကာ ထောင်ချောက်ကို ဖြေဖြင့်ထိုးရင်း အထိတ်တလန့်တိုးနေသောအသံကို အရသာခံသည်။ ဒင်းကို လုလုပပနှင့် ရက်ရက်စက်စက်ကိုစီရင်မှ ဖြစ်လိမ့်မည်။ စဉ်းစားစမ်း၊ စဉ်းစား...။

သို့သော်...ကံသာ ဘာတစ်ခုမှ စဉ်းစား၍ အတွေးထဲတွင် မပေါ်။ စီးကရက်ကိုဖွာရင်းသာ ထောင်ချောက်ထဲမှာ ကြောက်လန့်တကြား ပြေးလွှားရုန်းကန်နေသော ကြွက်ကို ကျေနပ်စွာ ငေးနေမိသည်။ ရှေ့ဘက်



BURMESE CLASSIC .com

www.burmeseclassic.com


အပေါက်ကိုတိုးလိုက်၊ နောက်ဘက်လှည့်ကာ တိုးလိုက်နှင့် ဂနာမငြိမ်။ ကြောက်ရွံ့တုန်လှုပ်နေသော သူ့ရန်သူတော် ကြွက်တွင် ယခင်တုန်းက သူ့ကို မခန့်လေးစား ဒုက္ခပေးခဲ့သော ဟန်ပန်မရှိတော့။ ထုတ်တန်းပေါ်က အေးအေးဆေးဆေး လျှောက်သွားတတ်သော တည်ငြိမ်မှုမရှိတော့။

သတ္တဝါတိုင်း မိမိခန္ဓာကိုယ်ကို မြတ်နိုးကြသည်။ ကိုယ့်ဘဝကို ကိုယ် တပ်မက်ကြသည်။ ကြွက်လည်း ကြွက်ခန္ဓာကိုယ် ကြွက်ဘဝကို မြတ်နိုးဟန်တူသည်။ စွန့်လွှတ်ချင်ပုံ မပေါ်။

"အေးလေ…ငါက လူဆိုတော့ ငါနိုင်တဲ့အချိန်မှာ မင်းကို ရက်ရက်စက်စက် မလုပ်ချင်ပါဘူး။ ဒါပေမယ့် ငါ့ချစ်သူက ကြွက်ကို မုန်းတယ်ကွ။ ဒီတော့ မင်းကို ငါ ဒီနားမှာ ထားလို့မဖြစ်ဘူး…"

ကံသာ ကြွက်ထောင်ချောက်တံခါးနှင့် ဆက်နေသော သစ်သား ချောင်းမှကိုင်၊ ကြွက်ထောင်ချောက်ကို ကောက်မကာ အထဲမှာ ကြောက် လန့်တကြား ရုန်းနေသော ကြွက်ကို လူတစ်ယောက်နှင့် စကားပြောသလို ပြောနေသည်။ ကံသာ ကောက်မလိုက်တော့ အထဲက ကြွက်က တွန်းထိုး ရုန်းကန်မှု ငြိမ်ကာသွား၏။ သူ့စကားကို နားလည်သလို သူ့ကို အသနား ခံသလို ငေးကာကြည့်နေသည်။ ကံသာ ကျေနပ်ကာ ကြွက်ကို ငေးနေ သည်။

"ဟာ…ဟ…ဟ…သောက်ခွေး…ဟဲ့…ဟဲ့"

အဖြစ်အပျက်က မြန်ဆန်သည်။

ငြိမ်နေသော ထောင်ချောက်ထဲမှ ကြွက်က ဖြုန်းခနဲ ထတိုးသည့် အခါ ကံသာလန့်ဖျပ်၍ ထောင်ချောက်ကို လွှတ်ချမိသည်။ လက်ကို ခါရမ်းကာ လွှတ်ချမိခြင်းဖြစ်သဖြင့် ထောင်ချောက်က ကံသာလက်ထဲမှ အရှိန်နှင့် လွင့်ထွက်ကာ ဖိနပ်ချွတ်မှ သံမံတလင်းလှေကားစောင်းနှင့် ရိုက်မိပြီး ခွမ်းခနဲ ကွဲထွက်သွားသည်။ ထောင်ချောက်ထဲမှ ခုန်ထွက် လာသော ကြွက်က အိမ်ပေါ်သို့တက်ကာပြေး၏။

"ဟာ…ခွေးမသားကြွက်…ခွေးမသားကြွက်"

ကံသာလည်း မှန်ထူကာ ဒုတ်ကောက်ဆွဲရင်း အိမ်ပေါ်သို့


BURMESE CLASSIC .com

www.burmeseclassic.com



တက်ကာလိုက်သည်။

ကြွက်က အိမ်ရှေ့ခန်းထောင့်တွင် စုပုံထားသော ခွက်တွေ၊ ပုလင်းတွေ၊ ဗန်းတွေကြားထဲ အတင်းတိုးဝင်သည်။ ထိုပစ္စည်းများမှာ ယွန်းတို့အိမ်ကလေးကို ငှက်ပျောရွက်နုရောင်ဆေးသုတ်ပေးခဲ့စဉ်က ကျန်သောဆေးဘူး၊ စုတ်တံ၊ ပုလင်းနှင့် စုတ်တံဆေးသည့် ဓာတ်ဆီပုလင်းများ စုပုံချထားသော ပစ္စည်းပုံကြီးသာဖြစ်သည်။

"ကြွက်စုတ်…ကြွက်နာ၊ ထွက်ခဲ့စမ်း…ထွက် ထွက်"

ကံသာ လက်ထဲမှ ဒုတ်နှင့် ဆေးဘူးဟောင်းများကြား လျှောက်ထိုးတော့ ကြွက်က ဝုန်းခနဲ ခုန်ကာထွက်လာသည်။ ကံသာ လေထဲမှာ ရိုက်သည်၊ မထိ။ ပြန်ကျသော ကြွက်က ဆေးဘူးများနောက်ရှိ စုတ်တံဆေးသည့် ဓာတ်ဆီဗန်းထဲသို့ ပြန်ကျသည်။ ဖလူးဖလူး ဂလူးဂလူးဖြစ်ကာ ဓါတ်ဆီဗန်းထဲမှာ ကိုရွှေကြွက် လူးကာနေ၏။ ကံသာလည်း စဉ်းစားဆုံးဖြတ်ချိန်မရ။ ကြွက်ကို ဒုတ်ဖြင့် ရိုက်သည်။ လက်ထဲမှာ အိခနဲ တစ်ချက်ဖြစ်ပြီး ဂွမ်းခနဲဓာတ်ဆီပုလင်းကြီး လွင့်ထွက်သွား၏။ လုံးထွေးပါသွားသော ကြွက်က အိမ်အောက်သို့ ထွက်ပြေးသွားသည်။

ဒုတ်ကိုကိုင်ကာ ကံသာ အိမ်အောက်ပြေးဆင်းသော်လည်း ကြွက်ကို မတွေ့ရတော့။ ဒေါ်သက ကံသာ့ပါးစပ်ဖျားထဲမှာ အရာဝတ္ထု တစ်ခုလို ခုန်၍နေသည်။ လက်ထဲကိုမိပြီးသွားမှ လွတ်သွားသဖြင့် ကံသာ ပို၍ ဒေါသဖြစ်ရသည်။ အမှောင်ထဲ တွေ့သမျှ ဒုတ်ဖြင့် လျှောက်ရမ်းသော်လည်း ဘာကိုမှ မတွေ့ရတော့။

အိမ်ပေါ်ပြန်တက်ကာ မှောက်နေသော ဓာတ်ဆီဗန်းကို ပြန်ကောက်၊ ဓာတ်ဆီတွေကို အဝတ်စုတ်ဖြင့် သုတ်ရသည်။ ပြန့်ကျဲနေသော ဆေးဘူးအလွတ်တွေကို ပြန်စီရသည်။ မိမိရရ တစ်ချက်တော့ တီးထည့်လိုက်ရသော်လည်း ထိုကြွက် သေ မသေဆိုတာကို ကံသာ မတွေးရဲ။ သေမည်ဟု မပြောရဲ။

ပြီးမှ မောကာ အိမ်ရှေ့ကန့်မှာ ဝင်ထိုင်နေသည့်…

စက္ကန့်ပိုင်းအတွင်း အော်သံတွေ ကြားရသည်။



BURMESE CLASSIC .com

ကံသာ အပြင်မထွက်ဘဲ အိမ်ထဲမှ ထိတ်လန့်တကြား ကြည့်နေမိသည်။

"မီး...မီးဟဲ့ ဟ...ဟ"

"အမယ်လေး...လုပ်ကြပါဦးတော့"

"ဟဲ့...အဝင်းရေ နင်တို့အိမ်အောက်မှာ"

"ပြေးပြီ...စုန်း စုန်းကြီးတော့ နောက်ဖေးမှာ"

တိတ်ဆိတ်နေသော ရပ်ကွက်တစ်ခုလုံး ဆူညံသွားကြသည်။ မိန်းမများ အော်သံ၊ ယောကျ်ားတွေ ထိတ်လန့်တကြား မေးသံ၊ ကလေးတွေ ငိုသံ၊ အချို့အိမ်တွေထဲက မီးတွေဖွင့်ကာ ယောကျ်ားတွေက တုတ် ဓါးများကိုင်ကာ ပြေးထွက်လာကြ၏။ မီးလုံးကြီးက မျက်နှာချင်းဆိုင်မှ ကံသာ့အတန်းဘက် ပြန်ရောက်လာ၏။ တံခါးပိတ်ထားသော အိမ်အောက်များ၊ လမ်းကြိုလမ်းကြားများထဲမှာ ပြေးနေသော မီးလုံးကြီးကို တွေ့ရသည်။

"စောမင်းဝေတို့အိမ်အောက်မှာ စောမင်းဝေတို့ မခါတွန်နဲ့ စောမင်းဝေ ထကြစမ်း"

"ဟယ်...ရွှေထူးတို့ ခြံစည်းရိုးပေါ်မှာတော့၊ မေဦး...မေဦး ထထ အဝင်မခံနဲ့"

"အိမ်သာဘက် ပြေးပြီဟေ့"

"ကိုစိုးသော်တာ မကပ်နဲ့၊ ရှင့်ကို စုန်းစီးမယ်"

"ဖယ်စမ်းပါဟ"

"ရိုက်ကွ...ရိုက်...တောင်းနဲ့ အုပ်"

"နောက်ဖေးလမ်းမှာ နောက်ဖေး"

တစ်ရပ်ကွက်လုံး လှုပ်နိုးလိုက်သလို ဖြစ်သွားသည်။ ကံသာ အပြင်မထွက်ရဲ။ ဓနိအိမ်ပေါ်များ ဝင်တိုးလို့ကတော့ မတွေးရဲတော့။ သို့သော် ကံသာတို့လမ်းထဲမှာ တိုက်ခံ၊ ပျဉ်းထောင်အိမ်တွေမို့ တော်သေးသည်။ မီး...မီးဆိုသောအသံကို မကြားရ။

"ဟဲ့...ဇိုဖန့်ခယ်မ တက်သွားလို့တဲ့...လုပ်ကြပါဦး"



BURMESE CLASSIC .com

www.burmeseclassic.com


"ပရိတ်ရေတိုက်၊ ပရိတ်ရေ"

"ဘယ်ရောက်သွားပြီလဲ…ဘယ်မှာလဲ"

"ဝင်းအောင်တို့အိမ်အောက် ဝင်သွားတာကွ၊ ဝင်းအောင်တို့ အိမ်အောက်"

"သိန်းသိန်း ဖွတ်မဝင်နဲ့၊ စုန်း မျက်နှာကပ်ရင် သေတတ် တယ်နော်"

"ဟဲ့…ဟဲ့ ကလေးတွေကို အနားမှာထားကြ"

အော်သံတွေ တဖြည်းဖြည်း တိတ်သွားကြ၏။ ခါတ်မီးရောင်က ကံသာ့အိမ်ဘက် ရောက်လာသဖြင့် ကံသာ လန့်ဖျပ်ကာ အိမ်ထဲ ပြန်ဝင် ရ၏။ လက်တွေတဆတ်ဆတ်တုန်ကာနေသည်။ စီးကရက်ပင် သောက်၍ မရ။ ခွေးမသားကြွက် သေတာတောင် ဒုက္ခပေးသွားသေးတယ်။ သူ မှားယွင်းမှုကြောင့်ဟုသာ သိသွားကြလျှင် ကံသာ့ဘဝ မတွေးဝံ့တော့။

ကံသာ အိပ်၍မရ။

အပြင်သို့လည်း မထွက်ရဲ။

မနက်မိုးလင်း၍ မီးလောင်နေသော ကြွက်သေတစ်ကောင်ကို တွေ့ကြလျှင် လူတွေ ဘာပြောကြမလဲ။ ယွန်းတို့ရော ထိတ်လန့်ကုန် ပြီလား။

ကံသာ ရေတစ်ခွက်ကို အငမ်းမရ သောက်ချလိုက်ရသည်။

မိုးလင်းခါနီးမှ မှေးခနဲ အိပ်ပျော်သွားသော ကံသာသည် အိမ်ရှေ့ ယွန်းဝသုန်အော်ခေါ်သံကို ကြားရတော့မှ လန့်နိုးလာသည်။ အိမ်ရှေ့ထွက် တော့ မနက်ခင်းအလင်းပြည့်ပြည့်ထဲမှာ ကျက်သရေရှိစွာ လှနေသော ယွန်းဝသုန်ကို တွေ့ရ၏။

ယွန်းက အဝါနုရောင် ရင်စေ့ခါးတိုအင်္ကျီလေးနှင့် ချိတ်ထမီ အဝါဖောက်ကို ဝတ်ထားသည်။ ယွန်းအင်္ကျီကြယ်သီးလေးတွေက ပိတ်သား ကြယ်သီးကလေးတွေ။ ဆံပင်ရှည်တွေကို ကျစ်ဆံမြီးနှစ်ခု ခွဲကျစ်ကာ အဝါရောင်ဖဲကြိုးကလေးတွေ ချည်ပြီး သနပ်ခါးကို ပါးကွက်ကြားကာ ခပ်ထူထူလိမ်းထားသည်။ သနပ်ခါးပါးကွက် အလယ်သားတွေက


BURMESE CLASSIC .com

www.burmeseclassic.com


ခြောက်ပင် မခြောက်သေး…။

အိပ်ချင်မူးတူးမျက်နှာနှင့် ငေးကြည့်နေသော ကံသာ့ကို ယွန်းက မျက်စောင်းထိုး၏။ ပြီးတော့ ချစ်စရာကောင်းအောင် နှုတ်ခမ်းကို စူသည်။

"ဘာဖြစ်လို့လဲဟင် ယွန်း"

"ဘုန်းကြီးကျောင်းသွားဖို့လေ မေမေ အစောကြီးကတည်းက စောင့်နေတာ။ ဘာလဲ ညက အရက်တွေသောက်ပြီး အိပ်ပြန်ပြီ မဟုတ်လား"

"အရက်…ဟာ မဟုတ်တာ ယွန်းကလဲ"

ယွန်း "ညက"ဟု ပြောမှ ကံသာ့စိတ်ထဲ အရာအားလုံး ပြန်ပေါ်လာတာ ထိတ်ခနဲဖြစ်သွားပြီး ယွန်းရှေ့မှ တိုးထွက်ကာ မျက်နှာသစ်ဖို့ ရေတိုင်ကီနားရပ်ရသည်။ ယွန်းက လက်သီးကလေး ဆုပ်ကာ အနားမှာ လာရပ်သည်။

"ဘာဖြစ်လို့ မဟုတ်ရမှာလဲ၊ ညက လမ်းထဲမှာ ဘာဖြစ်လဲဆိုတာ သိလား"

"လမ်းထဲမှာ…"

"ဟုတ်တယ်…အနီလုံးကြီး မြူးလို့တဲ့။ အနီလုံးကြီးမှ နှစ်ကောင်တောင်၊ လူတွေ ဆူညံနေတာပဲ၊ ကိုကံသာတို့လမ်းဘက်က စလာတာ၊ အနီလုံးကြီးတဲ့။ အိမ်တွေပေါ် ပြေးတက်တာတဲ့၊ လူတွေ အများကြီးပဲ ဆူညံပြီး လိုက်ကြတာ၊ ယွန်း လန့်လိုက်တာ"

"ဟာ…အဓိပ္ပါယ်မရှိတာ အလကား ဘာစုန်းလဲ မဟုတ်ဘူး"

"ဘာလို့ မဟုတ်ရမှာလဲ၊ ယွန်းလဲမြင်တယ်။ နီနီကြီး ပြေးနေတာ၊ တော်သေးတာပေါ့၊ ယွန်းတို့ဘက်မလာလို့၊ ယွန်းရော မေမေရော လန့်တာ ကိုကံသာနိုးမှပဲ ယွန်းတို့အိမ်ဘက်ရောက်လာမှာပဲတောင် ထင်တာ လူတွေအားလုံး နိုးတယ်၊ အော်ကြဟစ်ကြနဲ့ ဆူနေတာ ဒါတောင် ကိုကံသာမနိုးရင် အရက်တွေမူးပြီး အိပ်လို့ပေါ့"

ကံသာ ဘာမှမပြောနိုင်၊ အခုမှ ပြောင်းလာကြတဲ့နေရာသစ်မှာ ယွန်းတို့ ဘယ်လောက်လန့်သွားကြမလဲ၊ သူ့ကို တမ်းတတာကိုတော့


BURMESE CLASSIC .com

www.burmeseclassic.com


ကျေနပ်သွားမိ၏။ မသွားဖြစ်သည့်အတွက် နာမည်ကောင်းတစ်ခု ဆုံးရှုံးသွားသည်။ ပြီးတော့ "စုန်း"တဲ့။ ကံသာ မျက်နှာစပ်ဖြိုဖြိုဖြစ်သွားသည်။

"ရယ်မနေနဲ့၊ မူးအိပ်တာ ယွန်းသိတယ်"

"မဟုတ်ပါဘူး ယွန်းရာ…၊ စုန်းဆိုတာကို ရယ်ချင်လို့ပါ။ အလကား"

"ဘာအလကားလဲ၊ ယွန်းမြင်ပါတယ်ဆို၊ ရပ်ကွက်ထဲက လူတွေလည်း မြင်တယ်၊ လမ်းထိပ်က ခက်မာဆိုတဲ့မိန်းကလေး တစ်ယောက်ကိုတောင် ဝင်ပူးပြီး ပြောသွားပြီးပြီတဲ့၊ အဲဒါ လူတွေက ဆရာတစ်ယောက်ပင့်ပြီး အန္တရာယ်ကင်း စည်းတားနေကြတယ်"

"ဆရာ"

"ဟုတ်တယ်…ဘိုးတော်ဦးဝင်းနိုင်တဲ့၊ အခု ကိုကံသာတို့လမ်းမှာ အန္တရာယ်ကင်းရေဖြန်းပေးနေတာ ဟော…ဟိုမှာ"

ယွန်းပြသည့်နေရာကို လှမ်းကြည့်တော့ ဦးရွှေထူးတို့ အိမ်ဝန်းထဲက ထွက်လာသော လူအုပ်အလယ်မှာ ထောင်ထောင်မောင်းမောင်း လူတစ်ယောက်ကို တွေ့ရသည်။ အပေါ်ဖြူ၊ အောက်ဖြူဝတ်ထား၏။ လည်ပင်းမှာ ပုတီးတစ်ကုံးပါသည်။ နောက်က ငြိမ်သက်ရိုကျိုးစွာ လိုက်လာကြသော ဦးရွှေထူးနှင့် သူ့ဇနီး ဒေါ်မေဦးတို့ စောမင်းဝေတို့ စိုးသော်တာတို့အလည်မှာ ခေါင်းတညိတ်ညိတ်နှင့် မားမားရပ်ကာ လျှောက်လာ၏။

ကံသာ့အိမ်နားရောက်တော့ ရပ်တန့်ကာ မျက်စိမှိတ်ပြီး တစ်ခုခုကို ရွတ်သည်။

"ဆရာ ဗိုဇန့်ခယ်မလေးကို လိုက်ကြည့်ပေးပါဦး ဆရာ၊ သတိရလာပေမယ့် စကားပြောတွေ မမှန်ချင်ဘူး"

"အိမ်း…အိမ်း…ဆရာ့အန္တရာယ်ကင်း ရေသာတိုက်ကွာ၊ တိုက်ထားနှင့် ဒီဘက်စည်းချပေးပြီး ဆရာလာခဲ့မယ် ကြွခဲ့မယ်"

"ဆရာ ဘယ်ကစုန်းလဲဆရာ၊ ဒီရပ်ကွက်ထဲကပဲလား"

"အင်း…ဘာဆိုတာ ဆရာသိတယ်၊ ဘယ်သူဆိုတာလဲသိတယ်၊



BURMESE CLASSIC .com

www.burmeseclassic.com


ဘာမှမဟုတ်ပါဘူး…သူ့ဘာသာဘာဝ ပျော်မြူးကြတာပါကွယ်၊ စိုးရိမ်စရာ မရှိပါဘူး။ ဆရာလည်း မေတ္တာဝေပြီးပြီပဲ၊ ကလေးတွေကို ရေမန်းတိုက်ကြ၊ အိမ်တွေထဲ ဆရာ့အန္တရာယ်ကင်းရေကို စည်းတားကြ၊ သူ့ဘာသာသူ သွားပါလိမ့်မယ်''

ကံသာ ရယ်ချင်စိတ်ကို မနည်းထိန်းထားရ၏။ ညက သူက လွှဲမှားမှုသည် လူများ၏ စိုးရိမ်စိတ်ထဲ လွန့်လူးကာ ပဟေဠိဆန်ဆန် ဒီလောက်လျင်မြန်စွာ လွဲမှားသွားကြလိမ့်မည်ဟု သူထင်မထား။ ဘိုးတော် ဦးဝင်းနိုင်ဆိုသူက ပါးစပ်မှ တတွတ်တွတ်ရွတ်ကာ သူ့တပည့် ဝင်းအောင် ဆိုသူက လမ်းကို ရေတစ်ပေါက်ပေါက်ချပေးရင်း ထွက်သွားကြ၏။

''အလကား ယွန်း၊ အဲဒါ ယုံမနေနဲ့၊ ဘာစုန်းမှ မဟုတ်ဘူး၊ အဲဒီကိစ္စ''

''တော်ပြီ ကိုကံသာ၊ ဂွတီးဂွကျတွေ လျှောက်ပြောမနေနဲ့။ ဒါ နောက်စရာမဟုတ်ဘူး၊ မျက်နှာမြန်မြန်သစ်၊ မေမေ စောင့်နေပြီ''

ကံသာ တစ်ခုခု ပြန်ပြောချင်သော်လည်း ဘာမှမပြောဖြစ်တော့။ လူဆိုတာ ကိုယ့်အကြောက်တရားကို ကိုယ် လုပလုံခြုံစွာ ကာကွယ်ချင်ကြတဲ့ သတ္တဝါသာ ဖြစ်၏။ ထိုအကြောက်တရားကြောင့် လမ်းထဲကလူတွေ ဘိုးတော်ပင့်ကြသည်။ ကံသာလည်း ကြွက်အကြောင်းကို ရှင်းပြချင်သော်လည်း ယွန်းမယုံကြည်မှာ စိတ်ဆိုးမှာစိုးသည့်အတွက် သူ့ပါးစပ်ကို ပိတ်ထားရ၏။

ရှိစေတော့။ မီးလောင်ကာ သေဆုံးသွားပြီဖြစ်သော သူ့ရန်သူတော် ကြွက်ကို ဒီလောက်နှင့် ကံသာ ကျေနပ်လိုက်သည်၊ အသက်ရှိစဉ်တစ်လျှောက်လုံး ဒုက္ခပေးခဲ့ပြီး သေသည်အထိ ဆက်ဒုက္ခပေးမည့် ဒဏ်ကိုတော့ ကံသာ မခံတော့။ မျက်နှာသစ်ကာ ယွန်းနှင့် ဘုန်းကြီးကျောင်း သို့သွားဖို့ စီစဉ်ရသည်။

ဦးမြင့်ဆွေက နောက်ပြောင်းလာသည့် မိသားစုအဖြစ်နှင့် မြရတနာကျောင်းမှ ဆရာတော်ကို လျှောက်ပေးသည်။ ယွန်းမေမေက ဆရာတော်ကို ကြည်ညိုစွာ ထိခြင်းငါးပါးနှင့် ရှိခိုး၏။ ကံသာနှင့် ယွန်းလည်း


BURMESE CLASSIC .com

www.burmeseclassic.com



အတူရှိခိုးရသည်။

ဆရာတော်ကို ကံသာ အခုမှမြင်ဖူးခြင်းဖြစ်ပါသည်။ ဆရာတော်က မျက်ခုံးထူထူ၊ ဥပဓိက ခန့်ခန့်၊ အသားဖြူဖြူ ထောင်ထောင်မောင်းမောင်း၊ မျက်နှာက တည်ငြိမ်အေးဆေးသည်၊ အကြည့်က ငြိမ်သက်၍ ဘာအဓိပ္ပါယ်မှမထွက်သော အကြည့်မျိုးရှိသည်။ အသက်မှာ ခန့်မှန်းရ ခက်သည်။ ကံသာတို့ လျှောက်တင်သမျှကို ရှေ့မှ ကွမ်းအစ်ထဲမှ ကွမ်းကို ယာရင်း လက်ခံသည်။

''တပည့်တော်မကိုလည်း ဒကာမတစ်ယောက်အဖြစ် အသိအမှတ်ပြုပါဘုရား၊ အရင်ကတော့ မြို့ထဲတိုက်ခန်းနဲ့နေရလို့ ကျောင်းပိုင်မရှိ၊ ဆရာတော်မရှိနဲ့ပါဘုရား၊ အခုမှ တပည့်တော်မ ဆန္ဒပြည့်ဝပါတယ်၊ ဆရာတော်နဲ့ သံဃာတော်များ လိုအပ်တဲ့ သံဃာ့ကိစ္စ တပည့်တော်မကို မိန့်ပါဘုရား၊ အိမ်ကို ဆွမ်းကိုယ်တော်သုံးပါးလည်း ဆွမ်းခံပင့်ပါတယ် ဘုရား''

''အေး…အေး…စီစဥ်ပေးပါ့မယ်၊ အိမ်က ဘယ်နားမှာတုန်း''

''တပည့်တော်အိမ် မျက်စောင်းထိုးပါဘုရား''

ဦးမြင့်ဆွေက ဝင်လျှောက်၏။ ယွန်းမေမေ၏ ဘာသာတရားအပေါ်ထားသောရိုသေမှုကို တွေ့ရသဖြင့် ကံသာ ကျေနပ်သည်။ ထိုသို့ ဘာသာတရားအပေါ် ကြည်ညိုလေးစားသော မိခင်တစ်ယောက်၏ အုပ်ချုပ်မှုအောက်တွင်ရှိခဲ့သော ယွန်းလည်း ဒီစိတ်မျိုးရှိမှာ သေချာသည်။ ထို့အတွက် ယွန်းသည် လူတစ်ယောက်ကို အရှက်အကြောက်မရှိ လှည့်စားမည့်သူမဟုတ်နိုင်။ မလေးမစား ပေါ့ပေါ့နေမည့် ရက်စက်မှုမျိုး မရှိနိုင်။ လိမ်ညာပြီး နှိပ်စက်မည့်သူမဟုတ်နိုင်။ သူ့ကို အဖြေပေးမည်ဆိုသောစကားသည် လူတွေထင်နေကြသလို အချိန်ဆွဲတာမျိုး၊ သူ့ကို လိမ်ညာခိုင်းတာမျိုး မဟုတ်နိုင်ဟု လက်အုပ်ချီထားရင်း ကံသာ တွေးနေမိသည်။

ပုထုဇဉ်၏ မတည်ငြိမ်သော ကိလေသာထူသော စိတ်သည် ဤသို့ လမ်းလျှောက်ကာ ရောက်ရာပေါက်ရာမှာ ပျော်မွေ့တတ်ပါသည်။



BURMESE CLASSIC .com

www.burmeseclassic.com



''အေး…အေး…ဒါနဲ့ ဆွမ်းက ဘာကပ်မှာလဲ''

ဆရာတော်မေးသဖြင့် ယွန်းမေမေက ကံသာတို့ဘက် လှည့်ကြည့်သည်။ ဆရာတော် အုန်းနို့ခေါက်ဆွဲနှစ်သက်ကြောင်း ဦးမြင့်ဆွေက သတိပေးထားပြီးဖြစ်သည်။ ယွန်းမေမေက ဆရာတော့်အကြိုက်ကို သိထားပြီးသောအပြုံးနှင့် ကျေနပ်စွာ ပြန်လျှောက်သည်။

''အုန်းနို့ခေါက်ဆွဲပါ ဘုရား''

''အေး…အေး…ကောင်းတယ်၊ ဟဲ့ ဝိမလ…ဝိမလ ရေးထားစမ်း၊ တနင်္ဂနွေနေ့ အရုဏ်ဆွမ်း ငါးပါးလို့၊ ကဲ စိတ်ချပြီး စီစဉ်တော့၊ ဆွမ်းခံကိုယ်တော်လည်း ကြွလိမ့်မယ်။ အရုဏ်ဆွမ်းလည်း စိတ်ချတော့၊ ဒကာသစ်မို့ ကိုယ်တော်ကိုယ်တိုင် ကြွခဲ့မယ်…ဟုတ်ပြီလား''

''တင့်ပါဘုရား''

ပြန်ရောက်ကတည်းက အလှူအတွက် ကံသာ အလုပ်ရှုပ်သွားပြန်သည်။

ယွန်းတို့ အိမ်ရှေ့မြောင်းကိုဖော်ကာ တံတားအသစ်ခင်းဖို့ လူငှားရှာပေးရသည်။ တစ်ခါ ယွန်းက လိုက်ကာအဟောင်းတွေ မကြိုက်တော့ဆိုသဖြင့် လိုက်ကာအသစ်ကို ယွန်းနှင့်အတူ ဝယ်ရ၏။ အလှူအတွက် ချက်ဖို့ပြုတ်ဖို့၊ အချိုပွဲ…အစရှိသည်တို့ကို ယွန်းမေမေနှင့် စီစဉ်ရသည်။ အုန်းနို့ခေါက်ဆွဲအတွက် လိုအပ်သော ပစ္စည်းစာရင်းကို မမေ့မကျန်ရအောင် စာရွက်နှင့် ရေးမှတ်ရ၏။ ယွန်းမေမေရှေ့မှာ ကံသာ အသိဉာဏ်ဖွင့်ထားသည်။ ခန္ဓာကိုယ်ကို သွက်လက်ပေါ့ပါးအောင် လုပ်ထားသည်။ သတိကို ကိုယ်နှင့်မကွာ ဆွဲခေါ်ထားသည်။ ကိုယ့်ကို ယုံကြည်အားကိုးသည့်လူများ ရှေ့တွင် အရာရာကို ကံသာ ကြိုမြင် ကြိုသိပြီးသား ဖြစ်နေ၏။

ကံသာ၏ ဦးစီးမှုအောက်တွင် အရာရာသည် စနစ်တကျနှင့် သေသေသပ်သပ်ဖြစ်နေခဲ့သည်။ ညနေခင်းရောက်တော့မှ ကံသာ ယွန်းတို့ အိမ်ရှေ့ခုံတန်းကလေးမှာ စီးကရက်တစ်လိပ်နှင့် အမောဖြေရ၏။ ယွန်းက လည်း ရေမိုးချိုးပြီး ကံသာနှင့် ခပ်ခွာခွာမှာ ထိုင်သည်။



BURMESE CLASSIC .com

www.burmeseclassic.com



"မနက်ဖြန် Company ကို သွားဖိတ်မှ ကောင်းမယ် ထင်တယ် နော်"

"ဟုတ်တယ် ကိုကံသာ၊ မနက်ဖြန် ကိတ်တွေဘာတွေ ဝယ်ရင်းနဲ့ Company ဝင်ကြတာပေါ့"

ယွန်းက ခေါင်းကလေးငုံ့ကာ ပြောသည်။ ငေးကြည့်နေသော ကံသာ့မျက်လုံးများကိုတွေ့တော့ ယွန်းခေါင်းငုံ့ကာ နောက်မှာချထားသော ဆံပင်တွေကို ရှေ့သို့ အသာဆွဲယူသည်။ အခုတော့ ယွန်းသည် ကံသာ၏ ရိုးသောမျက်ဝန်းများကို ရင်ခုန်တတ်သူတစ်ဦးဖြစ်နေပြီဟု ကံသာ ထင်သည်။

သို့သော် ရင်ထဲက အသိဆိုသည်မှာ တရားဝင်မဟုတ်။ နှလုံးသား အသံသည် စိတ်ကူးထဲမှာ မြည်နေရုံနှင့် အဓိပ္ပါယ်မပြည့်စုံ၊ ယုံကြည်၍ မရဆိုတာ ကံသာထင်သည်။

"ယွန်း ကျွန်တော့်ကို အဖြေမပေးရသေးဘူးနော်"

စက္ကန့်နည်းနည်း တိတ်သွားသည်။

ထိုစက္ကန့်နည်း တိတ်လိုက်ရသောအချိန်သည် နက်ရှိုင်းသော ရေအောက်သို့ တဟုန်ထိုးနစ်မြုပ်သွားသလို လေဟာနယ်ထဲသို့ ထိုးဆင်းလိုက်ရသလို သတိလက်လွတ်ခံစားရလေ့ရှိသည်။ လွတ်သွားသော သတိသည် ယွန်းဝသုန်၏ မျက်နှာတွင် သွေးကြောများကို ရှန်းကန်ပစ်လိုက်ပြီး ကံသာ့နှလုံးသားကို ဒိုင်းကနဲ မြည်စေကာ တာလွတ်ပေးခဲ့သည်။

အရှက်တရားသည် ပထမဦးဆုံး သတိဝင်တတ်ပြီး ရင်ခုန်သံသည် မရပ်မနား မျှော်လင့်ချက်ရှိရာသို့ ပြေးသည်။ ထိုရှက်ခြင်းနှင့် ရင်ခုန်ခြင်းသည် မြန်မာနိုင်ငံပါဝင်နေသော ဒီဘက်ကမ္ဘာတစ်ခြမ်း၏ စက္ကန့်နည်းနည်းကို ကံသာနှင့် ယွန်းဝသုန်အတွက် ဖြောက်ပစ်လိုက်၏။

ယွန်းဝသုန်၏ သတိဝင်လာသော ရှက်ခြင်းသည် ကံသာ၏ မျှော်လင့်ချက်ထံပြေးနေသော နှလုံးသားက ထားခဲ့သည့် မျက်လုံးပြူးများနှင့် ပထမဦးဆုံး ရင်ဆိုင်ရသည့်အခါ ထိတ်ခနဲ ဖြစ်သွားသည်။ ဒီလိုပဲဖြစ်သည်။ မိန်းကလေးများသည် ပထမဦးဆုံး ရှက်သည်။ ပြီးမှ



BURMESE CLASSIC .com

www.burmeseclassic.com



ရင်ခုန်တတ်၏။ ယောက်ျားများကတော့ အရင်ဆုံးရင်ခုန်သည်။ ပြီးမှ ရှက်တတ်ကြသည်။

"ကိုကံသာကလည်း ယွန်းပြောပြီးသားပဲဆို၊ အလှူပြီးမှလို့"

"အလှူ...ဘာဖြစ်လဲ ယွန်းရယ်၊ အလှူကပြီးသွားမှာပဲ၊ ကျွန်တော့်ကို အဖြေပေးပါ၊ ကျွန်တော့်မေတ္တာကို မယုံလို့လား"

ငုံ့ထားသော ယွန်းဝသုန်၏ ခေါင်းက သွက်သွက်ခါအောင် ရမ်းသည်။ အမောတကော ပြေးလိုက်လာသော ကံသာ့နှလုံးသားသည် သွက်သွက်လည်အောင် အရမ်းခံလိုက်ရပြီး ဘယ်ဘက်ဆက်လိုက်ရမှန်း မသိဖြစ်သွား၏။

"ဟင့်အင်း...မဟုတ်ဘူး၊ ဒါပေမယ့် အလှူပြီးမှပဲ ဘာကြောင့် လဲဆိုတာ မမေးနဲ့ အလှူပဲ၊ ယွန်းက ဆုံးဖြတ်ထားတာ"

ကံသာ ဘာမှပြန်ပြော၍မရ။ ထိုကိစ္စမျိုးသည် ခိုင်လုံသော အကြောင်းပြချက်မရှိသော်လည်း နားလည်လက်ခံရမည့်ကိစ္စမျိုးသာ ဖြစ်သည်။

"ကောင်းပြီး...ယွန်း၊ ဒီနေ့ သောကြာဆိုတော့ နှစ်ရက်ပဲ လိုတော့တာပေါ့နော်၊ တနင်္ဂနွေနေ့ အလှူပြီးတာနဲ့လား"

"စောသွဲ့တို့၊ အေးအေးမြိုင်တို့ ညလာအိပ်လိမ့်မယ်၊ အလှူ ပြီးရင် ဘုရားသွားမယ်လေ၊ အဲဒီကျမှပေါ့..."

ထိုနေ့ညတွင် လမင်းအတက် နောက်ကျခဲ့သည်။ လမင်းအရွေ့ နောက်ကျနေးကွေးနေသည်။ လမင်းရှေ့မှာ ဖြတ်ပြေးနေသည့် တိမ်မျှင် တိမ်စမရှိသဖြင့် ကောင်းကင်အပြာရင့်မှာ ငြိမ်နေသော လမင်းကို ကြည့်ကာ နောက်တစ်နေ့မိုးပင်လင်းပါ့ဦးတော့မလားဟု ကံသာ ထင်ရ၏။

လေမတိုက်သဖြင့် သစ်ရွက်တွေက ငြိမ်နေကြပြန်သည်။ အဝေး က ပျင်းရိပျင်းတွဲ အူလိုက်သည့် ခွေးအူသံကြောင့် ညသည် ပို၍နှေးကွေး ငြိမ်သက်နေသည်ဟု ကံသာ တွေးသည်။ သူ့အိမ်ကလေးမှာလည်း တိတ်ဆိတ်ကာ နေ၏။ သူ့ကုတင်လေးပေါ်မှာ ဘယ်ညာ နေရာပေါင်းစုံကို ကံသာလူးလိမ့်ပြီးပြီ။ အိပ်စက်ခြင်းက ဘယ်နေရာကမှ ရောက်၍မလာ။



BURMESE CLASSIC .com

www.burmeseclassic.com


အရာအားလုံး ငြိမ်သက်နေသော ညထဲမှာ ကံသာ့ နှလုံးသားတစ်ခု တည်းသာ မရပ်မနားလှုပ်ရှားနေရသဖြင့် ဒီဘက်ကမ္ဘာ တစ်ခြမ်း၏ ညထဲမှာ ကံသာစိတ်တစ်ခုထဲ ကျွံထွက်ပြီး ရွှေ့ကို ရောက်နေခဲ့သည်။

ယွန်းသည် ဘယ်လောက်လှသနည်း။

ယွန်းလို မိန်းကလေးမျိုးနှင့် ချစ်သူဖြစ်ရလိမ့်မည်ဟု သူ ဘယ်တုန်းကမှ စိတ်ကူးမယဉ်ခဲ့မိ။ အလှူပြီးလျှင် ယွန်းပေးမည့်အဖြေ သည် ဘယ်နည်းနှင့်မှ ရက်စက်ခြင်းမဖြစ်နိုင်။ ချစ်သူဘဝရောက်လျှင် သူ ယွန်းကို အရမ်းဂရုစိုက်မည်။ အလိုလိုက်မည်။ ယွန်းမေမေကလည်း သဘောတူပြီးသားမို့ ရွှေ့ရေးက အရုဏ်တက်လို လှပသည်။ ပွင့်ခါစ ပန်းတစ်ပွင့်လို ကြည့်၍ကောင်းနေမှာ သေချာသည်။

လောကတွင် ကိုယ့်တွက်ကိန်းနှင့်ကိုယ် ကျေနပ်စွာစိတ်ကူး ယဉ်ရသည့်အထဲတွင် အချစ်နှင့်ချဲသည် အကောင်းဆုံးဖြစ်၏။ ကံသာ တစ်ကြိမ်မှ ချဲမထိုးဘူးသော်လည်း တစ်ကြိမ်တော့ ချစ်ဖူးပြီ ဖြစ်သည်။ ကံသာ့နံဘေးပတ်ပတ်လည်တွင်ရှိသော အိပ်မရသည့်ညထဲတွင် ကံသာ့ကို အချစ်နှင့်ပတ်သက်၍ စိတ်ကူးတို့ကိုပေးမည့် လှပသော အတွေးပေါင်းစုံ သည် အဆင်သင့်ဝိုင်းရံနေကြ၏။

အိပ်လို့ကောင်း မိုးသောက်စဆိုသော်လည်း ကံသာ အရုဏ် တက်မှာပင် အိပ်၍မရ။ ထိုညက တစ်ညလုံး အိပ်မရသည့်လူဆို၍ ကံသာတစ်ဦးတည်းသာ ရှိသည်ဟု ထင်ပါသည်။

''ဒါဆို…အလှူက အိမ်တက်မှ မဟုတ်ပဲ ကောင်လေး။ မင်း နှလုံးသားတက်ပွဲပေါ့''

ဦးတင်ကိုအောင်က စသည့်နောက်သည့်စကားကိုပင် ပျော်ရွှင် ဟန် မပါဘဲ ခပ်တည်တည်ဖြင့်ပြော၏။ ဦးမောင်ညိုကတော့ ထုံးစံ အတိုင်း ပခုံးကိုတွန့်ပြီး တစ်ခုခုပြောဟန်ပြင်သော်လည်း ထုံးစံအတိုင်း ပင် ဘာမှမပြော။ ယွန်းက စောသွဲ့တို့နှင့် တိုးတိုးပြောကာ ဘာကိုမှန်း မသိ ရယ်နေကြ၏။ ကိုဉာဏ်ပေါ်က လက်တစ်ဆစ်ခန့် ပြာမကြွေသေး သော ဂျက်ကမ္ဘာဆေးပေါ့လိပ်ကို ပြာကြွေမှာကြောက်သည့်ဟန်ဖြင့်



BURMESE CLASSIC .com

www.burmeseclassic.com


ဖြည်းညှင်းစွာ ဖွာ၏။

"ချစ်သူသက်တမ်းကို ရှည်ရှည်ထား ကံသာ၊ အဲဒါ လောကမှာ ပျော်စရာကောင်းဆုံးအချိန်ပဲ၊ ယူပြီးရင် ပိုပျော်ရမယ်ဆိုတဲ့ အတွေးမှားကြီး က အဲဒီအချိန်မှာ သိပ်အရသာရှိတာကွ"

"ဟုတ်တယ်ကွ၊ စိတ်မချရတာတို့၊ မင်း အရက်သောက်တဲ့ အခါတို့၊ သူက အလှသိပ်ပြင်တဲ့အခါတို့ ပြဿနာတွေပေါ့ကွာ၊ အဒါ အရသာပဲကွ၊ အဲဒီ အရသာကိုလည်း ချစ်သူဘဝမှာပဲ ရကြတာ၊ ထိန်းထား"

"ဟာ…ဦးခင်ဇော်ကလည်း ယွန်းက ပြောင်းလဲသွားရင် ဘယ်လို လုပ်မလဲ၊ ကျွန်တော်က ချစ်သူဖြစ်ပြီးရင် လက်ထပ်မှာပဲ၊ ဒါမှသေချာတာ"

ကံသာ့စကားကြောင့် ဦးမောင်ညိုက တွန့်ထားသော ပခုံးကို ပြန်ဆန့်ကာ အင်္ကျီလက်မောင်းများကို ဆွဲတင်ပြီး သူ့မျက်နှာညိုညို ကြီးကို ဝိုင်းထဲသို့ ထိုးထည့်လိုက်၏။

"ဒီမှာမောင်ရင်…တည်ငြိမ်အောင် ထိန်းထားတဲ့ကမ္ဘာလောက ကြီး ပြောင်းလဲသွားလို့တော့ဖြင့် မပိုကြွေးပါလေနဲ့တဲ့၊ ပြောင်းလဲမှု ကင်းမဲ့တဲ့ အနေအထားကသာ တကယ်ငိုရဖို့ အကြောင်းဖန်လာမှာတဲ့၊ အဲဒါ ဝီလျှံ ကူလင်ဘရိုင်းယင်ဆိုတဲ့ ပုဂ္ဂိုလ်ကြီးကပြောတာ၊ မှတ်ထား… ရည်းစားဘဝ ဟာ ဂျိမ်းစဘွန်းကားတွေလိုပဲကွ၊ တည်ငြိမ်မှုမရှိဘူး၊ အမြဲတမ်းပြောင်းလဲနေ တယ်၊ မကြာခဏ ထောင်ချောက်ထဲ ပိတ်မိတယ်၊ အသည်းတယားယားနဲ့ လွတ်မြောက်ဖို့ ကြိုးစားရတယ်။ အဲဒါ အရသာပဲ၊ ဒါပေမယ့် ဘယ်တော့မှ ဂျိမ်းစဘွန်း မသေပါဘူး၊ ဂျိမ်းစဘွန်း အမြဲတမ်း လွတ်တယ်၊ အဲဒါ အရသာပဲကွ"

ကံသာ နည်းနည်းစိတ်ညစ်သွားသည်။ ဂျိမ်းစဘွန်းကားနှင့် သမီးရည်းစားဘဝ ဘယ်လို လာတူနေပြန်သနည်း။

"အေး…အိမ်ထောင်ပြုတယ်ဆိုတာ ကမ္ဘာကျော်ဘောလုံးသမား တစ်ယောက်ကို ကိုယ့် club အသင်းထဲ ဝင်ကန်ရသလိုပဲကွ၊ တစ်ခါ တစ်ခါ အသုံးတည့်ချင်မှတည့်တာ၊ ဒါပေမယ့် ထားပါ…မင်းကို အခု



BURMESE CLASSIC .com

www.burmeseclassic.com


ဒါတွေ ဆုံးမနေတာထက် ကောင်းတဲ့နည်းက မင်း ယွန်းဆီက အဖြေ ကိုနှုန်းသေရဖို့ပဲ၊ အလှူပြီးလို့ ရှုးချင်ယောင်ဆောင်နေရင် ဘယ်လိုလုပ်မလဲ''

ဦးတင်ကိုအောင်စကားက မိုက်တိုင်ဆန့်၏ မထင်မှတ်ထားသော လက်သီးချက်လို ဝင်လာ၏။ ကံသာ မွန်ထူသွားသည်။

''အလှူပြီးရင် စောသွဲ့တို့နဲ့ ဘုရားသွားမယ်တဲ့။ အဲဒီမှာ ပြော တာပဲ''

''ကံသာ…အကြွေးနဲ့ အချစ်ဟာ မြန်မြန်ရလေ ကောင်းလေပဲ ကွ၊ မင်း…သိပ် ယုံမနေနဲ့''

''ဟုတ်တယ်…အလှူညမှာ စောသွဲ့တို့ လာအိပ်မယ်ဆိုရင် အဲဒီညမှာ ရအောင်တောင်းပေတော့၊ ချက်ကြပြုတ်ကြ လှီးကြချွတ်ကြ လို့ပြီးရင် သူငယ်ချင်းတွေ ညအိပ်အတူဆုံမှာဆိုတော့ ကောင်မလေးလဲ ပျော်နေမှာပဲ၊ အဲဒီသူငယ်ချင်းတွေအားကိုးနဲ့ မင်း ခေါင်းတစ်ချက်ညိတ် အောင် လုပ်ပေတော့''

''ဩော်…ဒါနဲ့ အစ်ကိုကြီးတို့ကို ပြောရဦးမယ်၊ ကြွက်…ကြွက် သေသွားပြီဗျ''

ကံသာ့စကားကြောင့် အားလုံးကြောင်ကာသွား၏။

''အိမ်က ကြွက်လေ…ကျွန်တော့်ကို ပြဿနာရှာတဲ့ကောင်၊ မနေ့က ထောင်ချောက်ထဲ ဂွပ်ခနဲ ဝင်လာတာ၊ အဲဒါ…''

ကံသာ အားလုံးပြောပြတော့ အမြဲခပ်တည်တည်နေတတ်သော ဦးတင်ကိုအောင်ပင် တဟားဟားရယ်သည်။

''ကံကောင်းတယ်မှတ် ကံသာ…ဒီကောင် သွေးရှူးသွေးတမ်းနဲ့ ခနိုအိမ်တစ်အိမ်ပေါ်သာ တက်သွားလို့ကတော့ မင်း အဖမ်းခံရမှာ''

''ဟုတ်တယ်…အစ်ကိုကြီး၊ ဒီကောင်က သေခါနီးတောင် ဒုက္ခ ပေးသေးတာ''

''အေး…အခုတော့ ရန်သူလည်းရှင်းပြီ၊ ချစ်သူကလည်း မငြင်း သည်ဆိုတဲ့ ကိန်းဆိုက်တာပေါ့ကွာ၊ မင်းနဲ့ ကြွက်တစ်ကောင်ကို လေး လကျော် ရှင်းပစ်ရတယ်ဆိုတော့ တော်တော်ညံ့ညံ့တဲ့ကိစ္စပဲ၊ ဟိုကောင်မ


BURMESE CLASSIC .com

www.burmeseclassic.com



လေးသိရင် အားကိုးချင်စိတ်တွေ ပျောက်သွားဦးမယ်၊ မပြောနဲ့… သိမ်းထား၊ ဟား…ဟား…ဟား…''

''ကဲ…ဒါဆို အလှူမတိုင်ခင် ကံသာ အဖြေရဖို့ကိစ္စ ကြိုးစားဖို့ သဘာတူတော့သလား''

''သဘာတူတောပါတယ်၊ တောပါတယ်''

ဦးမောင်ညို၏ အမေးကို ဦးခင်ဇော်၊ ဦးဉာဏ်ပေါ်နှင့် ဦးတင်ကိုအောင်တို့က လက်သီးလက်မောင်းတန်းကာ အားရပါးရ ပြိုင်တူ အော်လိုက်ကြလေသည်။

✿✿✿



BURMESE CLASSIC .com

www.burmeseclassic.com

(ရှစ်)

စနေနေ့ညနေ (၅) နာရီခန့်တွင် ဆရာတော်ဘုရားကြိုက် နှစ်သက်လှသော အုန်းနို့ခေါက်ဆွဲချက်ရန်အတွက် အကြမ်းထည်ကိစ္စများအားလုံး ပြီးဆုံးသွားပြီဖြစ်လေသည်။

ဦးတင်ကိုအောင်တို့ပြောသည့်အတိုင်း ယွန်းသည် သူငယ်ချင်းများနှင့် လုပ်ရင်းကိုင်ရင်း အရမ်းပျော်နေသည်ကိုလည်း ကံသာ တွေ့ရသည်။ ကြက်သားပြုတ်တွေကိုလည်း အရိုးနွှင်ပြီးပြီ။ အရိုးတွေကိုလည်း အရည်ညှစ်ရှရအောင် ထောင်းပြီးပြီ။ မြေပဲကိုလည်း ထောင်းပြီးပြီ။ ဘဲဥပြုတ်တွေကို အခွံခွာပြီးပြီ၊ ဆရာတော်ကျောင်းကပင် ကံသာသွားငှားလာသော အုန်းနို့ခေါက်ဆွဲဟင်းရည်ချက်အိုးကြီးကိုလည်း ဆေးကြောကာ နံဘေးမှာ ရွှံ့တွေသုတ်ပြီးနေပြီ။ အုန်းသီးတွေလည်း ခြစ်ပြီးညှစ်ပြီးနေပြီ ဖြစ်သည်။

နေစဉ်တွေ့နေကျ သူငယ်ချင်းများပင်ဖြစ်သော်လည်း အလှူဟူသည့် ခေါင်းစဉ်အောက်တွင် လုပ်ကြကိုင်ကြရင်း ဝမ်းသာနေသည့် ယွန်းကို တစ်ချက်တစ်ချက် လှမ်းငေးကာ ကံသာ့ရင်ထဲ ထမ်းလာသော အချိန်နှစ်ဆယ်ဝင် ဒန်အိုးကြီးပင် အလေးချိန်မဲ့သလို ဖြစ်သွားရသည်။ ကမ္ဘာဆွဲအားသည် နှလုံးသားမျှခြေတွင် သုညဖြစ်သွား၏။

"ကံသာ...ငါတို့ ရေချိုးကြဦးမယ်၊ ပြီးမှ မီးဖိုဖိုပြီး အိုးစတင်မယ်၊ နင် အုတ်ခဲနဲ့ ဖိုလုပ်ထားပြီးတော့ ထင်းတွေ အိမ်ရှေ့ရွှေ့ထား

BURMESE CLASSIC .com

www.burmeseclassic.com


လိုက်ဦး''

''ဟင်းရည်အိုးက အိမ်ရှေ့မှာတည်မှာလား စောသွဲ့''

''ဟဲ့...နောက်ဖေးမှာ အိမ်သာကြီးနဲ့ အိမ်ရှေ့မှာပဲပေါ့ဟ''

''ok ok နင် ယွန်းကို ဟိုကိစ္စပြောထားဦးနော် စောသွဲ့''

''အေးပါဟ...မလောနဲ့ တစ်ညလုံးရှိသေးတယ်၊ ဟင်းရည်က တစ်ညလုံး တည်ရမှာ''

ကံသာ့ကို စောသွဲ့မျက်စောင်းထိုးရင်း ထွက်သွားသည်။ ကံသာ ကြည်နူးစွာ ဆေးပေါ့လိပ်ဖွာရင်း ကျန်ရစ်ခဲ့သည်။ ညရောက်လျှင် ယွန်း မေမေ အိပ်မည်။ ယွန်းနှင့် သူငယ်ချင်းများ ဟင်းရည်အိုး ကြည့်ကြရင်း အတူရှိနေမည်။ သူက စောသွဲ့တို့ကို ရှင်းပြထားပြီးသား၊ မနက်ဖြန် ရွှေတိဂုံဘုရားကို တောင်ဘက်မုခ်မှ မောမောနှင့်တက်ရင်း ဘွားခနဲ မြင်ရသည့်အခါ သူ့လက်ထဲတွင် ယွန်း၏ လက်ကလေးရှိနေစေချင် သည်။ ဒီည အဖြေရမှုကို ဖြစ်မည်။

''သား...ကံသာ၊ အုတ်ခဲကြီးကိုင်ပြီး ဘာတွေပြုံးနေတာလဲ''

''အမ်...အဲ အမေ ဘာမှမဟုတ်ပါဘူး၊ မီးဖိုလေ...အဲဒါ လုပ်မလို့''

''အေး...အေး မင်းမလဲ တော်တော်ပင်ပန်းနေပြီ၊ ကုသိုလ်ပေါ့ သားရယ်၊ အမေ လုပ်တယ်ဆိုပေမယ့် မင်းတို့လုပ်အားကြောင့် အထ မြောက်ရတာပါ၊ သာဓု သာဓု...၊ သရက်ပင်အောက် မီးဖိုမလုပ်နဲ့ သား၊ အပင်ကို အပူဟတ်မယ်၊ ဒီဘက်ဘေးကလေးမှာ ဖိုခနောက် တည်''

''ဟုတ်ကဲ့ပါ...အမေ''

ကံသာ မီးချောင်းဆင်ပြီးသွားချိန်တွင် မှောင်သွားပြီဖြစ်၏။ မီးဖွင့်လိုက်သောအခါ ယွန်းတို့အိမ်ရှေ့သည် လေးပေမီးချောင်းအောက် တွင် လင်းထိန်ကာနေသဖြင့် အလှူနှင့်ပိုတူသွားသည်ဟု ကံသာ ထင်သည်။ ပျော်စရာကြည်နူးစရာခံစားမှုတစ်ခုကလည်း နူးညံ့စွာ ရင်ထဲမှာ ဝင်လာ၏။


BURMESE CLASSIC .com

www.burmeseclassic.com



ယွန်းနှင့်သူ လက်ထပ်ကြလျှင် အုန်းနို့ခေါက်ဆွဲပဲ ချက်ကျွေးမည်။ ပေလေးဆယ်ခြောက်ဆယ် အိမ်ရှေ့ကွက်လပ်သည် မင်္ဂလာဆောင်ရန် မဏ္ဍပ်တစ်ခုကိုတော့ လုလုပပ ပေးစွမ်းနိုင်မှာ သေချာ၏။

"ဟယ်…မီးချောင်းတောင်ထွန်းပြီးသွားပြီ၊ ပျော်စရာကြီး"

အေးအေးမြိုင်က ရေချိုးပြီး ဆင်းလာရာမှ အော်သည်။ ယွန်းက ကံသာ့ကို လေးပေမီးချောင်းထက်လင်းလက်ရှန်းစိုနေသော မျက်လုံးဝိုင်းကလေးဖြင့် လှမ်းကြည့်ကာ ပြုံးသည်။ ယွန်း၏ ပါးပြင်ပေါ်မှ မခြောက်သေးသော သနပ်ခါးရနံ့သည် ကံသာ့နှလုံးသားထဲကို မိုးဦးကျရနံ့တစ်ခုလို တိုးဝင်ကာလာ၏။

"ကိုကံသာ ရေချိုးလိုက်ဦး…ယွန်းတို့ကို မီးတော့ မွေးပေးခဲ့၊ ပဲမှုန့်ထည့်ပြီး တည်ထားနှင့်မယ်"

ယွန်းအနားမှ မခွာချင်သော်လည်း ကံသာငြီးစီစီဖြစ်နေသဖြင့် ရေချိုးဖို့ ထွက်ခဲ့ရသည်။

ရေချိုးရန် ယွန်းတို့အိမ်နောက်ဖေးတွင်ရပ်ရင်း တံခါးတွေပိတ်ကာ တိတ်ဆိတ်နေသည့် သူ့အိမ်ကလေးကို ကံသာငေးနေမိသည်။ အိမ်ကလေးကလည်း ခပ်မဲ့မဲ့လုပ်ကာ ပြန်ငေးနေသည်ဟု ကံသာထင်သည်။ သုံးနှစ်တိတိ သူနေခဲ့သော အိမ်ကလေးကို ပထမဦးဆုံးအကြိမ် သူတစ်ပါးအိမ်မှ ကြည့်ဖူးခြင်းလည်းဖြစ်၏။ ယွန်းနှင့် အိမ်ထောင်ကျလျှင် ဒီအိမ်ကလေးမှာပင် ကံသာနေရမည်။ အခု အိမ်ကလေးကို သဘောကျနေသော ယွန်းမေမေက ဝယ်ရန်အတွက်ပင် စကားကမ်းလှမ်းပြီးဖြစ်၏။

အိမ်ကလေးသို့ သူစရောက်သည့်နေ့မှစ၍ အထီးကျန်စွာ နေခဲ့ရသောရက်များ၊ ကြွက်တစ်ကောင်နှင့် သတ်ပုတ်ခဲ့ရပုံတို့ကို ကံသာ ပြန်စဉ်းစားသည်။

"ဟဲ့…သား ကံသာ၊ ရေခွက်ကြီးကိုင်ပြီး ဘာလုပ်နေတာတုန်း"

"ဩော်…ဟိုဟာ၊ ရေ…ရေချိုးမလို့ အမေ"

"ချိုး…ချိုး၊ ပြီးရင် ဘုရားခန်းရှေ့ ကော်ဇောတွေ ခင်းရအောင်"



BURMESE CLASSIC .com

www.burmeseclassic.com


အုန်းနို့ရည်ထည့်ပြီးဖြစ်သဖြင့် အနည်ကျပြီး မကပ်ရအောင် အိုးကို သစ်သားယောင်းမဖြင့် ခပ်သွက်သွက်မွှေပေးရ၏။ ထင်းမီးဖိုမှ ထွက်သော မီးခိုးနှင့် ဟင်းရည်အိုးမှထွက်သော အငွေ့တို့က လေးပေ မီးချောင်းရောင်ထဲမှ လူးလွန့်နေကြသည်။ ညဆယ့်နှစ်နာရီသည် အပြင်မှာ တိတ်ဆိတ်နေ၏။

စောသွဲ့နှင့် အေးအေးမြိုင်တို့ ကံသာနှင့် ယွန်းစတွေ့သည့် သဘူတောသလားဆိုသည့် ကိစ္စ၊ ယွန်းတင်ပါးကို ထိမိသောကိစ္စ၊ ရွှေဝါကြီးကိစ္စ၊ ကားပေါ်က ကောင်မလေးအန်သည့်ကိစ္စနှင့် ခွေးက မတော်တရော်လုပ်သည့်ကိစ္စများကို အားရပါးရပြောကာ တဟားဟား ရယ်ကြသည်။

အခုတော့ ကံသာလည်း ဘာမှမတတ်နိုင်။ တဟီးဟီး ဝင်လုပ်ရ၏။ ယွန်းက တစ်ခါတစ်ရံ ရှက်ပြုံး တစ်ခါတစ်ရံ နားလည်ပြုံးကလေးနှင့် လှမ်းကြည့်ရှာသည့်အတွက် ကံသာ ကျေနပ်ပါသည်။

''ကဲ…စောသွဲ့ လက်ဖက်စားပြီးရင် လက်ဖက်ရည်ဆက်သောက်ကြမယ်၊ သဘူတောသလား''

''သဘူတောတယ်၊ တောပါတယ် ဟီး…ဟီး…''

အေးအေးမြိုင်က ကုန်သွားသော လက်ဖက်ပန်းကန်ကို မြောက်ပြကာ ပြောပြီး စောသွဲ့က လိုက်အော်သည်။ ကံသာ လှမ်းကြည့်တော့ စောသွဲ့ မျက်စိကို မှိတ်ပြ၏။

''ကဲ…လက်ဖက်ရည်ကိုတော့ ယွန်းပဲ သွားဖျော်ကွာ၊ ယွန်းခါတ်ပူးနဲ့ထည့်လာတဲ့ လက်ဖက်ရည်ကို ကပ်သောက်ပြီးကတည်းက ဘယ်လောက်ဖျော်တတ်တယ်ဆိုတာ တို့သိတယ်''

''ဟာ…အဲဒါက ယွန်း လမ်းထိပ်ဆိုင်က ဝယ်လာတာ''

''လုပ်မနေပါနဲ့ ယွန်းရာ၊ အေးအေးမြိုင်ပြောတာ တို့သဘောတူတယ်၊ ယွန်းပဲဖျော်၊ ကံသာ…နင် သောက်မယ်မဟုတ်လား''

''တစ်ညလုံး ဟင်းရည်အိုးစောင့်ရမှာဟ၊ လက်ဖက်ရည်လေးနဲ့ဆို ကောင်းတာပေါ့''


BURMESE CLASSIC .com

www.burmeseclassic.com


အားလုံးဝိုင်းပြောတော့ ယွန်းကထကာ အိမ်ထဲဝင်သွား၏။ အေးအေးမြင့်က ကံသာ့လက်မှ ဟင်းရည်မွှေသည့် ယောင်းမကို လုရင်း...

"ဟဲ့...ကံသာ လိုက်သွား၊ ငါတို့ပြောထားပြီးသား၊ ကျန်တာ ဆက်ပြော၊ ရအောင်တောင်း၊ အဖြေမပေးဘဲ ဇီဇာကြောင်နေရင် စောသွဲ့ကို သူ့ဘဲကြီးလုပ်သလို ဖက်သာနမ်းပစ်လိုက်"

"ဟ...ယွန်းမေမေက"

"ကျွတ်...အိပ်ပြီ၊ ဘာမှ တွေးမနေနဲ့ သွား...သွား..."

ကံသာ ရင်တခုန်ခုန်ဖြင့် ဝင်လာရင်း မီးဖိုချောင်တံခါးဝက လှမ်းကြည့်တော့ Down နို့ဆီကို မြှောက်ကာထည့်နေသော ယွန်းကို ငုတ်တုတ်ကလေး တွေ့ရ၏။ တဒုန်းဒုန်းမြည်နေသော ရင်ခုန်သံကို ခဏရပ်ကာ ကံသာခံစားသည်။

"ယွန်း"

"ဟဲ့...ပလုတ်တုတ်နဲ့ကုလား၊ ကုလားထိုင်ပေါ်မှာ ညားကြ"

ကံသာ့ခေါ်သံကြောင့် ယွန်းဆတ်ကနဲတုန်သွားကာ လန့်ပြီး ယောင်သည်။ ထူးဆန်းသည့် ယွန်းယောင်သံကို ပထမဦးဆုံး ကြားဖူး တာလည်းဖြစ်သည်။

"လန့်သွားလား၊ ယွန်းယောင်တာကြီးကလဲ ဟား...ဟား... တစ်ခါမှ မကြားဖူးဘူး"

"ဘာလာလုပ်တာလဲ ကိုကံသာ"

ခပ်တည်တည်ပြန်မေးသံကြောင့် ကံသာအရယ်ရပ်သွားသည်။ ယွန်းမျက်နှာပေါ်မှာ ဒေါသအရိပ်ပါးပါးကို တွေ့ရ၏။ ခုန်နေသော ကံသာ့ရင်သည် ဖြုန်းကနဲ အံ့သြစိတ်က ဆောင့်ဆွဲလိုက်သဖြင့် တုန့်ကာ အသက်ရှုကျပ်သွားသည်။

"မ...မဟုတ်ပါဘူး၊ လက်ဖက်ရည်လေ၊ အဲဒါ...ကူဖျော်ပေး မလို့၊ ယွန်းက မဖျော်တတ်ဘူးဆို"

"ရတယ်...ယွန်းတမင်နောက်တာ၊ မလာပါနဲ့၊ ရပါတယ်"

ငြိမ်းချမ်းစွာ ကြည်ဖြူလာရာမှ ထင်မှတ်မထားသော ယွန်း၏


BURMESE CLASSIC .com

www.burmeseclassic.com


အပြောင်းအလဲကို တွေ့လိုက်ရသဖြင့် ကံသာ အံ့ဩထိတ်လန့်သွား၏။ မိန်းကလေးတွေဟာ ဒီလိုပဲ ပြောင်းလဲတတ်သလား။ ဦးတင်ကိုအောင် ပြောသည့် တရားဝင်အဖြေမရထားရင် ဘာမှမသေချာဘူးဆိုတာ တကယ်ပဲလား။ Company က လူတွေ ထင်ကြေးပေးကြသလို ယွန်းက သူ့ကို အတည်စိတ်မကူးဘဲ ညာခိုင်းနေတာလား။ သူ ယွန်းအတွက် ဘယ်လောက်အထိ မျှော်လင့်တကြီး ပင်ပန်းခဲ့ရသနည်း။ ယွန်းမျက်နှာကို ငေးရင်း ငါးစက္ကန့်အတွင်း အကြောင်းအရာပေါင်းများစွာ ခေါင်းထဲ ပြေးဝင်လာကာ နောက်ဆုံး ကံသာ ဝမ်းနည်းကာ သွား၏။

"ယွန်းရယ်…ဘယ်လိုပြောလိုက်တာလဲ၊ ယွန်း ကျွန်တော့်ကို ဘယ်လိုဆက်ဆံလိုက်တာလဲ"

ချက်ချင်းတုန်ယင်ဆို့နင့်လာသည့် ကံသာ့လေသံကြောင့် စူးရှတောက်ပသော ယွန်းမျက်ဝန်းရိပ် ဖျော့ကျသွား၏။

"ယွန်းက လန့်သွားလို့၊ ပြီးတော့ မကောင်းဘူး ကိုကံသာ၊ မလာပါနဲ့၊ နောက်ဖေးက မှောင်တယ်"

"ယွန်း…ကျွန်တော် ပွင့်ပွင့်လင်းလင်းပဲပြောမယ်၊ ယွန်းကို အဖြေတောင်းဖို့လာတာပါ၊ ကျွန်တော့်မှာ မရိုးမသားစိတ် ဘာမှမရှိပါဘူး၊ စောသွဲ့တို့ပြောထားတဲ့ကိစ္စ၊ ဟာ…ယွန်း နို့ဆီတွေ ကြမ်းပေါ် ကျကုန်ပြီ"

အထိတ်တလန့်အော်သံကြောင့် ယွန်း လန့်ဖျပ်ပြီး နို့ဆီဘူးကို ထောင်လိုက်မှ နို့ဆီတွေက အကျရပ်သွား၏။ ယွန်းလန့်ကာ လှည့်ကြည့်ချိန်တွင် နို့ဆီဘူးနှင့် အောက်က ချိုင့် လွဲသွားခြင်းဖြစ်သည်။

"ဒုက္ခပါပဲ၊ အဲဒါကြောင့်မို့ ပြောတာပေါ့၊ ဟုတ်တယ်"

ယွန်းက ကြမ်းပေါ်တွင် အိုင်ထွန်းကုန်သော နို့ဆီတွေကို ကြမ်းပေါက်ထဲ သပ်ချကာ ငုတ်တုတ်ထိုင်ရင်း စိတ်ညစ်သလို ပြောသည်။

"ယွန်းရယ်…ကျွန်တော် ဘယ်လောက်ခံစားနေရတယ်ဆိုတာ ယွန်း သိပါတယ်၊ ခုနကလို ပြောင်းလဲမှုမျိုးကို ကျွန်တော် သိပ်ကြောက်တယ်၊ ယွန်းဆီက အဖြေမရမချင်း ကျွန်တော် စိတ်အေးမှာ မဟုတ်ဘူး၊ ကျွန်တော့်ကို မနှိပ်စက်ပါနဲ့တော့၊ အဖြေပေးပါနော်"


BURMESE CLASSIC .com

www.burmeseclassic.com



''ယွန်း ပြောပြီးပြီပဲ၊ မနက်ဖြန်မှလို့''

''အခု ဆယ့်နှစ်နာရီကျော်နေပြီ ယွန်း၊ မနက်ဖြန်ရောက်နေပြီလေ''

''ကျွတ်…အလျှူပြီးမှလို့ဆို''

ဒေါသသံမဟုတ်ပဲ အနည်းငယ်စိတ်ရှုပ်သွားသံဖြင့် ယွန်းက ပြောသည်။

''ယွန်း…ဒါပြီးရင် ယွန်းကအိပ်တော့မှာ၊ တစ်ယောက်တည်း ဟင်းရည်အိုးစောင့်ရမယ့် ကျွန်တော့်ကို စိတ်ချမ်းသာအောင် မထားခဲ့နိုင်ဘူးလား''

တစ်သက်မှာတစ်ခါဟု သဘောထားကာ ကံသာမျက်စိမှိတ်ပြီး ယွန်းရှေ့မှာ ဒူတ်တုတ်ထိုင်ချလိုက်သည်။ ယွန်း ဒူးခေါင်းလေးပေါ် မေးစေ့တင်ကာ ခေါင်းငုံ့ငြိမ်သက်သွား၏။ ကံသာ့တစ်ကိုယ်လုံး ပေါ့ကာ၊ ရင်တွေတဆတ်ဆတ်တုန်လာသည်။

''ဘာမှလည်း ဝေးတော့တာ မဟုတ်ဘဲနဲ့၊ ယွန်း…ကျွန်တော့်ကို ပျော်ရွှင်မှု မပေးနိုင်ဘူးလား''

ယွန်းက မော့မကြည့်၊ အသက်ရှူသံပြင်းပြင်းကို ကြားနေရ၏။

''ယွန်း…''

ကံသာ ယွန်းကို မေးစေ့ကလေးကိုင်ကာ ဆွဲမော့လိုက်သည်။

ရီဝေရင်ခုန်နေသော ယွန်းမျက်ဝန်းများကို ရင်ခုန်စွာ စိုက်ကြည့်ရင်း ကံသာ မေးလိုက်သည်။

''ယွန်း ကိုယ့်ကို ချစ်တယ်မဟုတ်လားဟင်''

ရီဝေနေသော ယွန်းမျက်ဝန်းများ ရုတ်တရက် လင်းလက်စွာ အရောင်ပြောင်းလဲသွား၏။

''ဘာကို အံ့ဩတာလဲ ယွန်း၊ ကိုယ် ယွန်းကို သိပ်…''

''ကံသာ၊ ယွန်းဝသုန်''

တင်းမာသောခေါ်သံ၊ ယွန်းက ဝုန်းခနဲ ထရပ်၏။

''မဟုတ်ဘူးမေမေ၊ ကော်ဖီ၊ လက်ဖက်ရည်ဖျော်တာ၊ အဲဒါ



BURMESE CLASSIC .com

www.burmeseclassic.com


ကိုကံသာက…''

ကံသာ့တစ်ကိုယ်လုံး လွင့်မြောက်တက်ကာသွား၏။ မီးဖိုချောင် တံခါးဝမှ ယွန်းမေမေက ခါးထောက်ကာ ရပ်နေသည်။ ကံသာ ငုတ်တုတ် ထိုင်နေရာမှ ရပ်၍မရ။ ဒူးခေါင်းတွေ ပျော့ကုန်၏။

''ယွန်း၊ ငါ အလုပ်လုပ်နေတာနော်၊ စိတ်ကို ကြည်ကြည်လင် လင်ထားချင်တယ် သွားတော့ အိပ်၊ ကံသာ မင်းလည်းသွား၊ အိမ်ရှေ့ သွားတော့၊ ဟင်းရည်အိုးသွားစောင့်၊ သွားကြတော့''

ယွန်းက ခေါင်းငုံ့ကာ ဘာတစ်ခွန်းမှ ပြန်မပြောဘဲ ထွက်သွား၏။ ကံသာ နေရာက ရွေ့လို့မရ။

''မောင်ကံသာ မင်း အလိုက်သိဖို့ကောင်းတယ်၊ တစ်နေ့လုံး ပင်ပန်းထားတာ လူကြီးဆိုတော့ နားချင်ပြီ၊ ရှေ့ကို သွားတော့လေ''

ကံသာ အားတင်းပြီး လျှောက်ရသော်လည်း ကြမ်းပြင်နှင့် ခြေထောက် ထိသည်ဟုပင် မထင်ရ။ ရှေ့က ဘာကိုမှလည်းမမြင်။ အိမ်ရှေ့လှေကားကို အသာထိန်းဆင်းရ၏။ စိတ်လှုပ်ရှားလွန်းသဖြင့် ဒူးတွေ ဘာတွေ တုန်ယင်ကာနေသည်။ ဘယ်လောက်ရှက်ဖို့ ကောင်းသနည်း။

ကံသာဆင်းလာတာမြင်တော့ စောသွဲ့က ဟင်းအိုးမွှေနေရာမှ အားရဝမ်းသာ လှမ်း၍အော်သည်။

''ကံသာ အဆင်ပြေ''

''ကဲ ဟိုနှစ်ယောက်လည်း အိပ်ကြတော့၊ ဘယ်အချိန် ရှိပြီလဲ။ ကံသာ့ကို ယောက်မပေးလိုက်၊ နင်တို့မအိပ်သမျှ ငါ အိပ်လို့ရမှာ မဟုတ် ဘူး''

✿✿✿

ညသည် ပျော်စရာမကောင်းတော့။

တိတ်ဆိတ်ခြင်းနှင့် အမှောင်သည် သက်ရှိသတ္တဝါတစ်ကောင်လို ကံသာ့ကို မျက်လုံးပေါင်းများစွာနှင့် ပတ်ပတ်လည်မှ စောင့်ကြည့်နေသလို


BURMESE CLASSIC .com

www.burmeseclassic.com



ကံသာခံစားနေရသည်။ ကံသာ့ရင်ထဲမှာ ရှက်ရွံ့ခြင်း၊ စိုးရိမ်ခြင်းနှင့် ထိတ်လန့်ခြင်းတို့သည် တ ှိုးပြီးတစ်မျိုး ကြောက်မက်ဖွယ်ရာ အတွေးများနှင့်အတူ ပေါ်လာကြသည်။ ယွန်းက သူ့ကို ဘယ်လိုခံစားသွားပြီလဲ။ ယွန်းမေမေကရော။ သူသည် စည်းမစောင့်သူ၊ အခွင့်အရေးယူသူတစ်ဦးဟု ထင်သွားပြီလား။ သူနှင့်ယွန်းကို ကြည်ဖြူကျေနပ်သည်ဟု ထင်ထားသမျှ အမူအရာတွေအားလုံး ယွန်းမေမေ မျက်နှာမှာ မရှိတော့။ ဘာမှမဟုတ်သည့် အပြုအမူကလေးတစ်ခုကြောင့် ကံသာလုပ်ပေးထားခဲ့သမျှအရာအားလုံး သုည ဖြစ်သွားပြီ။

ယွန်းပြောသလိုသာ မနက်ဖြန်အလှူအပြီးကိုသာ စောင့်လိုက်လျှင် အခုလို စိုးရိမ်သောကနှင့် တစ်ယောက်တည်း အထီးကျန်စရာမလို။ အခုခါတော့ ယွန်းက သူ့ကို စိတ်ဆိုးသွားပြီ။ အထင်သေး ရွံရှာသွားပြီ။ မနက်ဖြန် အလှူပြီးသော်လည်း ကံသာ့အဖြစ်မှာ မရေရာတော့။ မျှော်လင့်ချက်ထံသို့ ပြေးလွှားနေသော နှလုံးသား၏ရှေ့တွင် အမှောင်တိုက်တစ်ခု ဆီးကာနေပြီဖြစ်သောကြောင်း ကံသာ ဘာဆက်လုပ်ရမှန်း မသိတော့။ ထိုအမှောင်ထဲတွင် မသေချာခြင်း၊ စိုးရိမ်သောကနှင့် ပုံသဏ္ဌာန်အတိအကျမရှိတော့သော ကြောက်မက်ဖွယ်ရာများ။

ကံသာ ငှက်ကြီးမတ်တတ်ရပ်ကာ ဟင်းရည်အိုးကို သစ်သားယောက်မကြီးနှင့် မွှေသော်လည်း ဘာကိုမှမမြင်။ လက်ကသာ ဟင်းရည်ကို မွှေနေသည် စိတ်က ဘာလုပ်နေမှန်း မသိ။ အခုတော့ လင်းထိန်နေသော အိမ်ရှေ့ကွက်လပ်ကြီးထဲမှာ သူတစ်ယောက်တည်း ကျန်ရစ်ခဲ့သည်။ ရယ်မောသံ မရှိတော့၊ ရှက်ပြုံးကလေး မရှိတော့၊ နားလည်ကျေနပ်နေသော မျက်ဝန်းကလေးမရှိတော့။ ကံသာ့ရင်ထဲမှာ ကွက်လပ်ကြီးတစ်ခု ချက်ချင်းဖြစ်လာသည်၊ ထိုကွက်လပ်ကြီးမှာ ကံသာ့စိတ်ကူးတွေကို ထည့်လိုက်တော့ ဦးတည်ရာမရှိ လွင့်ပါးကုန်ကြ၏။

"မောင်ကံသာ ကြက်သားထည့်တော့လေ၊ နှစ်နာရီကျော်နေပြီ"

"ဟုတ်၊ ဟုတ်ကဲ့အမေ"

အိမ်အဝမှ လှမ်းအော်သော ယွန်းမေမေကြောင့် ကံသာ



BURMESE CLASSIC .com

www.burmeseclassic.com


ယောက်မကို ချကာ ကြက်သားနွှင်ထားသည့်အိုးကို မကာ ကြက်သားဖက်တွေကို ခပ်ထည့်ရ၏။ အခုတော့ ယွန်းမေမေက သားဟုမခေါ်တော့။ မျက်နှာမှာ အပြုံးမရှိတော့။ ကံသာသည် သူတို့အလှူဖြစ်မြောက်အောင် ကူညီပေးသည့် ဥပသကာတစ်ဦး မဟုတ်တော့။ သူတို့အလှူကို ဖျက်ဆီးမည့်၊ သူတို့သိက္ခာကို စော်ကားမည့် မာန်နတ် ဖြစ်ကာသွား၏။

ဆီသတ်ထားသောကြက်သား ထည့်လိုက်သဖြင့် ဟင်းရည်အိုးက မွှေးကာလာ၏။ ယွန်းမေမေက အိပ်တော့မည်ပုံမပေါ်။ ယွန်းကို သူ ဘယ်လိုလုပ် တောင်းပန်ရမည်နည်း။ အလှူပြီးလျှင် ဘုရားသွားမည့် အစီအစဉ်ကို ဖျက်လိုက်ပြီဆိုလျှင် ကံသာ ဆက်မတွေးရဲတော့။ အလှူချိန် အတွင်းတွင်လည်း ဧည့်သည်များ၊ လူများရှေ့မှာ မျက်နှာချင်းပင် ဆိုင်ချိန် ရဖို့ မလွယ်။ ကံသာ အသက်ရှူကျပ်ချင်လာသည်။

''ဟဲ့ အရမ်းမွှေမနေနဲ့လေ၊ သုံးနာရီလောက်ကျရင် ဘဲဥထည့်၊ ငါးဖယ်ထည့်၊ မီးပြင်းရင် ခွဲထားပြီး ရေနွေးကို ဒန်အိုးနဲ့ထည့်ထား။ မင်း ဟင်းရည်အိုးနားမှာပဲနေစော့''

ကံသာ ဘာမှပြန်ပြောဖို့ စကားရှာမရ။ ယွန်းမေမေက လှစ်ခနဲ အိမ်ထဲပြန်ဝင်သွားသည်။ တစ်ချိန်လုံး လန်းဆန်းတက်ကြွလာသော ကံသာ့ တစ်ကိုယ်လုံး နွမ်းယဲ့အားကုန်သွားသည်။ ကောင်းကင်ပေါ်မှ လမင်းနှင့် ကြယ်တွေအားလုံးက ကံသာနှင့် ဟင်းရည်အိုးကြီးကို စိတ်မကောင်းစွာ ငေးကြည့်နေကြဟန်တူသည်။

မီးခွဲကာ ရေနွေးတစ်အိုး တည်သည်။ တစ်ယောက်တည်း ရှိနေသော သူ့အဖြစ်ကို ယွန်းသိပြီး နားလည်ခွင့်လွှတ်ပေးမှာတဲ့လား။ သက်ပြင်းချရင်း ခေါင်းကိုငုံ့ကာ ကံသာလက်ဝါးထဲ မျက်နှာထည့်ပြီး ငြိမ်နေရသည်။ ဒီကိစ္စကို သူ ဘယ်လိုရင်ဆိုင်ရမလဲ။

မီးခွဲပြီးသွားသဖြင့် ဟင်းရည်အိုးက ဖြည်းညင်းစွာ ပွက်နေ၏။ သစ်သားယောက်မကို ဟင်းရည်အိုးထဲမှထုတ်ကာ အနားတွင်ရှိသော သရက်ပင် ပင်စည်နှင့်ထောက်ကာ အိုးနှုတ်ခမ်းတွင် မှေးတင်သည်။ ဟင်းရည်အိုးအောက်မှ မီးခဲများကို ချကာ အပူငွေ့ပေးထားရုံထားပြီး


BURMESE CLASSIC .com

www.burmeseclassic.com



အနားတွင်ရှိသည့် ပက်လက်ကုလားထိုင်လေးပေါ်တွင် ခဏလှဲကာ မျက်ဝန်းများကို မှိတ်ထားလိုက်ရသည်။ နှလုံးသားထဲမှာ အားမရှိ။ တစ်ကိုယ်လုံး နုံးကာနေ၏။ မျက်စိမှိတ်လိုက်တော့ တစ်နေ့လုံး ပင်ပန်းထားသည့်အရှိန်၊ ထင်းမီးခိုးများ မျက်ဝန်းထဲ တစ်ညလုံး ဝင်လာသည့်အရှိန်တို့ကြောင့် မျက်လုံးများ လေးလံကျိန်းစပ်ကာ မျက်ရည်ပူများ မျက်ဝန်းထောင့်စွန်းသို့ စုကာလာသည်။ နှလုံးသားကို နည်းနည်းကလေး ညှစ်လိုက်လျှင် ကံသာ့မျက်ဝန်းမှ မျက်ရည်ကျလာတော့မည်။

နံနက်သုံးနာရီကျော် လေအေးကလေးက ဖြည်းဖြည်း တိုက်ခိုက်ပေးနေသဖြင့် ခန္ဓာကိုယ်၏ ပင်ပန်းနွမ်းနယ်မှုကို အချစ်ဖြင့် ခုခံထားသော ကံသာ့တစ်ကိုယ်လုံး တောင့်မထားနိုင်တော့ဘဲ အမှောင်ထဲ ပြုတ်ကျသွား၏။

✿✿✿

"အစ်ကိုရေ၊ အစ်ကို ခေါက်ဆွဲလာပို့တယ်ဗျို့၊ ခေါက်ဆွဲ"

အော်သံနှင့် စက်ဘီးဘဲလ်သံစူးစူးကြောင့် ကံသာ လန့်နိုးသည်။ အလှူ၊ ဟင်းရည်အိုး၊ ယွန်းနှင့် ယွန်းမေမေ သူတို့အထင်လွဲသောကိစ္စများ ခေါက်ဆွဲဖတ် စသည်တို့သည် အိပ်စက်ခြင်းထဲတွင် တိုးဝင်နေသော ကံသာ့ထံ အလုအယက် ပြေးဝင်လာကြ၏။ လက်တစ်ဖျစ်အတွင်း ကုဋေတစ်သန်းခန့် ချုပ်ပျက်နိုင်သော အသိစိတ်များက အားလုံးကို လက်ခံကာ အသက်ရှင်မှုနှင့် တွဲစပ်ပေးလိုက်သဖြင့် ထိုပြင်းထန်မှု ကံသာ ရုတ်တရက် မခံနိုင်ဘဲ ခေါင်းကို ခါလိုက်ရသည်။

"ခေါက်ဆွဲလာပို့တာ အစ်ကို၊ ခေါက်ဆွဲ"

"ခေါက်ဆွဲ လာပြီ လာပြီ"

ခေါက်ဆွဲတောင်းကို ကံသာ လာပို့သူနှင့် ထမ်းကာ အိမ်ထဲသို့ ပို့ရသည်။ ယွန်းတို့လည်းနိုးလာပြီး အိပ်ရေးမဝသော မျက်နှာများဖြင့် ခေါက်ဆွဲဖြန့်ရန် စီစဉ်ကြသည်။ ကံသာလှမ်းကြည့်တော့ ယွန်းမျက်နှာက



BURMESE CLASSIC .com

www.burmeseclassic.com


မကောင်း။ ဒေါသ၊ မကျေနပ်ခြင်း၊ ရှက်ခြင်းတို့ အချိုးအစားမျှတစွာ ရောထားသည်။ ခပ်မဲ့မဲ့ ခပ်တန်းတန်း ခပ်တည်တည်မျက်ဝန်းများကို တွေ့ရသည်။

"ခေါက်ဆွဲကို ဆီနဲ့ကိုင်၊ တစ်ပွဲစာ ကပ်ကြေးနဲ့ဖြတ်ထားကြ။ အမျှင်တွေမရှည်စေနဲ့၊ ရှောက်သီးတို့ မုန်ညှင်းချဉ်တို့ ကြက်သွန်တို့ ဝိုင်းပေါ် ချထား၊ ကံသာ ဟင်းရည်အိုး မီးပြန်ထိုးပြီး ဖြည်းဖြည်းမွှေပေးထား"

ယွန်းမေမေ၏ လေသံမာမာကြောင့် ကံသာ အိမ်ရှေ့သို့ ပြန်ထွက်ရသည်။ စောသွဲ့နှင့် အေးအေးမြိုင်တို့လည်း ယွန်းကတစ်ဆင့် သိပြီးကြပုံ ပေါ်သည်။ မျက်နှာသိပ်မကောင်းကြ။ မြန်မြန်မိုးလင်းပြီး အလှူအတွက် လူတွေ ရောက်လာပါတော့ဟု ကံသာ ကြိတ်ဆုတောင်းရသည်။ ကောင်းကင်သို့မော့ကြည့်တော့ အပြာရင့်ရင့်ကောင်းကင်သည် လင်း၍ လင်း၍ လာနေသည်။

သရက်ပင်တွင် ထောက်ကာ အိုးနှုတ်ခမ်းထဲ အဖုံးခပ်ဟဟဖြစ်အောင် စိုက်ထားခဲ့သည့် ယောက်မကို နှုတ်က အိုးအဖုံးကို လှန်ပြီး ကြက်သားဖတ်၊ ဘဲဥဖတ်တွေနှင့် ငြိမ်ကာနေသော ဟင်းရည်အိုးကို ဖြည်းညင်းစွာ မွှေရသည်။

ကံသာမွှေလိုက်သော ယောက်မအရှိန်ကြောင့် ငြိမ်ရပ်နေသော ကြက်သားဖတ်များ ဖျတ်ခနဲ ရွေ့ရှားသွားသည့်အခါ...

ကံသာ့တစ်ကိုယ်လုံး တုန်ယင်ကာသွား၏။ အသိတရားတစ်ခုလုံး လွင့်ထွက်ကာ အကြီးအကျယ် တုန်လှုပ်သွားရသည်။ အုန်းဆီတက်ကာ အဝါရောင်ဥလာသော ဟင်းရည်များထဲမှ ဖျတ်ခနဲပေါ်လာသော မဲမဲအတုံးကြီးသည် ကံသာမွှေလိုက်သည့်အရှိန်ဖြင့် ငြိမ့်ခနဲပေါ်လာကာ ဟင်းရည်အိုးထဲတွင် ဖြည်းညင်းစွာ ရွေ့လျားနေ၏။

"ကြွက်"

တုန်ယင်ကြောက်လန့်စွာ ကံသာအော်လိုက်သည်။

"အားလုံးထည့်ပြီးပြီ မဟုတ်လား၊ အပေါ့အငန် မြည်းရအောင်။ မွှေပေးလေ၊ မင်းက မီးနည်းနည်းထပ်ထိုးလိုက်၊ ပျစ်မယ်ထင်ရင် ရေနွေး


BURMESE CLASSIC .com

www.burmeseclassic.com

ရောရမှာပဲ၊ ဟင်းရည်ကတော့ ဆရာတော့်အကြိုက်ဆုံးကို ဖြစ်စေရမယ်''

ယွန်းမေမေက ပြောရင်း နံဘေးမှ ယောက်ချိုကို ယူကာ ဟင်းရည်ကို နည်းနည်းခပ်၏။

''အ…မေ''

''ဘာလဲ၊ မွှေမွှေ မီးထိုးပြီး အိုးကပ်မှာ စိုးရိမ်ရတယ်။ ခပ်နာနာ မွှေပေး''

ယွန်းမေမေက ယောက်ချိုထဲမှ ဟင်းရည်ကို တဖူးဖူးမှုတ်ရင်း ကံသာ့ကို အော်သည်။ ကံသာ ယောင်ပြီး မွှေလိုက်သော ကြွက်သေက ကုန်းကုန်းကုန်းကုန်းနှင့် ပေါ်လာသဖြင့် ကံသာ လန့်ဖြန့်ကာ ယောက်မနှင့် အသာထိုးထည့်လိုက်ရသည်။ ဟင်းရည်ထဲကို ငြိမ့်ခနဲ ပြန်လည်နစ်မြုပ်သွားသော ကြွက်၏ ဖျတ်ခနဲပေါ်လာသော အမြီးကို တွေ့လိုက်ရသည့်အခါ ကံသာရင်ထဲမှ ဒေါသသည် ဝုန်းခနဲ ကန်ထွက်သွား၏။

''တောက်၊ ခွေးမသား''

ကြွက်အမြီး လက်နှစ်လုံးပဲရှိသည်။ သူ့အိမ်ကကြွက်၊ သူ့ကို တစ်သက်လုံး ဒုက္ခပေးခဲ့သည့်ကြွက်၊ သူ့ကြောင့် မီးလောင်ပြီး သေပြီဆိုသည့်ကြွက်၊ ဒီကြွက်က ဘယ်လိုလုပ်မသေဘဲ ဒီဟင်းရည်အိုးထဲ ရောက်နေရသနည်း။

''မင်း ဘာပြောတာလဲကံသာ၊ ဘာကို တောက်ခတ်တာလဲ''

''ဟာ မဟုတ်ဘူးအမေ၊ ဟိုဟို ဘာမှ မဟုတ်ပါဘူး၊ မီးခဲ တက်နင်းမိလို့ ပူသွားလို့ ဘာမှ မဟုတ်ပါဘူး''

ယွန်းမေမေက မျက်စောင်းကို ထိုးသည်။ ယွန်းမေမေ စိတ်ထဲမှာတော့ သူ့မျက်နှာ တင်းလိုက်တာ၊ အမူအရာ ပြောင်းလိုက်တာကို ကံသာမကျေနပ်၍ ပြောသည်ဟု ထင်သွားပုံရသည်။

''မင်းကို မွှေပါလို့ပြောနေတယ်၊ ဒီမှာ ဟင်းရည်မြည်းတာ ဘာလိုမှန်း မသိဘူး၊ အောက်နဲ့အပေါ် မျှပြီး သမအောင်မွှေ၊ အပေါ်ရည်ကြည်မြည်းပြီး အပေါ့အငန် သိရတာ မဟုတ်ဘူး၊ မွှေ မွှေ နာနာမွှေနာ ဟင် ဟိုဟာ ဘာကြီးလဲ၊ ဘာကြီးလဲ ရပ်စမ်း ရပ်''


BURMESE CLASSIC .com

www.burmeseclassic.com


အပူရှိန်၏ တွန်းကန်ပွတ်အားကြောင့် ဟင်းရည်အိုးပေါ်သို့ ဘွားခနဲတက်လာသော ကြွက်ကို ယွန်းမေမေ တွေ့သွားပြီဖြစ်၏။

''ဘာ ဘာမှ မဟုတ်ဘူး အန်တီ၊ ဘာမှ...''

''ဘာဖြစ်လို့ မဟုတ်ရမှာလဲ၊ ဘာလဲ မသိဘူး ပေးစမ်း ယောက်မ''

ယွန်းမေမေက ဘာမှန်းမသဲကွဲဘဲ ယောက်မကို ယူမွှေသည့်အခါ ကိုယ်ရွှေ့ကြွက်ခန္ဓာကိုယ်က ကံသာ့ခေါင်းကို အမြှောက်နှင့် ထုပစ်လိုက်သလို ဝုန်းခနဲ ပေါ်ကာလာ၏။

''အမယ်လေး ကြွက်၊ ကြွက် ကြွက်ကြီး''

အော်သံနှင့်အတူ ယွန်းမေမေလက်ထဲမှ ယောက်မကြီး လွတ်ကျသွား၏။ ခန္ဓာကိုယ် အရေ့ကိုတိုးကာ၊ မျက်လုံးများပြူးကျယ်ကာ ဟင်းရည်အိုးထဲမှ ဘောလောပေါ်နေသော ကြွက်ကို အံ့သြကြောက်လန့်စွာ လက်ညှိုးထိုးရင်း...

''ကြွက် ကြွက် ကြွက်ကြီး ဟင်းရည်အိုးထဲမှာ ကြွက်ကြီး''

အရုဏ်ဦး၏ တိတ်ဆိတ်မှုထဲမှာ စူးဝါးစွာပေါ်လာသောအသံကြောင့် ယွန်းတို့ လန့်ဖျပ်ကာ ပြေးထွက်လာကြ၏။

''မေမေ ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲဟင် ကိုကံသာ''

''အမယ်လေး၊ အမယ်လေး ဘာဖြစ်ရမလဲ၊ ငါ့အလှူတော့ ပျက်ပါပြီ ကြွက်... ကြွက် ဟင်းရည်အိုးထဲမှာ ဝင်သေနေတာ ကောင်းကြသေးရဲ့လား၊ ကောင်းကြသေးရဲ့လား''

''ဟာ... အမေ မအော်နဲ့၊ မအော်ပါနဲ့''

''ဘာမအော်နဲ့လဲ၊ ဟင်းရည်အိုးထဲမှာ ကြွက်၊ မင်း ဘာလုပ်နေသလဲ''

ယွန်းမေမေက ကံသာ့ကို လက်ညှိုးထိုးကာ ခါးကို ကုန်း၍ အော်သည်။ ယွန်းတို့အားလုံး ထိတ်လန့်စွာ ဟင်းရည်အိုးထဲသို့ ကြည့်လိုက်သောအခါ ကံသာရှို့ထားသော မီးလောင်ဒဏ်ရာကြောင့် အရေပြားတွေ စုတ်ပြတ်ပြဲလန်ကာ ကုန်းကုန်းကြီး ဘောလောပေါ်နေသော ကံသာ့


BURMESE CLASSIC .com

www.burmeseclassic.com


ရန်သူတော်ကြွက်ကို တွေ့ရလေသည်။

"ဟာ… အမယ်လေး ကြွက်ကြီး"

"ဟယ်… ဒုက္ခပဲ၊ ဘယ်လိုလုပ်ကြမလဲ"

"မဟုတ်ဘူး၊ ကျွန်တော်လည်း မသိဘူး ယွန်း၊ ဒီခွေးမသား ကြွက် ဘယ်တုန်းက တောက်၊ ကိစ္စမရှိဘူး"

"ဟဲ့ ကြွက်တစ်ကောင်လုံး ဟင်းရည်အိုးထဲ ဝင်နေတာ ကိစ္စ မရှိရမလား၊ ကြွက်က ကြွက်က ဟင်းအိုးထဲမှာ"

"ဟာ…မအော်နဲ့လေ အမေ၊ ကျွန်တော်…"

"ကံသာရယ် နင်တစ်ယောက်လုံး ရှိရဲ့သားနဲ့ ဒီကြွက်က ဒုက္ခ ပါပဲ၊ ဘယ်လိုလုပ်ကြမလဲ"

ငါးယောက်စလုံး ဟင်းရည်အိုးနားမှာ ခုန်ဆွခုန်ဆွလုပ်ရင်း ဘာလုပ်ရမှန်းမသိ ဖြစ်နေကြသည်။ ယွန်းနှင့် သူ့မေမေမျက်နှာတွင် ဒေါသက ထင်းထင်းကြီးရှိနေပြီး စောသွဲ့နှင့် အေးအေးမြိုင်တို့ အိပ်ချင် မှုးတူးမျက်လုံးများလည်း ပြူးကျယ်ကာ စိတ်ရှုတ်ထွေးနေကြ၏။ အာရုံဦး လေပြေအေးအေးမှာပင် ကံသာ ချွေးစို့ကာလာ၏။ နဂိုကတတည်းက မကြည်လင်သောအမြင်ကြောင့် ဟင်းရည်အိုးထဲမှ ကြွက်၏ပြုံးသနာသည် ကံသာ့အပေါ် လုံးလုံးပိကျလာ၏။

"ကဲ ကိုကံသာ၊ ရှင် ကျွတ်… ဘာလုပ်မလဲ၊ ကဲ"

"ယွန်း ကျွန်တော်"

ကံသာ ဘာစကားမှ မပြောနိုင်။ ဟင်းရည်အိုးထဲမှ ပက်လက် လန်ပြီးသေနေသောကြွက်ကို လှမ်းကြည့်တော့ အပူဒဏ်ကြောင့် မဆန့် မငင်သေရသော်လည်း ပွင့်ဟနေသည့် ကြွက်၏ပါးစပ်က… "ဟော့ကောင် မှတ်ပြီလား၊ ငါ့ကို သေစေချင်တဲ့ကောင် မှတ်ပြီလား"ဟု ကံသာ့ကို ပြောနေသလိုထင်ရ၏။

တစ်လောကလုံး သေစရာရှားလို့ ချစ်သူ၏ အလှူဟင်းရည် အိုးထဲမှာမှ လာသေရမလား။

"ကိစ္စ၊ ကိစ္စမရှိဘူးဆိုတာ ဒီ ဒီလိုပါ။ ဘယ်သူမှ သိတာမှ



BURMESE CLASSIC .com

မဟုတ်ဘဲ၊ ဒီ ဒီကြွက်ကို ဒီကောင့်ကို လွှင့်ပစ်လိုက်ရင်''

''ဟင်…ကံသာ ဒါ အလှူပဲ့အလှူ။ ဒီကြွက်သေထားတဲ့ ဟင်းရည်တွေကို ဆရာတော်ကို ကပ်ရမလား၊ ငါ့စေတနာ ငါ့သဒ္ဓါ ဘယ်လို သန့်စင်တော့မှာလဲ၊ မင်း ဗုဒ္ဓဘာသာ မဟုတ်ဘူးလား၊ သိထားရက်နဲ့ ဒီဟင်းရည်နဲ့ ဆရာတော်တွေ ဘုန်းပေးတာကို ငါက ကြည့်နေရမှာလားဟဲ့၊ နင် စဉ်းစားဦး''

''ဟုတ်တယ် အမေ၊ မဟုတ်ဘူး၊ ကျွန်တော်ဆိုလိုတာက''

''ဘယ်လိုစီစဉ်တော့မလဲ၊ ဒီကြွက်က တောက်''

အမှောင်တွင် လေးပေမီးချောင်းရောင်သာ လင်းထိန်နေရာမှ အာရုဏ်အလင်းနု ဝင်လာသဖြင့် မီးချောင်းရောင် မှိန်သွားပြီး ခြံစည်းရိုးတွေကို မြင်နေရပြီဖြစ်၏။ ဆရာတော် မကြာခင် ကြွတော့မည်။ အမှောင်ထဲတွင် တိုးဝင်နေသော သစ်ပင်များ၊ အရာဝတ္ထုများ တစ်စစ သူတို့ ပုံပန်းသဏ္ဌာန်ကို ပြန်ယူနေကြပြီး အာရုဏ်တက် ငှက်သံ တကျွိကျွိ တကျွတ်ကျွတ် ညံနေပြီဖြစ်သည်။

''ကဲ အမေ အော်မနေနဲ့၊ စောသွဲ့ မေမေ့ကို အိမ်ပေါ်ခေါ်သွား၊ ကိုကံသာ''

''ယွန်း''

ကံသာနှင့် ယွန်း မျက်နှာချင်းဆိုင်မိကြသည်။ ယွန်းမေမေကို စောသွဲ့နှင့် အေးအေးမြိုင်က ဆွဲခေါ်သွားကြ၏။ ယွန်းမျက်နှာတွင် ဒေါသနှင့် မုန်းတီးမှုပါးပါးကို ကံသာ အာရုဏ်နုနှင့် မှိန်ဖျော့သော မီးချောင်းရောင်အောက်မှာ ဝမ်းနည်းဖွယ်ရာ တွေ့နေရ၏။

''ကျွန်တော် ခဏလေး မေးနေတုန်း ဒီခွေးမသားကြွက်က''

''ကိုကံသာ''

မုန်းတီးမှုနှင့် ဘာလုပ်ရမှန်း မသိတော့။ အာရုဏ်နုမှာ ပြင်းထန်စွာ တွေ့ဆုံကြသည်။

''ဘုန်းကြီးတွေ ကြွလာတော့မှာ၊ လူတွေ လာကြတော့မှာ၊ ဒီကြွက်နဲ့ ဘယ်လိုလုပ်ကြမလဲ၊ မေမေကတော့ ဘယ်လိုမှ ရမှာမဟုတ်



BURMESE CLASSIC .com

www.burmeseclassic.com



ဘူး၊ ရှင်ဟာလေ…''

ကံသာ့ထံမှ ဘာစကားသံ ထွက်မလာ။ ကံသာမှမဟုတ် ကမ္ဘာပေါ်ရှိ လူဦးရေ သန်း (၆၀၀၀)ထဲက ဘယ်သူပဲဖြစ်ဖြစ် ချစ်သူ ရှေ့တွင် ဒီလိုကျူးလွန်မိသော အပြစ်အတွက် ဘာစကားသံမှ ထွက်နိုင်မည် မထင်။ အာရုဏ်တက်က ကံသာ့ကို မညှာမတာ လင်း၍လင်း၍သာ လာနေသည်။

ကံသာ ဟင်းရည်အိုးထဲမှ ကြွက်ကို မုန်းတီးစွာ စိုက်ကြည့်ရင်း ယောက်ချိုကို ကောက်ကိုင်ကာ ခပ်ပြီး လွှင့်ပစ်လိုက်၏။

ကံသာ၏ ဒေါသအရှိန်ဖြင့် အားကုန်လွှဲပစ်ခြင်းခံရသော ကံသာ့ ရန်သူတော် ကြွက်သေက ရှေ့တံခါးဝ ပုဏ္ဏားရိပ်ပင်များကြားထဲသို့ လွင့်ကျသွားသည်ကို ကံသာနှင့်ယွန်းတို့ လိုက်မကြည့် တံခါးဝမှ ကိုမြင့်ဆွေ ဦးဆောင်သော ဘုန်းကြီးများ ဝင်လာလေသည်။

''ဟာ ဒုက္ခပဲ ဆရာတော်ကြွလာပြီ''

ထိတ်လန့်တုန်ယင်သော ယွန်းဝသုန် အသံနှင့်အတူ ကံသာ့ တစ်ကိုယ်လုံးလည်း မြေကြီးထဲ ထိုးကျသွားသလို ခံစားလိုက်ရ၏။ ဆရာတော်ကြွလာပြီ၊ ကိုယ်ရုံကို သေသပ်စွာဝတ်ရုံထားသော ဆရာတော် နှင့် ဘုန်းကြီးလေးပါးသည် စက္ခုက္ကန္ဒြေကိုချကာ ခပ်မှန်မှန် ဝင်လာသဖြင့် ကံသာလွှင့်ပစ်လိုက်သော ကြွက်သေကို မတွေ့ကြ။ ဘုန်းကြီးငါးပါးနောက် တွင် ဦးမြင့်ဆွေခေါ်လာသော ရပ်ကွက်အတွင်းမှ ကံသာ တစ်ခါမှ မမြင်ဘူးသည့် ဥက္ကဋ္ဌနှင့် တရားနာမည့်လူ ရှစ်ဦး ကိုးဦးတို့ လိုက်ပါလာ ကြ၏။

ဆရာတော်က စက္ခုက္ကန္ဒြေကိုချရင်း သူကြိုက်နှစ်သက်လှသော ပွက်ပွက်ဆူနေသည့် အုန်းနို့ခေါက်ဆွဲဟင်းရည်အိုး နံဘေးမှ ကြွကာသွား၏။ ဟင်းရည်အနံ့က အာရုဏ်ဦးမှာ မွှေး၍နေသည်။ ဟင်းရည်၏အနံ့ကို ရသည့်အခါ ပွက်ပွက်ဆူနေသော ဟင်းရည်အိုးကို လှည့်မကြည့်ဘဲ မနေနိုင်ကြ။

''ကဲ ဘယ်လိုလုပ်ကြမလဲ ကိုကံသာ''



BURMESE CLASSIC .com

www.burmeseclassic.com



''ယွန်း ဘုန်းကြီးတွေကို ထိန်းထားလိုက်၊ ဆွမ်း အရင်မကပ်နဲ့၊ တရားအရင်ဟောလို့ လျှောက်ထား။ ကျွန်တော် အပြင်ထွက်ပြီး အုန်းနို့ခေါက်ဆွဲ ဝယ်မယ်''

ကံသာ ဆုံးဖြတ်ချက်ကိုချကာ အိမ်ပေါ် ကမန်းကတမ်း တက်ရ၏။ ဆရာတော်များရှေ့ တင်ပလ္လင်ဖွဲ့ထိုင်ပြီးသောအခါ ယွန်းမေမေ၏ မျက်နှာမှာ ငိုရတော့မလို ဖြစ်ကာနေသည်။ ကံသာ ခါးကို ကုန်းရင်း ရှေ့တိုးကာ ယွန်းမေမေကို အစီအစဉ် ပြောရ၏။

ဘုရားစင်ရှေ့တွင် ပြင်ထားသော ခေါက်ဆွဲပန်းကန်များကို တွေ့ရသည်။

''အေး…ခေါက်ဆွဲဖတ်မလိုဘူး၊ ဟင်းရည် ရသလောက် အိုးတစ်အိုးလုံးသာ ဝယ်ခဲ့''

တရားယူကာ သီလဆောက်တည်မည့် ဧည့်သည်များမှလွဲ၍ ကံသာတို့ အလုပ်ရှုပ်ကုန်၏။ လာကြသော ပရိသတ်က ဘာမှန်းမသိသည်ကတစ်ကြောင်း၊ ယွန်းတို့နှင့် မရင်းနှီးသောကြောင့်တစ်ကြောင်း၊ ကံသာတို့ပြောသမျှ ဘာမှနားမလည်နိုင်စွာ လှမ်းကြည့်နေရုံမှလွဲ၍ တစ်စုံတစ်ရာ ဝင်မပြောကြ။

ဘုန်းကြီးများနှင့် ပရိသတ်ကြားတွင် ပြင်ဆင်ထားသော စားပွဲနားကို မည်သူမျှ မကပ်ကြ။ ခေါက်ဆွဲများထည့်ထားသော ပန်းကန် ငါးချပ်၊ မုန့်ကြွပ်၊ ရှောက်သီး၊ ငရုပ်သီးမှုန့်၊ ဘဲဥပန်းကန်နှင့် ဟင်းရည် မထည့်ရသေးသော အလယ်တစ်ခွက်တို့ဖြင့် အဆင်သင့်ရှိနေသော စားပွဲမှာ ကြောက်စရာကြီးဖြစ်နေ၏။

''ကဲ…ကပ်ကပ် ကိုယ်တော်တို့ ကြွကြွ''

မည်သူမှ မပြောရသေးမီ ဆရာတော်က ထိုင်ရာမှ ထပြန်ပြင်သည်၊ ကျန်ကိုယ်တော်များက ဝတ်ရုံကိုပင့်ကာ ယပ်တောင်ကို ချကြ၏။ ယွန်းမေမေက ခန္ဓာကိုယ်ကို ရှေ့သို့လှဲချကာ ဆရာတော်ထံ လက်အုပ်နှင့် ပေါက်ချရှိခိုးရင်း…

''ဆရာတော်ဘုရား တပည့်တော်မကို တရား အရင်ချီးမြှင့်တော်



BURMESE CLASSIC .com

www.burmeseclassic.com



မှုပါ''

''ဟော''

ထရန်ရွယ်ထားသော ဆရာတော်က ခန္ဓာကိုယ် မဆန့်ရသေးမီ စကားကဦးသဖြင့် ဆရာတော်က မျက်မှောင်ကျုံ့ကာ ပြန်မထိုင်သေးဘဲ ယွန်းမေမေကို ကြည့်၏။ ကျန်ကိုယ်တော်များလည်း ကိုယ်ရှိန်ကို သတ်ကြရသည်။

''တရား''

တိတ်ဆိတ်မှုသည် ကြောက်စရာကောင်းသွား၏။

ဘာမှမသိသူတို့အတွက် ဘာမှ မဟုတ်သော်လည်း ကံသာ့အဖို့တော့ ထိုစက္ကန့်သည် Pin (ပင်)ဖြုတ်ပြီးသွားသော လက်ပစ်ဗုံး တစ်လုံးကို စောင့်ရသလို ဖြစ်နေသည်။ ပေါက်ကွဲသွားမှာလား။

''တရား… အိမ်းအိမ်း ဒကာမအလိုရှိတဲ့အတိုင်း ပြည့်စုံစေ၊ ကဲ…ကိုယ်တော်တို့ တရား အရင်ချီးမြှင့်ကြပါတော့။ ဘာဆွမ်းလဲ ဒကာမကြီး''

''သဒ္ဓါဆွမ်းပါဘုရား''

''အေးအေး၊ ကျုပ်တို့မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးက ပါရမီဆယ်ပါးထဲမှာ ဘယ်ပါရမီကို အရင်ဆုံး ထားခဲ့သလဲ''

''ဒါနပါဘုရား''

''မှန်တယ်ဒကာမကြီး၊ ဒါနဟာ ပြုရအလွယ်ဆုံး ကုသိုလ်အကြောင်းတရားမို့ ဒါနတရားကို ရှေ့ဆုံးကတင်တယ်၊ ကဲ ဒကာမကြီး မိမိတက်စွမ်းသရွေ့ လှူဒါန်းရခြင်းနဲ့ မိမိရဲ့ သီလကို ဆောက်တည်ခြင်း ဘယ်တရားက ပိုပြီး သာမန်ပုထုဇဉ်တွေအတွက် လွယ်ကူသလဲ''

''လှူဒါန်းရခြင်းပါ ဘုရား''

''ဟုတ်တယ်၊ လှူဒါန်းတဲ့အခါမှာ စေတနာသုံးတန်ဖြစ်တဲ့ ပုပ္ဗ ပရစေတနာတွေကို ဖြတ်သန်းရတယ်၊ မလှူခင်၊ လှူနေဆဲ၊ လှူပြီးမှ ရရှိတဲ့ စေတနာသုံးတန်ကြောင့် စိတ်မှာ ငြိမ်းချမ်းခြင်းဆိုတဲ့…''

ဆရာတော် တရားမိန့်တုန်း ကံသာ ရှေ့သို့ထွက်ရသည်။



BURMESE CLASSIC .com

www.burmeseclassic.com



"ကဲ ယွန်းနဲ့ စောသွဲ့က ဒီဘက်ထွက်၊ ကျွန်တော်က ဒီဘက်သွားမယ်၊ တွေ့တဲ့ဆိုင်မှာ အုန်းနို့ဟင်းရည် ရသရွေ့ဝယ်ခဲ့ကြ၊ ရတာနဲ့ ပြန်လာ ဟုတ်ပြီလား"

"ဟဲ့ ကံသာ ဒီအချိန်ဆို ဆိုင်တွေထွက်ပါ့မလား"

စောသွဲ့က လင်းကာစကောင်းကင်ကို လက်ညှိုးထိုးကာ ပြော၏။

"ဟာ မုန့်ဟင်းခါ၊ အုန်းနို့ခေါက်ဆွဲဆိုတာ စောစောရှိပါတယ်ဟ ရှိတယ်၊ လမ်းမကိုသာလျှောက်"

ယွန်းတို့ကို စတီးကျိုင့်ပေးပြီး ကံသာ ဟင်းရည်လိုက်သည့် 'မြရတနာ' ဟူသော စာတမ်းပါသည့် အဝါချိုင့်ကြီးကိုဆွဲကာ ထွက်ရသည်။ ဆရာတော်တရား ပေရှည်ပါစေ ဆုတောင်းရသေး၏။ တရားမဆုံးခင် အမီရောက်မှကို ဖြစ်မည်။

နံနက် ဝေလီဝေလင်း လမ်းထိပ်မှာ ဘယ်သူမှ မရှိဘဲ ရှင်းကာ နေ၏။ ကံသာတို့လမ်းထိပ်မှာ မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲဆိုင်က မရှိ၊ လမ်းတစ်လျှောက် ဘယ်နေရာမှာ ကျိန်းသေရှိမည်ဆိုတာကိုလည်း ကံသာ မသိ။ ဒီအတိုင်း လမ်းလျှောက်ရှာနေလို့ကတော့ ဆရာတော် တရားပေးချိန်မှာ တိုလျှင် မီဖို့မလွယ်။ ယွန်းတို့ကထားလိုက်တော့ ကံသာ့ ကျိုင့်ထဲမှာ အုန်းနို့ခေါက်ဆွဲရည် ပါမှကို ဖြစ်မည်။

ကံသာ လမ်းထိပ်မှ သူထိုင်နေကျ အိုင်ဒီယာကဖေးသို့ ကမန်းကတမ်းဝင်ရ၏။

"ကိုဗလ ကျွန်တော့်ကို စက်ဘီး ခဏလောက်ငှားပါဗျာ၊ အရေးကြီးနေလို့"

"စက်ဘီး"

ကံသာ ဇာတ်လမ်းကို ခပ်တိုတိုရှင်းပြရ၏။ နံပြားလုံးနေရင်း ဗလက မျက်မှောင်ကျုံ့ကာ စဉ်းစားသည်။ ရင်းနှီးသည်ဆိုသော်လည်း ပစ္စည်းငှားရလောက်အောင် မပတ်သက်ဘူးသဖြင့် ဗလက နှုတ်ဆွံ့ကာ နေ၏။

"စိတ်ချပါဗျာ၊ ကျွန်တော် သိပ်အရေးကြီးနေလို့ပါ၊ ဟင်းရည်



BURMESE CLASSIC .com

www.burmeseclassic.com



ရပြီဆိုတာနဲ့ ချက်ချင်း လာပေးပါ့မယ်။ ဆရာတော်က တရားဟောနေပြီဗျ''

''မင်းကြွက်ကလည်းကွာ၊ ငါ့မိန်းမက ပစ္စည်းငှားတာ မကြိုက်ဘူးကွ၊ ခဏနေဦး ငါပြောကြည့်ဦးမယ်''

ဗလက အိမ်ထဲဝင်ကာသွား၏။ ကံသာ့စိတ်က ကားလမ်းတစ်လျှောက် ပြေးလွှားနေကာ တွေ့သည့်ဆိုင်တွေမှာ ဟင်းရည်ဝယ်နေပြီ။ ဗလက တော်တော်နှင့်ထွက်မလာ။ မိုးက တစ်စစ လင်းကာလင်းကာ လာနေပြီ။ လူတွေ ဟိုမှဒီမှ ထွက်စပြုနေပြီ။ ကံသာ စိတ်ကို ထိန်းမထားနိုင်တော့။ ဆိုင်ရှေ့ ထောင်ထားသော စက်ဘီးနားသွားရပ်ကာ လက်ကိုင်တန်းမှာ ဟင်းရည်ကျိုင့်ကို ချိတ်ထားလိုက်သည်။ ဗလထွက်လာသည်နှင့် ကောက်စီးသွားရုံ ပြင်ထားရသည်။ သို့သော် အိမ်ခန်းထဲဝင်သွားသည့် ဗလအရိပ်ကိုပင် မမြင်ရ။ ထိုစဉ် ရပ်ကွက်ထဲမှ အလှူသွားမည့်လူတစ်ယောက်က ကံသာ့ကို နှုတ်ဆက်၏။

''ဟာ…ကံသာ အလှူဆို၊ မင်းက ဘာလုပ်နေတာလဲ၊ ဆရာတော်ရော ကြွပြီလား''

''ကြွ ကြွပြီ ဒီမှာ ကိစ္စရှိလို့''

ဗလ အိမ်ထဲမှ ပြန်ထွက်မလာသေး။

ကံသာ့စိတ်ထဲမှာ ယင်ကောင်တစ်သန်းလောက် ဟိုဒီပျံနေကာ ပုရွက်ဆိတ် သုံးသန်းလောက် တရွရွတက်လာနေသည်။ မထူးတော့ပြီ။

ကံသာ စက်ဘီးကို ကောက်နင်းကာ ထွက်လာခဲ့သည်။ နောက်ကိစ္စ နောက်မှ ရှင်းတော့မည်။

ကံသာ့စက်ဘီးသည် စိတ်အလျင်ထက် နောက်ကျစွာ လမ်းမပေါ်မှာ ပြေးနေ၏။ ကားလမ်းမက ရှင်းနေ၍ ကံသာ စက်ဘီးကို တအားနင်းလာလို့ရသည်။ အိမ်တွေ တံခါးပိတ်လျက်၊ အိမ်ရှေ့မှာ မီးလုံးတွေဖွင့်လျက် ဘယ်ဆိုင်ကိုမှ ကံသာ မတွေ့သေး။

✿✿✿



BURMESE CLASSIC .com

www.burmeseclassic.com

(ကိုး)

ဆရာတော်က သဒ္ဓါတရားအကြောင်း တရားဟောပြီး ဒေါ်လှသုန်ကို ကြည့်သည်။ ဆရာတော့်မျက်နှာကို မကြည့်ရဲသဖြင့် လက်အုပ်ချီကာ မျက်လုံးများကို မှိတ်ထားသော ဒေါ်လှသုန်သည် ဒေါသ၊ စိုးရိမ်စိတ်တို့ဖြင့် စိတ်လှုပ်ရှားနေသည့်တိုင်အောင် မနေ့က တစ်နေ့ကုန် အလှူကိစ္စ စီစဉ်လုပ်ကိုင်ရခြင်း၊ ညရောက်ပြန်တော့လည်း တစ်အိမ်တည်းရှိသည့် ကံသာနှင့် သမီးကို စိတ်မချဖြစ်ကာ မအိပ်ရခြင်းတို့ကြောင့် ဆရာတော်ကို လက်အုပ်ဖြင့်ချိန်ထားရင်း မှိတ်ထားသောမျက်ဝန်းနောက်မှ အမှောင်ထုအောက်သို့ ပြုတ်ကျသွားသည်။ အနည်းငယ် ယိမ်းယိုင်သွားသော ဒေါ်လှသုန်၏ခန္ဓာကိုယ်ကို အေးအေးမြိုင်က အသာဖေးမပေးထား၏။ ဆရာတော်တရားဟောပြီးသွားသဖြင့် ဒေါ်လှသုန်ကို ကြည့်ရင်း အိမ်တက်ဆွမ်းဖြစ်သဖြင့် ပရိတ်တရားချီးမြှင့်ရန် စဉ်းစားသည်။ ရိုသေစွာ လက်အုပ်ချီရင်း မျက်စိမှိတ်ထားသော ဒကာမကို သတိပေးဖို့ ခေါ်ရသည်။

"ကိုင်း ဒကာမကြီး"

ဆရာတော်ခေါ်သဖြင့် အေးအေးမြိုင်က ဒေါ်လှသုန်ကို လက်တို့ရ၏။ လက်အုပ်သာ ပြုတ်ကျသွား၏။ ဆရာတော်က မျက်မှောင်ကိုကျုံ့သည်။ ဒုတိယအကြိမ် ထပ်ခေါ်၏။ လူများက ဒေါ်လှသုန်ကို ဝိုင်းကြည့်ကြသည်။

"ကိုင်း အဟမ်း... ဒကာမကြီး"

BURMESE CLASSIC .com

www.burmeseclassic.com



ဆရာတော်၏ ဒုတိယအသံကျယ်ကျယ်နှင့် အေးအေးမြိုင်၏ စိုးရိမ်တကြီး နောက်မှ သတိပေးခေါ်သံတို့ကြောင့် ဒေါ်လှသုန် လန့်ဖြန့်ကာ နိုးလာသည်။

''အန်တီ...အန်တီ...ဟိုမှာ''

ဆရာတော်၏ ကြည့်နေသောမျက်လုံး၊ လူတွေအားလုံး၏ အကြည့်တို့ကြောင့် ဆရာတော် တရားဟောပြီးလျှင် ဘာကပ်ရမလဲ၊ ကံသာတို့ ရောက်မလာလျှင် သူ့အလှူ ဘယ်လိုဖြစ်ကုန်မလဲဆိုသည့် စိုးရိမ်စိတ်တို့ဖြင့်လည်းကောင်း၊ အိပ်ငိုက်သွားသော ဒေါ်လှသုန်မှာ လန့်ဖြန့်ကာသွားသည်။

''တင်ပါ့ ဘုရား၊ တင်ပါ့ဘုရား၊ အားလုံး...အမျှ အမျှ အမျှ ယူတော်မူကြပါကုန်သော်...''

''ဟဟ ဒကာမကြီး၊ သီလတောင် မပေးရသေးဘူးလေ''

''အားလုံး အမျှ...အမျှ...''

''အန်တီ မဟုတ်သေးဘူး၊ မဟုတ်သေးဘူး''

အခြေအနေက ရှုပ်ထွေးကုန်သည်။ ဆရာတော်လည်း ဘာလုပ်ရမှန်းမသိတော့။ အေးအေးမြိုင်က အတင်းဝင်တားသဖြင့် ဒေါ်လှသုန် လက်ထဲမှရေခွက်ကို ဘာဆက်လုပ်ရမှန်းမသိ။ တရားနာလာကြသော ပရိသတ်ကလည်း ဘာလုပ်ရမှန်းမသိ။ တခွီးခွီး ကြိတ်ရယ်သံထွက်လာ၏။

''ဘာဖြစ်တာလဲဟင်၊ ဘာဖြစ်လို့လဲဘုရား၊ ဟို တပည့်တော်တို့ အုန်းနို့ခေါက်ဆွဲက...''

''မဟုတ်ဘူး ဒကာမကြီး၊ အခုမှ သဒ္ဓါတရားအကြောင်းပဲ ပြောရသေးတာ။ ဘုန်းကြီးခေါ်တာက ဘာဆွမ်းလဲလို့ မေးမလို့ပါ၊ ဘာဆွမ်းလဲ ဒကာမကြီး''

''အုန်းနို့ခေါက်ဆွဲပါပဲ ဘုရား၊ ဒါပေမယ့် ဟင်းရည်က''

''ကျွေးတာကို မေးတာမဟုတ်ဘူး ဒကာမကြီး၊ သဒ္ဓါဆွမ်းလား၊ မင်္ဂလာဆွမ်းလား၊ အဲဒါကို မေးတာ၊ ကဲ အိမ်တက်ဆွမ်းဆိုတော့ သဒ္ဓါဆွမ်း မဟုတ်ဘူးလား''



BURMESE CLASSIC .com

www.burmeseclassic.com


"တင်ပါ့ဘုရား"

"အေး...အဲဒီတော့ မိမိတို့ဤအိမ်၊ ဤဌာနကို ရောက်ရှိနေထိုင်တဲ့အတွက် ဘုရားနဲ့တကွ၊ အမှူးပြုသော သံဃာတော်များကို ဆွမ်းကပ်လှူဒါန်းရတဲ့ သဒ္ဓါစေတနာအကျိုးနဲ့ မိမိတို့ အခုဆောက်တည်မည့်သီလအကျိုးတို့မှ ရရှိသော ကုသိုလ်ကို မိမိတို့ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ်၊ ခြံစောင့်နတ်၊ ရပ်ကွက်စောင့်နတ်နဲ့တကွ ဤအိမ်၊ ဤဌာနတွင်ရှိကြကုန်သော မိမိတို့ ကုသိုလ်ဒါနအကျိုးကို မျှော်လင့်နေတဲ့ သတ္တဝါအပေါင်းကို ကုသိုလ်ပြုရမှာဖြစ်တယ်။ ကဲ...ဒါကြောင့် လိုက်ဆိုကြအဟံဘန္တေ..."

လွဲမှားမှုကို ဆရာတော်က ပြုပြင်ကာ ပရိသတ်ကို ထိန်းရင်းဘုရားရှိခိုးကာ ငါးပါးသီလကို ပေးတော့မှ အရာရာအဆင်ပြေကာ သွားကြ၏။ သီလယူပြီး အမျှပေးပြီးချိန်အထိမှ ကံသာတို့ ရောက်လာပါ့မလား။ ရောက်မလာလျှင် မည်သို့လုပ်ရမည်နည်း။ ကြွက်တစ်ကောင်လုံး ဝင်သေနေသော ဤဆွမ်းကိုတော့ မိမိကြည်ညိုလှသော ဆရာတော်ဘုရားကိုမည်သည့်နည်းနှင့်မှ လိမ်ညာ၍မကပ်နိုင်ပါ။ မည်သူမှ မသိဘူးဆိုတာထားဦး မိမိကိုယ်တိုင် သိနေသည့်အတွက် တစ်သက်လုံး သတိရနေမည့်မကောင်းမှုကိုတော့ သံဃာတော်များအပေါ် မကျူးလွန်နိုင်ဟု ဒေါ်လှသန်းတွေးမိသည်။

ဆရာတော် သီလပေးတာ မြန်လွန်းသည်ဟု ထင်နေသည်။ နှုတ်ကသာ ဆရာတော်ချပေးသမျှ လိုက်သာဆိုနေရသည် ဒေါ်လှသန်းစိတ်ထဲမှာ မငြိမ်။ ဘုရားစာကို ရွတ်နေရသော်လည်း ကုသိုလ်စိတ်အစားကံသာ့ကိုသာ ဒေါသဖြစ်သော အကုသိုလ်စိတ်ကသာ များနေ၏။ သူနှင့်သမီးကို ညက လေသံမာမာနှင့် ပြောလိုက်မိ၍များ ကြွက်ဝင်တာကိုသိလျက်နှင့် တမင်မထုတ်ဘဲ မိမိကိုများ တမင်ခံစားရအောင် စိတ်ဒုက္ခပေးသလား။ ကြွက်ဝင်ပြီးသေနေတာကို မြင်ကတည်းက ထုတ်ပစ်လိုက်ပြီး မိမိသာမသိခဲ့လျှင် မိမိ အခုလောက် စိတ်ဒုက္ခရောက်မည်မထင်။

ဒုက္ခအကျပ်အတည်းနှင့် နပူးတွေ့ ဒူးတွေ့ တွေ့နေရသောအခါ


BURMESE CLASSIC .com

www.burmeseclassic.com


သာမန်ပုထုဇဉ်၏စိတ်အတိုင်း ဒေါ်လှသုန်၏စိတ်များသည် စိုးရိမ်ထိတ်လန့်မှုများစွာဖြင့် ဟိုဒီလွင့်ပါးလျက် ရှိလေသည်။

တတိယမြောက်ဆိုင်ထဲမှ ကံသာ စက်ဘီးကိုတွန်းကာ ချက်ချင်းထွက်သည့်အခါ ကောင်းကင်တွင် ကြယ်ရောင်ကြယ်ရိပ် လုံးဝမရှိတော့။ အာရုဏ်က ခိုင်ခန့်စွာ နေရာယူနေပြီဖြစ်၏။ မိုးလုံးဝလင်းသွားပြီ ဖြစ်သည်။ ဆရာတော်တရားပေးပြီးလုပြီ။ ကံသာ အခုထိ အုန်းနို့ဟင်းရည် ရှာမရသေး။ တွေ့သမျှဆိုင်တွေမှာ မုန့်ဟင်းခါးပဲရှိသည်။ အုန်းနို့ခေါက်ဆွဲကို ဘယ်ဆိုင်ကမှ မရောင်း။

ကံသာ စက်ဘီးနှင့် ထွက်လာခဲ့ပြန်သည်။ ရင်ထဲမှာ မောကာ အချိန်မရှိတော့ဆိုတာကို သိလေလေ ကံသာရှေ့မှာ အလင်းရောင်က တိုး၍တိုး၍ လင်းလာလေလေ ရင်ထဲမှာ ဝုန်းဒိုင်းကျဲလေသာ ဖြစ်သည်။ အုန်းနို့ဟင်းရည် ရမှကိုဖြစ်မည်။

"ဟော ရှေ့မှာတစ်ဆိုင်"

စက်ဘီးကို နီးရာသစ်ပင်တွင် ထောင်ကာ ကံသာအပြေးဝင်ရသည်။ ခေါက်ဆွဲဖက်ကိုတော့ တွေ့၏။ ရှေ့ဆိုင်တွေလို အသုတ်မဖြစ်ပါစေနဲ့။

"အုန်း၊ အုန်းနို့ခေါက်ဆွဲရှိလား"

"မရှိဘူးခင်ဗျ...မုန့်ဟင်းခါး၊ ခေါက်ဆွဲ၊ နန်းကြီးသုတ်ရမယ်"

"ဗျာ...ဟာ...အုန်းနို့ ဘယ်မှာရမလဲ၊ ဘယ်မှာ ရှိနိုင်မလဲ။ တစ်ဆိတ်လောက် ညွှန်ပေးပါလား"

ကံသာ၏ အလောတကြီးဟန်ပန်တို့ကြောင့် ဆိုင်ရှင်သုံးယောက်ပန်းကန်များကို အဝတ်ဖြင့် သုတ်ရင်း ကံသာ့ကို တအံ့တသြကြည့်သည်။ အခုမှ ဆိုင်ဖွင့်ကာစ စားမည့်လူပင် တစ်ဦးမှ မရောက်သေး။ ကံသာ့အရှိန်ကို နားမလည်နိုင်ကြ။

"အုန်းနို့က မရှိဘူးဗျ၊ ကျွန်တော်တို့လည်း အရင်က ချက်တယ်၊ စားတဲ့သူ သိပ်မရှိတာနဲ့ မကိုက်လို့ သိပ်မချက်တော့တာ၊ ဘယ်မှာရမလဲဆိုတာတော့ မသိဘူး၊ ဘာဖြစ်လို့လဲဗျ"



BURMESE CLASSIC .com

www.burmeseclassic.com


ကံသာ အတိုချုံးရှင်းပြ၏။ ဆိုင်ကလူတွေလည်း ရောပြီး စိတ်လှုပ်ရှားကာ အကြံတွေပေးကြသည်။

''အုန်းနို့ကို လိုက်ရှာမနေနဲ့တော့၊ ခု ခြောက်နာရီထိုးတော့မှာဗျ။ ရှိတာပဲဝယ်ပြီး ကပ်လိုက်မှ ကောင်းမယ်ထင်တယ်။ တော်ကြာ ပြဿနာတက်ကုန်မယ်''

''ပင်လုံရတနာဈေးထဲမှာတော့ ရှိချင်ရှိမယ်၊ အဲဒီသွားပါလား''

''ဟာ မင်းကလည်း ဒီကနေ ဈေးကို မိနစ် )၂၀) လောက်သွားရဦးမှာ၊ အသွားအပြန်နဲ့ မမီတော့ဘူး။ မုန့်ဟင်းခါးပဲ ဝယ်သွားလိုက်အစ်ကို၊ ဘုန်းကြီးက အရေးကြီးတယ်''

ကံသာ့ရင်ဘက် နိမ့်ချည်မြင့်ချည်ဖြင့် စဉ်းစားရ၏။ တစ်ကိုယ်လုံး မောကာန်းနေပြီ၊ တစ်ညလုံး ကောင်းကောင်းမအိပ်ခဲ့ရသဖြင့် အသိဉာဏ်က ဝေဝါးနေ၏။

''ကဲ...ပေးဗျာ၊ ပွဲ ၃၀ စာလောက်ထည့်''

အားလုံး အလုပ်ရှုပ်သွားကြသည်။ ကံသာလည်း ဘာမှ မတတ်နိုင်တော့။ ဘာမှ မရှိတာနှင့်စာလျှင် ကြွက်သေပြီးသား ဟင်းရည်နှင့် ကျွေးရကပ်ရသည်ထက်စာလျှင် မုန့်ဟင်းခါးက အကောင်းဆုံး။

သို့သော်...

''ပွဲ ၃၀ ဆိုတော့ ခြောက်ရာကျတယ်အစ်ကို ''

''ခြောက်ရာ''

မွှန်ထူတုန်လှုပ်နေသော အသိစိတ်ပေါ်သို့ ကန်ထရိုက်တိုက်တစ်လုံး ပြိုကျလာသလို ကံသာ ခံစားလိုက်ရ၏။ ခြောက်ရာ ပိုက်ဆံ။ ကံသာ့မှာ တစ်ပြားမှမပါ။ အရေးတကြီးပြေးထွက်လာခဲ့ရသဖြင့် ကံသာ သတိမထားမိ။ မုန့်ထုပ်နှင့် ဟင်းရည်ချိုင့်ကို ကိုင်ကာ ကံသာ ဘာပြောရမှန်းမသိ။

''ကျွန် ကျွန်တော် ပိုက်ဆံ ပိုက်ဆံ ပါမလာခဲ့ဘူးဗျ''

''ဟာ''

ဟင်းရည်ထည့်ပေးသည့်ယောက်ျားက ခေါင်းကုတ်သည်။


BURMESE CLASSIC .com

www.burmeseclassic.com



ဘာဖြစ်လာသည်ဆိုတာကို သဘောပေါက်ပုံရသည်။ နံဘေးမှ မိန်းမ ဖြစ်ဟန်တူသောမိန်းမကို လှည့်ကြည့်သည်။

"ကျွန်တော် အရေးတကြီး ထူပူပြီး ထွက်ခဲ့တာဆိုတော့"

"ကဲ သွန်းနှင်းရေ ပိုက်ဆံ ပါမလာပြန်ဘူးတဲ့"

"အို ဒီလိုတော့ ဘယ်ဖြစ်မလဲ၊ ကျွန်မတို့က ဈေးဦးပေါက်ကြီး၊ ပိုက်ဆံမပေးလို့ဖြစ်မလား။ အခုမှ ဆိုင်ကဖွင့်တာလေ"

မုန့်ဟင်းခါးထုပ်တွေကို ထည့်ပေးသည့် ပိန်ပိန်ပါးပါး အမျိုးသမီးက ကူညီသည်ဆိုသောမျက်ဝန်းတွေ ပျောက်ကာ မာထန်စွာပြော၏။ လုပ်လက်စအလုပ်တွေကို ရပ်ကာ ပိန်ပါးသေးကွေးသော သူ့ခန္ဓာကိုယ်ကလေးကို အသင့်အနေအထား ခပ်မတ်မတ်ရပ်သည်။

"ဟုတ်ပါတယ် အစ်မရယ်၊ ဒါပေမယ့် ကျွန်တော်က"

"အို ဘာပဲဖြစ်ဖြစ်လေ၊ အဲဒါက ရှင့်ကိစ္စပဲ၊ ကျွန်မတို့ တစ်နေ့လုံး ဈေးအအတော့ မခံနိုင်ဘူး၊ ဒါ ဈေးဦးပေါက်ကြီးရှင့်၊ ပိုက်ဆံ မပေးဘဲ ရောင်းလို့မရဘူး၊ ပြီးတော့ ရှင်က ဘယ်ကမှန်းလည်း သိတာ မဟုတ်ဘူး"

"ကျွန်တော် ဆက်ဆက်လာပေးပါ့မယ်ဗျာ၊ စိတ်ချပါ၊ ကျွန်တော့်ကို ကူညီပါ"

"ရတယ် ညီလေး၊ ယူသာသွားတော့၊ ယူသွား"

"မပေးဘူး၊ ယူမသွားနဲ့ ဒါဈေးဦးပေါက်ဆိုတာ ရှင် နားမလည်ဘူးလား၊ တစ်နေ့လုံး ဒုက္ခရောက်သွားမယ်၊ အားနာရင် ရှင် လိုက်သွား၊ ရှင် ယောက်ျားမို့လို့ သိလား၊ ဒီလောက်အားနာနေ၊ မိန်းမဆိုရင် ဒက်ဖရင်က ဆင်းရမှာတောင် မဟုတ်ဘူး။ ကလေးပဲ မွေးနေရမှာ"

"ဟော့ မင်း ငါ့ကို မစော်ကားနဲ့၊ စောစောစီးစီး ငါ တယ်"

"အောင်မာ ထိကြည့်ပါလား၊ ထိလေ ရှင်က တစ်ပြားရှာနိုင်လို့လား၊ ရှင့်ဝင်ငွေ ဘယ်လောက်ရှိလို့လဲ၊ ဒီဆိုင်နဲ့ ထမင်းစားနေပြီး ကူညီချင်ရင် ရှင် ဆင်းသွား။ ဒါ အလှူပေးနေတာ မဟုတ်ဘူး။ ထမင်းစားဖို့ လုပ်နေတာ (၆၀၀)ဆိုတာ နည်းသလား"



BURMESE CLASSIC .com

www.burmeseclassic.com


''မင်း ပါးစပ် ပိတ်မလား၊ မပိတ်ဘူးလား''

ကံသာ့ရှေ့မှာသာ အဆိတ်ခွက်ရှိနေလျှင် ပျော်ရွှင်စွာ ကောက်သောက်ပြီး သူ့အပေါ် ဒီလောက်ရက်စက်လှသော လောကကြီးကို တွန့်လိမ်တွန့်လိမ်နှင့် နှစ်ချက်လောက် မေးဆတ်ပြကာ ကျောခိုင်းသွားမိမှာ အမှန်ပင်ဖြစ်သည်။

''တော်ကြပါတော့၊ ရန်မဖြစ်ကြပါနဲ့တော့ဗျာ''

လင်မယားနှစ်ယောက်က ကံသာ့ကို ကြည့်ကြသည်။ ကံသာ့မှာ ပေးခဲ့စရာ ခြောက်ရာတန်ပစ္စည်းလည်း ဘာမှမရှိ၊ လက်စွပ်မရှိ၊ ဆွဲကြိုးမရှိ၊ နာရီမရှိ။ ယုတ်စွအဆုံး အပေါ်အင်္ကျီပင် မပါ။ စွပ်ကျယ်ကလေးနှင့်သာဖြစ်၏။ သို့သော် ကံသာ ဆုံးဖြတ်ချက်ချပြီး ဒီမုန့်ဟင်းခါးကိုတော့ မယူသွား၍မဖြစ်။

''ကျွန်တော့်စက်ဘီး ပေးထားခဲ့မယ် ရမလား''

သွန်းနှင်းဆိုသော ကောင်မလေးက သူ့ယောက်ျားကို မဲ့ရွဲ့ကာ မျက်စောင်းထိုးရင်း ကံသာစီးလာသော စက်ဘီးကို လှမ်းကြည့်လိုက်သည်။

✿✿✿


BURMESE CLASSIC .com

www.burmeseclassic.com

(တစ်ဆယ်)

ကံသာ ငှားစီးလာသော (ကက)ကားကို ယွန်းတို့အိမ်ရှေ့ ထိုးရပ်ကာ ပြေးဆင်းလာခဲ့သည်။ ဈေးဦးပေါက် (ကက)ပင် ဖြစ်သော်လည်း ကားပေါ်မှာ ကံသာက အကုန်ရှင်းပြပြီးသားဖြစ်သည်။ ကံသာ အိမ်ထဲသို့ဝင်တော့ ဒေါ်လှသုန်၏ ဒုတိယအကြိမ်မြောက် မုန့်ကန်သော အမျှ အမျှအော်သံကို ကြားလိုက်ရသဖြင့် ကံသာ ဟင်းခနဲ သက်ပြင်းချနိုင်သည်။ အမျှ နှစ်ခါပေးရသည်ဆိုတာကို ကံသာ မသိသော်လည်း ဘုန်းကြီးပွဲမီသဖြင့် ကံသာ ဝမ်းသာသွားခြင်းဖြစ်သည်။

အမျှပေးပြီးသည်နှင့် ဆရာတော်များက ခင်းထားသော ဆွမ်းကပ်ရန် ခုံသို့ လှမ်းကြည့်ကြသည်။ တရားနာပရိသတ်ကလည်း မနေ့က ကံသာဖိတ်ထားသဖြင့် အရုဏ်ဦးပင်ဖြစ်သော်လည်း အယောက် (၂၀) ခန့်တော့ရှိသည်။ ဒေါ်လှသုန်နှင့် ကံသာတို့ အောက်တွင် တိုင်ပင်ရ၏။

''ဟဲ့…မုန့်ဟင်းခါ ဘယ်ဖြစ်ပါ့မလဲ၊ အုန်းနို့မှ ရမှာပေါ့။ မဖြစ်ဘူး ဆရာတော်ကို ငါ သေသေချာချာလျှောက်ပြီးသား''

''မရဘူး အမေ၊ အုန်းနို့က ဘယ်ဆိုင်မှာမှ မရဘူး၊ အချိန်မီ အောင် ကျွန်တော် မနည်းလုပ်လာရတာ၊ ဟိုဟာထက်စာရင် ဒါ အကောင်းဆုံးပဲ''

စားပွဲတွင် ဘုန်းကြီးများ ဝိုင်းထိုင်ပြီးမှ အုန်းနို့နှင့် ဘုန်းပေးရန် ခါက်ဆွဲမှုင်များကို အေးအေးမြိုင်က သိမ်းလိုက်သည်။ ဘုန်းကြီးများက

BURMESE CLASSIC .com

www.burmeseclassic.com



ဘာမှ မသိသဖြင့် အေးအေးလူလူပင်ရှိ၏။ ခေါက်ဆွဲများကို ဖယ်ကာ မုန့်ဟင်းခါးကို ထည့်ရသည်။

မုန့်ဟင်းခါးခွက်များ ဘုန်းကြီးဝိုင်းသို့ သွားချသောအခါ ဆရာတော် ကြောင်သွား၏။ အချင်းချင်း ကြည့်သည်။

''အမေ ဆရာတော် ဘာမေးမေး မပြောဘဲ ကပ်သာကပ်၊ ညှော်သည်တွေက ရှိသေးတယ်၊ ဆရာတော်ကို ရအောင်သာကပ်''

ကံသာ အူတူကြောင်တောင်နှင့် ယောင်နနဖြစ်ကာ ဟိုဟာ ကောက်ကိုင်၊ ဒါကောက်ကိုင်ဖြစ်နေသော ယွန်းမေမေကို ကပ်မှာကာ အိမ်ရှေ့သို့ ထွက်ရသည်။ ဘုန်းကြီးဝိုင်းသို့ မုန့်ဟင်းခါးချသဖြင့် ပရိသတ်လည်း ကြောင်ကာနေသည်။ သူတို့ အိမ်ပေါ်တက်လာကြတုန်းက အငွေ့တထောင်းထောင်းဖြင့် ကြက်သားနှင့် ဘဲဥဖက်တွေ လွင့်လွင့်တက်လာနေသော မွှေးပျံ့နေသော အုန်းနို့ခေါက်ဆွဲ ဟင်းအိုးကြီးကို တွေ့ခဲ့ရသည် မဟုတ်လား။

ဘာပြောရမှန်းမသိ ဖြစ်နေသော ဆရာတော်နှင့် ဘုန်းကြီးများကို ဒေါ်လှသုန်နှင့် အေးအေးမြိုင်တို့က မုန့်ဟင်းခါးပွဲကို ကမန်းကတမ်း ကပ်ရန် စားပွဲခုံကို မ၏။ ဆံရာတော်ဘုရားက စားပွဲခုံကို လက်ဖြင့် ထိကပ်ခွင့်မပေး။

''ဒကာမကြီး အုန်းနို့ခေါက်ဆွဲ ကပ်လေ၊ ဒါ ဘယ်လိုဖြစ်တာလဲ''

''မုန့်လှပါဘုရား၊ မုန့်ဟင်းခါးပဲ ဘုန်းပေးပါ ဘုရား''

ဆရာတော်က မျက်မှောင်ကိုကျုံ့သည်။ တစ်နေ့က သူ့အကြိုက် အုန်းနို့ခေါက်ဆွဲ အရဏ်ဆွမ်းဟု ပင့်သွားခဲ့သည်။ ကြွလာတော့လည်း မွှေးပျံ့သော အုန်းနို့ခေါက်ဆွဲ ဟင်းရည်အိုးကို တွေ့ခဲ့သည်။ အခုကပ်တော့ အဘယ်ကြောင့် မုန့်ဟင်းခါးတွေ ဖြစ်ရသနည်း။

''မဟုတ်သေးဘူးလေ ဒကာမကြီး၊ အုန်းနို့ပဲကပ်ပါ။ အုန်းနို့ပဲ ကပ်၊ ဟင်းရည်က ကျက်ပြီမဟုတ်လား''

''သည်းခံတော်မူပါဘုရား၊ ကံဆိုးမရဲ့ အလှူကို သည်းခံတော်မူပါ၊ မုန့်ဟင်းခါးကိုပဲ. . .မုန့်ဟင်းခါးကိုပဲ''



BURMESE CLASSIC .com

www.burmeseclassic.com



ဒေါ်လှသုန် ပြောရင်း ငိုသံပါကာ ဆက်မပြောနိုင်တော့ဘဲ စိတ်လှုပ်ရှားခြင်း၊ ဝမ်းနည်းခြင်းတို့ဒဏ်ကြောင့် လဲကျသွား၏။

"ဟ ဟ ဒကာတို့၊ ဒကာတို့ လုပ်ကြဦး၊ ဘာတွေလဲ မသိဘူးကွ"

ဆရာတော်၏အော်သံ၊ အေးအေးမြိုင်က ပြေးပွေ့ကာ ခေါ်သံ၊ ယပ်ခပ်သူခပ်၊ ပြေးလာသူပြေးနှင့် ရှုပ်ထွေးသွားကြပြန်သည်။ ဧည့်သည်တွေက ဘာဖြစ်မှန်းမသိသော်လည်း ဒေါ်လှသုန်ကို ပွေ့ကာ အိပ်ခန်းထဲသွင်းရ၏။ ဆရာတော်တို့ မုန့်ဟင်းခါးတွေလည်း ကပ်မည့်သူမရှိသဖြင့် ဒီအတိုင်းပင် ဘုန်းမပေးရသေးဘဲ ထိုင်နေကာ ပြေးလွှားလှုပ်ရှား အရေးကြီးနေသော ရှုပ်ထွေးလှသည့် လူလောက ပုထုဇဉ်အပူကို ဘုန်းကြီးများ စိတ်ပျက်စရာ ထိုင်ကြည့်နေကြသည်။ ဘာတွေဖြစ်ကုန်သည် ဆိုတာကို ဘာမှ နားမလည်ကြ။

"ကံသာရေ လာလာ၊ ဘာတွေဖြစ်ကုန်တာလဲ၊ ကပ်ကြရအောင် လာလာ"

ကိုမြင့်ဆွေခေါ်သဖြင့် မတ်တတ်ရပ်ကာ ကြောင်နေသောကံသာ သတိဝင်ကာ ဆရာတော်များကို ခုံမ၍ကပ်ရသည်။

"သတိလစ်သွားတာ၊ ဆရာဝန် ဆရာဝန်သွားပင့်ချည်"

လူတချို့ အရေးတကြီး ပြေးဆင်းသွားကြသည်။ ဝိညာဉ်ပျောက်သူလိုဖြစ်ကာ ကံသာ လူတွေကို ကြောင်ငေးကြည့်နေမိသည်။ ဘာတွေဖြစ်ကုန်ပြီနည်း။ ယွန်းနှင့်စောသွဲ့ ပြန်ရောက်လာကြ၏။ ယွန်းက အခြေအနေကို ကြားပြီး စိုးရိမ်ထိတ်လန့်စွာဖြင့် အမေဟုခေါ်ကာ အခန်းထဲ ပြေးဝင်ပြန်၏။ ဆွမ်းဘုန်းပေးနေသော ဆရာတော်များ လန့်ဖျပ်ကာ ငေးကြပြန်သည်။

"လုပ်ကြပါဦး၊ ကယ်ကြပါဦး၊ ကျွန်မအမေကို ကယ်ကြပါဦး"

"မအော်နဲ့ကလေးမ၊ အတင်းမဖက်နဲ့ အားနည်းပြီး သတိလစ်သွားတာ၊ ပေးစမ်း မာလကာရွက်၊ နှာဝကို တေ့ပေးထား"

"အမေရေ...အမေ"



BURMESE CLASSIC .com

www.burmeseclassic.com



ယွန်း၏ ထိတ်လန့်ဝမ်းနည်းစွာ အော်နေသောအသံက ကံသာ့ ရင်ထဲကို စိုက်ချလိုက်သည့် ဓားဦးချွန်လို ဝင်သွားသည်။ ကြွက်သည့် သေသေချာချာ သေသွားသည့်အထိ ကောင်းစွာ ဒုက္ခပေးသွားခဲ့သည်။ ယွန်း၏ တုန်လှုပ်ထိတ်လန့်နေသောအသံကို ကံသာ့ဘဝအတွက် ဘာသာ ပြန်ရလျှင် အကောင်းဆုံး အသည်းကွဲသံဆိုတာကို ကံသာ နားလည် လိုက်ပါသည်။

ဘုန်းကြီးများလည်း စိတ်ရှုပ်ထွေးစွာဖြင့် မုန့်ဟင်းခါးကို အမြန် ဘုန်းပေးကြ၏။ ထိုအချိန်တွင် အရှေ့မှာ ဘာဖြစ်နေသည်ဆိုတာကို သေသေချာချာမသိသော စောသွဲ့က သူတို့ရလာသည့် အုန်းနို့ခေါက်ဆွဲကို ထည့်ကာ လာပြန်၏။

မုန့်ဟင်းခါးကို သုံးလေးဖွန်းသာ ဘုန်းပေးပြီး စိတ်ရှုပ်ထွေးစွာ ထိုင်နေသော ဆရာတော်က စောသွဲ့လာကပ်သော အုန်းနို့ခေါက်ဆွဲကို ကြည့်ကာ ဝုန်းခနဲထသည်။

ရဟန်းတို့၏အားသည် သည်းခံခြင်းဆိုသော်လည်း မလိမ္မာသော လွဲမှားမှု များလွန်းသောဒဏ်ကြောင့် ဆရာတော် သည်းမခံနိုင်တော့ပြီ။

''တော်ပြီ တော်ပြီဟေ့။ အားလုံးပြည့်စုံပြီ၊ ပြန်ကြွတော့မယ်''

ရပ်ကွက်ထဲမှရောက်လာသော လူပရိသတ်ကိုတော့ ဘာမှ မပြောနိုင်ကြတော့ဘဲ အုန်းနို့ခေါက်ဆွဲသာ ကျွေးကြရသည်။ ဆရာတော် ဘုရားအတွက် သဒ္ဓါစိတ်များဖြင့်သာ အကောင်းဆုံးချက်ထားသော ခေါက်ဆွဲဟင်းရည်သည် ကြွက်ဝင်တာကလွဲ၍ အလွန်ကောင်းပါသည်။ ကံသာ့အဖြစ်က ဆွမ်းဆန်ထဲ ကြွက်ချေးရောရုံမဟုတ် ကြွက်တစ်ကောင် လုံး ဝင်သေသည့်အဖြစ်။ ကံသာ ပစ်လဲချင်နေသော်လည်း စိတ်ကို ထိန်းကာ အလုပ်လုပ်ပေးနေရသေး၏။ ယွန်းက ငိုထားသော မျက်လုံး နီနီမို့မို့၊ မျက်ကွင်းအညိုဖျော့ဖျော့ဖြင့် လုပ်စရာရှိသည်တို့ကို လုပ်သည်။ ဒေါ်လှသုန်ကိုတော့ ဆရာဝန်က အိပ်ဆေး (စိတ်ငြိမ်ဆေး) ထိုးပေးသဖြင့် အိပ်ပျော်သွားပြီဖြစ်သည်။

အလှူ၏ ထုံးစံအတိုင်း လှူဒါန်းသူ၏ သဒ္ဓါကို အသိအမှတ်



BURMESE CLASSIC .com

www.burmeseclassic.com


ပြုသည့်အနေဖြင့် ရပ်ကွက်ထဲက လူများက ဟင်းရည်ကောင်းကြောင်း ချီးမွမ်းကြသည်။ ဟင်းရည်ကောင်းသည်ဟု ချီးမွမ်းသံကို ကြားရတိုင်း မျက်နှာဆိုင်ကာ ဘယ်သူမှ မပြုံးရဲကြ၊ ရှက်စိတ်၊ အားနာစိတ်တို့ကြောင့် မျက်နှာလွှဲရ၏။

ရှစ်နာရီလောက်မှာ company လူတွေ ရောက်လာကြသည်။

"ဟ ဟင်းရည်လက်ရာက ဘယ်သူလဲကွ၊ ကံသာလား။ ဟား ဟားဟားဟား"

"အမယ်လေး ကံသာပေါ့ရှင်၊ ဘာပြောစရာလိုသလဲ၊ သိပြီးသား ယွန်းရေ…ဟင်းရည်ကတော့ ရှယ်ပဲနော်၊ ငါတို့က အမှတ်ပြည့် ပေးတယ် ဟော့"

"ကံသာ တစ်ညလုံးတောင် အိပ်ရရဲ့လားမသိဘူး။ စားလို့ သိပ်ကောင်းတာပဲ၊ ယွန်းရေ သိတယ်နော် သိနေတယ်"

ကံသာ ပြုံးလည်းမပြုံးနိုင်၊ လိုက်၍ စကားလည်းပြောမထွက်၊ ဟင်းရည်ကို သူကိုယ်တိုင်ချက်မည်ဆိုတာ သိထားနှင့်ပြီးသော Company ကလူများက ဟင်းရည်နှင့်မှတည်ကာ သူနှင့်ယွန်းကို စတိုင်း ကံသာ့ မျက်နှာပေါ်မှာ ဖုံးတစ်လုံးပေါက်ကွဲသလို ခံစားရလေသည်။

"ဟော့ကောင်လေး မင်း ဘာဖြစ်နေတာလဲ၊ ယွန်းမျက်နှာလည်း မကောင်းပါလား"

ခပ်တိုးတိုးလာမေးသော ဦးတင်ကိုအောင် စကားသံကြောင့် ကံသာ ခေါင်းငိုက်စိုက်ကျသွား၏။ ဝိညာဉ်တစ်ခုလုံးမှာ ဟိုတစ်စ ဒီတစ်ကွက်ရောက်နေသော ဝမ်းနည်းခြင်းများက ကံသာ့နှလုံးသားအိမ်ထဲ သို့ စုဝေးကာ တိုးစောင့်လာသည်။

"အစ်ကိုကြီး ကျွန်တော့်ဘဝပျက်ပြီ၊ ကျွန်တော့်ဘဝ သွားပြီဗျ"

ကံသာ့ငိုသံပါကြီးကြောင့် ဦးတင်ကိုအောင်နှင့် ဦးမောင်ညိုတို့ ထိတ်လန့်သွားကြ၏။

"ဟ မောင်ရင်၊ ဘာဖြစ်နေတာလဲ၊ တစ်ခုခုဖြစ်နေတယ်ဆို တာတော့ ကိုယ်တို့သိတယ်။ ဘာဖြစ်တာလဲဆိုတာသာ မသိတာ"



BURMESE CLASSIC .com

www.burmeseclassic.com


ကံသာ ဦးမောင်ညို၏ တုတ်ခိုင်သော လက်မောင်းကြီးကို အားကိုးတကြီး ဖျစ်ညှစ်ဆုပ်ကိုင်ထားလိုက်သည်။ စကားပြောချင်သော် လည်း စကားကမထွက်။ လည်မျိုဝမှာ၊ တစ်ကိုယ်လုံးမှာ စုဝေးနေကြ သည့် ဝမ်းနည်းမှုကြီးက တစ်ဆို့နေသဖြင့် ဘာစကားမှ မထွက်။

''မင်း ဘာဖြစ်နေတာလဲကံသာ ပြောစမ်း''

''ကံသာဆိုတာ ဒီအလှူမှာ ရှိသလား၊ ကံသာဆိုတာ ရှိလား ဟေ့''

အိမ်အဝမှ မေးသံကြောင့် လှမ်းကြည့်လိုက်သောအခါ ယူနီ ဖောင်းဝတ်ထားသော ရဲနှစ်ယောက်ကို တွေ့ရ၏။ လူကြီး သုံးလေးဦးနှင့် ဗလ၏မိန်းမ။ ကံသာ့မျက်လုံးများ ပြာဝေသွား၏။

''မနက်က လက်ဖက်ရည်ဆိုင်ကစက်ဘီးကို ယူသွားတဲ့ကိစ္စ သာတိုင်ထားလို့''

''စက်ဘီးခိုးသွားတဲ့ ကံသာဆိုတာ ဘယ်သူလဲ''

အလှူ၏ အစည်ကားဆုံးအချိန်ဖြစ်နေသဖြင့် လူများက အံ့သြ ကာ ကံသာ့ကို ဝိုင်းကြည့်ကြသည်။ မည်သူမှ နားမလည်။ ကံသာ လှမ်းကြည့်တော့ သူ့ကို နာကျည်းစွာကြည့်နေသော ယွန်းကို မြင်ရလေ သည်။

''ကံသာဆိုတာ ကျွန်တော်ပဲ''

✿✿✿

● ကြောင်နှစ်ကောင်စ
BURMESE CLASSIC .com

www.burmeseclassic.com

(တစ်ဆယ့်တစ်)

သူ...

မိန်းကလေးတစ်ယောက်နှင့် ကြွက်တစ်ကောင်ကို တစ်နေ့တည်း တွေ့ရှိခဲ့သည်။

ထုံးစံအတိုင်းပင် မိန်းကလေးက လှ၏။

သူတွေ့ရှိခဲ့သောကြွက်က...

ဝေါလ်ဒစ်စနေးလ်၏ Micky Mourseလည်း မဟုတ်။

ကမ္ဘာကျော်စာရေးဆရာကြီး အဲလ်ဘာတ်ကာမြူး၏ ပလိပ်ဝတ္ထုထဲမှ ကြွက်လည်းမဟုတ်။

ရပ်ကွက်ထဲမှ သာမန်မြေကြွက်တစ်ကောင်သာဖြစ်သည်။

သို့သော်...

သိပ်လှသော မိန်းကလေးနှင့်အတူ သူ့ရင်ထဲသို့ ဝင်လာသော ကြွက်က သူ့ကို ကောင်းစွာဒုက္ခပေးခဲ့သည်။

ဤသို့ဖြင့် သူသည်...

ကြွက်တစ်ကောင်ကို မနိုင်သော ပထမဆုံးလူသား ဖြစ်ခဲ့ရ၏။

အချစ်...

မိန်းကလေးတစ်ယောက်နှင့်

ကြွက်တစ်ကောင်အကြောင်း...။

✿✿✿

BURMESE CLASSIC .com

www.burmeseclassic.com


ကံသာ့ဘဝသည် အားလုံးဆုံးရှုံးသွားပြီသာဖြစ်သည်။

ကြွက်တစ်ကောင်ကို ကံသာ မနိုင်လိုက်ပုံက ပြောဖွယ်ရာပင် မရှိတော့။ ကံသာ့ဘဝ၊ ကံသာ့အသဲနှလုံး အားလုံးဆုံးရှုံးသွားပြီဖြစ်၏။ နောက်ဆုံးအချိန်မှာပင် ကြွက်က အလှူလုပ်မည့် ဟင်းရည်အိုးထဲမှနေ၍ ကံသာ့နှလုံးသားကို အားရပါးရ ကိုက်ကာ လုပစ္စာ လက်စားချေသွားခဲ့သည်။

ကံသာ့အိမ်ကလေးမှာ တိတ်ရှိနေသည်။

အခုဆိုလျှင် ယွန်းက ကံသာ့ကို အတွေ့မခံတော့။ ကံသာကလည်း မတွေ့ရဲတော့။ ကံသာ ရုံးကို ထွက်စာတင်လိုက်ပြီဖြစ်သည်။ ဒီရပ်ကွက်ကလေးကနေပြီး ကံသာ ပြောင်းသွားတော့မည်။ ယွန်းနှင့် နီးနီးကလေးမှာ ကံသာ မနေရဲတော့။ ဒီအိမ်ကို ဦးလေးတို့ကို ပြန်အပ်ဖို့ ပြောပြီးပြီဖြစ်သည်။

ချစ်သူကို ဆုံးရှုံးရသည့်ဝေဒနာသည် အလွမ်းဖြင့် နည့်မနေ။ အဖြစ်အပျက်က ဖျက်ဆီးထားသဖြင့် ကြေကွဲရတာက ကဗျာမဆန်။ နောင် ကြွက်တစ်ကောင်ကိုတွေ့တိုင်း မင်းကို သိပ်ချစ်ခဲ့ရတဲ့လူတစ်ယောက် ရှိခဲ့ဖူးတယ်ဆိုတာကို သတိရပါ…လို့ ယွန်းကို အလွမ်းစကား ပြောရမှာလား…။

ဒါမှမဟုတ် အလှူလုပ်တိုင်း သတိရပါလို့ ပြောရမှာလား…။

ကံသာ ဝုန်းခနဲ ထထိုင်လိုက်သည်။

နေလို့ မရတော့။ မနက်မှ ဒီအိမ်ကလေးကထွက်မည်ဟု ဆုံးဖြတ်ထားသော်လည်း မရတော့။ ခန္ဓာကိုယ်က ဒီနေရာမှ ဝေးရာ ပြေးချင်နေသော်လည်း ဝိညာဉ်က ထိုနေရာမှာပဲ စွဲထင်နေ၏။ ကံသာ ဝမ်းနည်းသည်။ သို့သော် ကံသာ့ဝမ်းနည်းမှုက အောက်သို့လည်း မကျ၊ အထက်သို့လည်း မရောက်။

"ယွန်း…မင်းကို ငါ သိပ်ချစ်တယ်"

ဒါပေမယ့် အဲဒီစကားကို ကြွက်တစ်ကောင်က ကိုက်သွားခဲ့ပြီ။

ငါ တစ်သက်လုံး ကြွက်မုန်းသမားတစ်ယောက်အဖြစ်နဲ့ နေတော့


BURMESE CLASSIC .com

www.burmeseclassic.com



မယ်။ အဲဒါ… ငါ မင်းကို သိပ်ချစ်လို့ပဲ ယွန်း။

ကံသာ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်သည်။

"ကိုကံသာ"

ယွန်း၏ အိပ်ခန်းတံခါးဝမှ ကပ်ခေါ်လိုက်သံကြောင့် လက်သီးကို ကျစ်ကျစ်ဆုပ်ကာ ခေါင်းငုံ့ထားသောကံသာ လန့်ပြီး ထခုန်မိသည်။ ယွန်းကလည်း ကံသာထခုန်သဖြင့် လန့်ကာ တံခါးဘောင်ကို ကိုင်ကာ အော်၏။

" ယ… ယ… ယွန်း"

"ဘာ…ဘာဖြစ်တာလဲဟင်"

"ဘာမှ မဟုတ်ဘူး၊ ဘာမှ…ကျွန်တော် လန့်သွားလို့"

ယွန်းက ရင်ဘတ်ကိုဖိပြီး သက်ပြင်းချကာ ခုတင်ဘေးနားတွင် ချထားသော ကံသာ့အထုပ်နှစ်ထုပ်ကို ကြည့်သည်။

"ကိုကံသာ ထွက်သွားတော့မလို့ဆို၊ အိမ်သော့ လာအပ်တယ်လို့ ဉက္ကဌက ပြောတယ်"

"ဟုတ်တယ်၊ ကျွန်တော် ကျွန်တော်သွားတော့မှာ ယွန်းကို လာတောင်းပန်ပြီး ယွန်းမေမေကို ကန်တော့မလို့ပါ။ ဒါပေမယ့် ကျွန်တော့်ကိုတွေ့ရင် ယွန်းတို့ ပိုပြီးစိတ်ဆိုးမှာစိုးလို့"

"အို ကိုကံသာကလည်း မသွားပါနဲ့၊ မေမေက ခဏခေါ်ခိုင်းလိုက်တယ်"

"ဘာ…ယွန်းမေမေက"

ကံသာ ယွန်းကို တအံ့တသြကြည့်သည်။

ယွန်းက မျက်လွှာကိုချကာ အခန်းထဲဝင်လာရင်း ကံသာ့ ခုတင်အစွန်းမှာ မရဲတရဲထိုင်စဉ် ကံသာ ယွန်းကို မျက်တောင်မခတ် ကြည့်ကာ နေမိ၏။ ဗီဒီယိုကားတွေထဲကလို ပရိသတ်ကို လှည့်စားသည့် အိပ်မက်မျိုးလား။

"ဟုတ်တယ်၊ မေမေ နေကောင်းတော့ ဆရာတော်ဆီသွားပြီး ဖြစ်ခဲ့တာတွေကို လျှောက်ရင်းနဲ့ တောင်းပန်တယ်၊ ဆရာတော်က ခွင့်လွှတ်



BURMESE CLASSIC .com

www.burmeseclassic.com


ပြီး အဖြစ်အပျက်ကို တရားလက်မလွှတ်ဖို့ ဆုံးမလိုက်တယ်။ မေမေလည်း ကိုကံသာ့ကို နားလည်သွားပါပြီ။ အဲဒါ လာပါဦးတဲ့''

''ဟာ…ဝမ်းသာလိုက်တာ ယွန်းရယ်၊ ယွန်းကရော ဟင်''

ယွန်းက မျက်ဝန်းကို မော့ကာကြည့်ပြီး နှုတ်ခမ်းကို မဲ့၏။

''ယွန်းကတော့ စိတ်ဆိုးတာတစ်ကယ်ပဲ၊ ဒါပေမယ့် စိတ်ငြိမ်သွားတော့မှ ဘာကို စိတ်ဆိုးရမှန်း မသိတော့ဘူး''

မည်မျှပင် ကြေကွဲဝမ်းနည်းစရာ၊ ကြောက်ရွံ့ထိတ်လန့် အားငယ်စရာကောင်းသော ကိစ္စမျိုးပင်ဖြစ်စေ အားလုံး ပြီးဆုံးသွားသည့်အချိန်တွင် ရယ်စရာသာ ကျန်ခဲ့တတ်ပါသည်။

ဗလ၏မိန်းမက သူ မငှားသော စက်ဘီးကို သူ့အလိုမပါဘဲ ကံသာ ယူစီးသွားပြီး နေမြင့်သည်အထိ လာမပို့။ မကြာခင် သူ့စက်ဘီးကိုစီးလာသော လူတစ်ဦးကို လမ်းမှာတွေ့ရာ ပြေးလိုက်ပြီး စက်ဘီးကို ပြန်တောင်းသည်။ စီးလာသူကလည်း မနက်က ထိုစက်ဘီးကို လူတစ်ယောက် လာပေါင်သွားသဖြင့် စီးကြောင်း ပြန်ပြောပြီး မပေးသဖြင့် စခန်းသို့ ရောက်ရခြင်းဖြစ်၏။

တာဝန်ရှိ ရပ်ကွက်လူကြီးများနှင့် ပြည်သူ့ရဲများရှေ့တွင် အားလုံး နားလည်နိုင်စေရန် ကံသာ ကြွက်ကိစ္စကို ထုတ်ဖော်ပြောရသဖြင့် သိရှိသွားကြသည်။ ရပ်ကွက်လူကြီးမျက်လုံးက နားထောင်ရင်း ပြူးကာလာ၏။ တရားနာကတည်းက အလှူသို့ရောက်နေသူဖြစ်သဖြင့် ဘာကြောင့် အုန်းနို့ချက်ပြီး ဆရာတော်ကို မုန့်ဟင်းခါး ကပ်တာလဲဆိုတာကို သိသွားသည်၊

''ဒါ ဒါဆို ငါ ငါတို့စားခဲ့တဲ့ အုန်းနို့ခေါက်ဆွဲက ကြွက်သေတွေနဲ့ပေါ့၊ ကြွက်သေတွေနဲ့ပေါ့ ဟုတ်လား''

''ဟုတ်ပါတယ်၊ ပရိသတ်အတွက်တော့ မတတ်နိုင်ဘဲ ဒါကိုပဲ ကျွေးရတာပါ''

ရပ်ကွက်ဥက္ကဋ္ဌနှင့် အလှူက စားပြီး ပြဿနာရှင်းရန် ထလာသူများအားလုံး ဒုက္ခရောက်ကုန်ကြ၏။ အန်ချရမလို၊ ခပ်တည်တည် နေရမလို ဖြစ်ကုန်ကြသည်။ Company မှ ကံသာ့ပြဿနာကြောင့်


BURMESE CLASSIC .com

www.burmeseclassic.com


လိုက်လာသူတွေ ဘာဖြစ်သည်ဆိုတာကို သိချင်၍ လိုက်လာသူတွေ အားလုံး ပြဿနာတက်ကုန်ကြသည်။

"ဟာ ဒါဆို M.D ကြီးလည်း စားနေတုန်း၊ ဒုက္ခပဲ ပြန်ပြော ရင် ကောင်းမလား"

"ဟဲ့ဟဲ့ ကြွက်သေနဲ့တဲ့၊ သန်းဦးတို့ ခင်မောင်ထွေးတို့ကလည်း စားနေကြတာ၊ နင့်အဖေကို ပြန်ခေါ်စမ်း၊ မစားနဲ့တော့လို့ သွား၊ ငါ ဆက်နားထောင်ဦးမယ်၊ ငါကတော့ စားပြီးနေပြီ မထူးတော့ဘူး၊ ချိုအေး မော်ကိုလည်း အလှူအိမ်ကို မသွားနဲ့တော့လို့"

"ဟာ...ပြဿနာပဲ ငါတို့က စားပြီးနေပြီ"

နံနက်စောစော စည်ကားနေသောရပ်ကွက်ရုံးမှာ ရှုတ်ယှက်ခတ် ကုန်ပြန်၏။ ဆယ်မိနစ်အတွင်း ထိုသတင်းက အပြင်သို့ ပျံ့ကာသွားပြီး အလှူအိမ်ကိုလာသူများ ရပ်တန့်သွားကြသည်။ တချို့ကလည်း စားနေသူ များကို အော်ကြီးဟစ်ကျယ် ပြောခေါ်ကြသဖြင့် ယွန်းတို့ တောင်းပန်၍ လည်းမရတော့။ နံနက် ကိုးနာရီခွဲတွင် ယွန်းတို့အိမ်မှာ ပွက်ပွက်ဆူနေ သော ဟင်းအိုးကြီးနှင့် Company မှ ကျန်ခဲ့သော မိတ်ဆွေများမှလွဲ၍ ဘယ်သူမှ မရှိတော့။

မျှော်လင့်မထားသည့် အဖြစ်အပျက်ပေါင်းစုံနှင့် တိုးလိုက်ရသဖြင့် ယွန်းက စောသွဲ့ကို ဖက်၍ငိုသည်။ စောသွဲ့နှင့် အေးအေးမြိုင်ကလည်း ဘာလုပ်ရမှန်းမသိတော့သည့် မိန်းကလေးတွေ သဘာဝအတိုင်း ယွန်းကို ပြန်ဖက်၍ငိုကြသည်။ ဘေးမှ ချော့မည့်လူတွေကလည်း ဘာစကားလုံး နှင့် ချော့ရမှန်းမသိသဖြင့် ဘာစကားမှ မပြောနိုင်ဘဲ ဝိုင်းသာကြည့်နေ ကြရ၏။

ကံသာ့ကိုတော့ တာဝန်ရှိသူတွေက ခွင့်လွှတ်ကြပါသည်။ လိမ်လည်ခြင်းမဟုတ်သဖြင့် တရားစွဲတာတွေဘာတွေလည်း မလုပ် ကြတော့။ မုန့်ဟင်းခါးဖိုး ခြောက်ရာပေးကာ စက်ဘီးကို ပြန်ပေးခြင်းဖြင့် ကိစ္စအားလုံး သဘူတောလိုက်ကြ၏။

"ကဲ ဒီကိစ္စပြီးသွားရင် အလှူက ဟင်းရည်အိုးကိုတော့ ငါတို့


BURMESE CLASSIC .com

www.burmeseclassic.com


သိမ်းပြီး သွန်ရလိမ့်မယ်။ ရာအိမ်မှူး အလှူကို ဘယ်သူမှ မစားဘို့၊ မသွားဘို့ ပြောပြီးပြီလား''

''ဟုတ်ကဲ့၊ ပြောပြီးပါပြီ''

''ကဲ ကံသာ၊ ငါကလည်း မင်းကို ဘာပြောပြီး ဆုံးမရမှန်းတောင် မသိတော့ဘူး။ နောက် အဲဒီလို မဖြစ်စေနဲ့ပေါ့ကွာ။ ကြွက်...အင်း ကြွက်ကတော့ ကဲ...ကဲ သွားကြတော့ ပြီးပြီ''

ကံသာ လူအုပ်ကြားထဲ တိုးထွက်လာတော့ လူအုပ်ကြီးက လမ်းဖယ်ပေးကာ ကံသာ့ကို ရုပ်ရှင်မင်းသားတစ်ယောက်လို ဝိုင်းကြည့်ကြလေသည်။

''ကျွန်တော် တောင်းပန်ပါတယ် ယွန်းရယ်၊ တစ်ကယ်ပါ၊ ကျွန်တော် ယွန်းကို တစ်ကယ်ချစ်တာပါ၊ အခု ကျွန်တော့်ရင်ထဲမှာ သိပ်ကြေကွဲနေတယ်၊ ဒီကြွက်ဝင်တဲ့ကိစ္စမှာ ကျွန်တော် ယွန်းကို မချစ်ဘူးဆိုတဲ့အဓိပ္ပါယ် ဘယ်နေရာမှာ ပါလို့လဲဟင်''

ယွန်းက နှုတ်ခမ်းကို ဆွဲဆန့်၏။

''အဲဒါကြောင့် မေမေ့ကို ဆရာတော်ဆီကပြန်လာတော့ ပြောရတာပေါ့''

''ယွန်းမေမေက ဘာပြောလဲ''

''သဘောတူတော့ဘူးတဲ့''

ယွန်းက လှစ်ခနဲကြည့်ရင်း ရယ်ကာဖြေ၏။

ကံသာ့ရင်ဘက်ကြီး ပွင့်ထွက်သွားသလို ထင်ရ၏။ ပွင့်ထွက်သွားသောရင်ဘတ်ထဲက ရယ်သံတွေ ထွက်ကျလာသည်။

''ဟားဟား သဘောတူတော့ဘူး ဟုတ်လား၊ ဘာကို သဘောတူတာလဲဟင်''

''ရှင့်ကို ပြန်စကားပြောဖို့ ခေါ်ဖို့ပေါ့''

''ယွန်းကရော ကျွန်တော့်ကို သဘောတူရဲ့လားဟင်၊ ဖြေပါ ယွန်းရယ်''

''အို...မသိဘူး၊ မေမေခေါ်ခိုင်းလို့ပါဆို''


BURMESE CLASSIC .com

www.burmeseclassic.com


ကံသာ ယွန်းအနားကို တိုးကပ်ကာ ထိုင်ဖို့ပြင်သည်။ ယွန်းက နေရာနည်းနည်းထပ်ရွှေ့ပြန်၏။

"ယွန်းမေမေက ဘာလုပ်ဖို့ ခေါ်ခိုင်းတာလဲဟင်"

"အလှူလုပ်ဖို့"

"ဘာ၊ အလှူ..."

"ဟုတ်တယ်၊ ဆရာတော်ကိုတောင် လျှောက်ခဲ့ပြီးပြီ"

"ဘာ...ဘာကျွေးဦးမှာလဲဟင်"

"အုန်းနို့ခေါက်ဆွဲ"

ကံသာ ထိတ်လန့်တကြား ထရပ်သည်။ ယွန်းက ပြုံးပြီး ကြည့်ကာနေ၏။

"တကယ်ပြောနေတာလားဟင် ယွန်း"

"တကယ်ပေါ့၊ အဲဒါတိုင်ပင်ဖို့ လာပါဦးတဲ့"

"ဒါ...ဒါဆိုရင် ယွန်း ကျွန်တော့်ကို တစ်ခါတည်း အဖြေပေးထားတော့၊ ယွန်း ကျွန်တော့်ကို ချစ်တယ်မဟုတ်လား၊ အခု အဖြေပေးပါ ယွန်းရယ်နော်"

ယွန်းက မဲ့ပြုံးပြုံးကာ ခေါင်းကို ဘယ်ညာခါသည်။

"မရဘူး၊ အလှူပြီးမှပဲ"

"ဟာ"

ကံသာ ထိတ်လန့်ကာသွားသည်။ ယွန်းက ပြုံးကာ ခုတင်ပေါ်တွင် ထိုင်နေရာမှ ထရပ်၏။ ထိုစဉ် ကံသာ့ခုတင်အောက်မှ ဖြုန်းခနဲ တစ်ခုခုဖြတ်ပြေးသည်။

"အား...အမယ်လေး ကြွက် ကြွက်ကြီး"

ယွန်း လန့်ဖျပ်ကာ ကံသာ့ရင်ခွင်ထဲ လဲကျလာ၏။

ပထမ ကံသာ ဖေးမ၍ဖက်ထားကာ လှမ်းကြည့်တော့ ဟုတ်သည် ကြွက်တစ်ကောင်ဖြစ်၏။ ကြွက်က အိပ်ခန်းထဲမှ မီးဖိုချောင်ထဲကို ပြေးခြင်းဖြစ်သည်။ ကံသာလှမ်းမြင်ပြီး သေသေချာချာကြည့်တော့ အမြီးပြတ်မနေ။ ကြွက်က မီးဖိုချောင်အမှောင်ထဲ ဝင်ကာသွား၏။


BURMESE CLASSIC .com

www.burmeseclassic.com



ဖေး၍ဖက်ထားသော ယွန်းကို ကံသာ တင်းကျပ်စွာ ဖက်ထား လိုက်သည့်အတွက် တစ်ခုခုနှင့်ကောက်ပေါက်ရန် ကံသာ လက်မအား ကော့ချေ၏။

✿✿✿

BURMESE CLASSIC .com

www.burmeseclassic.com

ထိုသတင်းကို တစ်ရပ်ကွက်လုံးက စိတ်ဝင်စားနေကြသည်။

ဒေါ်လှသုန်အိမ်မှာ အိမ်တက်အလှူ လုပ်ဦးမည်။ အုန်းသီးသယ်၊ ပစ္စည်းဝယ်ပြီး ရပ်ကွက်ကို လိုက်ဖိတ်သူများမှာလည်း ကံသာဖြစ်၏။

ဟင်းရည်ကိုလည်း ကံသာပဲချက်မှာ သေချာသည်။

မနက်ဖြန် သူတို့အလှူ သွားရမလား၊ မသွားရဘူးလားဆိုတာ ဝေခွဲမရဖြစ်နေကြ၏။

ကံသာက မြရတနာကျောင်းမှ ငှားလာသော ဟင်းရည်အိုးကြီးကို ပေါ့ပါးစွာထမ်းကာ တွေ့သည့်လူကို ပြုံးပြပြီး ပြောသည်။

"မနက် အလှူကို လာဖြစ်အောင် လာနော်"

ထိုစကားကြောင့် တစ်ရပ်ကွက်လုံးက မှတ်ချက်ချကြသည်။

"ဒီအဘွားကြီး တော်တော်အမှတ်သည်းခြေ မရှိပါလား"

အချစ်သည် တစ်ခါတစ်ရံ ထိုသို့ဖြစ်တတ်ပါသည်။

နီကိုရဲ

BURMESE CLASSIC .com